ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန










# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

# အမျိုးသားစီမံကိန်း

# ဒုတိယ(၆)လပတ်အစီရင်ခံစာ

၂၀၁၆ ခုနှစ်၊ မေလ

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
# အမျိုးသားစီမံကိန်း ဒုတိယ(၆)လပတ်
# အစီရင်ခံစာ

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| အခန်း(၁) | မေခရိုစီးပွားရေးအခြေအနေ | ၅ |
| အခန်း(၂) | မြန်မာနိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးအခြေအနေ | ၁၇ |
| အခန်း(၃) | ငွေကြေးမူဝါဒ၊ဘဏ္ဍာရေးမူဝါဒ၊ရသုံးမှန်းခြေငွေစာရင်း | ၃၅ |
| အခန်း(၄) | ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ | ၄၂ |
| အခန်း(၅) | ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ | ၁၄၈ |
| အခန်း(၆) | ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု | ၂၆၈ |
| အခန်း(၇) | အထူးစီးပွားရေးဇုန်များလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၂၇၇ |
| အခန်း(၈) | ပြည်ပအကူအညီအထောက်အပံ့ရရှိမှု | ၂၈၇ |
| အခန်း(၉) | နိုင်ငံများအပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု | ၂၉၄ |
| | နိဂုံး | ၃၀၀ |

# ပုံပြဂရပ် မာတိကာ




| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ပုံ ၁-၁ | ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီ တိုးတက်မှုနှုန်း | ၅ |
| ၂ | ပုံ ၁-၂ | လက်တင်အမေရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ဂျီဒီပီ တိုးတက်မှုနှုန်း | ၆ |
| ၃ | ပုံ ၁-၃ | ထွန်းသစ်စနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုနှုန်း | ၇ |
| ၄ | ပုံ ၁-၄ | အာဆီယံနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုနှုန်း | ၈ |
| ၅ | ပုံ ၁-၅ | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၉ |
| ၆ | ပုံ ၁-၆ | စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစားများ | ၁၀ |
| ၇ | ပုံ ၁-၇ | မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့်တိုးတက်မှုနှုန်းအခြေအနေ | ၁၁ |
| ၈ | ပုံ ၁-၈ | နိုင်ငံခြားငွေလဲလှယ်နှုန်း | ၁၁ |
| ၉ | ပုံ ၁-၉ | ငွေကြေးဖောင်းပွမှုနှုန်း | ၁၂ |
| ၁၀ | ပုံ ၁-၁၀ | လုပ်ငန်းအမျိုးအစားအလိုက်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု | ၁၂ |
| ၁၁ | ပုံ ၁-၁၁ | လုပ်ငန်းအမျိုးအစားအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ၁၃ |
| ၁၂ | ပုံ ၁-၁၂ | အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ | ၁၃ |
| ၁၃ | ပုံ ၁-၁၃ | ပို့ကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၄ |
| ၁၄ | ပုံ ၁-၁၄ | သွင်းကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၄ |
| ၁၅ | ပုံ ၁-၁၅ | ကုန်သွယ်မှုပမာဏ | ၁၅ |
| ၁၆ | ပုံ ၁-၁၆ | ကုန်သွယ်မှု ပိုငွေ/ လိုငွေ | ၁၅ |
| ၁၇ | ပုံ ၁-၁၇ | ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန် အခြေအနေ | ၁၆ |
| ၁၈ | ပုံ ၁-၁၈ | ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ | ၁၆ |
| ၁၉ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်လျာထားချက် အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၄၂ |
| | ပုံ ၄-၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၄၂ |
| ၂၀ | ပုံ ၄-၃ | ကဏ္ဍများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၄၃ |
| ၂၁ | ပုံ ၄-၄ | ကဏ္ဍများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း(နှစ်အလိုက်ဈေးနှုန်း) | ၄၄ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၂ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **လယ်ယာကဏ္ဍ** လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၅ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၄၅ |
| | ပုံ ၄-၆ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၄၅ |
| ၂၃ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **သားငါးကဏ္ဍ** လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၇ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၄၉ |
| | ပုံ ၄-၈ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၄၉ |
| ၂၄ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **သစ်တောကဏ္ဍ** လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၉ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၅၃ |
| | ပုံ ၄-၁၀ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၅၃ |
| ၂၅ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **စွမ်းအင်ကဏ္ဍ** လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၁၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၅၆ |
| | ပုံ ၄-၁၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၅၆ |
| ၂၆ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ**လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း | |
| | ပုံ ၄-၁၃ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၅၉ |
| | ပုံ ၄-၁၄ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၅၉ |
| ၂၇ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **စက်မှုလက်မှုကဏ္ဍ**လျာထားချက် အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၁၅ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၆၃ |
| | ပုံ ၄-၁၆ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၆၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **လျှပ်စစ်ဓာတ်အားကဏ္ဍ**လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း | |
| ပုံ ၄-၁၇ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၇၁ |
| ပုံ ၄-၁၈ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၇၁ |
| ၂၉ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်**ဆောက်လုပ်မှုကဏ္ဍ**လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| ပုံ ၄-၁၉ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၈၁ |
| ပုံ ၄-၂၀ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၈၁ |
| ၃၀ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **ပို့ဆောင်ရေး ကဏ္ဍ** လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| ပုံ ၄-၂၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၈၇ |
| ပုံ ၄-၂၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၈၇ |
| ၃၁ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်**ဆက်သွယ်ရေးကဏ္ဍ**လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| ပုံ ၄-၂၃ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၉၅ |
| ပုံ ၄-၂၄ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၉၅ |
| ၃၂ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်**ငွေရေးကြေးရေးကဏ္ဍ**လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| ပုံ ၄-၂၅ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၉၉ |
| ပုံ ၄-၂၆ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၉၉ |
| ၃၃ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်**ကုန်သွယ်မှုကဏ္ဍ**လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| ပုံ ၄-၂၇ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၀၃ |
| ပုံ ၄-၂၈ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၀၃ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၄ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ** လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၂၉ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၁၀ |
| | ပုံ ၄-၃၀ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၁၀ |
| ၃၅ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် **လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ** လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၄-၃၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၁၁၅ |
| | ပုံ ၄-၃၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၁၁၅ |
| ၃၆ | | **ကချင်ပြည်နယ်**၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၄၈ |
| | ပုံ ၅-၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၄၈ |
| ၃၇ | | **ကယားပြည်နယ်**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၅၄ |
| | ပုံ ၅-၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၅၄ |
| ၃၈ | | **ကရင်ပြည်နယ်**၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၆၁ |
| | ပုံ ၅-၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၆၁ |
| ၃၉ | | **ချင်းပြည်နယ်**၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၆၉ |
| | ပုံ ၅-၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၆၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၀ | | **စစ်ကိုင်းတိုင်းဒေသကြီး**၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၇၄ |
| | ပုံ ၅-၁၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၇၄ |
| ၄၁ | | **တနင်္သာရီတိုင်းဒေသကြီး**၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ဒုတိယ (၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၁၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၈၈ |
| | ပုံ ၅-၁၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၈၈ |
| ၄၂ | | **ပဲခူးတိုင်းဒေသကြီး**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၁၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၉၃ |
| | ပုံ ၅-၁၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၉၃ |
| ၄၃ | | **မကွေးတိုင်းဒေသကြီး**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၁၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၀၅ |
| | ပုံ ၅-၁၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၀၅ |
| ၄၄ | | **မန္တလေးတိုင်းဒေသကြီး**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၁၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၁၂ |
| | ပုံ ၅-၁၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၁၂ |
| ၄၅ | | **မွန်ပြည်နယ်**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၁၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၁၈ |
| | ပုံ ၅-၂၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၁၈ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၆ | | **ရခိုင်ပြည်နယ်**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၂၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၂၃ |
| | ပုံ ၅-၂၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၂၃ |
| ၄၇ | | **ရန်ကုန်တိုင်းဒေသကြီး**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၂၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၂၉ |
| | ပုံ ၅-၂၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၂၉ |
| ၄၈ | | **ရှမ်းပြည်နယ်**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၂၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၃၇ |
| | ပုံ ၅-၂၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၃၇ |
| ၄၉ | | **ဧရာဝတီတိုင်းဒေသကြီး**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၂၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၅၄ |
| | ပုံ ၅-၂၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၅၄ |
| ၅၀ | | **နေပြည်တော်ကောင်စီနယ်မြေ**၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည် ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း | |
| | ပုံ ၅-၂၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၆၂ |
| | ပုံ ၅-၃၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၆၂ |
| ၅၁ | ပုံ ၈-၁ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအလိုက် ပြည်ပ အကူအညီအထောက်အပံ့ရရှိအောင် ဆောင်ရွက်မှုအခြေအနေ | ၂၉၀ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၂ | ပုံ ၈-၂ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း နိုင်ငံနှင့် အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီအထောက်အပံ့ ရရှိအောင် ဆောင်ရွက်မှုအခြေအနေ | ၂၉၂ |
| ၅၃ | ပုံ ၈-၃ | ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု | ၂၉၃ |

# ဇယားမာတိကာ




| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ဇယား ၂-၁ | မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ | ၁၈ |
| ၂ | ဇယား ၂-၂ | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကဏ္ဍကြီး/ကဏ္ဍ အလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ(နှစ်အလိုက်ဈေးနှုန်းအရ) | ၂၀ |
| ၃ | ဇယား ၂-၃ | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ(နှစ်အလိုက်ဈေးနှုန်းအရ) | ၂၁ |
| ၄ | ဇယား ၂-၄ | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ကဏ္ဍကြီး/ကဏ္ဍ အလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၂၂ |
| ၅ | ဇယား ၂-၅ | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၂၃ |
| ၆ | ဇယား ၂-၆ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လူမှုရေးအခြေအနေ | ၂၅ |
| ၇ | ဇယား ၂-၇ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှုအခြေအနေ | ၃၁ |
| ၈ | ဇယား ၄-၁ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျှပ်စစ်ဓာတ်အား အသုံးပြုမှု အခြေအနေ | ၇၃ |
| ၉ | ဇယား ၄-၂ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု လျာထားချက် မှ ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လကုန်အထိ) အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၄၆ |
| ၁၀ | ဇယား ၄-၃ | တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံပိုင် အခန်းရင်းနှီးမြှုပ်နှံမှု လျာထားချက် မှဒုတိယ(၆)လပတ် (အောက်တို ဘာလမှ မတ်လကုန်အထိ) အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၄၇ |
| ၁၁ | ဇယား ၆-၁ | ကဏ္ဍအလိုက်ခွင့်ပြုထားသော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ | ၂၇၃ |
| ၁၂ | ဇယား ၆-၂ | တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ရှိဆောင်ရွက်နေသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ | ၂၇၄ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၃ | ဇယား ၆-၃ | မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု | ၂၇၅ |
| ၁၄ | ဇယား ၆-၄ | နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု | ၂၇၆ |
| ၁၅ | ဇယား ၇-၁ | သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှု အခြေအနေ(နိုင်ငံအလိုက်) | ၂၈၁ |
| ၁၆ | ဇယား ၇-၂ | သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှု အခြေအနေ(ကဏ္ဍအလိုက်) | ၂၈၂ |
| ၁၇ | ဇယား ၈-၁ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပြည်ထောင်စု ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီ အထောက် အပံ့ရရှိအောင် ဆောင်ရွက်မှု အခြေအနေ | ၂၈၉ |
| ၁၈ | ဇယား ၈-၂ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်းနိုင်ငံနှင့် အဖွဲ့ အစည်းများအလိုက် ပြည်ပအကူအညီ အထောက်အပံ့ရရှိအောင် ဆောင်ရွက်မှု အခြေအနေ | ၂၉၁ |

## ယေဘုယျရှင်းလင်းချက်

၁။ **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဈေးနှုန်းကို ဆိုလိုပါသည်။

**၂။ တိုးတက်မှုနှုန်း တွက်ချက်နည်း**

$$r = \left( \frac{Y_t - Y_{t-1}}{Y_{t-1}} \right) \times 100$$

$r$ = တိုးတက်မှုနှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$Y_{t-1}$= ယခင်ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

**၃။ အကောင်အထည်ဖော်နိုင်မှုနှုန်း တွက်ချက်နည်း**

$$P_R = \left( \frac{Y_t}{P_t} \right) \times 100$$

$P_R$ = အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$P_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ဒုတိယ(၆)လပတ် အစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၀၀ (ခ) အရ အမျိုးသားစီမံကိန်း၊ အခန်း(၄) ပုဒ်မ ၁၉၀ (ခ) အရ ဒေသန္တရစီမံကိန်းကို ရေးဆွဲလျက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် အသီးသီးသို့ ရေးဆွဲတင်ပြပြီး အတည်ပြုပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပထမကာလတို ၅ နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်ပြီး ဒုတိယ ကာလတို ၅ နှစ်စီမံကိန်း၏ အခြေခံနှစ်ဖြစ်ပါသည်။ ပထမကာလတို ၅ နှစ်စီမံကိန်းတွင် ဒေသတွင်းဝင်ငွေ အလယ်အလတ်နိုင်ငံအဆင့်သို့ ရောက်ရှိစေရန်၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာစေရန်၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာ ရှိစွာဖြင့် ရပ်တည်နိုင်ရန်၊ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်ကို ပြည့်မီစေရန် စသည်တို့ကို မျှော်မှန်း၍ ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ အလားတူ ပြည်သူများ လတ်တလော အကျိုးဖြစ်ထွန်း စေရေးအတွက် လျှပ်စစ်မီးရရှိရေး သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းစဉ် (၇) ရပ်ကို ဦးစားပေး ရည်မှန်း ရေးဆွဲခဲ့ပါသည်။

ထို့သို့ ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် အတွက် အမျိုးသားစီမံကိန်းများကို နိုင်ငံတော်၏ မူဝါဒနှင့် ပြည်ထောင်စုလွှတ်တော်၏ အကြံ ပြုချက်များနှင့်အညီ ရေးဆွဲအကောင်အထည်ဖော် လျက်ရှိပါသည်။ ဒုတိယ(၆)လပတ်အတွင်း ဆောင်ရွက်မှုများမှာ-

- မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှင့် လူမှုသာယာဝပြောမှု အခြေအနေ ဖြစ်ပေါ်နေမှု နောက်ဆုံး အခြေအနေကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ကမ္ဘာ့ဘဏ်မှ ပြုစုတင်ပြသည့် နည်းစနစ်အရလည်းကောင်း၊ ယခင်ကောက်ယူခဲ့သည့် IHLCA – Integrated Household Living Condition Assessment နည်းအရလည်းကောင်း နည်းလမ်း(၂)သွယ်ဖြင့် မြန်မာနိုင်ငံဆင်းရဲမှုနှင့် စားဝတ်နေရေး အခြေအနေ လေ့လာမှု စစ်တမ်း(MPLCS)ကောက်ယူခဲ့ရာ မဏ္ဍာမရလဒ်အနေဖြင့် The World Bank

နည်းစနစ်ဖြင့် တွက်ချက်မှုအရ ၂၀၁၀ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ( ၃၇.၅%) ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် (၂၆.၇%) သို့ လည်းကောင်း၊ ယခင် IHLCA စစ်တမ်း နည်းစနစ်ဖြင့် တွက်ချက်မှုအရ ၂၀၁၀ ခုနှစ်တွင် ဆင်းရဲမှုနှုန်း (၂၅.၆%) ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် (၁၉.၆%) သို့လည်းကောင်း ကျဆင်းခဲ့ပါသည်။

- ပြောင်းလဲဖြစ်ထွန်းမှုများအနေဖြင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို တစ်နှစ်ကျော် အပြန်အလှန် ဆွေးနွေးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ (၈) ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။
- ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ (၈) ရက်နေ့တွင် နိုင်ငံ တစ်ဝန်းလုံး၌ ကျင်းပခဲ့ပါသည်။ ၂၀၁၅ ရွေးကောက်ပွဲ ရလဒ်အရ အစိုးရ တာဝန်များကို လွှဲပြောင်းပေးခြင်း လုပ်ငန်းစဉ်များတွင် အထူးအရေးပါလှသည့် ဆောင်ရွက်ချက် တစ်ခုဖြစ်သည့် သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အစိုးရသစ်ထံ စနစ်တကျ လွှဲပြောင်းနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။
- အေးချမ်းတည်ငြိမ်ချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေးနှင့် နိုင်ငံတော်အကြီးအကဲ တာဝန်များ စနစ်တကျလွှဲပြောင်းနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ တာဝန် လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင် ကူးပြောင်းရေးအဖွဲ့တို့အကြား အကြိမ်ကြိမ် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတသစ်အဖြစ် ရွေးချယ်ခံထားရသည့် သမ္မတသစ်ထံ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးခဲ့ပါသည်။
- စီးပွားရေးပြုပြင်ပြောင်းလဲမှုအဖြစ် ဘဏ္ဍာရေးနှင့်အခွန်စနစ် ပြုပြင်ပြောင်းလဲမှုတွင် ပြုပြင်ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ ဘဏ္ဍာရေးမူဝါဒများကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများ၏ လူနေမှုအဆင့်အတန်း များ မြှင့်တင်နိုင်ရန်အလို့ငှာ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့် နည်းပါးအောင် ဆောင်ရွက်ပြီး တစ်ဘက်မှ ဘဏ္ဍာရေးဈေးကွက်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် လုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံတော်၏ ငွေကြေးစီမံခန့်ခွဲမှု၊ ကြွေးမြီ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍လည်း ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေအား ပြည်ထောင်စု

လွှတ်တော် ဥပဒေအမှတ်(၂)ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်း ခဲ့ပါသည်။

- အခွန်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိရာ ထိရောက်သည့် အခွန်စည်းကြပ်မှုဖြင့် အခွန်အကောက်များ ပိုမိုရရှိစေရန် အထူးကုန်စည်ခွန် ဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၁) ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပထမဦးဆုံးသော ရန်ကုန်စတော့အိတ်ချိန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး စတော့အိတ်ချိန်းနှင့် ပတ်သက်၍ အများပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်လာစေရန်၊ မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရန်၊ ရန်ကုန် စတော့အိတ်ချိန်းတွင် စာရင်းဝင် အများပိုင်ကုမ္ပဏီများ ပေါ်များလာစေရန်နှင့် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။
- ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်( ၆၄) ဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ငွေစုဘဏ် လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၇၀) ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၂၀) တို့ဖြင့်လည်းကောင်း အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ အာမခံလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးစေရေးအတွက် ခရီးသွားအာမခံလုပ်ငန်းနှင့် အထူးခရီးသွား အာမခံ လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ ခရီးသွားအာမခံလုပ်ငန်းအား နိုင်ငံခြားငွေဖြင့် လက်ခံဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေးဝန်ဆောင်မှုဖြင့် မြှင့်တင်ပေးနိုင်ရန်မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်များကို ပြည်သူများရရှိခံစားနိုင်စေရန်အတွက် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ရာတွင် ဒီမိုကရေစီစနစ်သည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် တွဲဖက်မှသာ အောင်မြင်မည် ဖြစ်သည့်အတွက် ကောင်းမွန်သော

အုပ်ချုပ်မှုစနစ် ပေါ်ပေါက်အောင် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ခဲ့ခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် လွယ်ကူချောမွေ့စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှာ One Stop Shop ရုံးများတိုးချဲ့ဖွင့်လှစ်ခဲ့ခြင်း၊ အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် အဓိကကျသည့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးနှင့် သက်သာချောင်ချိရေးအတွက် သင်တန်းများ ပေးခြင်းနှင့် ပညာတော်သင် စေလွှတ်ခြင်း၊ အခြားဒီမိုကရေစီနိုင်ငံများနည်းတူ အစိုးရအဆက်ဆက် ပြောင်းလဲသော်လည်း ဌာနတာဝန်များကို တည်ငြိမ်စွာ လက်ဆင့်ကမ်း ထမ်းဆောင်သွားနိုင်ရန်အတွက် အမြဲတမ်းအတွင်းဝန်များဖြင့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

- လူမှုရေးပြောင်းလဲတိုးတက်မှုတွင် ဒုတိယ(၆)လပတ်အတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်သည့် ကျေးရွာပေါင်း ၂၀၉၉ ရွာ ထပ်မံတိုးတက်လာသည့်အတွက် ဒုတိယ(၆)လပတ်ကုန်တွင် စုစုပေါင်းကျေးရွာ ၃၀၅၃၄ ထိ ရှိလာခဲ့ပါသည်။ တယ်လီဖုန်းသုံးစွဲမှုအနေဖြင့် ပထမ(၆)လပတ်ကုန်တွင် လူတစ်ထောင်လျှင် တယ်လီဖုန်း (၇၃၅) လုံးရှိခဲ့ရာမှ ဒုတိယ(၆)လပတ်ကုန်တွင် လူတစ်ထောင်လျှင် တယ်လီဖုန်း (၉၅၁) လုံး ရှိလာပြီဖြစ်ပါသည်။လူတိုင်းလျှပ်စစ် သုံးစွဲနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်အပြင် တယ်လီဖုန်းလိုင်း ဆက်သွယ်မှုမရောက်ရှိကြသည့် ဒေသများသို့ တယ်လီဖုန်းလိုင်းများဆက်လက်ရရှိရေးနှင့် ဝန်ဆောင်မှု တိုးတက်ရရှိရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ပညာရေးတိုးတက်ပြောင်းလဲမှုတွင် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ လှိုင်ကော်ပညာရေး ကောလိပ်နှင့် တောင်ကြီး ဆေးတက္ကသိုလ်တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်းမာရေးကဏ္ဍတိုးတက်မှုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြည့် အဝပေးနိုင်ရန်အတွက် အထူးကုဆေးရုံ (၁) ရုံ၊ သင်ကြားရေး ဆေးရုံ (၂) ရုံ၊ တိုက်နယ်ဆေးရုံ (၈၉) ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၇၀) ဌာနတို့ကို ဒုတိယ(၆)လပတ် အတွင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ ပါသည်။

ပထမ(၆)လပတ်အတွင်း ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ် ဖြစ်ခဲ့မှုကြောင့် ထုတ်လုပ်မှုကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့သော်လည်း ပြန်လည်ဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒုတိယ(၆)လပတ်လျာထားချက်၏ (၁၀၀.၇%) အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက (၇.၄%) တိုးတက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

# အခန်း(၁)


# မေခရီစီးပွားရေးအခြေအနေ

## ကမ္ဘာ့စီးပွားရေးအခြေအနေ

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ထုတ်ဝေသော World Economic Outlook (ဧပြီလ၊၂၀၁၆)အရ ကမ္ဘာ့စီးပွားရေးအခြေအနေသည် ၂၀၁၄ ခုနှစ်တွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စက်မှုထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိန်ခေါ်မှုများ၊တရုတ်နိုင်ငံစီးပွားရေး ပြန်လည်ချိန်ညှိမှု၊ ကမ္ဘာ့ကုန်စည်ဈေးနှုန်းများကျဆင်းမှု၊ ရေနံဈေးနှုန်းများ ကျဆင်းခဲ့မှုတို့ကြောင့် စီးပွားရေး တိုးတက်မှုနှေးကွေးနေခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် **စတုတ္ထသုံးလပတ်**တွင် ၂.၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ဖက်ဒရယ်ရန်ပုံငွေ အားကောင်းလာခြင်း၊ အိမ်ရာ တည်ဆောက်မှုလုပ်ငန်းများ အားကောင်းလာခြင်း၊ လုပ်သားဈေးကွက် တည်ငြိမ်မှု၊ ဥရောပဇုန်တွင် ပိုင်ဆိုင်မှုအရင်းအနှီး ဝယ်ယူမှုအားကောင်းလာခြင်းနှင့် ဂျပန်နိုင်ငံတွင် ဘဏ္ဍာရေးခိုင်မာမှု ရှိလာသည့်အတွက် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ တိုးတက်မှုနှုန်းသည် ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်တွင် ၁.၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါ သည်။

**ပုံ(၁-၁) ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)**




Source; IMF.World Economic Outlook, April,2016


အမေရိကန်ပြည်ထောင်စု၏စီးပွားရေးအခြေအနေသည် ထုတ်လုပ်မှုလုပ်ငန်းများအပေါ် အမေရိကန်ဒေါ်လာဈေးအားကောင်းလာမှုနှင့် ရေနံဈေးနှုန်းကျဆင်းမှု၊ သတ္တုတွင်းဆိုင်ရာ

အခြေခံအဆောက်အဦနှင့် စက်ပစ္စည်းကိရိယာများဈေးနှုန်းကျဆင်းမှုတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများကျဆင်းမှုရှိခဲ့သော်လည်း၊ အိမ်ထောင်စုများ၏စားသုံးမှုမြင့်တက်လာခြင်း နှင့်အိမ်ရာတည်ဆောက်မှု လုပ်ငန်းများအားကောင်းလာခြင်း၊ အလုပ်အကိုင်ရရှိမှု တိုးတက်လာခြင်းတို့ကြောင့် ၂၀၁၅ခုနှစ်စတုတ္ထသုံးလပတ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၂.၀ရာခိုင်နှုန်းတိုးတက်မည်ဟု IMF ကခန့်မှန်းထားပါသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများအား လိုက်လျောညီထွေထိန်းကျောင်းနိုင်မှု၊ လုပ်သားဈေးကွက်တည်ငြိမ်မှုနှင့် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းခဲ့မှု၊ ပုဂ္ဂလိကစားသုံးမှုမြင့်မားလာမှုတို့ကြောင့် ၂၀၁၅ခုနှစ် စတုတ္ထသုံးလပတ်ကုန်တွင် ၁.၆ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းပါသည်။

ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေ ကျဆင်းနေသော်လည်း ဈေးကွက်ပြုပြင်ပြောင်းလဲမှုများ၊ငွေကြေးဆိုင်ရာအားပေးမှုများ ပြုလုပ်ပေးနိုင်ခဲ့မှုတို့ကြောင့် စီးပွားရေးတိုးတက်မှုနှုန်း တဖြည်းဖြည်း တိုးတက်လာပြီး ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်တွင် ၀.၈ ရာခိုင်နှုန်း တိုးတက်မည်ဟုIMF က ဖော်ပြထားပါသည်။

ပုံ(၁-၂) လက်တင်အမေရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)





Source; IMF.World Economic Outlook,April,2016

ပြည်ပဘဏ္ဍာရေးအခြေအနေနှင့် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းမှုတို့ကြောင့် ၂၀၁၅ခုနှစ်စတုတ္ထသုံးလပတ်တွင် စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် လက်တင်အမေရိကမှ မက္ကဆီကိုနိုင်ငံသည် ၂.၅ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသမှ ဆော်ဒီအာရေးဗီးယားနိုင်ငံအနေဖြင့်

၃.၆ရာခိုင်နှုန်း နှင့် တောင်အာဖရိကနိုင်ငံအနေဖြင့် ၁.၃ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။

**ပုံ(၁-၃) ထွန်းသစ်စနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)**




Source; IMF.World Economic Outlook, April,2016

တရုတ်နိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးနှင့်ဆက်စပ်နေသော စီးပွားရေးပြဿနာများ ဖြစ်ပေါ်နေခြင်း၊ အခြေခံအဆောက်အဦများလျော့ကျလာခြင်းနှင့် ငွေကြေးပြန်လည် ထိန်းညှိခဲ့ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်စတုတ္ထသုံးလပတ်တွင် ၆.၈ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း ခန့်မှန်းပါသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ကမ္ဘာ့လောင်စာဆီဈေးနှုန်းကျဆင်းမှုကြောင့် ပြည်ပဝယ်လိုအားကျဆင်းမှုကို ကာမိစေပြီး အစိုးရသစ်၏မူဝါဒ ပြောင်းလဲမှုများကြောင့် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာခဲ့သဖြင့် ၂၀၁၅ ခုနှစ်စတုတ္ထ သုံးလပတ်တွင်၇.၃ ရာခိုင်နှုန်းတိုးတက်မည်ဟု IMF မှ ခန့်မှန်းပါသည်။

**အာဆီယံနိုင်ငံအချို့၏ စီးပွားရေးအခြေအနေ**


အာဆီယံဒေသသည် ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အားတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၂.၉ရာခိုင်နှုန်း တိုးတက်ရန်မျှော်မှန်းထားချိန်တွင် အာဆီယံ၏ ၂၀၁၅ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းသည် ၄.၈ ရာခိုင်နှုန်းရရှိမည်ဟု ခန့်မှန်း ထားပါသည်။ အစိုးရများ၏ ကြွေးမြီလျော့နည်းမှု၊ စီးပွားရေးအခြေခံအုတ်မြစ်များ ခိုင်မာစွာဆောင်ရွက်ထား

နိုင်မှုတို့ကြောင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးမှာကောင်းမွန်သော အနေအထားတွင် ရှိပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာနှင့်အာဆီယံနိုင်ငံများ စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး အစိုးရ အသုံးစရိတ်တိုးမြှင့်သုံးစွဲမှု၊ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့လာနိုင်မှုတို့ကြောင့် ၂၀၁၅ခုနှစ် စတုတ္ထသုံးလပတ်တွင် တိုးတက်မှုနှုန်း ၅.၀၄ ရာခိုင်နှုန်း ရရှိမည်ဖြစ်ကြောင်း Economic growth rate Outlook for Southeast Asia, China and India 2016 က ဖော်ပြပါသည်။

ထိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများအနက် ဒုတိယစီးပွားရေး အခိုင်မာဆုံးသော နိုင်ငံဖြစ်ပါသည်။ အစိုးရ အသုံးစရိတ် တိုးမြှင့်သုံးစွဲမှု၊ ပုဂ္ဂလိကစားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းကြောင့် ၂၀၁၅ခုနှစ် စတုတ္ထ သုံးလပတ်တွင် ၂.၈ ရာခိုင်နှုန်းတိုးတက် မည်ဟု ခန့်မှန်းပါသည်။

**ပုံ(၁-၄) အာဆီယံနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုနှုန်း**




Source;OECD , Economic Outlook for Southeast Asia, China and India 2016

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့သည့် ဦးဆောင်နိုင်ငံဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လျက်ရှိပါသည်။ နည်းပညာဆိုင်ရာ ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် နောက်ဆုံးပစ်မှတ်နိုင်ငံအဖြစ် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်မြှုပ်နှံခဲ့သည့်အတွက် ၂၀၁၅ခုနှစ် စတုတ္ထသုံးလပတ်တွင် ၇.၀၁ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းပါသည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ခိုင်မာသော အကောင်အထည်ဖော်နိုင်မှုနှင့်အတူ ၂၀၁၆ ခုနှစ်တိုင် ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းပါသည်။ ပြည်တွင်း ဝယ်လိုအားအခြေခံ ချဲ့ထွင်လာနိုင်မှုနှင့်အတူ လျှပ်စစ်ကုန်ပစ္စည်းများ တင်ပို့နိုင်မှုတို့ကြောင့် ၂၀၁၅ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ၁.၅ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းပါသည်။


ဝန်ဆောင်မှုကို ဦးစားပေးဆောင်ရွက်နေသော စင်ကာပူနိုင်ငံသည် ထုတ်လုပ်မှု လုပ်ငန်းများဆိုင်ရာ ဆောက်လုပ်မှုလုပ်ငန်းများအစား အခြားဆောက်လုပ်မှုလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်နိုင်မှုကြောင့် ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်တွင် ၁.၈ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးသည် ပြည်တွင်းအိမ်ထောင်စုများ၏ စားသုံးမှုမြင့်တက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်မှု တို့ကြောင့် ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်တွင် စီးပွားရေး တိုးတက်မှုသည် ၆.၃ ရာခိုင်နှုန်းတိုးတက်မှုရှိမည်ဟု ခန့်မှန်းပါသည်။

**မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ(၆)လပတ်တွင်ကျပ် ၄၇,၄၆၆,၃၇၂.၇ သန်း ရရှိရန် လျာထားခဲ့ရာ ကျပ် ၄၇,၇၈၂,၀၂၃.၈ သန်းရရှိခဲ့သဖြင့် လျာထားချက်အပေါ် ၁၀၀.၇ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၁-၅) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**လယ်ယာကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ(၆)လပတ်တွင် ကျပ် ၁၄,၀၅၀,၃၅၄.၄ သန်းလျာထားခဲ့ရာ ကျပ် ၁၃,၆၇၆,၇၇၈.၁ သန်း ရရှိခဲ့သဖြင့် လျာထားချက်အပေါ် ၉၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၃.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**စက်မှုကဏ္ဍကြီး**အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ(၆)လပတ်တွင် ကျပ် ၁၆,၆၉၂,၁၉၈.၁ သန်း လျာထားခဲ့ရာကျပ် ၁၆,၅၆၅,၈၉၄.၁ သန်း ရရှိခဲ့သဖြင့် လျာထားချက်အပေါ် ၉၉.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၈.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ဝန်ဆောင်မှုကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ(၆)လပတ်တွင် ကျပ် ၁၆,၇၂၃,၈၂၀.၂ သန်း လျာထားခဲ့ရာ ကျပ် ၁၇,၅၃၉,၃၅၁.၆ သန်း ရရှိခဲ့သဖြင့် လျာထားချက်အပေါ် ၁၀၄.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီးပုံမှန်ဈေးနှုန်းများအရ ၁၀.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ (၁-၆) စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစားများ**




စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစား အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လယ်ယာကဏ္ဍကြီးတွင် ၂၈.၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၄.၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၅.၄ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် လျာထားခဲ့ရာ ဒုတိယ(၆)လပတ် လယ်ယာကဏ္ဍကြီးတွင် ၂၈.၆ရာခိုင်နှုန်း၊စက်မှုကဏ္ဍကြီးတွင် ၃၄.၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၆.၇ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားမြင့်မားရခြင်းမှာ နိုင်ငံတော်မှ မိုဘိုင်း ဖုန်းများနှင့် ဆက်သွယ်ရေးစနစ် အမျိုးမျိုးကို အသုံးပြု၍ အင်တာနက် ချိတ်ဆက် အသုံးပြုမှုများ တိုးတက်လာခြင်း၊ ငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်း၊ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါ သည်။


ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်းအခြေအနေ

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းအခြေအနေကို နိုင်ငံတကာအဖွဲ့အစည်းများမှခန့်မှန်းရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု


များ တိုးတက်ဝင်ရောက်လာမည်ဟုမျှော်မှန်းသဖြင့် OECD မှ ၈.၂ ရာခိုင်နှုန်း၊ IMF မှ ၈.၄ ရာခိုင်နှုန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) မှ ၇.၂ ရာခိုင်နှုန်း ခန့်မှန်းခဲ့ပါသည်။

**ပုံ(၁-၇) မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်းအခြေအနေ**




Source;ADB, IMF, OECD, Economic Outlook for Southeast Asia, China and India 2016


**ပုံ (၁-၈)နိုင်ငံခြားငွေလဲလှယ်နှုန်း**




ဇာစ်မြစ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် နေ့စဉ်ရည်ညွှန်း နိုင်ငံခြားငွေ လဲလှယ်နှုန်း ထုတ်ပြန်ခြင်း၊ နိုင်ငံခြားငွေ လဲလှယ်နှုန်း အခြေအနေအားစိစစ်တင်ပြခြင်း၊ ရန်ကုန် နိုင်ငံခြား ငွေကြေးဈေးကွက်တွင် ဘဏ်များ၏ နိုင်ငံခြား ငွေရောင်းဝယ်မှု အခြေအနေကို နေ့စဉ်တင်ပြခြင်း အစရှိသည့် နိုင်ငံခြား ငွေလဲလှယ်နှုန်းမူဝါဒများ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၂၇၇ ကျပ် ရှိခဲ့ရာမှ ဒီဇင်ဘာလတွင် တစ်ဒေါ်လာလျှင် ၁၃၀၉ ကျပ် ထိ ငွေလဲလှယ် နှုန်း မြင့်တက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် ၁၂၁၆ ကျပ်သို့ ပြန်လည် ကျဆင်းခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေပျမ်းမျှ လဲလှယ်နှုန်းမှာ ၁,၂၇၂.၂ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

**ပုံ (၁-၉)ငွေကြေးဖောင်းပွမှုနှုန်း**





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လ ပတ်ကုန်တွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ပြန်လည်မြင့်တက် လာပြီး ပျှမ်းမျှ (၁၁.၄၄) % ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရခြင်းမှာ ပြည်တွင်းအထွေထွေကုန်ဈေးနှုန်းများနှင့်စားသုံးသူ ဈေးဆနှုန်းတွက်ချက်ရာတွင်အချိုးအစားအများဆုံး ပါ ဝင်သောအစားအစာ အုပ်စုကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက် လာခြင်းကြောင့် ဖြစ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုအခြေအနေ


**ပုံ (၁-၁၀)လုပ်ငန်းအမျိုးအစားအလိုက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု**




ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုခဲ့သောလုပ်ငန်းအရေအတွက် (၁၀၃)ခုမှာ စက်မှုလုပ်ငန်း (၃၆)ခု၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်း(၂၀)ခု၊ သတ္တုတူးဖော်ရေးလုပ်ငန်း (၉)ခု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း (၇)ခု၊ ဆောက်လုပ်ရေးလုပ်ငန်း (၃)ခု၊ စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်း (၄)ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း (၁၇) ခုနှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း (၇) ခု တို့ဖြစ်ပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၅,၂၀၆,၇၆၉.၈၆၀ သန်းရှိပါ သည်။


## ပုံ (၁-၁၁) လုပ်ငန်းအမျိုးအစားအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်း အရေအတွက် (၁၁၆)ခုမှာ စက်မှုလုပ်ငန်း (၈၁)ခု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (၃)ခု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (၆)ခု၊ စိုက်ပျိုးရေးလုပ်ငန်း (၂) ခု၊ သတ္တုတူးဖော်ရေးလုပ်ငန်း (၁)ခု၊ သယ်ယူပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးလုပ်ငန်း(၅)ခု၊ လျှပ်စစ်ဓါတ်အား လုပ်ငန်း (၂)ခု၊ မွေးမြူရေးနှင့် ရေ လုပ်ငန်း(၂)ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက် ရေးလုပ်ငန်း (၅) ခု၊ စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်း (၁)ခု နှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း (၈)ခု ဖြစ်ပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၆,၂၁၈.၂၁၅ သန်းရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ပုံ (၁-၁၂) အဓိကရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ





မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အရ ရင်းနှီးမြှုပ်နှံခဲ့သည့် နိုင်ငံ(၂၂)နိုင်ငံ ရှိသည့် အနက် အများဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများ မှာ တရုတ်၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ကိုရီးယား၊ ဟောင်ကောင်၊ ဂျပန်နိုင်ငံတို့ ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် အမေရိကန် ဒေါ်လာ ၃,၁၉၉.၇၃၄ သန်းဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံ ခဲ့၍ ဆာမိုအာနိုင်ငံသည် အမေရိကန် ဒေါ်လာ ၀.၄၅၀ သန်းဖြင့် အနည်းဆုံး ရင်းနှီးမြှုပ်နှံထား ပါသည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# ပြည်ပကုန်သွယ်ရေးအခြေအနေ

## ပုံ (၁-၁၃) ပို့ကုန် အကောင်အထည်ဖော်နိုင်မှုအခြေအနေ





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် တွင်ပြည်ပပို့ကုန်တန်ဖိုး ကျပ် ၇,၁၅၁,၈၃၁.၇ သန်း ရရှိရန် လျာထားခဲ့ပြီး ကျပ် ၇,၀၄၈,၁၈၀.၃ သန်း ရရှိခဲ့သဖြင့် လျာထားချက်၏ ၉၈.၆ ရာခိုင်နှုန်း အကောင် အထည်ဖော် နိုင်ခဲ့ပါသည်။

အများဆုံး တင်ပို့သောကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန်ပစ္စည်း၊ စက်မှု ကုန်ချော၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ ရေထွက် ပစ္စည်းတို့ဖြစ်ပြီး အများဆုံးတင်ပို့သော ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ စင်ကာပူ ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ပါသည်။

## ပုံ (၁-၁၄) သွင်းကုန် အကောင်အထည်ဖော်နိုင်မှု အခြေအနေ





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် သွင်းကုန်တန်ဖိုး ကျပ် ၉,၀၁၆,၈၀၀.၀ သန်း ရရှိရန် လျာထားခဲ့ပြီး ကျပ် ၁၀,၉၇၂,၄၆၇.၁သန်း ရရှိခဲ့သဖြင့် လျာထားချက်၏ ၁၂၁.၇ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

အများဆုံး တင်သွင်းသော ကုန်စည်များမှာ မော်တော် ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြားစက်နှင့် စက်ပစ္စည်းများ၊ သင်္ဘောနှင့် သင်္ဘောပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်း၊ တယ်လီဖုန်းနှင့် ဆက်သွယ် ရေးပစ္စည်းကိရိယာများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများနှင့် ဘိလပ်မြေတို့ ဖြစ်ပြီးအများဆုံး တင်သွင်းသော နိုင်ငံများမှာ တရုတ်၊ စင်္ကာပူ၊ ထိုင်း၊ ဂျပန် နိုင်ငံတို့ ဖြစ်ပါသည်။


## ပုံ (၁-၁၅) ကုန်သွယ်မှုပမာဏ




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ကုန်သွယ်မှုပမာဏကို ကျပ် ၁၆,၁၆၈,၆၃၁.၇ သန်း ဖြစ်ပေါ်ရန်လျာထားခဲ့ပြီး ကျပ် ၁၈,၀၂၀,၆၄၇.၄ သန်း ရရှိခဲ့သဖြင့် လျာထားချက်၏ ၁၁၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။


## ပုံ(၁-၁၆) ကုန်သွယ်မှုပိုငွေ/လိုငွေ




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ပို့ကုန်တန်ဖိုး ကျပ် ၇,၀၄၈,၁၈၀.၃ သန်း ဖြစ်ပြီး သွင်းကုန်တန်ဖိုး ကျပ် ၁၀,၉၇၂,၄၆၇.၁ သန်း ရှိသောကြောင့် ကုန်သွယ်မှုလိုငွေ ကျပ် ၃,၉၂၄,၂၈၆.၈ သန်း ဖြစ်ပါသည်။


## ပုံ(၁-၁၇) ကုန်ပစ္စည်းအုပ်စုအလိုက်ပို့ကုန်အခြေအနေ




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင်ရေနံနှင့် သဘာဝဓာတ်ငွေ့ ကျပ်၂,၅၁၅,၉၁၃.၄ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကျပ် ၁,၆၆၉,၃၈၄.၇ သန်း၊ စက်မှုကုန်ချောပစ္စည်းများ ကျပ်၉၅၇,၀၅၀.၈ သန်း ၊ ရေထွက်ပစ္စည်းများ ကျပ်၃၃၃,၄၂၄.၄ သန်း၊သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကျပ်၃၁၈,၈၃၃.၉ သန်း၊ သစ်တောထွက်ပစ္စည်းများ ကျပ်၁၅၀,၃၁၂.၉ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ ကျပ်၆,၁၇၈.၉ သန်းနှင့် အခြားပစ္စည်းများ ကျပ်၁,၀၉၇,၀၈၁.၃ သန်း စုစုပေါင်း ကျပ်၇,၀၄၈,၁၈၀.၃ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ပုံ (၁-၁၈) ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ရင်းနှီးကုန်ပစ္စည်းများကို ကျပ် ၃,၆၃၉,၃၃၉.၆ သန်း လျာထားခဲ့ရာ ကျပ် ၅,၆၀၉,၆၆၂.၉ သန်း ဖြစ်သဖြင့် ၁၅၄.၁ ရာခိုင်နှုန်း၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို ကျပ် ၂,၈၂၃,၅၈၄.၄ သန်း လျာထားခဲ့ရာ ကျပ် ၃,၄၁၀,၅၁၃.၁ သန်း ဖြစ်သဖြင့် ၁၂၀.၈ ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းများကို ကျပ် ၂,၅၅၃,၈၇၆.၀ သန်း လျာထားခဲ့ရာ ကျပ် ၁,၉၅၂,၂၉၁.၁ သန်းဖြစ်သဖြင့် ၇၆.၄ ရာခိုင်နှုန်း၊ စုစု ပေါင်း ကျပ် ၁၀,၉၇၂,၄၆၇.၁ သန်း ဖြစ်သဖြင့် လျာထားချက်၏ ၁၂၁.၇ ရာခိုင်နှုန်း တင်သွင်းခဲ့ ပါသည်။

နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသောရင်းနှီးကုန်ပစ္စည်းများ၊ တည်ဆောက်ရေးအတွက် လိုအပ်သောလုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်း များကို ပိုမိုတင်သွင်းခဲ့ ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## အခန်း (၂)
## မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ

မြန်မာနိုင်ငံ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် လူမှုစီးပွားရေး အခြေအနေများအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၄၇,၄၆၆,၃၇၂.၇ သန်း အကောင်အထည်ဖော်ရန် လျာထားပြီး ဆောင်ရွက်ခဲ့ရာ ကျပ် ၄၇,၇၈၂,၀၂၃.၈ သန်း ဖြစ်ပေါ်ခဲ့၍ ဒုတိယ (၆) လပတ် လျာထားချက် အပေါ် ၁၀၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလအပေါ် ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုမှာ ၂၈.၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုမှာ ၃၄.၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုမှာ ၃၆.၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

**ပြည်ပရောက် အလုပ်သမားများ၏ ငွေလွှဲပို့မှုအခြေအနေ။** အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မှ စုစည်းရရှိသည့် စာရင်းအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျပ် ၁၁၈,၅၉၈.၄၇၅ သန်း ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ) ကျပ် ၁၇၁,၂၆၄.၇၃၅ သန်း ဖြစ်ပါသည်။

**ပြည်ပအကူအညီအထောက်အပံ့။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပြည်ပ အကူအညီ အထောက်အပံ့စီမံချက် ၄၈ ခု ရှိပြီး အမေရိကန်ဒေါ်လာ ၁၃၅.၄၈ သန်း ရှိပါသည်။ ပြည်ပချေးငွေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၅၈၂.၈၃ သန်း ဖြစ်ပါသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် အမေရိကန်ဒေါ်လာ ၄.၃၃၄ ဘီလီယံ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၆.၂၁၈ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

**မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရင်းနှီးမြှုပ်နှံမှု ကျပ် ၆၁၉.၆၅၂ ဘီလီယံ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျပ် ၅,၂၀၆.၇၇၀ ဘီလီယံ ရှိခဲ့ပါသည်။

**ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်းတွင် ပုဂ္ဂလိကဘဏ် ၁ ခုနှင့် စုစုပေါင်းဘဏ်ခွဲ ၁၂၄ ခု တိုးတက်ခဲ့ပါသည်။ အလိုအလျောက် ငွေထုတ်စက်စနစ်ဖြင့် ဆောင်ရွက်သော ပုဂ္ဂလိကဘဏ်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ဘဏ် ၆၈၈ ခု နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ဘဏ် ၁၃၆ ခု ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မှတ်ပုံတင်ထားသော ပြည်တွင်း ငွေရေးကြေးရေးကုမ္ပဏီ မရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၃ ခု ရှိခဲ့ပါသည်။

**ငွေလဲလှယ်နှုန်း။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် ပျမ်းမျှ ငွေလဲလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ပျမ်းမျှ ၁,၀၂၃.၂ ကျပ် ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ပျမ်းမျှ ၁,၂၇၂.၂ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

**ဇယား (၂-၁)**

**မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|---|
| ၁ | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ကျပ်သန်း | ၄၂,၆၄၉,၀၀၅.၀ | ၄၇,၇၈၂,၀၂၃.၈ |
| ၂ | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှု အချိုး (နှစ်အလိုက် ဈေးနှုန်း) | | | |
| | လယ်ယာ | (%) | ၃၀.၀ | ၂၈.၆ |
| | စက်မှု | (%) | ၃၄.၄ | ၃၄.၇ |
| | ဝန်ဆောင်မှု | (%) | ၃၅.၆ | ၃၆.၇ |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|---|
| ၃ | ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း | | | |
| | လယ်ယာ | (%) | | ၃.၁ |
| | စက်မှု | (%) | | ၈.၈ |
| | ဝန်ဆောင်မှု | (%) | | ၁၀.၀ |
| ၄ | ပြည်ပအလုပ်သမားများမှလွှဲပြောင်း ပေးပို့ငွေ(Worker Remintances) | ကျပ်သန်း | ၁၁၈,၅၉၈.၄၇၅ | ၁၇၁,၂၆၄.၇၃၅ |
| ၅ | ပြည်ပအကူအညီအထောက်အပံ့ (Grant) | ခုရေ (စီမံချက်) | ၂၃၉ | ၄၈ |
| | | ဒေါ်လာသန်း | ၁၄၀.၅၂ | ၁၃၅.၄၈ |
| | ပြည်ပချေးငွေ (Loan) | ခုရေ (စီမံချက်) | ၆ | ၇ |
| | | ဒေါ်လာသန်း | ၆၀၀.၆၈ | ၅၈၂.၈၃ |
| | | ယန်းသန်း | - | ၉၉,၈၇၀.၀၀ |
| | | ယူရိုသန်း | ၁၃.၇၅ | - |
| ၆ | ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး (ACCESS TO BANKING & FINANCE) | | | |
| | တစ်နိုင်ငံလုံးရှိဘဏ် | ခုရေ | ၁ | ၁ |
| | တစ်နိုင်ငံလုံးရှိဘဏ်ခွဲ စုစုပေါင်း | ခုရေ | ၁၂၀ | ၁၂၄ |
| | အလိုအလျောက်ငွေထုတ်စက် စနစ်ဖြင့် ဆောင်ရွက်နေသောဘဏ် | ခုရေ | ၆၈၈ | ၁၃၆ |
| | မှတ်ပုံတင်ထားသော ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီ | ခုရေ | - | ၃ |
| ၇ | ငွေလဲလှယ်နှုန်း (EXCHANGE RATE) အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှ ကျပ်ငွေ (ဒုတိယ ၆ လ) ပြက္ခဒိန်နှစ် | ကျပ် | ၁,၀၂၃.၂ | ၁,၂၇၂.၂ |

ဇယား (၂-၂)

၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်

ကဏ္ဍကြီး/ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ ကဏ္ဍ | စီမံကိန်းရည်မှန်းချက် တန်ဖိုး | ဒုတိယ(၆)လပတ်လျာထားချက် | | ဒုတိယ(၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
|---|---|---|---|---|---|---|---|---|
| | | | | တန်ဖိုး | ပြောင်းလဲမှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (%) | ပြောင်းလဲမှုနှုန်း (%) |
| | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၇၃,၃၁၄,၃၃၁.၉** | **၄၇,၄၆၆,၃၇၂.၇** | **၁၀.၈** | **၄၇,၇၈၂,၀၂၃.၈** | **၁၀၀.၇** | **၁၂.၀** |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၀,၁၅၆,၁၉၈.၆** | **၁၄၀၅၀၃၅၄.၄** | **၆.၂** | **၁၃,၆၇၆,၇၇၈.၁** | **၉၇.၃** | **၆.၇** |
| | ၁ | လယ်ယာ | ၁၄,၄၅၂,၄၁၁.၉ | ၁၀,၉၆၃,၃၇၈.၂ | ၅.၁ | ၁၀,၂၆၉,၀၁၉.၉ | ၉၃.၇ | ၅.၀ |
| | ၂ | သားငါး | ၅,၅၉၁,၅၉၈.၈ | ၃,၀၀၄,၄၄၆.၅ | ၁၀.၈ | ၃,၃၁၂,၀၂၀.၇ | ၁၁၀.၂ | ၁၂.၉ |
| | ၃ | သစ်တော | ၁၁၂,၁၈၇.၉ | ၈၂,၅၂၉.၇ | ၁.၀ | ၉၅,၇၃၇.၅ | ၁၁၆.၀ | (- )၇.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၅,၉၅၃,၉၂၈.၅** | **၁၆,၆၉၂,၁၉၈.၁** | **၁၂.၅** | **၁၆,၅၆၅,၈၉၄.၁** | **၉၉.၂** | **၁၂.၉** |
| | ၁ | စွမ်းအင် | ၄,၆၆၆,၇၆၃.၉ | ၂,၃၃၃,၃၈၁.၉ | ၄.၃ | ၁,၇၆၄,၇၀၀.၀ | ၇၅.၆ | (-)၁၅.၇ |
| | ၂ | သတ္တုနှင့်တွင်းထွက် ပစ္စည်း | ၇၂၈,၇၀၇.၉ | ၃၆၇,၆၅၄.၃ | ၃.၅ | ၅၄၆,၅၃၈.၄ | ၁၄၈.၇ | ၄.၅ |
| | ၃ | စက်မှုလက်မှု | ၁၅,၃၈၇,၈၅၇.၇ | ၁၀,၇၈၆,၁၁၈.၉ | ၁၃.၉ | ၁၀,၅၈၈,၈၅၀.၄ | ၉၈.၂ | ၁၈.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၀၉၇,၃၇၃.၉ | ၅၄၈,၆၈၆.၅ | ၇.၆ | ၅၁၀,၉၁၁.၆ | ၉၃.၁ | ၁၀.၁ |
| | ၅ | ဆောက်လုပ်မှု | ၄,၀၇၃,၂၂၅.၁ | ၂,၆၅၆,၃၅၆.၅ | ၁၇.၆ | ၃,၁၅၄,၈၉၃.၇ | ၁၁၈.၈ | ၂၀.၅ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၇,၂၀၄,၂၀၄.၈** | **၁၆,၇၂၃,၈၂၀.၂** | **၁၃.၃** | **၁၇,၅၃၉,၃၅၁.၆** | **၁၀၄.၉** | **၁၅.၇** |
| | ၁ | ပို့ဆောင်ရေး | ၈,၃၀၀,၁၉၅.၉ | ၄,၆၆၂,၂၃၄.၃ | ၁၃.၈ | ၄,၇၀၉,၃၃၉.၅ | ၁၀၁.၀ | ၁၀.၄ |
| | ၂ | ဆက်သွယ်ရေး | ၁,၂၇၄,၂၆၉.၈ | ၆၃၇,၁၃၄.၉ | ၁၁၆.၅ | ၇၂၅,၄၀၂.၉ | ၁၁၃.၉ | ၆၀.၆ |
| | ၃ | ငွေရေးကြေးရေး | ၁၂၅,၁၄၀.၄ | ၇၅,၀၈၄.၃ | ၂၂.၀ | ၁၀၀,၀၆၉.၈ | ၁၃၃.၃ | ၂၆.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၁၆၅,၆၃၀.၂ | ၁,၀၇၀,၁၈၉.၇ | ၁၅.၇ | ၁,၅၁၈,၈၅၄.၅ | ၁၄၁.၈ | ၃၃.၃ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၇၃၉,၄၁၀.၉ | ၈၈၇,၀၉၉.၃ | ၁၆.၁ | ၉၅၂,၀၁၀.၂ | ၁၀၇.၃ | ၁၉.၃ |
| | ၆ | ကုန်သွယ်မှု | ၁၃,၅၉၉,၅၅၆.၆ | ၉,၃၉၁,၀၇၇.၇ | ၈.၉ | ၉,၅၃၃,၆၇၄.၇ | ၁၀၁.၅ | ၁၃.၁ |
| | | **ပါဝင်မှုအချိုးအစား (%)** | | | | | | |
| | | လယ်ယာကဏ္ဍကြီး | ၂၇.၅ | ၂၉.၇ | | ၂၈.၆ | | |
| | | စက်မှုကဏ္ဍကြီး | ၃၅.၄ | ၃၄.၉ | | ၃၄.၇ | | |
| | | ဝန်ဆောင်မှုကဏ္ဍကြီး | ၃၇.၁ | ၃၅.၄ | | ၃၆.၇ | | |

ဓာတ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဇယား (၂-၃)

## ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စီမံကိန်းရည်မှန်းချက်တန်ဖိုး | ဒုတိယ(၆)လပတ်လျာထားချက် | | ဒုတိယ(၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပြောင်းလဲမှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (%) | ပြောင်းလဲမှုနှုန်း (%) |
| ၁ | ကချင်ပြည်နယ် | ၁,၆၃၇,၅၀၅.၀ | ၁,၂၁၅,၉၃၂.၃ | ၆.၃ | ၁,၀၆၈,၉၉၆.၃ | ၈၇.၉ | ၁၆.၅ |
| ၂ | ကယားပြည်နယ် | ၂၅၃,၁၇၀.၆ | ၁၅၆,၇၂၅.၀ | ၁၂.၃ | ၁၆၄,၀၀၄.၇ | ၁၀၄.၆ | ၁၆.၀ |
| ၃ | ကရင်ပြည်နယ် | ၁,၂၈၈,၉၅၈.၃ | ၈၇၇,၈၅၈.၃ | ၁၃.၃ | ၉၄၇,၀၁၄.၅ | ၁၀၇.၉ | ၁၃.၀ |
| ၄ | ချင်းပြည်နယ် | ၂၆၈,၄၀၄.၅ | ၁၇၉,၉၂၄.၇ | ၉.၅ | ၁၉၀,၉၆၈.၈ | ၁၀၆.၁ | ၂၃.၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၁၆၀,၇၀၆.၆ | ၅,၇၂၁,၆၃၉.၇ | ၁၃.၃ | ၆,၀၀၈,၆၉၀.၇ | ၁၀၅.၀ | ၁၄.၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၇၅၆,၆၇၄.၆ | ၂,၀၉၆,၁၈၃.၈ | ၆.၆ | ၁,၈၄၅,၈၀၆.၃ | ၈၈.၁ | (-)၂.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၈၇၀,၃၈၂.၂ | ၄,၃၂၆,၈၅၈.၅ | ၁၃.၉ | ၄,၃၉၉,၁၆၉.၁ | ၁၀၁.၇ | ၁၅.၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၉၄၈,၃၁၇.၁ | ၄,၂၉၆,၉၉၆.၆ | ၁၃.၅ | ၄,၀၉၄,၃၁၀.၄ | ၉၅.၃ | ၁၂.၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇,၅၂၂,၅၀၀.၆ | ၄,၈၂၁,၁၁၁.၆ | ၁၁.၁ | ၄,၉၄၃,၉၁၆.၂ | ၁၀၂.၅ | ၁၄.၂ |
| ၁၀ | မွန်ပြည်နယ် | ၂,၉၄၇,၁၀၅.၁ | ၂,၀၇၇,၈၄၇.၁ | ၁၁.၁ | ၁,၉၁၉,၀၇၈.၁ | ၉၂.၄ | ၁၂.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၄၅၅,၆၆၁.၀ | ၂,၀၈၄,၂၆၉.၇ | ၁၅.၇ | ၂,၂၅၅,၇၀၀.၂ | ၁၀၈.၂ | ၁၄.၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၅,၉၂၅,၆၇၅.၂ | ၉,၈၆၆,၇၅၀.၈ | ၁၃.၃ | ၁၀,၅၂၄,၃၈၉.၅ | ၁၀၆.၇ | ၁၅.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၄၃၈,၉၂၉.၇ | ၂,၈၇၃,၄၆၀.၆ | ၆.၆ | ၂,၈၆၄,၂၁၆.၃ | ၉၉.၇ | ၈.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၄၄၄,၁၈၄.၅ | ၆,၀၆၁,၀၅၅.၂ | ၇.၃ | ၅,၅၁၄,၅၅၈.၅ | ၉၁.၀ | ၃.၃ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၃၉၆,၁၅၆.၉ | ၈၀၉,၇၅၈.၈ | (-) ၁၄.၁ | ၁,၀၄၁,၂၀၄.၂ | ၁၂၈.၆ | ၁၃.၅ |

ဓာတ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဇယား (၂-၄)

## ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်

## ကဏ္ဍကြီး/ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံသေဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ ကဏ္ဍ | စီမံကိန်းရည်မှန်းချက်တန်ဖိုး | ဒုတိယ(၆)လပတ်လျာထားချက် | | ဒုတိယ(၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
|---|---|---|---|---|---|---|---|---|
| | | | | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (%) | တိုးတက်မှုနှုန်း (%) |
| | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | ၅၉,၄၇၅,၀၈၃.၇ | ၃၈,၇၈၀,၅၁၉.၁ | ၉.၁ | ၃၇,၂၆၀,၇၇၁.၇ | ၉၆.၁ | ၇.၄ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၁၇,၁၁၈,၃၄၂.၁ | ၁၁,၉၂၅,၂၁၂.၉ | ၃.၅ | ၁၁,၂၇၆,၀၃၈.၈ | ၉၄.၆ | ၃.၁ |
| | ၁ | လယ်ယာ | ၁၂,၂၁၇,၅၆၇.၇ | ၉,၂၇၁,၄၉၇.၃ | ၂.၃ | ၈,၅၈၀,၈၇၀.၈ | ၉၂.၆ | ၂.၂ |
| | ၂ | သားငါး | ၄,၇၉၅,၁၅၅.၀ | ၂,၅၇၇,၁၉၄.၈ | ၈.၀ | ၂,၆၀၉,၅၃၀.၂ | ၁၀၁.၃ | ၆.၆ |
| | ၃ | သစ်တော | ၁၀၅,၆၁၉.၄ | ၇၆,၅၂၀.၈ | ၀.၂ | ၈၅,၆၃၇.၈ | ၁၁၁.၉ | (-)၈.၉ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၁၇,၄၃၄,၃၁၅.၄ | ၁၁,၈၁၀,၄၆၄.၂ | ၁၀.၄ | ၁၁,၆၁၈,၂၉၇.၇ | ၉၈.၄ | ၈.၈ |
| | ၁ | စွမ်းအင် | ၈၂,၆၄၆.၅ | ၄၁,၃၂၃.၁ | ၂.၇ | ၄၃,၆၂၅.၇ | ၁၀၅.၆ | (-)၈.၆ |
| | ၂ | သတ္တုနှင့်တွင်းထွက် ပစ္စည်း | ၄၉၄,၅၅၈.၉ | ၂၄၇,၂၇၉.၇ | ၉.၅ | ၃၈၁,၇၅၅.၀ | ၁၅၄.၄ | (-)၅.၉ |
| | ၃ | စက်မှုလက်မှု | ၁၂,၉၉၀,၇၁၉.၃ | ၉,၁၀၅,၈၄၄.၇ | ၁၀.၃ | ၈,၆၅၃,၃၉၄.၈ | ၉၅.၀ | ၉.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၉၈,၇၆၀.၃ | ၃၄၉,၃၇၉.၉ | ၉.၁ | ၃၄၁,၁၄၆.၆ | ၉၇.၆ | ၉.၂ |
| | ၅ | ဆောက်လုပ်မှု | ၃,၁၆၇,၆၃၀.၄ | ၂,၀၆၆,၆၃၆.၈ | ၁၁.၆ | ၂,၁၉၈,၃၇၅.၆ | ၁၀၆.၄ | ၇.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၂၄,၉၂၂,၄၂၆.၂ | ၁၅,၀၄၄,၈၄၂.၀ | ၁၂.၉ | ၁၄,၃၆၆,၄၃၅.၂ | ၉၅.၅ | ၁၀.၀ |
| | ၁ | ပို့ဆောင်ရေး | ၇,၂၇၉,၉၃၁.၆ | ၄,၁၃၄,၂၂၁.၁ | ၁၃.၁ | ၄,၀၂၉,၂၀၈.၂ | ၉၇.၅ | ၈.၆ |
| | ၂ | ဆက်သွယ်ရေး | ၃,၈၄၀,၃၈၃.၆ | ၁,၉၂၀,၁၉၁.၈ | ၄၆.၉ | ၁,၄၆၄,၆၆၀.၄ | ၇၆.၃ | ၃၁.၀ |
| | ၃ | ငွေရေးကြေးရေး | ၁၆၁,၄၉၃.၇ | ၉၆,၈၉၆.၃ | ၂၂.၀ | ၁၂၉,၁၃၉.၈ | ၁၃၃.၃ | ၂၆.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၀၂,၆၈၀.၆ | ၇၃၃,၅၆၁.၃ | ၇.၉ | ၈၅၉,၅၂၈.၀ | ၁၁၇.၂ | ၆.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၀၃,၁၁၂.၃ | ၇၁၅,၅၈၇.၁ | ၁၂.၁ | ၇၅၉,၀၁၉.၃ | ၁၀၆.၁ | ၁၃.၅ |
| | ၆ | ကုန်သွယ်မှု | ၁၀,၇၃၄,၈၂၄.၄ | ၇,၄၄၄,၃၈၄.၄ | ၆.၉ | ၇,၁၂၄,၈၇၉.၅ | ၉၅.၇ | ၇.၀ |

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဇယား (၂-၅)

## ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး အခြေအနေ

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စီမံကိန်း ရည်မှန်းချက် တန်ဖိုး | ဒုတိယ(၆)လပတ် လျာထားချက် | | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ကချင်ပြည်နယ် | ၁,၃၃၁,၆၂၄.၈ | ၉၉၂,၀၈၇.၅ | ၅.၄ | ၈၁၂,၇၈၈.၈ | ၈၁.၉ | ၉.၄ |
| ၂ | ကယားပြည်နယ် | ၂၁၄,၅၇၀.၃ | ၁၃၂,၂၀၅.၀ | ၁၀.၄ | ၁၃၁,၅၅၃.၉ | ၉၉.၅ | ၈.၅ |
| ၃ | ကရင်ပြည်နယ် | ၁,၁၁၂,၅၈၃.၁ | ၇၅၁,၈၈၈.၂ | ၁၀.၈ | ၇၆၃,၂၅၉.၀ | ၁၀၁.၅ | ၈.၆ |
| ၄ | ချင်းပြည်နယ် | ၂၃၀,၅၀၉.၂ | ၁၅၂,၂၄၅.၀ | ၄.၀ | ၁၄၀,၁၂၃.၂ | ၉၂.၀ | ၉.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၉၆၆,၀၁၈.၃ | ၄,၈၈၉,၀၅၇.၉ | ၁၀.၇ | ၄,၉၃၉,၂၈၅.၄ | ၁၀၁.၀ | ၉.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၀၅၇,၃၂၄.၂ | ၁,၂၀၈,၀၃၃.၁ | ၁၀.၄ | ၁,၁၅၆,၇၈၃.၁ | ၉၅.၈ | ၈.၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၇၂,၄၂၅.၆ | ၃,၅၇၇,၆၆၃.၁ | ၁၁.၅ | ၃,၅၇၄,၀၅၀.၉ | ၉၅.၂ | ၉.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၆၅၄,၉၇၆.၁ | ၃,၄၇၆,၃၄၄.၀ | ၉.၇ | ၃,၃၁၀,၇၈၁.၄ | ၉၅.၂ | ၇.၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၈၄၁,၃၃၉.၄ | ၄,၃၀၂,၆၇၇.၃ | ၉.၈ | ၄,၁၁၈,၉၇၁.၇ | ၉၅.၇ | ၈.၁ |
| ၁၀ | မွန်ပြည်နယ် | ၂,၅၆၁,၄၃၆.၄ | ၁,၇၈၄,၆၇၉.၉ | ၉.၁ | ၁,၅၆၇,၂၈၀.၉ | ၈၇.၈ | ၇.၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၁၇၆,၁၆၉.၅ | ၁,၃၉၂,၃၀၅.၄ | ၇.၅ | ၁,၃၆၀,၂၃၅.၄ | ၉၇.၇ | ၄.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၅၈၁,၀၄၁.၃ | ၈,၃၈၃,၈၄၆.၄ | ၁၁.၅ | ၈,၄၁၃,၂၀၅.၉ | ၁၀၀.၄ | ၈.၄ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၈၆၇,၆၃၀.၁ | ၂,၄၈၇,၆၄၂.၆ | ၄.၇ | ၂,၂၇၂,၂၃၀.၅ | ၉၁.၃ | ၃.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၃၀၀,၈၉၉.၂ | ၄,၂၈၁,၇၂၁.၁ | ၆.၅ | ၃,၉၀၀,၅၉၂.၈ | ၉၁.၁ | ၅.၃ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၄၀၅,၅၁၆.၂ | ၇၉၀,၁၂၂.၆ | (-)၅.၃ | ၇၉၉,၆၂၈.၈ | ၁၀၁.၂ | ၀.၆ |

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**ကျန်းမာရေးကဏ္ဍ။** အခြေခံလိုအပ်ချက်များသုံးစွဲမှုကိုဖော်ပြရလျှင် ကျန်းမာရေးကဏ္ဍတွင် ပြည်သူ့ဆေးရုံ အရေအတွက်မှာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၁,၀၂၉ ရုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ၁,၁၂၃ ရုံ ဖြစ်ရာ ဆေးရုံ ၉၄ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်းတွေ့ရှိရ ပါသည်။ ပုဂ္ဂလိကဆေးရုံ အရေအတွက်မှာ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၁၈၂ ရုံ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင်၂၀၀ ရုံ ဖြစ်ရာ ဆေးရုံ ၁၈ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပုဂ္ဂလိကဆေးပေးခန်း အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၅,၀၈၈ ခန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၅,၆၁၂ခန်း ဖြစ်ရာ ၅၂၄ ခန်း တိုးတက်လာခဲ့ပါသည်။ အစိုးရကုတင်အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ၄၇,၄၅၄ လုံး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၅၄,၇၀၃လုံး ဖြစ်ရာ ကုတင် ၇,၂၄၉ လုံး တိုးချဲ့နိုင်ခဲ့ပါသည်။ ဆရာဝန်အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၃၂,၈၆၁ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လ ပတ်တွင် ၃၅,၁၇၁ ဖြစ်ပါသည်။ သူနာပြု အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ၃၂,၆၀၉ ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၃၄,၂၀၉ ဦး ဖြစ်ပါသည်။

**ပညာရေးကဏ္ဍ။** အခြေခံပညာရေးနှင့် စပ်လျဉ်း၍ အစိုးရကျောင်း အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၄၄,၄၀၄ ကျောင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၄၅,၄၈၆ ကျောင်းဖြစ်ရာ ၁,၀၈၂ ကျောင်း တိုးတက်ခဲ့ပါသည်။ ကျောင်းသား အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ဦးရေ ထောင်ပေါင်း၈,၇၇၇ ဖြစ်ပြီး၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင်ဦးရေ ထောင်ပေါင်း ၈,၆၈၅ ဖြစ်ရာ ၉၂ ဦး လျော့နည်းခဲ့ပါသည်။ ဆရာ/ဆရာမ အရေအတွက် ဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၃၄,၇၀၃၅ ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ၃၇၀,၃၅၇ ဦး ဖြစ်ရာ ၂၃,၃၂၂ ဦး တိုးတက်လာပါသည်။ ပုဂ္ဂလိကစာရင်းများ အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျောင်း ၂၈၀ ကျောင်း၊ ကျောင်းသား ၅၄,၂၅၁ ဦးနှင့် ဆရာ/ ဆရာမ ၃,၆၂၂ ဦး ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင်ကျောင်း ၄၃၈ ကျောင်း၊ ကျောင်းသား ၁၀၇,၄၅၁ ဦးနှင့် ဆရာ/ဆရာမ ၇,၃၉၇ ဦး ဖြစ်ရာ ကျောင်း ၁၅၈ ကျောင်း၊ ကျောင်းသား ၅၃,၂၀၀ ဦးနှင့် ဆရာ/ ဆရာမ ၃,၇၇၅ ဦး

အသီးသီး တိုးတက်လာခဲ့ပါသည်။ အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၆၉ ကျောင်း၊ ကျောင်းသား ၆၃၆,၈၁၅ ဦးနှင့် ဆရာ/ ဆရာမ ၂၅,၂၇၄ ဦးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၃ ကျောင်း၊ ကျောင်းသား ၉၁၉,၄၄၅ ဦးနှင့် ဆရာ/ ဆရာမ ၂၆,၆၄၀ ဦး ဖြစ်ရာ ကျောင်းသား ၂၈၂,၆၃၀ ဦးနှင့် ဆရာ/ ဆရာမ ၁,၃၆၆ ဦး အသီးသီး တိုးတက်လာခဲ့ပါသည်။ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စုစုပေါင်းအနေဖြင့် ၈၉.၅၂% ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စုစုပေါင်းအနေဖြင့် ၈၉.၆၀% ဖြစ်ရာ ၀.၀၈% တိုးတက်လာခဲ့ပါသည်။

ဇယား (၂-၆)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| **ပညာရေး(အခြေခံ)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၄၄,၄၀၄ | ၄၅,၄၈၆ |
| ကျောင်းသား | ဦးရေ(ထောင်) | ၈,၇၇၇ | ၈,၆၈၅ |
| ဆရာ/ဆရာမ | ဦးရေ | ၃၄၇,၀၃၅ | ၃၇၀,၃၅၇ |
| ပုဂ္ဂလိက | | | |
| ကျောင်း | ဦးရေ | ၂၈၀ | ၄၃၈ |
| ကျောင်းသား | ဦးရေ | ၅၄,၂၅၁ | ၁၀၇,၄၅၁ |
| ဆရာ/ဆရာမ | ဦးရေ | ၃,၆၂၂ | ၇,၃၉၇ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| **ပညာရေး(အဆင့်မြင့်)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၁၆၉ | ၁၇၃* |
| ကျောင်းသား | ဦးရေ | ၆၃၆,၈၁၅ | ၉၁၉,၄၄၉ |
| ဆရာ/ဆရာမ | ဦးရေ | ၂၅,၂၇၄ | ၂၆,၆၄၀ |
| **သက်ကြီး စာတတ်မြောက်မှုနှုန်း** | | | |
| စုစုပေါင်း | (%) | ၈၉.၅၂ | ၈၉.၆၀ |
| မှတ်ချက်။ အခြေခံပညာကျောင်း၊ ဆရာ၊ ကျောင်းသားစာရင်းသည် အခြေခံပညာဦးစီးဌာနမှ ရရှိထားသောစာရင်းဖြစ်သည်။ *ပညာရေး(အဆင့်မြင့်)တွင် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ အပါအဝင်ဖြစ်ပါသည်။ | | | |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၀၂၉ | ၁,၀၂၃* |
| ပုဂ္ဂလိကဆေးရုံများ | ဦးရေ | ၁၈၂ | ၂၀၀ |
| ပုဂ္ဂလိကဆေးပေးခန်းများ | ဦးရေ | ၅,၀၈၈ | ၅,၆၁၂ |
| ခုတင်(အစိုးရ) | ဦးရေ | ၄၇,၄၅၄* | ၅၄,၇၀၃* |
| ဆရာဝန် | ဦးရေ | ၃၂,၈၆၁* | ၃၅,၁၇၁* |
| သူနာပြု | ဦးရေ | ၃၂,၆၀၉* | ၃၄,၂၀၉* |
| * ဒုတိယ (၆) လပတ်ကုန်အထိ စာရင်းများဖြစ်ပါသည်။ | | | |

**မော်တော်ယာဉ်တင်သွင်းမှု။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၁၉.၈ သန်း တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၁၇,၅၂၈ စီး၊ အမေရိကန်ဒေါ်လာ ၈၁.၅ သန်း တန်ဖိုးရှိ ထွန်စက် ၇,၄၇၆ စီး၊ အမေရိကန်ဒေါ်လာ ၂၃၆.၃ သန်း တန်ဖိုးရှိ ကုန်တင်ယာဉ်

၂၁,၈၃၀ စီး၊ အမေရိကန်ဒေါ်လာ ၁၉၄.၆ သန်း တန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား ၁၃,၂၈၇ စီး၊ အမေရိကန်ဒေါ်လာ ၁၆၁.၃ သန်း တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၁၂,၁၁၈ စီး၊ အမေရိကန် ဒေါ်လာ ၁၉.၈ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၂၄၄ စီး တင်သွင်း ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၄၁.၅ သန်း တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၃၆,၉၁၇ စီး၊ အမေရိကန်ဒေါ်လာ ၃၃.၂ သန်း တန်ဖိုးရှိ ထွန်စက် ၁၁,၉၂၀ စီး၊ အမေရိကန် ဒေါ်လာ ၂၉၂.၄ သန်း တန်ဖိုးရှိ ကုန်တင်ယာဉ် ၂၃,၁၅၄ စီး၊ အမေရိကန်ဒေါ်လာ ၁၁၅.၀ သန်း တန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား ၁၁,၆၃၃ စီး၊ အမေရိကန်ဒေါ်လာ ၁၄၉.၈ သန်း တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၂၁,၂၁၈ စီး၊ အမေရိကန် ဒေါ်လာ ၄.၉ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၂၅ စီး တင်သွင်းခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားနှင့်စွမ်းအင်။** ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကီလိုဝပ်နာရီ ၇,၃၃၂.၅ သန်းရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကီလိုဝပ်နာရီ ၈,၆၁၃.၈ သန်း ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ၂,၂၆၅ ရွာ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ၂၈,၁၉၄ ရွာဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ၂,၀၉၉ ရွာဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၃၀,၅၃၄ ရွာ ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂,၃၄၀ ရွာ ထပ်မံ မီးရရှိခဲ့ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် အမေရိကန် စည်ထောင်ပေါင်း ၃,၄၃၈.၇၆၄ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် အမေရိကန် စည်ထောင်ပေါင်း ၂,၇၇၅.၃၉၈ ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ကုဗပေသန်းပေါင်း ၃၄၆,၁၃၂ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ကုဗပေသန်းပေါင်း ၃၂၈,၁၀၁ ဖြစ်ပါ သည်။

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လိုင်းပေါင်း ၅၂၆,၇၉၂ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် လိုင်းပေါင်း ၅၂၁,၅၉၂ ဖြစ်ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုနိုင်

မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ အော်ရီဒူး မြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်းတင်ဆင်ပြီး မိုဘိုင်းဖုန်းလိုင်း အရေအတွက် ၂၇,၅၆၈,၂၄၄ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် လိုင်း အရေအတွက် ၃၉,၁၁၃,၈၀၃ အထိ တိုးတက်လာခဲ့ပါသည်။

**တယ်လီဖုန်းသုံးစွဲမှု။** လူဦးရေ ၁,၀၀၀ လျှင် သုံးစွဲနိုင်သော တယ်လီဖုန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ၅၄၄ လုံးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ၉၅၁ လုံးထိ တိုးတက်လာပါသည်။ အင်တာနက်အသုံးပြုမှု လိုင်းပေါင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်းတင်ဆင်ပြီး အင်တာနက်လိုင်း အရေအတွက်မှာ ၁၇,၇၃၆,၄၂၆ လိုင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၃၉,၁၃၃,၇၄၇ လိုင်းထိ တိုးတက်လာပါသည်။ စာတိုက်လုပ်ငန်းတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လ ပတ်တွင် အစိုးရစာတိုက်ပေါင်း ၁,၃၈၄ ခု ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တွင် ၁,၃၇၈ ခု ဖြစ်ပါသည်။

**သယ်ယူပို့ဆောင်ရေး။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိ လမ်းဦးစီးဌာန မှ ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ ၄၀,၃၅၁ ကီလိုမီတာ ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၇၈၀ ကီလိုမီတာသို့ တိုးတက် လာပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်အထိတွင် ၀.၀၅၉၆ ကီလို မီတာ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိတွင် ၀.၀၆၀၇ ကီလိုမီတာ ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်အထိတွင် မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ် လမ်း) အရှည် ၂၁,၄၆၀ ကီလိုမီတာရှိခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အထိ ၂,၇၈၈ ကီလိုမီတာ တိုးတက်ခဲ့ပါသည်။

ယာဉ်အသုံးပြုမှုတွင် စုစုပေါင်းမှတ်ပုံတင်ထားသော ယာဉ်စီးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၅,၀၇၇,၆၉၉ စီးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ၅,၅၄၁,၃၆၁ စီးထိ တိုးတက်ခဲ့ပါသည်။ မှတ်ပုံတင်ထားသော ခရီးသည်နှင့် ကုန်တင် ယာဉ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စီးရေ ၆၉၀,၁၄၂ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စီးရေ ၇၈၂,၂၃၆ ထိ တိုးတက်ခဲ့ပါသည်။

ကုန်တင်ယာဉ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စီးရေ ၂၃၃,၉၀၃ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စီးရေ ၂၉၄,၁၀၀ ထိ တိုးတက်ခဲ့ပါသည်။

မီးရထားလမ်းအရှည်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သံလမ်းမိုင် ၄,၉၃၃ မိုင် ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ရထားသံလမ်းထပ်မံဖောက်လုပ်ခြင်းမရှိခဲ့ပါ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် မီးရထားခရီးသည်ဦးရေ ၂၃.၁၀ သန်းနှင့် ကုန်တန်ချိန် ၁.၁၅၉ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မီးရထားခရီးသည်ဦးရေ ၂၁.၁၁ သန်းနှင့် ကုန်တန်ချိန် ၁.၀၀၄ သန်းကို မြန်မာ့မီးရထားကပို့ဆောင်ပေးခဲ့ပါသည်။ တစ်ကီလိုမီတာလျှင် သွားရောက်ခဲ့သည့် ခရီးသည်ဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ၃,၇၇၉ ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ၃,၄၅၅ ဦး ဖြစ်ပါသည်။ ပြည်တွင်းလေဆိပ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် လေဆိပ် ၆၆ ခု ရှိခဲ့ပြီး လေဆိပ်အသစ်ဆောက်လုပ်မှုမရှိ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အထိ အရေအတွက် ပြောင်းလဲခြင်းမရှိပါ။ လေယာဉ်ခေါက်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၃၄,၃၅၈ ခေါက်ရေ ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် မတ်လကုန်(ယာယီစာရင်း) တွင် ၂၂,၅၄၇ ခေါက်ရေ ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အထိ လေဆိပ် ၃ ခု ရှိပြီး အသစ်ဆောက်လုပ်မှုမရှိ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အထိ အရေအတွက် ပြောင်းလဲခြင်းမရှိပါ။

**ဆိပ်ကမ်း။** ဆိပ်ကမ်းအခြေအနေမှာ (နိုင်ငံခြား/ကမ်းရိုးတန်း) သင်္ဘောအဝင်စီးရေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် သင်္ဘော ၂,၇၆၉ စီး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် သင်္ဘော ၂,၄၆၃ စီး ဖြစ်ပါသည်။ စုစုပေါင်း ပို့ကုန်/သွင်းကုန် ကုန်သေတ္တာပေါင်း (၂၀ ပေ တူညီယူနစ် လုံးရေ) မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကုန်သေတ္တာ ၃၈၁.၇၃၇ TEU (000) ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကုန်သေတ္တာ ၃၉၈.၉၇၆ TEU (000) တိုးတက်ခဲ့ပါသည်။ ကုန်သေတ္တာအပါ စုစုပေါင်း ပို့ကုန်၊ သွင်းကုန်အားလုံးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မက်ထရစ်တန်ထောင်ပေါင်း ၁၅,၆၈၆ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မက်ထရစ်တန်ထောင်ပေါင်း ၁၈,၅၀၃ ဖြစ်ပါသည်။ ပြည်တွင်းကုန်စည်ပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်

ဒုတိယ (၆) လပတ်တွင် တန် ၁.၅၇၉ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် တန် ၂.၃၅၇ သန်း ဖြစ်ပါသည်။ ပြည်ပဆိပ်ကမ်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ဆိပ်ကမ်း ၉ ခု ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိ အရေအတွက် ပြောင်းလဲခြင်းမရှိပါ။ ပြည်ပကုန်စည်ပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် တန် ၁၄.၁၀၈ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် တန် ၁၆.၁၅၆ သန်း ဖြစ်ပါသည်။

**အီလက်ထရောနစ်မီဒီယာ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တွင် အစိုးရပိုင်မြန်မာရုပ်သံလိုင်းမှာ ၁၅ လိုင်း၊ ဖက်စပ်လုပ်ငန်းတွင်မြန်မာ (MRTV-4)နှင့် ဆက်စပ် ရုပ်သံလိုင်းမှာ ၂၇ လိုင်း၊ အင်္ဂလိပ်(MI) နှင့် Sky Net ရုပ်သံလိုင်းမှာ ၁၀၈ လိုင်း၊ ရေဒီယိုလိုင်း ဝန်ဆောင်မှုလုပ်ငန်းမှာ အစိုးရပိုင် မြန်မာရေဒီယို လိုင်း ၁၉ လိုင်းစီရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တို့တွင် အင်္ဂလိပ်လိုင်း ၁ လိုင်းစီရှိပြီး ဖက်စပ်မြန်မာလိုင်း ၆ လိုင်းစီ ရှိပါသည်။

**ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။** ကြေးမုံသတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လ ပတ်တွင်စောင်ရေ ၃၂၉.၃၁ သိန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၃၁၄.၀၅ သိန်းဖြစ်ပါသည်။ မြန်မာ့အလင်း သတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စောင်ရေ ၂၆၅.၁၁ သိန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၅၃.၂၂ သိန်း ဖြစ်ပါသည်။ The Global New Light of Myanmar သတင်းစာထုတ်ဝေမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စောင်ရေ ၃၀.၄၅ သိန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၉.၂၄ သိန်း ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြဝတီသတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ စောင်ရေ ၁၁၀.၈၈ သိန်း၊ မြို့တော်သတင်းစာထုတ်ဝေမှု စောင်ရေ ၅.၅၈ သိန်းနှင့် ရတနာပုံ သတင်းစာ ထုတ်ဝေမှုစောင်ရေ ၂.၁၅ သိန်းဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြဝတီ သတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ စောင်ရေ ၁၅၉.၂၁ သိန်း၊ မြို့တော်သတင်းစာ ထုတ်ဝေမှု စောင်ရေ ၅.၄၉ သိန်းနှင့် ရတနာပုံသတင်းစာ ထုတ်ဝေမှုစောင်ရေ ၂.၂၈ သိန်းဖြစ်ရာ မြဝတီသတင်းစာမှာ

စောင်ရေ ထောင်ပေါင်း ၄၈.၃၃၊ ရတနာပုံသတင်းစာမှာ စောင်ရေ ထောင်ပေါင်း ၀.၁၃ အသီးသီး တိုးတက်ထုတ်ဝေနိုင်ခဲ့ပါသည်။

ဇယား(၂-၇)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှုအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| **မော်တော်ယာဉ်တင်သွင်းမှု** | | | |
| မော်တော်ဆိုင်ကယ် | စီး | ၁၇,၅၂၈ | ၃၆,၉၁၇ |
| ထွန်စက် | စီး | ၇,၄၇၆ | ၁၁,၉၂၀ |
| ကုန်တင်ယာဉ် | စီး | ၂၁,၈၃၀ | ၂၃,၁၅၄ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကား | စီး | ၁၃,၂၈၇ | ၁၁,၆၃၃ |
| မော်တော်ကား(ဆလွန်း) | စီး | ၁၂,၁၁၈ | ၂၁,၂၁၈ |
| အထူးကိစ္စအတွက် အသုံးပြုသော မော်တော်ယာဉ်များ | စီး | ၂၄၄ | ၂၅ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၂,၂၆၅ | ၂,၀၉၉ |
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၂၆,၇၉၂ | ၅၂၁,၅၉၂ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၂၇,၅၆၈,၂၄၄ | ၃၉,၁၁၃,၈၀၃ |
| လူဦးရေ ၁၀၀၀ လျှင်သုံးစွဲနိုင်သောတယ်လီဖုန်း | လုံး | ၅၄၄ | ၉၅၁ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၁၇,၇၃၆,၄၂၆ | ၃၇,၉၁၀,၀၆၃ |
| **စာတိုက်** | | | |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| အစိုးရစာတိုက် | ခုရေ | ၁,၃၈၄ | ၁,၃၇၈ |
| **လမ်း** | | | |
| လမ်းအရှည်စုစုပေါင်း* | ကီလိုမီတာ | ၄၀,၃၅၁ | ၄၁,၁၃၁ |
| လမ်းသိပ်သည်းဆ* | ကီလိုမီတာ/ စတုရန်း ကီလိုမီတာ | ၀.၀၅၉၆ | ၀.၀၆၀၇ |
| မျက်နှာပြင်ပါသောလမ်း* (ကတ္တရာလမ်း၊ကွန်ကရစ်လမ်း) | ကီလိုမီတာ | ၂၁,၄၆၀ | ၂၄,၂၄၈ |
| * ဒုတိယ (၆) လပတ်ကုန်အထိ အခြေအနေ ဖြစ်ပါသည်။ | | | |
| **ယာဉ်အသုံးပြုမှု** | | | |
| စုစုပေါင်းမှတ်ပုံတင်မော်တော်ယာဉ် | စီးရေ | ၅,၀၇၇,၆၉၉ | ၅,၅၄၁,၃၆၁ |
| မှတ်ပုံတင်ထားသောယာဉ် (ခရီးသည်+ကုန်တင်) | စီးရေ | ၆၉၀,၁၄၂ | ၇၈၂,၂၃၆ |
| ကုန်တင်ယာဉ် | စီးရေ | ၂၃၃,၉၀၃ | ၂၉၄,၁၀၀ |
| **မီးရထား** | | | |
| မီးရထားလမ်းအရှည် | သံလမ်းမိုင် | ၄,၉၃၃ | ၄,၉၃၃ |
| ခရီးသည် | သန်း | ၂၃.၁၀ | ၂၁.၁၁ |
| ခရီးသည်မိုင်(တစ်ကီလိုမီတာလျှင်) | ဦးရေ | ၃,၇၇၉ | ၃,၄၅၅ |
| ကုန်တန်ချိန် | သန်း | ၁.၁၅၉ | ၁.၀၀၄ |
| **မြို့ပြလေကြောင်း** | | | |
| ပြည်တွင်းလေဆိပ် | ခုရေ | ၆၆ | ၆၆ |
| လေယာဉ်ခေါက်ရေ | ခေါက်ရေ | ၃၄,၃၅၈ | ၂၂,၅၄၇* |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| အပြည်ပြည်ဆိုင်ရာလေဆိပ် | ခုရေ | ၃ | ၃ |
| * ဒုတိယ (၆) လပတ်ကုန်အထိ စာရင်းဖြစ်ပါသည်။ | | | |
| **ဆိပ်ကမ်း** | | | |
| သင်္ဘောအဝင် | စီးရေ | ၂,၇၆၉ | ၂,၄၆၃ |
| စုစုပေါင်းပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာပေါင်း | TEU(000) | ၃၈၁.၇၃၇ | ၃၉၈.၉၇၆ |
| ကုန်သေတ္တာအပါစုစုပေါင်း ပို့ကုန်၊ သွင်းကုန်အားလုံး | မက်ထရစ်တန် (ထောင်) | ၁၅,၆၈၆ | ၁၈,၅၀၃ |
| ပြည်တွင်းဆိပ်ကမ်း | ခုရေ | ၉ | ၉ |
| ပြည်တွင်းခရီးသည် | သန်း | ၀.၀၆၁ | ၀.၀၆၁ |
| ပြည်တွင်းကုန်စည်ပမာဏ | တန် (သန်း) | ၁.၅၇၉ | ၂.၃၅၇ |
| ပြည်ပဆိပ်ကမ်း | ခုရေ | ၉ | ၉ |
| ပြည်ပခရီးသည် | သန်း | ၀.၀၃၃ | ၀.၀၂၃ |
| ပြည်ပကုန်စည်ပမာဏ | တန် (သန်း) | ၁၄.၁၀၈ | ၁၆.၁၅၆ |
| ပြည်ပကုန်စည်ပမာဏ | TEU(000) | ၃၈၂ | ၃၉၉ |
| **TEU(000) =၂၀ ပေတူညီယူနစ် လုံးရေ(ထောင်)** | | | |
| **ပုံနှိပ်မီဒီယာ** | | | |
| ကြေးမုံသတင်းစာ | စောင်ရေသိန်း | ၃၂၉.၃၀ | ၃၁၄.၀၅ |
| မြန်မာ့အလင်းသတင်းစာ | စောင်ရေသိန်း | ၂၆၅.၁၀ | ၂၅၃.၂၂ |
| The New Light Of Myanmar | စောင်ရေသိန်း | ၃၀.၄၅ | ၂၉.၂၄ |
| မြဝတီသတင်းစာ | စောင်ရေသိန်း | ၁၁၀.၈၈ | ၁၅၉.၂၀ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| မြို့တော်သတင်းစာ | စောင်ရေသိန်း | ၅.၅၈ | ၅.၄၉ |
| ရတနာပုံသတင်းစာ | စောင်ရေသိန်း | ၂.၁၅ | ၂.၂၈ |
| **အီလက်ထရောနစ်မီဒီယာနှင့် တယ်လီဗီးရှင်းလိုင်းများ** | | | |
| **အစိုးရ** | | | |
| မြန်မာ (MRTV,MWD) | လိုင်း | ၁၅ | ၁၅ |
| **ဖက်စပ်** | | | |
| မြန်မာ (MRTV-4 ) နှင့် ဆက်စပ် ရုပ်သံလိုင်းများ | လိုင်း | ၂၇ | ၂၇ |
| အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းများ | လိုင်း | ၁၀၈ | ၁၀၈ |
| **ရေဒီယိုလိုင်းများ** | | | |
| **အစိုးရ** | | | |
| ပြန်ကြားရေးမှ မြန်မာ (မြန်မာ့အသံတိုင်းရင်းသား) | လိုင်း | ၁၇ | ၁၇ |
| ပြန်ကြားရေးမှ အင်္ဂလိပ် (မြန်မာ့အသံ အင်္ဂလိပ်) | လိုင်း | ၁ | ၁ |
| ကကပြည်မှမြန်မာ(သဇင်) | လိုင်း | ၁ | ၁ |
| ရန်ကုန်စည်ပင်(City FM) | လိုင်း | ၁ | ၁ |
| **ဖက်စပ်** | | | |
| မြန်မာ(ဒေသဆိုင်ရာFMများ) | လိုင်း | ၆ | ၆ |

## အခန်း(၃)

## ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒတို့ကို မှန်ကန်စွာ ယှဉ်တွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးဈေးကွက်၊ ဘဏ္ဍာရေးဈေးကွက်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ လိုအပ်ချက်အတွက် အခွန်အကောက်များ ပိုမိုရရှိအောင် တိုးမြှင့်ဆောင်ရွက်ရန် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ငွေကြေးမူဝါဒ (Monetary Policy)**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးဈေးကွက်တည်ငြိမ်ရေး၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိရောက် ကောင်းမွန်သော စီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် ငွေကြေးမူဝါဒများကို ချမှတ်ခဲ့ပြီး ငွေကြေးမူဝါဒရေးရာမူဘောင် (Monetary Policy Framework) နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည် -

(က) ငွေဖြစ်လွယ်မှုခန့်မှန်းခြင်းမူဘောင်(Liquidity Forecasting Framework) အား လစဉ် တွက်ချက်တင်ပြဆောင်ရွက်ခြင်း၊

(ခ) Deposit Auction အား နှစ်ပတ်လျှင်(၁)ကြိမ် ဆောင်ရွက်ခြင်း၊

(ဂ) ငွေကြေးဖောင်းပွမှုနှုန်း လေ့လာသုံးသပ်ရေးကော်မတီ၏ အစီရင်ခံစာအား ပါဝင်ပြုစုပေးပို့ခြင်း၊

(ဃ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ငွေကြေးနုတ်သိမ်းခြင်းအတွက် ကျခံသုံးစွဲရန် ငွေကြေးမူဝါဒလုပ်ငန်း ကုန်ကျစရိတ် တွက်ချက်မှုအား တင်ပြခြင်း၊

(င) နိုင်ငံခြားငွေလဲလှယ်နှုန်း Budgetary Assumption Rate ကို (၆)လပတ် ပုံသေထား အသုံးပြုရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေအား (၃)လ တစ်ကြိမ် စိစစ်တင်ပြခြင်းနှင့် (၁) လတစ်ကြိမ် သုံးသပ်တင်ပြခြင်း၊

(စ) ရန်ကုန်နိုင်ငံခြားငွေကြေးဈေးကွက်တွင် ဘဏ်များ၏ နိုင်ငံခြားငွေရောင်းဝယ်မှု အခြေအနေ(Spot and Customer Trading) အား နေ့စဉ် တင်ပြခြင်း၊

(ဆ) နိုင်ငံခြားငွေများကို ဈေးပြိုင်စနစ်ဖြင့် ရောင်း/ဝယ်ခြင်း (Foreign Currency Auction) ကို ရုံးဖွင့်ရက်တိုင်းနေ့စဉ် ကြီးကြပ်ဆောင်ရွက်၍ နေ့စဉ် ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Reference Exchange Rate) ကို ထုတ်ပြန်ခြင်း၊

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေး အတွက် အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(က) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ရောဝတီ (တောင်သူ လယ်သမား) ဖွံ့ဖြိုးတိုးတက်ရေးဘဏ် အသစ် (၁) ဘဏ်၊ ပြည်တွင်းငွေရေး ကြေးရေးကုမ္ပဏီ (၃) ခု၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ (၁) ခုကို လုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခဲ့ပါသည်။

(ခ) ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၇၀)ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

(ဂ) ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၀) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကို အတည်ပြုပြဋ္ဌာန်း ခဲ့ပါသည်။

(ဃ) ခရီးသွားအာမခံလုပ်ငန်းနှင့် အထူးခရီးသွား အာမခံလုပ်ငန်းကို ဆောင်ရွက်လျက် ရှိပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ ခရီးသွားအာမခံလုပ်ငန်းကို နိုင်ငံခြားငွေဖြင့် လက်ခံဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)**

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများကို ထိရောက်မှုရှိစေမည့် ပြည်သူ့ဘဏ္ဍာငွေများအား ရှာဖွေခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများအား အလေအလွင့် နည်းပါးစွာဖြင့် အကောင်အထည်ဖော်နိုင်စေခြင်းတို့အတွက် ဘဏ္ဍာရေးမူဝါဒများကို ချမှတ် ဆောင်ရွက်လျက် ရှိပါသည်-

(က) ဘဏ္ဍာရေးဈေးကွက်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး၊

(ခ) ထိရောက်သည့် အခွန်စည်းကြပ်မှုဖြင့် အခွန်အကောက်များ ပိုမိုရရှိစေရေး၊

(ဂ) ပြည်သူတို့၏ လူနေမှုအဆင့်အတန်းများ မြှင့်တင်နိုင်ရန် ပြည်သူ့ဘဏ္ဍာရေး အသုံးစရိတ်အား ကျယ်ကျယ်ပြန့်ပြန့် စိစစ်နိုင်ရေး၊

ဖော်ပြပါမူဝါဒများအရ အောက်ပါပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၂) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

(ခ) အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၆၉) ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

(ဂ) ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရန်ကုန်စတော့အိတ်ချိန်းကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအား အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်စာရင်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များ၏ သာမန်အသုံးစရိတ် စုစုပေါင်းတွင် ကယားပြည်နယ်သည် ကျပ် ၇,၈၉၉.၆၄၃ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးသည် ကျပ် ၆၆,၅၂၇.၆၇၉ သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကယားပြည်နယ်သည် ကျပ် ၂၁,၁၄၂.၁၂၂ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် ၂၂၆,၈၁၈.၇၀၃ သန်းဖြင့် အများဆုံး ဖြစ်ပါသည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် စာရင်း စုစုပေါင်းအသုံးစရိတ်တွင် သာမန်အသုံးစရိတ် ၃၆.၃၅၉ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၆၃.၄၁၁ ရာခိုင်နှုန်းနှင့် ကြွေးမြီ ၀.၂၃၀ ရာခိုင်နှုန်း ပါဝင်ပါသည်။

**အရအသုံးခန့်မှန်းခြေငွေစာရင်း**

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ဘတ်ဂျက်မူဝါဒဆိုင်ရာ ဖော်ပြချက်တွင် မေခရိုစီးပွားရေး အခြေအနေ ဖော်ပြချက်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် နှစ်လတ်ဘဏ္ဍာရေး လျာထားချက်နှင့် ဘဏ္ဍာရေးမဟာဗျူဟာ မူဝါဒများကို ကမ္ဘာ့ဘဏ်၏ အကြံဉာဏ်ရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ၏ အစိုးရအသုံးစရိတ် ပြန်လည်သုံးသပ်မှု အစီရင်ခံစာမူကြမ်းတွေ့ရှိချက်များနှင့် စပ်လျဉ်း၍လည်း အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအနက် နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲရမည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးမတည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း "ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှု သဘောတူစာချုပ်" ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ နိုင်ငံတော်၏ ငွေကြေးစီမံခန့်ခွဲမှု၊ ကြွေးမြီစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၂) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ပြဌာန်းခဲ့ပါသည်။ ထို့နောက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်စာရင်းတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ စုစုပေါင်းရငွေ ကျပ် ၁၀,၈၇၉,၃၈၉.၉၈၈ သန်းတွင် သာမန်ရငွေ ကျပ် ၁၀,၀၇၇,၀၇၁.၄၂၁ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၃၄၃,၃၁၃.၀၄၂ သန်း ဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၄၅၉,၀၀၅.၅၂၅ သန်း ဖြစ်ပါသည်။ စုစုပေါင်းရငွေ အနက် တိုင်းဒေသကြီး/ ပြည်နယ်မှ စုစုပေါင်းရငွေမှာ ကျပ် ၁,၁၁၄,၇၉၇.၈၄၄ သန်း ဖြစ်၍ စုစုပေါင်းရငွေအပေါ် တိုင်းဒေသကြီး/ ပြည်နယ်မှ ၁၀.၂၄၇ ရာခိုင်နှုန်းရရှိပါသည်။ သာမန်ရငွေအနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ကျပ် ၉၈၅,၆၆၅.၈၀၁ သန်း၊ ငွေလုံးငွေရင်းရငွေအနက် တိုင်းဒေသကြီး/ပြည်နယ်မှ

ကျပ် ၁၂၃,၄၂၄.၁၆၉ သန်းနှင့် ကြွေးမြီရငွေအနက် တိုင်းဒေသကြီး/ ပြည်နယ် ကြွေးမြီရငွေမှာ ကျပ် ၅,၇၀၇.၈၇၄ သန်းဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်စာရင်းတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၂,၆၀၁,၅၃၂.၀၂၉ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၈,၁၅၄,၁၂၀.၇၈၆ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၄,၂၁၃,၃၀၉.၉၈၇ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၂၃၄,၁၀၁.၂၅၆ သန်း ဖြစ်ပါသည်။ စုစုပေါင်း အသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်းအသုံးစရိတ် ကျပ် ၁,၃၈၇,၇၁၅.၄၆၆ သန်းဖြစ်၍ ၁၁.၀၁၂ ရာခိုင်နှုန်းပါဝင်ပါသည်။ သာမန်အသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ် သာမန်အသုံးစရိတ်မှာ ကျပ် ၅၀၄,၅၅၉.၈၄၁ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၈၇၉,၉၆၂.၆၀၈ သန်းနှင့် ကြွေးမြီ အသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ် ကြွေးမြီ အသုံးစရိတ်မှာ ကျပ် ၃,၁၉၃.၀၁၇ သန်း ဖြစ်ပါသည်။

**အခွန်အကောက်ရငွေ အခြေအနေ**

နိုင်ငံတော်အနေဖြင့် အခွန်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ အထူးကုန်စည်ခွန် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြု ခဲ့ပါသည်။ ထို့အပြင် ရသင့်ရထိုက်သော အခွန်ငွေများ ပြည့်ဝစွာရရှိစေရန်နှင့် ရှင်းလင်း လွယ်ကူသော အကောက်ခွန် လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ် လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန် စုစုပေါင်း (၄) မျိုးကို ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တာဝန်ယူ ကောက်ခံပေးလျက်ရှိပါသည်။ အကောက်ခွန် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရခြင်းနှင့် ကုန်ပစ္စည်းများ အလိုအလျောက် ရှင်းလင်းထုတ်ပေးနိုင်ရေးအတွက် Myanmar Automated Cargo Clearance System (MACCS) အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့နောက် ပြင်ဆင် ထုတ်ပြန်ပြီးဖြစ်သည့် ပင်လယ်ကြောင်း အကောက်ခွန် အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန် အက်ဥပဒေတို့နှင့် ပတ်သက်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် Manual လက်စွဲများ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ အကောက်ခွန်နှုန်းထား လျှော့ချပြင်ဆင် သတ်မှတ်ခြင်း၊

ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်များနှင့် ပတ်သက်သည့် အဓိပ္ပါယ် သတ်မှတ်ချက်များအား ထုတ်ပြန်ခြင်း၊ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးရန် မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ကိစ္စများအား ဆောင်ရွက်လျက် ရှိပါသည်။

အကောက်ခွန် ဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ကျပ် ၄၂၅,၀၀၀.၀၀ သန်းဖြစ်ပြီး အစီရင်ခံသည့် ကာလအတွင်း အခွန်ငွေ ကောက်ခံရရှိမှု (ရုံးချုပ်) ကျပ် ၁၉၅,၇၄၁.၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၆.၀၈ ရာခိုင်နှုန်း ကောက်ခံရရှိပြီး ဖြစ်ပါသည်။

ပုဂ္ဂလိကအာမခံလုပ်ငန်းများ ကြီးကြပ်စစ်ဆေးခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် "အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ" ကို ပြင်ဆင်ဖြည့်စွက်အစားထိုးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပြီး အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၆၉) ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရယူ၍ လုပ်ငန်းဆောင်ရွက်နေသော ပြည်တွင်း၊ ပြည်ပ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအားလုံးသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာနိုင်ရန် ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အားလုံး ပါဝင်နိုင်သောငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံ (Financial Inclusion Roadmap Implementation Strategic Action Plan) အား အကောင်အထည်ဖော်ရန် ၂၀.၁.၂၀၁၆ ရက်နေ့တွင် အတည်ပြုခဲ့ပြီး Quick Win လုပ်ငန်းစဉ်များအနေဖြင့် လုပ်ငန်းစဉ်(၆)ခုအား စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပင်စင်ဦးစီးဌာနသည် ဒုတိယ(၆)လပတ်အတွင်း ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး အဖွဲ့အစည်းများမှ အမှုတွဲများကို လက်ခံဆောင်ရွက်လျက်ရှိပြီး ၁.၁၀.၂၀၁၅ ရက်နေ့မှ ၃၁.၃.၂၀၁၆ ရက်နေ့အထိ အငြိမ်းစား လစာငွေ ကျပ် ၁,၁၉၂.၂၆၇ သန်းနှင့် လုပ်သက်ဆုငွေ ကျပ် ၃၄,၅၈၁.၄၅၇ သန်းတို့ကို ဆောင်ရွက်ပြီးစီးနိုင်ခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးသည် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အခွန်စည်းကြပ်ခြင်းနှင့် အကောက်ခွန်ဦးစီးဌာနမှ ပစ္စည်းများ၊ ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့်

ဒဏ်ငွေရိုက်ခြင်း အမိန့်များအပေါ် မကျေနပ်၍ အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှုနှင့် လွှဲအပ်မှုများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ပေးရသော အခွန်ဘက်ဆိုင်ရာ အယူခံတရားရုံးအဖြစ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**စတော့အိတ်ချိန်းဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးအား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့ပြီး SECM ရုံး Website အား ၇.၁၀.၂၀၁၅ ရက်နေ့တွင် တည်ထောင်ခဲ့ပါသည်။ ထို့နောက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရန်ကုန်စတော့အိတ်ချိန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး စတော့အိတ်ချိန်းနှင့်ပတ်သက်၍ အများပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်လာစေရန်အတွက် သိသင့်သိထိုက်သော အကြောင်းအရာများကို ဟောပြောပွဲများပြုလုပ်ခြင်းနှင့် သင်ကြားပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန်၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အများပိုင်ကုမ္ပဏီများ ပေါ်များလာစေရန်နှင့် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

# အခန်း(၄)


## ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ


၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၆၇,၄၆၆,၃၇၂.၇ သန်း ရရှိရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၉.၁ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း

ပုံ(၄-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၆၇,၇၈၂,၀၂၃.၈ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ကဏ္ဍကြီးများအလိုက် တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီးတွင် ၃.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၀.၄

ရာခိုင်နှုန်း ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၁၂.၉ ရာခိုင်နှုန်း လျာထားရာ အစီရင်ခံသည့် ဒုတိယ (၆)လပတ်၌ လယ်ယာကဏ္ဍကြီးတွင် ၃.၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈.၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၁၀.၀ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့ပါသည်။

စီးပွားရေးကဏ္ဍအလိုက် တိုးတက်မှုအခြေအနေများကို အောက်ပါအတိုင်း ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

**ပုံ(၄-၃) ကဏ္ဍများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**





ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စီးပွားရေးကဏ္ဍများ၏ နှစ်အလိုက်ဈေးနှုန်းများအရ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို အောက်ပါအတိုင်း ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

**ပုံ(၄-၄) ကဏ္ဍများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်**

**အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြအပ်ပါသည်။

## လယ်ယာကဏ္ဍ


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်စျေးနှုန်း**များအရ ကျပ် ၁၀,၈၆၃,၃၇၈.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်စျေးနှုန်း**များအရ ၂.၃ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၄-၅) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်စျေးနှုန်း)**




**ပုံ(၄-၆) တိုးတက်မှုနှုန်း**

**(ပုံမှန်စျေးနှုန်း)**




ခာစ်မြစ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်စျေးနှုန်း**များဖြင့် ကျပ် ၁၀,၂၆၉,၁၁၉.၉ သန်း ရရှိခဲ့၍ ဒုတိယ (၆) လပတ်လျာထားချက်၏ ၉၃.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်စျေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် နွေစပါးစိုက်ပျိုးမှု၌ စျေးနှုန်းကောင်းမွန်သဖြင့် ပိုမိုစိုက်ပျိုးလာခဲ့ခြင်း၊ စိုက်ပျိုးချိန်တွင် ဆည်ရေကောင်းစွာရရှိခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြုခြင်း၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးကို အချိန်ကိုက် အချိုးကျ အသုံးပြုခြင်းကြောင့် နွေစပါးထွက်ရှိမှုမှာ တင်းထောင်ပေါင်း ၇၂,၁၃၇ ပိုမိုထွက်ရှိခဲ့ပါသည်။ ဖူးစားပြောင်းစိုက်ပျိုးရာတွင် စျေးကွက်ကောင်းမွန်မှုကြောင့် ပိုမိုစိုက်ပျိုး

လာခြင်း၊ မိုးနှောင်းမိုးရွာသွန်းခဲ့သဖြင့် စိုက်ပျိုးချိန်၊ ရင့်မှည့်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် မိုးရေရရှိမှု သင့်တင့်မျှတခဲ့သဖြင့် ဖူးစားပြောင်း ဖူးရေထောင်ပေါင်း ၁၅၇,၆၄၇ ပိုမိုထွက်ရှိခဲ့ပါသည်။

မတ်ပဲမှာ ဈေးကွက်ဝင်သီးနှံဖြစ်သဖြင့် တောင်သူများ တွက်ခြေကိုက်သောကြောင့် ပိုမိုစိုက်ပျိုး ထုတ်လုပ်လာခဲ့ပြီး တင်းထောင်ပေါင်း ၂,၇၈၃ ပိုမိုထွက်ရှိခဲ့ပါသည်။ ပဲတီစိမ်း စိုက်ပျိုးရာတွင် သီပွံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်မှ အရေးကြီးသော နည်းပညာများကို လိုက်နာဆောင်ရွက်ပြီး သက်တမ်းတို အထွက်ကောင်းမျိုးများဖြစ်သည့် ပဲတီစိမ်း-ရေဆင်း-၁၁၊ ရေဆင်း-၁၄ မျိုးများကို ပြောင်းလဲသုံးစွဲခြင်းတို့ကြောင့် အထွက်တင်းထောင်ပေါင်း ၈၁၂ ပိုမို ထွက်ရှိခဲ့ပါသည်။

ကြက်ပေါင်စေးမှာ အပင်အိုများခုတ်လှဲ၍ အပင်ပျိုများဖြင့် အစားထိုးစိုက်ပျိုးထား ခြင်းကြောင့် အပင်ပျိုများမှ အထွက်နှုန်းတိုးတက်လာခြင်း၊ ရေမြေသဘာဝနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးထားခြင်း၊ အစေးလှီးဧက ပိုမိုလာခြင်း၊ နည်းပညာဖြန့်ဖြူး မှုများကို တောင်သူများမှ လက်ခံကျင့်သုံးလာခြင်း၊ နည်းစနစ်မှန် အစေးလှီးစနစ်များ အသုံးပြုခြင်းကြောင့် အထွက်နှုန်းတိုးတက်လာပြီး အထွက်ပေါင်ထောင်ပေါင်း ၂၁,၉၉၉ ပိုမို ထွက်ရှိခဲ့ပါသည်။ ကွမ်းသီးမှာ လွန်ခဲ့သော ၆ နှစ်ခန့်မှ စိုက်ပျိုးထားသည့် ကွမ်းသီးပင်များ ခူးဆွတ်နိုင်သဖြင့် ရိတ်သိမ်းဧက ပိုမိုခဲ့ခြင်း၊ အသီးခူးခြင်းကို မိုးနှင့်နွေ နှစ်ရာသီလုံး ခူးဆွတ်ခြင်း ကြောင့် အထွက်ပိဿာထောင်ပေါင်း ၁၂,၀၃၂ ပိုလာခြင်း ဖြစ်ပါသည်။

**မျိုးကောင်း မျိုးသန့် မျိုးစေ့ ထုတ်လုပ်ခြင်း**

လယ်ယာကဏ္ဍအနေဖြင့် ၂.၂ ရာခိုင်နှုန်းတိုးတက်ရရှိခဲ့ခြင်းမှာ မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါ မျိုးကောင်းမျိုးသန့်များမှာ တစ်ဧက အထွက်နှုန်းတိုးတက်မြင့်မားခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ စားသုံးမှုအရည်အသွေး ကောင်းမွန်ခြင်းစသည့် အရည်အသွေးများနှင့် ပြည့်စုံပါသည်။ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်း စနစ်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်ရန် အထူးအထွက်တိုး စပ်မျိုး စပါးမျိုး၊ စပ်မျိုးနေကြာ ထုတ်လုပ်ခြင်းများအပြင် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးများ ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြပါသည်။

အထွက်နှုန်းကောင်း စပ်မျိုး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် အစီရင်ခံသည့်ကာလအထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဌာန၊ တောင်သူ၊ ကုမ္ပဏီတို့ပူးပေါင်း၍ ပုလဲသွယ်စပ်မျိုးစပါးဖြစ်သည့် မိုးစပ်မျိုးစပါး ၁,၀၅၀.၇၀ ဧက၊ နွေစပ်မျိုးစပါး ၉၉၆.၅၀ ဧကနှင့် စပ်မျိုးနေကြာ ၂၆၁ ဧကကိုမျိုးစေ့ထုတ်လုပ်နိုင်ရန် စိုက်ပျိုးဆောင်ရွက်ခဲ့ပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

နိုင်ငံတော်၏ အမာခံရိက္ခာသီးနှံဖြစ်သည့် ဆန်စပါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများစိုက်ပျိုးနိုင်ရန် သက်လျင်၊ သက်လတ် သက်လယ်စပါးမျိုးများ၊ ရေအနည်းလိုစပါးမျိုးများ၊ ဆားငံခံစပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများ၊ တောင်ပေါ်ယာစပါးမျိုးများ၊ မြေပြန့်စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုသီးနှံများဖြစ်သည့် ဝါ ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော်တို့အား သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုး၍ သုတေသနပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သိပ္ပံနည်းကျစိုက်နည်း စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်နိုင်ရန် ရာသီအလိုက် နွေစပါး၊ မိုးစပါးစံပြကွက်များပြုလုပ်၍ စိုက်ပျိုးပြသ ဆောင်ရွက်လျက်ရှိပါသည်။

**လေ့ကျင့်ပညာပေးခြင်း**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် နည်းပညာသင်တန်းများကို ဝန်ထမ်း များ၊ တောင်သူများ၊ ပုဂ္ဂလိကများအား သင်ကြားပို့ချပေးလျက် ရှိပါသည်။ ဝါအထွက်တိုးစိုက်ပျိုးနည်းသင်တန်း၊ ဇော်ဘာစိုက်ပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းနည်းသင်တန်း၊ စက်မှုလက်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာသုံးစက်ကိရိယာမောင်းနှင်နည်း သင်တန်းများ၊ အသုံးပြုမှုသင်တန်းများစသည့် သင်တန်းများကို ဖွင့်လှစ်ပို့ချလျက် ရှိပါသည်။ သီးနှံများအလိုက် နည်းပညာပေး သင်တန်းများကို စံပြကွက်/စိုက်ခင်းများဖြင့် ဆောင်ရွက်ပြသ၍ နည်းပညာများပေးလျက် ရှိပါသည်။ ထို့ပြင် တောင်သူပညာပေး ဟောပြောပွဲများ၊ သရုပ်ပြပွဲများကိုပြသ၍ လက်တွေ့စည်းရုံးပညာပေးလျက် ရှိပါသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခေတ်မီစံပြ စက်မှုလယ်ယာတောင်သူပညာပေးစိုက်ခင်းများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ နိုင်ငံခြားဧည့်သည်တော်များ လာရောက်လျက်ရှိရာ

လေ့လာမှုကိုအခြေခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စံပြစက်မှုလယ်ယာစိုက်ခင်းများ စီမံဆောင်ရွက်ရာတွင် အထောက်အကူပြုလျက်ရှိပါသည်။

မျိုးကောင်းမျိုးသန့်များကိုအသုံးပြုပြီး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးနိုင်မှသာ မျှော်မှန်းသည့်အထွက်နှုန်းကို ရရှိမည်ဖြစ်သဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ပညာရှင်များမှသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းစွမ်းရည် ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ နေပြည်တော်တွင် ရာသီအလိုက် လုပ်ငန်းခွင်သင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းကို ဝန်ထမ်း ၁,၄၇၅ ဦး၊ ရာသီသီးနှံထုတ်လုပ်မှုဆိုင်ရာသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲကို ဝန်ထမ်း၊ တောင်သူ ၁,၆၅၄,၁၈၁ ဦး၊ စက်မှုလယ်ယာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို ဝန်ထမ်း၊ တောင်သူ ၃,၂၆၁ ဦး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဆိုင်ရာပညာပေးဆွေးနွေးပွဲ၊ သရုပ်ပြပွဲနှင့်သင်တန်းကို ဝန်ထမ်း၊ တောင်သူ၊ ပုဂ္ဂလိက ၃၀,၉၇၁ ဦးဖြင့် လေ့ကျင့်ပညာပေးဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် ပိုးသတ်ဆေးဥပဒေနှင့် အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ နှစ်ခုကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် နေ့ တွင် ပြဋ္ဌာန်းခဲ့ပါသည်။

**စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း**

သီးနှံစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုငွေကြေးကို တောင်သူများသို့ ထုတ်ချေးလျက်ရှိရာတွင် သီးနှံအမျိုးအစားအလိုက်လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သော စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်ရန် အတွက်ဖွံ့ဖြိုးရေးချေးငွေနှင့် အထူးစီမံချက် ချေးငွေများကိုလည်းကောင်း နှစ်တိုချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ပါသည်။


**သားငါးကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင်**နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃,၁၀၄,၄၄၆.၅ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၈.၁ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၃,၃၁၂,၀၂၀.၇ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၁၀.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်လားတူကာလထက် ၆.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နည်းပညာပူးပေါင်း၍ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့တွင် အသေးစားနို့စားနွား မွေးမြူထုတ်လုပ်မှု တိုးတက်စေရန်နှင့် နို့နှင့်နို့ထွက်ပစ္စည်းဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး၊ မေထုန်မဲ့သားစပ်နည်းနှင့် မျိုးရိုးဗီဇနည်းပညာကို အသုံးပြု၍ တိရစ္ဆာန်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးမြင့်ရေး၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတစ်ပိုင်တစ်နိုင်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး သုတေသနလုပ်ငန်း၊ ရေရှည်တည်တံ့သော အစားထိုး

အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် အပြင်းစား ကြက်ငှက်တုပ်ကွေး ရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ် တားဆီးရေးအတွက် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် ပညာပေးလုပ်ငန်း၊ ပျားနို့ထုတ်လုပ်ရေး၊ မြန်မာနိုင်ငံ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေး၊ မွေးမြူ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တိရစ္ဆာန်အစာကျွေးမွေးခြင်း မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက် ရေး၊ ပျားမွေးမြူရေး အဆင့်မြှင့်တင်ရေးနှင့်တိုးတက်မှု၊ စီပီကျေးလက်ရန်ပုံငွေ ထူထောင်ရေး၊ ကျေးလက်လှည့်ပတ်ရန်ပုံငွေ ထူထောင်ရေး၊ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ် ထိန်းချုပ်ရေး အရေးပေါ်ပြင်ဆင်မှု တိုးမြှင့်ဆောင်ရွက်ရန်အတွက် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေးလုပ်ငန်း၊ ရန်ကုန်မွေးမြူရေးသုတေသနဌာနအား အကူအညီပေးရေး၊ အသေးစားမွေးမြူရေးစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက် ရှိပါသည်။

နို့ထုတ်လုပ်မှုတိုးတက်စေရန် မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိခြင်းနှင့် ဒေသခံနွားမများအား နို့ထွက်ကောင်းမွန်သည့် နို့စားနွားမျိုးများဖြင့် မျိုးမြှင့်တင် သားစပ်၍ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ရခိုင်ပြည်နယ် တွင်သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တိရစ္ဆာန်ပြန်လည် ဖြည့်တင်းပေးနိုင်ရန် နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ ကျပ် ၁,၃၀၄.၇၀၅ သန်းဖြင့် တိရစ္ဆာန်များ ဝယ်ယူဖြည့်တင်းခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်နှင့် တိုးတက်မွေးမြူလာနိုင်စေရန် အတွက် မေထုန်မဲ့သားစပ်သင်တန်းနှင့် တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် INGO/NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် မွေးမြူရန်တိရစ္ဆာန်များ ထောက်ပံ့ပေးခြင်း၊ ဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမျိုး ရည်ခဲချောင်းများဖြင့် နို့စားနွား၊ အသားစားနွား၊ခိုင်းနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် မေထုန်မဲ့နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်း၍ သားစပ်ပေးခြင်း များ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များသေဆုံးမှု လျော့ပါးရေးအတွက် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကူးစက်ရောဂါ ကာကွယ်ဆေး အမျိုးမျိုးတွင် အဆ ၁၃.၈၆၇ သန်း၊ ကာကွယ်ဆေး အမျိုးမျိုး

ထိုးနှံခြင်းတွင် ကြိမ်ရေ ၁၈.၈၇၂ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၂.၂၉၅ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်းမျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ ၁၅,၂၁၈၊ စနစ်တကျ သဘာဝသားစပ်မှုတွင် ကြိမ်ရေ ၁၁၂,၇၀၈ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**အသားထုတ်လုပ်မှု**

အသားထုတ်လုပ်မှုပိဿာ ၉၂၇.၀၈၈ သန်း၊ ဥထုတ်လုပ်မှုတွင် လုံးရေ ၅,၉၇၉.၉၃၅ သန်း၊ နို့ထုတ်လုပ်မှုတွင် ပိဿာ ၇၄၀.၂၇၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

အသားထုတ်လုပ်မှုတွင် ကျေးလက်ဒေသ တိုင်းရင်းကြက်မွေးမြူမှု ဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ တိုင်းရင်းကြက်များ မွေးမြူထားပါသည်။ မကွေးတိုင်းတွင် သရက်စံပြနို့စားနွား မွေးမြူရေးခြံ၊ မင်းလှစံပြဆိတ်မွေးမြူရေးခြံ၊ ရေစကြိုဆိတ်မွေးမြူရေးခြံ၊ ပွင့်ဖြူစံပြဝက်မွေးမြူရေးခြံ၊ ရေတာရှည်စံပြဝက်မွေးမြူရေးခြံ၊ လပွတ္တာ ကျွဲမွေးမြူရေးခြံများဖြင့်နွား၊ ဆိတ်၊ ဝက်၊ ကျွဲများမွေးမြူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယ(၆) လပတ်ကုန်အထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဥစားကြက်ကောင်ရေ ၁၈.၂၁၃၇ သန်း၊ အသားစားကြက်ကောင်ရေ ၁၇.၁၈၈၇ သန်း မွေးမြူခဲ့ပါသည်။

**ပျားရည်ထုတ်လုပ်မှု**

ဒုတိယ(၆)လပတ် ကာလအတွင်း ပျားရည်ထုတ်လုပ်မှုတွင် ပေါင်ထောင်ပေါင်း ၇,၉၁၈ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပြည်ပတင်ပို့ ရောင်းချရန် လျာထားချက် ၂,၅၁၂ တန်တွင် ၂,၄၂၆.၇၆ တန်၊ အမေရိကန်ဒေါ်လာ ၃.၄၄၂ သန်းရရှိခဲ့ပါသည်။ ပျားများဖြင့်ဝတ်မှုန်ကူးပြောင်း စေခြင်းဖြင့် မျိုးကောင်းမျိုးသန့်နှင့် အောင်မြင်သောသီးနှံများ၊ မျိုးစေ့များကိုရရှိစေရန်အတွက်နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စိုက်ကွင်းများတွင် ပျားအုံများကို ရွှေ့ပြောင်းမွေးမြူခြင်းစနစ်ဖြင့် ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ နေကြာ၊ ပန်းနှမ်း၊ လဲမှို၊ ပြောင်းစသည့် သီးနှံဧက ၁,၃၂၅,၆၄၆ ကို ပျားများဖြင့် ဝတ်မှုန်ကူးစေခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တောင်သူလယ်သမားများအတွက် အကျိုးအမြတ်ပိုမိုရရှိစေခဲ့ပါသည်။

**ရေထွက်ပစ္စည်းထုတ်လုပ်မှု**

ဒုတိယ (၆) လပတ် ကာလအတွင်း ငါးပုစွန်ပိသာချိန် ၁,၉၁၆.၂ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ငါးပုစွန်ပြည်ပတင်ပို့နိုင်မှုမှာ ၂၁၄,၃၇၀.၂၇ မက်ထရစ်တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၈၇.၇၂၃ သန်းနှင့်ကျပ် ၁၈.၉၀ သန်းရရှိခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ဒုတိယ (၆) လပတ် ကာလအတွင်း ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက်ရှိရာတွင် ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန် ၁,၉၆၁.၄ တန်၊ ရေချိုငါး ၃၅,၈၅၂.၄၄ တန်၊ ရေငန်ပုစွန် ၂,၆၇၉.၆၄ တန်၊ ရေငန်ငါး ၂၅,၅၆၀.၁၀ တန်၊ ကဏန်း၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့် ၁,၀၇၆.၅၃ တန်နှင့် အခြားရေထွက်ပစ္စည်း ၁၆,၀၂၂.၆၆ တန်၊ စုစုပေါင်း ၈၃,၁၅၂.၇၇ တန်ကို အရည်အသွေး စစ်ဆေးပေးနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ ငါးမွေးမြူရေးလုပ်ငန်းများတွင် ဈေးကွက်ဝင် တန်ဖိုးမြင့်ငါးမျိုးစိတ်များ တိုးချဲ့မွေးမြူလာခြင်း၊ ဘုံငါးဖမ်းလုပ်ငန်းတွင် မြစ်ချောင်း၊ တာတမံ၊ ဆည်ရေပြင်နှင့် စပါးခင်းများအတွင်းသို့ ငါးမျိုးစိတ်များထည့်သွင်း မွေးမြူလာခြင်း၊ သဘာဝရေပြင်ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် သမရိုးကျသဘာဝ မွေးမြူရေးစနစ်မှ သားပေါက်အစာထည့်သွင်းကျွေးမွေး၍ မွေးမြူလာခဲ့ပါသည်။ အင်းငါးထုတ်လုပ်မှုတွင်လည်း သဘာဝအတိုင်း ဖမ်းဆီးထုတ်လုပ်မှုအပြင် ငါးနေငါးထိုင်ကောင်းစေသော အစီအမံများဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် ငါးမျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေးဆောင်ရွက်ပေးခြင်းအပြင် ငါးမွေးမြူရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း ကျင်းပနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၈၂,၅၂၉.၇ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၀.၂ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၄-၉) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၁၀) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၉၅,၇၇၇.၅ သန်းရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၁၆.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၈.၉ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ နှစ်စဉ် ခုတ်လှဲ ထုတ်ယူခွင့်ပြုနိုင်သော ကျွန်းနှင့် သစ်မာပမာဏ (AAC-Annual Allowable Cut) ဘောင်အတွင်းမှ ထုတ်လုပ်ရန် သတ်မှတ်ခဲ့ခြင်းကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက လျော့နည်းခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်းမှ ကျွန်း ၆၁,၁၀၈ ကုဗတန် နှင့် သစ်မာ ၆၂၁,၀၅၇ ကုဗတန်ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါးနှင့် ကြိမ်အစရှိသည်တို့ကိုလည်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောသယံဇာတထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ကျွန်းစိုရိုက်မှတ်ခြင်း ၃၇,၀၂၃ ပင်၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း ၂၅၆,၀၀၆ ပင်၊ ဓမ္မတာမျိုးဆက်ခြင်း ၃၈,၁၅၅ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၆,၇၀၅ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၁၁,၅၇၅ ဧက၊ ပင်ကျပ်နှုတ်ခြင်း ၁၁,၆၇၀ ဧက၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း ၁၉၆,၀၅၈ ဧက၊ သစ်တောလမ်းပြင်ဆင်ခြင်း ၁,၃၂၁ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၁,၅၈၀ မိုင်၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း ၁,၅၃၃ မိုင်၊ ကြိုးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်း ၁၃ စတုရန်းမိုင်နှင့် မီးကာကွယ်ခြင်း ၅၉,၉၁၆ ဧကနှင့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း ၁၈၀ ဧကတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း လုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများဖြစ်သည့် စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မိုးရာသီကာလအတွင်း ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိရာတွင် ပုဂ္ဂလိကကျွန်းစိုက်ခင်း ၁၀,၇၇၅ ဧကနှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၂,၅၆၂ ဧကတို့ကိုလည်း စိုက်ပျိုးတည်ထောင်ခွင့် ပြုနိုင်ခဲ့ပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဒုတိယ(၆)လပတ် အတွင်း စိုက်ခင်းတည်ထောင်ခြင်း ၅,၀၀၀ ဧက၊ သဘာဝတောကျန်များ ထိန်းသိမ်း ကာကွယ်ခြင်း ၅၀,၀၀၀ ဧက၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေး ဆောင်ရွက်ခြင်းတွင် စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်း ၅,၇၀၈ လုံး၊ လောင်စာတုံးသုံးစွဲခြင်း ၁,၈၈၆,၉၄၉ တုံးနှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၈၃,၀၆၃ တန်တို့ကို ဆောင်ရွက် နိုင်ခဲ့ပြီး ရေရရှိရေးလုပ်ငန်းတွင် ရေကန်ငယ် ၁ ကန်၊ တစ်ဖက်ရပ်ဆည် ၂ ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု များကိုအလေးထားဖိတ်ခေါ်ရန် လိုအပ်သကဲ့သို့ နိုင်ငံပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများတွင် လည်း စက်စွမ်းအားမြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် ပြောင်းလဲ ဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ထိုကဲ့သို့ သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှုများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။


ဒေသခံပြည်သူများအတွက် လိုအပ်သောသစ်တောဆိုင်ရာ ထွက်ကုန်များဖြည့်ဆည်း ပေးနိုင်ရေး၊ နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရေးတို့အတွက် သစ်တော သယံဇာတများ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးတို့သည် သစ်တောကဏ္ဍ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သစ်တောထွက် ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သစ်ထောက်ခံချက် ရရှိရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

**ငါးလုပ်ငန်းကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငါးလုပ်ငန်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂,၃၃၃,၃၈၁.၉ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂.၇ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၁၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၁၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၇၆၄,၇၀၀.၀ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၇၅.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၈.၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ၇၅.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခြင်းမှာ နိုင်ငံပိုင်ရေနံစိမ်းထုတ်လုပ်မှုတွင် သက်တမ်းကြာမြင့်သော တွင်းအိုတွင်းဟောင်းများဖြစ်သဖြင့် ရေနံစိမ်းအထွက်နှုန်းများ ကျဆင်းခြင်း၊ ရဲတံခွန်သဘာဝဓာတ်ငွေ့ရေနံမြေမှ ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ အထွက်နှုန်းများ လျော့နည်း

ခြင်း၊ ရတနာသဘာဝဓာတ်ငွေ့ရေနံမြေမှ သဘာဝဓာတ်ငွေ့အထွက်နှုန်းများ ကျဆင်းခြင်း တို့ကြောင့် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရေနံစိမ်း အမေရိကန်စည် ထောင်ပေါင်း ၂,၇၇၅.၃၉၈ စည် ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်က ၃,၄၃၈.၇၆၄ စည် ထုတ်လုပ်ခဲ့၍ အမေရိကန်စည် ထောင်ပေါင်း ၆၆၃.၃၇ စည် လျော့နည်းခဲ့ပါသည်။ ကမ်းလွန်သဘာဝဓာတ်ငွေ့ ယခုနှစ် ထုတ်လုပ်မှုမှာ ကုဗပေ ၃၂၁,၈၆၉ သန်းဖြစ်ပြီး ယခင်နှစ်ထုတ်လုပ်မှုမှာ ကုဗပေ ၃၄၀,၄၄၅ သန်း ထုတ်လုပ်ခဲ့၍ ကုဗပေ ၁၈,၅၇၆ သန်း လျော့နည်းခဲ့ပါသည်။ ရဲတံခွန် သဘာဝဓာတ်ငွေ့ ရေနံမြေမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိမှုသည် သဘာဝအလျောက် လျင်မြန်စွာ ကျဆင်းလာသောကြောင့် ရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် (အောက်တိုဘာလ မှ မတ်လ) တွင် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စွမ်းအင်မူဝါဒများနှင့်အညီ အောက်ဖော်ပြပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) အစီရင်ခံသည့် ကာလတွင် ရေနံတွင်းသစ် (၂၅) တွင်း တူးဖော်ခဲ့ပါသည်။

(ခ) ကုန်းပိုင်းလုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ချောက်/ရေနံချောင်းရေနံမြေ၊ မန်းရေနံမြေ၊ ပြည်ရေနံမြေ၊ မြန်အောင် ရေနံမြေ၊ ရွှေပြည်သာဒေသ၊ ဟူးကောင်းဒေသ၊ ဥရုဒေသ၊ လှိုင်တွင်းဒေသ၊ မဲပလေ ဒေသ၊ ပြလို့-ပေါက်ခေါင်း၊ တူရွှင်းတောင် - မြိုင်တောင်ဒေသ၊ ဝွေးချို့-ငရုန်တောင် ဒေသ၊ ဟသ်ာတဒေသ၊ အင်ပင်-တဲကြီးကုန်းဒေသ၊ မြင်းခြံဒေသ၊ ပဒန်းဒေသ၊ ပေါက်/ လယ်ယားဒေသ၊ ရမည်းသင်းဒေသ၊ အုန်းတွဲဒေသ၊ ပိတောက်ပင်-နတ်မီး ဒေသ၊ ဇီးဖြူတောင်-နန်တောဒေသ၊ သဲကုန်း-ရွှေကူဒေသ၊ မရမန်ဒေသ၊ ရနန်း-အင်းတော်ဒေသ၊ တောင်ငူ-ပျဉ်းမနားဒေသ၊ ကျောက်ကြီး-မင်းတုန်းဒေသ၊ ထန်းတပင်ဒေသ၊ လက်ပံတိုရေနံမြေတို့၌ ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ကမ်းလွန်လုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်များ ချုပ်ဆို၍ TOTAL E&P MYANMAR, PETRONAS CARIGALI MYANMAR LIMITED, DAEWOO INTERNATIONAL , PTTEPI Zaw Ti Ka Project, PTTEPI, CNPC, MPRL, PVEP MEKONG OPERATING, EDEN,OIL INDIA LTD&

MERCATOR PETROLEUM LTD & OILMAX ENERGY PVT LTD & OIL STAR MANAGEMENT, OPHIR ENERGY PLC & PARAMI ENERGY DEVELOPMENT CO.LTD, PTTEP SOUTH ASIA, TOTAL E& P MYANMAR, BERLANGA MYANMAR PTE.LTD/ A-1 MINING CO.LTD, SHELL MYANMAR ENERGY PTE.LTD, BG ASIA PACIFIC PTE.LTD + WOODSIDE ENERGY ( MYANMAR)PTE. LTD,CHEVRON (UONCAL MYANMAR OFFSHORE CO.LTD), TRANSCONTINENTAL GROUP (TRGA)/CFG, ENI MYANMAR B.V AND PETROVIETNAM E&P CO.LTD, RELIANCE INDUSTRIES LTD AND UNITED NATIONAL RESOURCES DEVELOPMENT SERVICES CO.LTD, STATOIL AND CONOCOPHILIPS AND TAPOIL AND SMART CO.LTD ကုမ္ပဏီများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ရတနာသဘာဝဓာတ်ငွေ့ ရေနံမြေ၊ ရဲတံခွန်သဘာဝဓာတ်ငွေ့ရေနံမြေ၊ ဇောတိက သဘာဝဓာတ်ငွေ့စီမံကိန်းမှ ထိုင်းနိုင်ငံ PTT ကုမ္ပဏီသို့ သဘာဝဓာတ်ငွေ့ကုဗပေ ၃၉၃,၄၁၃.၂၄၆၄ သန်းကို ရောင်းချခဲ့ပြီး၊ ပြည်တွင်းသုံးစွဲမှုအတွက် ကုဗပေ ၈၃,၈၄၈.၁၆၂၇ သန်း ကို ပို့လွှတ်ခဲ့ပါသည်။


(င) ထို့အပြင် DAEWOO INTERNATIONAL (လုပ်ကွက်- A- 1/3/ AD-7) လုပ်ကွက်A-1/3 ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ကုဗပေ ၁၆၃,၈၀၆.၅၁၆၄ သန်း ရောင်းချခဲ့ပြီး၊ ပြည်တွင်းသုံးစွဲမှုအတွက် ကုဗပေ ၁၈,၁၄၉.၈၂၆၈ သန်း ပို့လွှတ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃၆၇,၆၅၄.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၉.၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၁၃) အကောင်အထည်ဖော်နိုင်မှု**
**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ (၄-၁၄) တိုးတက်မှုနှုန်း**
**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၅၄၆,၅၃၈.၄ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၄၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၅.၉ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရှိ လုံးခင်း၊ ဖားကန့်ရတနာမြေနှင့် ခန္တီးရတနာမြေများတွင် အကျိုးတူ/ ပုဂ္ဂလိကကုမ္ပဏီများမှ ပွင့်လင်းရာသီ ရောက်ရှိလာ၍ ကျောက်စိမ်းများ ထုတ်လုပ်နိုင်ခဲ့ပါသည်။

Myanmar CNMC Nickel Co.Ltd ၏ တကောင်းတောင်ဒေသ ဖယ်ရိုနီကယ် ထုတ်လုပ်ရေးစီမံကိန်းရှိ Electric Furnace (၂) ခုလုံးမှ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ခြင်းကြောင့် ဖယ်ရိုနီကယ်အား လျာထားချက်အပေါ် တိုးတက်ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခင်နှစ်ထက် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

သတ္တုကျိုချက်သော (၅) တန်ကျ မီးဖိုချို့ယွင်းမှုကြောင့် ခဲမဖြူသတ္တုသန့်စင် (၉၉.၉%) ထုတ်လုပ်မှုရပ်နားထားခြင်း၊ မော်ချီးသတ္တုတွင်းမှ အောက်တိုဘာလအတွင်း သဘာဝဘေးဒဏ်ကြောင့် မြေပြိုမှုဖြစ်ပွား၍ ခဲမဖြူအဖြိုက်နက်ရှိုင်းလိုက်ရောရာ ထုတ်လုပ်မှုများ ရပ်နားထားရာမှ ဖေဖော်ဝါရီလမှသာ ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဝယ်လိုအားမရှိသဖြင့် ပင်လယ်သဲထုတ်လုပ်မှုများ ရပ်နားထားခြင်း စသည်တို့ကြောင့် တိုးတက်မှုနှုန်း လျော့နည်းခဲ့ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက် ရတနာအရိုင်းများကို အချောထည်နှင့် လက်ဝတ်ရတနာများပြုလုပ်၍ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ကျောက်စိမ်း ကျောက်မျက် အချောထည်ဈေးကွက် ပေါ်ပေါက်လာစေရေးနှင့် ကျောက်မျက်ရတနာနှင့် ဆက်စပ်သောအတတ်ပညာရှင်များ လေ့ကျင့် မွေးထုတ်နိုင်ရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းမှ ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေးအတွင်း ကျောက်မျက်ရတနာ သင်တန်းကျောင်း ( Gems Trading Centre) ကို ၂၈.၃.၂၀၁၆ တွင် ဖွင့်လှစ်ခဲ့ပါသည်။ ကျောက်မျက်ရတနာ သင်တန်းကျောင်း ဖွင့်လှစ်ခြင်းဖြင့် ကျောက်မျက်ရတနာ ကုန်ကြမ်းထည်များကို ခေတ်မီအချောထည်များအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြေပေါ်/ မြေအောက်ရှိ သဘာဝသယံဇာတ ဓာတ်သတ္တုအရင်းအမြစ်များကို ဖော်ထုတ်ရာတွင် အခြေခံကျသော ဒေသန္တရဘူမိဗေဒမြေပုံရေးဆွဲရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ သာစည်မြို့နယ် တို့၏ ပြက္ခရွှေဝန်းကျင်ဒေသများတွင် ဒေသန္တရဘူမိဗေဒ မြေပုံရေးဆွဲခြင်း (၇၀၈) စတုရန်းကီလိုမီတာ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြန်မာ-ထိုင်း-လာအို နယ်စပ်တစ်လျှောက်တွင် ဒေသန္တရဘူမိဗေဒမြေပုံ ရေးဆွဲခြင်း ၁,၀၁၈ စတုရန်းကီလိုမီတာ ဆောင်ရွက်ခဲ့ပါသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၊တောင်ခမ်းဒေသတွင် အသေးစိတ်တိုင်းတာခြင်း (၂၅)ကီလိုမီတာ၊

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ဖလိုရိုက်မက်ထရစ်တန် (အလားအလာရှိသော သတ္တုသိုက်ပမာဏအဆင့်) ၀.၀၂၀၃ သန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ဖလိုရိုက်မက်ထရစ်တန် (အလားအလာရှိသော သတ္တုသိုက်ပမာဏအဆင့်) ၀.၀၂၀၃ သန်း၊ စဉ့်ကူးမြို့နယ်၊ ယက္ကန်းစင်တောင်ဝန်းကျင်ဒေသတွင် ဂရက်ဖိုက်နှင့် ကျောက်မျက်ရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်းမှ ဂရက်ဖိုက်မက်ထရစ်တန် (ဖြစ်ရန်ရှိသောသတ္တုသိုက်ပမာဏအဆင့်) ၀.၆၅ သန်းနှင့်(ဖြစ်နိုင်သော သတ္တုသိုက်ပမာဏအဆင့်) ၀.၀၀၁ သန်း၊ ဒေသန္တရဘူမိမြေပုံရေးဆွဲခြင်း (၂၅.၆၅) စတုရန်းကီလိုမီတာ တို့ကို ဆောင်ရွက်ခဲ့ပါသည်။

သယံဇာတများ သားစဉ်မြေးဆက်သုံးစွဲနိုင်ရန်အတွက် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကဏ္ဍတွင် အသုံးပြုနေသော စက်ယန္တရားအင်အားကို ကန့်သတ်လျော့ချဆောင်ရွက်နိုင်ရန် အတွက် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေသို့ ကွင်းဆင်းစစ်ဆေးပြီး စက်ယန္တရားများ အင်အားစာရင်း ကောက်ယူခြင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းသို့ စက်ယန္တရားများ ကန့်သတ်နိုင်ရေးအတွက် အကြံပြုချက်များတောင်းခံခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၃)ဖြင့် ဒုတိယအကြိမ် မြန်မာ့ကျောက်မျက် ရတနာပြင်ဆင်သည့်ဥပဒေကို (၂၉.၁.၂၀၁၆) ရက်နေ့တွင် ပြဋ္ဌာန်းပြီး စက်ယန္တရားများအင်အားကန့်သတ်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ရန်ကုန်နှင့် မန္တလေးတို့တွင် ကျောက်မျက်ရတနာ အချောထည်ဈေးကွက်နှင့် လက်ဝတ်ရတနာဈေးကွက်ကို တိုးတက်ဖွံ့ဖြိုးဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်ရတနာများ ပြည်ပသို့ တရားမဝင်သယ်ဆောင်မှု လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ One Stop Service Center များ ဖွင့်လှစ်ကာ သတ်မှတ်ထားသော အခွန်ငွေကို ပေးဆောင်ပြီးပါက ပြည်ပသို့ တင်ပို့၍ သယ်ယူပို့ဆောင်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်တွင်းဖက်စပ်ပုလဲမွေး ကုမ္ပဏီ (၄) ခု တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဝတ်ဆံသွင်းရာတွင် ဝတ်ဆံသွင်းမုတ်ကောင်များ ရေသေနှုန်းနည်းပြီး ပုလဲပိုက် မုတ်ကောင်များပိုမိုလာခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ပုလဲများ ရရှိနိုင်သည့် (Homo Grafting Method) ကို အသုံးပြုဆောင်ရွက်ပါသည်။ ဝတ်ဆံမြဲနှုန်းများခြင်း၊ အသေနှုန်းနည်းခြင်း၊ ထွက်ရှိသော

ပုလဲများသည် အရောင်ပိုမို ကြည်လင်တောက်ပြောင်ခြင်းစသည့် အားသာချက်များရှိသည့် ဆေးရည်စိမ် ဝတ်ဆံလုံး (Bio Nucleus) ကို ပြောင်းလဲအသုံးပြု ဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်းတွင် ဆင့်တက်ပြုပြင်သည့်လုပ်ငန်း (Concentrate) များ တိုးတက်လာစေရေး အတွက် သက်ဆိုင်ရာကုမ္ပဏီများသို့တွန်းအားပေးဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ပါက ပြည်တွင်းသတ္တုထုတ်လုပ်မှုများနှင့် ပြည်ပမှဝယ်လိုအားများ တိုးတက်လာမည်ဖြစ်သဖြင့် ဆင့်တက် ပြုပြင်သည့်လုပ်ငန်း (Concentrate) ကို အလေးထားဆောင်ရွက်လျက် ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၀,၇၈၆,၁၁၈.၉ သန်း အကောင်အထည်ဖော်ရန် **ပုံမှန်ဈေးနှုန်း**များအရ ၁၀.၃ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၄-၁၅) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၁၆) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၀,၅၈၈,၈၅၀.၄ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၉၈.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၉.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ထိုသို့တိုးတက်ထုတ်လုပ်နိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကြိုးပမ်းဆောင်ရွက်ခဲ့သည်နှင့်အညီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း စက်မှုမှတ်ပုံတင်ခွင့်ပြုမှုမှာ အကြီးစား ၄၁၅ ခု၊ အလတ်စား ၆၅၁ ခု၊ အငယ်စား ၁,၅၄၇ခု၊

စုစုပေါင်း ၂,၆၁၃ ခုရှိပြီး၊ မှတ်ပုံတင်ပျက်ပြယ်မှုမှာ အကြီးစား ၁၇၆ ခု၊ အလတ်စား ၂၅၉ ခု၊ အငယ်စား ၁,၁၆၄ ခု၊ စုစုပေါင်း ၁,၅၉၉ ခု ဆောင်ရွက်ပေးခဲ့ပါသည်။

ဘားအံစက်မှုဇုန်တွင် ပလပ်စတစ်ကော်စေ့စက်ရုံနှင့် ကျောက်မှုန့်ကြိတ်စက်ရုံ၊ စစ်ကိုင်းစက်မှုဇုန်ခွဲတွင် သစ်အချောထည်စက်ရုံ၊ ပဲခူး ပြည်တွင်းပြည်ပ စက်မှုနယ်မြေတို့တွင် အထည်ချုပ်စက်ရုံနှင့် ဖိနပ်စက်ရုံတို့ အစီရင်ခံသည့် ကာလအတွင်း စတင် လည်ပတ်ခဲ့ပါသည်။ ရွှေပေါက်ကံစက်မှုဇုန်တွင် PVC ပလပ်စတစ်စက်ရုံနှင့် ပလပ်စတစ်ပစ္စည်းစက်ရုံ၊ မင်္ဂလာဒုံစက်မှုဇုန်တွင် အထည်ချုပ်စက်ရုံ၊ သစ်အချောထည်စက်ရုံနှင့် သွပ်ပြားစက်ရုံ စသည့်စက်ရုံများ တိုးတက်ခဲ့ပါသည်။ လှိုင်သာယာ စက်မှုဇုန် - ၁ တွင် အထည်ချုပ်စက်ရုံ နှင့် ငါးဖမ်းပိုက် စက်ရုံ၊ စက်မှုဇုန်-၇ တွင် ကွန်ကရစ်စက်ရုံ၊ ရွှေလင်ပန်း စက်မှုဇုန်တွင် ပလပ်စတစ် ကော်စေ့စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ သွပ်ပြားစက်ရုံ၊ မော်တော်ကား အစိတ်အပိုင်း စက်ရုံတို့ အစီရင်ခံသည့် ကာလအတွင်း တိုးတက်ခဲ့ပါသည်။ ဒဂုံတောင် စက်မှုဇုန်-၂ တွင် ပလပ်စတစ်ပစ္စည်း စက်ရုံနှင့် စတီးပစ္စည်း ထုတ်လုပ်မှု စက်ရုံ၊ ဒဂုံအရှေ့ စက်မှုဇုန်-၁ တွင် သစ်အချောထည်စက်ရုံ၊ တိုးချဲ့ စက်မှုဇုန်-၂ တွင် ဒန်အိုးစက်ရုံတို့ တိုးတက်ခဲ့ ပါသည်။ ရွှေပြည်သာ စက်မှုဇုန်-၃ တွင် လျှပ်စစ်ဝါယာကြိုးစက်ရုံ၊ ပလပ်စတစ် ပစ္စည်းစက်ရုံ၊ ရွှေပြည်သာ စက်မှုဇုန်-၄ တွင် အထည်ချုပ်စက်ရုံနှင့် အချိုရည်စက်ရုံ စသည့် စက်ရုံများ တိုးတက်ခဲ့ပါသည်။

ကသာမြို့နယ်တွင် သကြားစက်ရုံ၊ မင်္ဂလာဒုံမြို့နယ်တွင် တိရစ္ဆာန်အစားအစာစက်ရုံ၊ ကမာရွတ်မြို့နယ်တွင် အိတ်ချုပ် စက်ရုံ၊ သန်လျင်မြို့နယ်တွင် ကွန်ပျူတာပန်းထိုး စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရွာသာကြီးတွင် လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ၊ အင်းစိန်မြို့နယ်တွင် ပြောင်းဖူးပလပ်စတစ် အိတ်ပျော့စက်ရုံ စသည့်စက်ရုံများ အစီရင်ခံသည့် ကာလအတွင်း တိုးတက်ခဲ့ပါသည်။

ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော ဆေးဝါးထုတ်ကုန်များ၊ စားသောက်ကုန်များ၊ အထည်အလိပ်အမျိုးမျိုး၊ ဘိလပ်မြေ၊ စက္ကူနှင့်ဓာတုဗေဒပစ္စည်း ထုတ်ကုန်များ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ခဲ့ပါသည်။ ထို့ပြင် အကြီးစား ရင်းနှီးကုန်ပစ္စည်းများဖြစ်သော သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍတို့၏ လိုအပ်ချက်များဖြစ်သည့် မော်တော်ယာဉ်အမျိုးမျိုးနှင့် ဆက်စပ် ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများ၊ ဒီဇယ်အင်ဂျင်များ၊

တာဘိုင်နှင့် ဂျင်နရေတာများ၊ CNC စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ထရန်စဖော်မာများ၊ ဆိုလာစနစ် အသုံးပြုသော ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ ရော်ဘာနှင့် တာယာများ စသည်တို့ကို ထုတ်လုပ် ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာ စနစ်သို့ ပြောင်းလဲမည်ဖြစ်၍ လယ်ယာကဏ္ဍမှ လုပ်သားအင်အားထု ထက်ဝက်ခန့်မှာ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍသို့ ပြောင်းရွှေ့လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကြီးမားသည့် လုပ်သားအင်အားထုကို ပိုင်ဆိုင်ထားသော်လည်း ကျွမ်းကျင်မှုနှင့် ကုန်ထုတ်စွမ်းရည်တို့တွင် အိမ်နီးချင်းနိုင်ငံများထက် နိမ့်ကျလျက်ရှိသဖြင့် ကျွမ်းကျင်မှုလိုအပ်သည့် ကုန်ထုတ်လုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သား ရရှိနိုင်မှု အကန့်အသတ် ဖြစ်နေပါသည်။

"တိုင်းပြည်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးနှင့် ကဏ္ဍအလိုက် သင့်တော်သည့် လုပ်ငန်းခွင်များတွင် တာဝန်ယူ ထမ်းဆောင်နိုင်စေရေး၊ ပြည်တွင်းကျွမ်းကျင် လုပ်သားလိုအပ်ချက် မညီမျှမှုအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရေး" နှင့် စက်မှုကဏ္ဍသို့ ပြောင်းရွှေ့လာသည့် လုပ်သားများ၏ စွမ်းဆောင်ရည် မြင့်မားစေရေးတို့အတွက် ကျွမ်းကျင် သင်တန်းသားများ မွေးထုတ်ပေးလျက် ရှိပါသည်။ ထို့ပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျော့ချရေးတို့အတွက် Mobile Vocational Training "စက်မှုနှင့် သက်မွေးပညာရွေ့ လျားသင်တန်း" အစီအစဉ်ဖြင့် ကျေးလက်ဒေသများသို့အရောက် မော်တော်ယာဉ်များဖြင့် သွားရောက်၍ သံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံး အင်ဂျင်နှင့် မော်တော်ဆိုင်ကယ် ပြုပြင် ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံလျှပ်စစ်ပညာသင်တန်းစသည့် စက်မှုနှင့် သက်မွေးပညာ ရက်တိုသင်တန်းများ ပို့ချပေးခဲ့ပါသည်။

ထို့အပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေ၊ စက်မှုဇုန်ဥပဒေ(မူကြမ်း)၊ စက်မှုလုပ်ငန်းဥပဒေတို့ကို အစိုးရဌာန၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ Development Partner များနှင့် အပြီးသတ်ညှိနှိုင်း၍ လည်းကောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်များ

နှင့် Conflict ဖြစ်နိုင်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်၍လည်းကောင်း အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

**သုတေသနနှင့် တီထွင်စမ်းသပ်ထုတ်လုပ်မှု ဆောင်ရွက်ချက်များ**

စက်မှုဝန်ကြီးဌာန၊ နည်းပညာသုတေသနဌာနမှ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) အတွက် FN 2 Milling Machine ၏ Shear Pin နှင့် Hydrauic Cylindrical Grinder Machine ၏ Cyl-Pin h6 အား သုတေသန ပြုလုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံစက်မှုဇုန် (၂)ရှိ ထူးချွန်ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှု အရည်အသွေး တိုးတက်ဖွံ့ဖြိုးစေရေးနှင့် နည်းပညာများကူညီ ပံ့ပိုးနိုင်ရန်ဆောင်ရွက်ခြင်းနှင့် သံရည်ကျို နည်းပညာများအား စက်မှုလုပ်ငန်းရှင်များသို့ ပံ့ပိုးခြင်းဆောင်ရွက် လျက်ရှိပါသည်။

အထည်ထုတ်လုပ်မှုတွင် စက်များအား ပြုပြင်၍ ၁/၄၀ ချည်များကို အပင်ပူးခြင်း (Doubling)၊ အပင်ကျစ်ခြင်း (Twisting) ဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ပြီး၊ ကျစ်ချည်အား ကော်မတင်ဘဲ အတိုင်ချည်နှင့် အပင်ပူးချည်အား အဖောက်ချည်အဖြစ် စမ်းသပ်၍ ကော်တင်ပိတ်များကဲ့သို့ ခိုင်အား ကောင်းမွန်ပြီး အရည်အသွေးကောင်းသည့် ပိတ်ကြမ်းများကို တီထွင် စမ်းသပ် ထုတ်လုပ်နိုင်ခဲ့ပါသည်။

Losartan Potassium (50 mg) + Hydrochlorthiazide (12.5)mg) Tablet၊ Vitamin C Effervescent Tablet 180 mg၊ Albendazole Suspension (Child Formula)၊ Amoxicillin Trihydrate Dispersable Tablet ဆေးဝါးအမယ်သစ်များအတွက် Formula စမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ စားသောက်ကုန် ဓါတု၊ ဇီဝ ဓါတ်ခွဲစမ်းသပ်မှုများအနေဖြင့် အချိုရည်၊ ရေသန့်၊ အရက်ပြင်း၊ ပုလင်းသွင်း အရက် နှင့် အခြား စားသောက်ကုန် နမူနာများကို ဓါတု၊ ဇီဝ စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံများမှ စွန့်ပစ်ရေဆိုး နမူနာများအား ဓါတု၊ ဇီဝစမ်းသပ်မှု ဆောင်ရွက်ခဲ့ပါသည်။

**အသေးစား နှင့် အလတ်စားလုပ်ငန်းများ**

အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME မူဝါဒ (မူကြမ်း)အား အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးဆွဲ၍ (၂၄.၁၂.၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၅) တွင်

အတည်ပြုခဲ့ပါသည်။ ဂျပန်နိုင်ငံ၊ ASIA SEED မှ ပညာရှင်များ၊ ထိုင်း၊ လာအိုနှင့် မလေးရှား နိုင်ငံတို့မှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်သော ASEAN Incubation Network Project ၏ "International Partnership Program and Strategy Development Training" သင်တန်းကို Electrical Wire, Interior Decoration and Furniture, Soap, Candy and Jelly လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ပါသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုစေရန်နှင့် ဆန်းသစ်တီထွင် ဆောင်ရွက်လုပ်ကိုင် နိုင်စေရန် ရည်ရွယ်၍ Global Entrepreneurship Week ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ ရက်သတ္တပတ်အစီအစဉ်ကို ကနေဒါနိုင်ငံ၊ Building Markets တို့ပူးပေါင်း၍ Business Plan Creation and Competition ပြိုင်ပွဲနှင့် Success Stories ဟောပြောပွဲ ကျင်းပခဲ့ရာ SMEs များ၊ Business Idea ရှိသော လုပ်ငန်း စတင်တည်ထောင် လိုသူများ တက်ရောက်ခဲ့ပါသည်။ အသေးစား နှင့် အလတ်စားလုပ်ငန်းများ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ နှင့် လုပ်ငန်းစတင် တည်ထောင်လိုသူများအား အကြံဉာဏ်ပေးခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းနှင့် နည်းပညာဆိုင်ရာသင်တန်းများနှင့် သင်တန်းများ ပံ့ပိုးပေးနိုင်ရန် အတွက် Center of Excellence and SMEs Business Incubation Center ကို ဖွင့်လှစ်ခဲ့ ပါသည်။

မြန်မာ SMEs များ International Market သို့ Online စနစ်ဖြင့် ဝင်ရောက် နိုင်ရန် အတွက် "Paving the Way for SMEs in Myanmar" အစီအစဉ်ဖြင့် Myanmar SMEs Link Platform အားတည်ထောင် နိုင်ခဲ့ပါသည်။ အလားအလာရှိသော SMEs များ လေ့လာဖော်ထုတ် စုစည်း၍ Cluster ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းပြီး အစုအဖွဲ့များအား ပီပြင်စွာ လုပ်ငန်းဆောင်ရွက် နိုင်ရေး တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။

SMEs လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးပေးရေးဆိုင်ရာ လုပ်ငန်းများ အဆင်ပြေ ချောမွေ့ စေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီရှိ ရုံးခွဲများနှင့် SMIDB ၏ ဘဏ်ခွဲများသို့ ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ (၂၂.၃.၂၀၁၆) ရက်နေ့အထိ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာန ရုံးခွဲများသို့လာရောက် လျှောက်ထားသူများအနက် ဘဏ်လုပ်ငန်းများ၏ Rules &

Regulations နှင့်အညီစိစစ်ပြီး SMIDB Bank မှ လုပ်ငန်းရှင် ၃၈၂ ဦးအား ချေးငွေ ကျပ် ၁၀,၄၅၃ သန်းကို ထုတ်ချေးနိုင်ခဲ့ပါသည်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ မှ မတ်လအထိ Hire Purchase စနစ်ဖြင့် ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်းရှင်(၂၇)ဦးသို့ ချေးငွေ (၇၃၁.၃၆၆) သန်း ထုတ်ချေးခဲ့ပါသည်။ ထို့ပြင် -

(၁) ရိုးရိုးချေးငွေ ၄၃ ဦး ကျပ် (၃,၆၃၅.၀၀၀) သန်း

(၂) SMEs ချေးငွေ ၃၈ ဦး ကျပ် (၅၇၀.၀၀၀) သန်း

(၃) JICA ချေးငွေ ၁၁ ဦး ကျပ် (၄,၈၀၈.၀၀၀) သန်း ထုတ်ချေးပေးခဲ့ပါသည်။

**နိုင်ငံခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု**

စက်မှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization - UNIDO) နှင့် ပူးပေါင်း၍ "မြန်မာနိုင်ငံ၏စက်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲမှုတိုးတက်ရေး စီမံကိန်း" (Improvement of Industrial Energy Efficiency in Myanmar-IEE Project) အား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ Pilot National Resource Efficient and Cleaner Production (RECP) Project ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် Food Processing၊ Textile and Garments၊ Hotels စသည့် Sectors တို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး၊ အရင်းအမြစ်အသုံးပြုမှု အကျိုးအရှိဆုံးဖြင့် ဆောင်ရွက်နိုင်မည့် စီးပွားရေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ရွက်လျက် ရှိပါသည်။ Fostering Pro-poor and Inclusive MSME Development in Myanmar Preparatory Phase I ကို Italian Development Corporation ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ SMEs Policy၊ Industrial Policy တို့အတွက် ဆွေးနွေးအကြံပြုခြင်းများ၊ Project Counter Parts များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ စီမံကိန်းဧရိယာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

စက်မှုသင်တန်းကျောင်း (ဆင်တဲ)အား အဆင့်မြှင့်တင်ခြင်းနှင့်တိုးချဲ့ခြင်း (Upgrading and Extension Project) ကို ဂျာမနီနိုင်ငံ German International Development Cooperation (GIZ) နှင့် KfW Development Bank တို့ဖြင့် လည်းကောင်း၊ စက်မှုသင်တန်းကျောင်း (ပခုက္ကူ) အား (၅) နှစ် ဘက်စုံပြုပြင် ထိန်းသိမ်းရေးစီမံချက် (Five Years Comprehensive Maintenance Plan) ကို အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် Hindustan Machine Tools -HMT (International) Co., Ltd. မှ လည်းကောင်း၊ Asia Development Bank (ADB) ၏ Skill Development for Inclusive Growth စီမံချက်ကို စက်မှုသင်တန်းကျောင်း မန္တလေးနှင့် ပခုက္ကူတို့တွင် လည်းကောင်း၊ နည်းပညာအကူအညီ၊ သင်ထောက်ကူပစ္စည်း ဖြည့်ဆည်းပေးခြင်း၊ စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် သင်ရိုး ညွှန်းတမ်းနှင့် သင်တန်းများကို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်း၊ နည်းပြများအား ပြည်ပတွင် သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဘရားဇီးလ်နိုင်ငံ Brazilian Cooperation Agency ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုနည်းပညာ တိုးတက်ရေးစီမံချက် (Improvement of Methodologies and Techniques to Produce Snake Antivenon in Myanmar) ကို ဆောင်ရွက်လျက် ရှိပါသည်။

မြွေဆိပ်ဖြေဆေးအား သာမန်အခန်းအပူချိန်တွင် Shelf Life (၅) နှစ် အထိ ထားနိုင်သော အေးခဲခြောက်ပုံစံ (Freeze Dried Form) ဖြင့် ထုတ်လုပ်ရန် မြန်မာ့ကျန်းမာရေးဆိုင်ရာ သြစတြေးလျ အကူအညီပေးရေးအဖွဲ့ (Australian Consortium for Myanmar Health) အထောက်အပံ့ဖြင့် Improving the Health Outcomes of Snakebite Patients in Myanmar Project ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းပြီးစီးပါက မြွေကိုက်ခံရမှုဖြစ်စဉ် အများဆုံး ဖြစ်ပွားသည့် ကျေးလက်ဒေသများသို့ပါ အလွယ်တကူ ဖြန့်ဖြူး ပေးနိုင်မည် ဖြစ်ပါသည်။

ဂျာမနီနိုင်ငံ German International Development Cooperation (GIZ) ၏ ငွေကြေး အထောက်အပံ့ဖြင့် Private Sector Development in Myanmar စီမံချက်ကို စက်မှုဝန်ကြီးဌာနနှင့် GIZ တို့ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရှိ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Agro-based Product များကို တန်ဖိုးမြှင့်

ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ရှမ်းပြည်နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။ Improvement of SMEs Sector in Myanmar ကို ဂျာမနီနိုင်ငံ၊ ဖရက်ဒရစ်နော်မန်း လွတ်လပ်မှုဖောင်ဒေးရှင်း (Friedrich Naumann Foundation - FNF) အဖွဲ့အစည်း၏ နည်းပညာ အကူအညီဖြင့် မြန်မာနိုင်ငံ၏ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ပါသည်။


ပြည်တွင်းဈေးကွက်တွင် စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အကျိုးအမြတ် ရရှိစေရေး အတွက် To help SMEs to take advantages of the rising opportunities on the local markets အတွက် ကနေဒါနိုင်ငံ Building Martkets ဖြင့် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုး ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၅၄၈,၆၈၆.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၉.၁ ရာခိုင်နှုန်းတိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၁၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၁၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၅၁၀,၉၁၁.၆ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၉၃.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၉.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ပဲခူးတိုင်းအရှေ့ပိုင်းရှိ ဖြူးချောင်း၊ ယခင်နှစ်က အသစ်ဖွင့်လှစ်ခဲ့သော ကချင်ပြည်နယ်ရှိ ချီဖွေငယ်၊ ပုဂ္ဂလိကပိုင် (B.O.T) ဖြင့် ဆောင်ရွက်သော ကယားပြည်နယ်ရှိ ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံအသစ်များ လည်ပတ်နိုင်ခဲ့၍ နိုင်ငံပိုင် လျှပ်စစ်မီး ပိုမိုသုံးစွဲနိုင်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခြင်း၊ ကျေးရွာများ

တွင်လည်း နိုင်ငံပိုင် ဓာတ်အားစနစ်မှ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မကွေးတိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နိုင်ငံပိုင်လျှပ်စစ်မီး ပိုမိုရရှိသုံးစွဲနိုင်ခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေပိုက်လိုင်း မှ သဘာဝဓာတ်ငွေ့ဖြင့် ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိခြင်း၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကား၊ ရွာမ၊ သာကေတ၊ အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်များ တိုးချဲ့တပ်ဆင်ပြီးခဲ့၍ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင် အသေးစားရေအား၊ စပါးခွံ လောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်သုံးစွဲမှုများတွင် ယခင်နှစ် ထက်ပိုမိုခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင်အခန်း၌ အကြီးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၆ ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၀ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက် ၆၂၈ လုံးနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (၈) ရုံတို့၌ စုစုပေါင်း ၅,၀၇၅ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၆,၈၀၅.၉ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အားဖြန့်ဖြူးမှုအတွက် လျှပ်စစ်ဓာတ်အားလိုင်း ၄,၁၀၆ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၅၁,၃၃၉ မိုင်အထိ သွယ်တန်းနိုင်ခဲ့ ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် လျှပ်စစ်ဓာတ်အား အသုံးပြုမှုများကို ဇယားဖြင့် ဖော်ပြအပ်ပါ သည်-

**ဇယား (၄-၁)**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်**

**လျှပ်စစ်ဓာတ်အားအသုံးပြုမှု အခြေအနေ**

(ကီလိုဝပ်နာရီသန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ဒုတိယ၆လပတ် စီမံကိန်းရည်မှန်းချက် | ဒုတိယ ၆ လပတ် | အကောင်အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| | | **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | **၈,၇၁၆.၇** | **၉,၂၂၅.၉** | **၁၀၅.၈** |
| ၁ | | **နိုင်ငံပိုင်** | **၆,၁၁၉.၉** | **၆,၈၀၅.၉** | **၁၁၁.၂** |
| | ၁ | စက်ရုံသုံး | ၁,၇၄၀.၇ | ၁,၀၈၉.၅ | ၆၂.၆ |
| | ၂ | အိမ်သုံး | ၂,၃၄၅.၄ | ၁,၇၃၈.၆ | ၇၄.၁ |
| | ၃ | ဆေးရုံ၊ရုံး၊ကျောင်းစသည်များ | ၉၇၄.၄ | ၇၁၁.၁ | ၇၃.၀ |
| | ၄ | အထွေထွေသုံး | ၄၁.၅ | ၃၅.၇ | ၈၆.၀ |
| | ၅ | ကုမ္ပဏီသို့ရောင်းချခြင်း | ၁,၀၁၇.၉ | ၃,၂၃၀.၀ | ၃၁၇.၄ |
| ၂ | | **သမဝါယမပိုင်** | **၀.၆** | **၀.၅** | **၈၃.၃** |
| ၃ | | **ပုဂ္ဂလိကပိုင်** | **၂,၅၉၆.၂** | **၂,၄၁၉.၅** | **၉၃.၂** |

ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)။

မြို့နယ်ခွဲများအပါအဝင် မြို့အားလုံး မီးလင်းပြီးဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် မတ်လကုန်အထိ ဓာတ်အားစနစ်အတွင်းမှ ၈,၆၈၃ ရွာ၊ မီးစက်စနစ်ဖြင့် ၁၁,၆၂၁ ရွာ၊ အသေးစား ရေအားစနစ်ဖြင့် ၂,၄၂၈ ရွာ၊ ဆိုလာစနစ်ဖြင့် ၆,၂၅၉ ရွာ၊ ဇီဝဓာတ်ငွေ့/ ဒြပ်ထု (Bio gas/ Bio mass) ဖြင့် ၈၇၈ ရွာ၊ လေအားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ရွာ၊ ဒီဇယ်နှင့် ရေအားနှစ်မျိုးပေါင်းဖြင့် ၁၃ ရွာ၊ အိမ်နီးချင်းနိုင်ငံမှဝယ်ယူမှုဖြင့် ကချင်၊ ကရင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် ၆၅၁ ရွာ၊ စုစုပေါင်း ၃၀,၅၃၄ ရွာ မီးလင်းခဲ့ပါသည်။

နိုင်ငံအတွင်း စုစုပေါင်းကျေးရွာ ၆၃,၈၉၉ ရှိသဖြင့် ကျေးရွာအလိုက်မီးလင်းမှုမှာ ၄၇.၈ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ဒုတိယ ၆ လပတ်အတွင်း ကျေးရွာ ၂,၀၉၉ ရွာ ထပ်မံမီးလင်းခဲ့ပါသည်။

ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများတွင် Transformer Losses လျော့နည်းစေရေးအတွက် အရည်အသွေးကောင်းမွန်သော Transformer များ ဝယ်ယူသုံးစွဲခြင်း၊ Transmission Line နှင့် Distribution Line များတွင် Losses လျော့နည်းစေရေးအတွက် အရည်အသွေး ကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများဝယ်ယူသုံးစွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်လိုက်သော ဓာတ်အားကို Voltage Level အလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ပို့လွှတ်ပေးနိုင်ရေးအတွက် ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားခွဲရုံများတွင် Capacitor Bank များ၊ Shunt Reactor (သို့မဟုတ်) Static Var Compensator (SVC) များ ထပ်မံတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

နွေရာသီဓာတ်အားလိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆောက်မှုကာလတိုတောင်းသည့် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ (Gas Engine)ကို IPP Developer ကုမ္ပဏီများမှ တည်ဆောက်တပ်ဆင် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးလျက်ရှိပါသည်။ ဒုတိယ ၆ လပတ်အတွင်း လှော်ကားသဘာဝဓာတ်အားပေးစက်ရုံဝန်းတွင် Myanmar Central Power ကုမ္ပဏီမှ ဒုတိယအဆင့်အနေဖြင့် (၂၅) မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအား (၁.၁၀.၂၀၁၅) ရက်နေ့မှစ၍ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အသစ်တည်ဆောက်လျက်ရှိသော သီလဝါစက်မှုဇုန်သို့ အဓိကပေးပို့မည့် တပ်ဆင်အင်အား (၆၀) မဂ္ဂါဝပ်ရှိ သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပြီး ယခုအခါ ဓာတ်ငွေ့တာဘိုင် စက် (၂) လုံး ရှိသည့်အနက်မှ ပထမဓာတ်ငွေ့တာဘိုင်စက်အတွက် Testing နှင့် Commissioning လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ရွှေပိုက်လိုင်းမှရရှိမည့် သဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ V-Power ကုမ္ပဏီမှ ကျောက်ဖြူ တိုးချဲ့ဓာတ်အားပေးစက်ရုံတွင် တစ်လုံးလျှင် (၁.၅၆) မဂ္ဂါဝပ်အင်အားရှိ Gas Engine (၃၂) လုံး၊ စုစုပေါင်း (၅၀) မဂ္ဂါဝပ်ကို လ (၆၀) ငှားရမ်းမှုဖြင့် တည်ဆောက်တပ်ဆင်ပြီးစီးရာ ယခုအခါ Testing နှင့် Commissioning လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

မြင်းခြံဒေသတွင်ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ မောင်းနှင်လည်ပတ် မည့် V-Power ကုမ္ပဏီမှ ပထမအဆင့်တွင် (၁၃၃) မဂ္ဂါဝပ်အား (၂၄) လဖြင့် လည်းကောင်း ဒုတိယအဆင့်တွင် (၆၆.၅) မဂ္ဂါဝပ်အား (၃၆) လဖြင့်လည်းကောင်း ငှားရမ်းသည့် ဓာတ်အားပေး စက်ရုံစီမံကိန်းအား အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါသည်။

သထုံမြို့ရှိ သထုံဓာတ်အားပေးစက်ရုံဝန်းတွင် World Bank မှ ချေးငွေ USD (၁၄၀) သန်းဖြင့် (၁၁၉.၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအတွက် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီး သိမ်ငူကျေးရွာ၊ ဇင်းကျိုက်မြို့အနီး ကုလားမတောင်၊ တနင်္သာရီတိုင်း၊ မေတ္တာမြို့အနီး ကျောက်မဲတောင်တို့တွင် လေတိုက်နှုန်းနှင့်မိုးလေဝသအချက်အလက်များကို နေ့စဉ်စောင့်ကြည့်ကောက်ယူလေ့လာနေဆဲ ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ ဓာတ်အားထုတ်လုပ်မှု ဆောင်ရွက်ချက်များအနေဖြင့် ဘူမိအပူစွမ်းအင်သုံးဓာတ်အားပေး စက်ရုံစီမံကိန်းများ၊ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု B.O.T စနစ်ဖြင့် နားလည်မှုစာချွန်လွှာ (MOU)နှင့် ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုး ချုပ်ဆို၍လည်းကောင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI စနစ်ဖြင့် နားလည်မှုစာချွန်လွှာ (MOU)၊ သဘောတူညီမှု စာချွန်လွှာ (MOA)နှင့် ဖက်စပ်သဘောတူစာချုပ် (JVA) စသည့် စာချုပ်စာတမ်းများ အဆင့်ဆင့်လက်မှတ်ရေးထိုး ချုပ်ဆို၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် တိုင်းရင်းသားလုပ်ငန်းရှင်များမှ B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့် ရေအားလျှပ်စစ်စီမံကိန်း (၇)ခု၊ (၆၉၂.၄ မဂ္ဂါဝပ်)၊ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (၁)ခု၊ (၂၃၀ မဂ္ဂါဝပ်)နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်စီမံကိန်း (၂)ခု၊ (၃၅၀ မဂ္ဂါဝပ်)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု JV/B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်း (၄၀)ခု၊ (၃၉,၆၅၆ မဂ္ဂါဝပ်)၊ နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်း (၅)ခု၊ (၁,၅၁၀ မဂ္ဂါဝပ်)၊ လေစွမ်းအင်သုံးစီမံကိန်း (၅)ခု၊ (၆,၅၃၈ မဂ္ဂါဝပ်) နှင့် ဘူမိအပူစွမ်းအင်သုံးစီမံကိန်း (၁)ခု၊ (၂၀၀ မဂ္ဂါဝပ်) သဘာဝဓာတ်ငွေ့နှင့်

စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်း (၁၄)ခု၊ (၅၂၈၅ မဂ္ဂါဝပ်)နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်စီမံကိန်း (၉)ခု၊ (၉၁၆၀ မဂ္ဂါဝပ်)၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေးသုံး လျှပ်စစ်စီမံကိန်း (၁)ခု၊ (၃၆၀ မဂ္ဂါဝပ်)၊ စုစုပေါင်းစီမံကိန်း (၈၅)ခု၊ စုစုပေါင်းတပ်ဆင်အင်အား (၆၃,၉၈၁.၄) မဂ္ဂါဝပ် ရှိမည်ဖြစ်ပါသည်။

မဟာဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဓာတ်အားခွဲရုံ များနှင့် ဓာတ်အားပေးစက်ရုံများအား အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းစသည့် လုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ် ၂၀၁၅ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှ စ၍လည်းကောင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပတွင် မိမိဝင်ငွေပေါ် ရပ်တည်လျက် နိုင်ငံတော်အစိုးရ ၁၀၀% ပိုင်ဆိုင်မှုဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာ၊ ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်း၊ ဓာတ်အားဖြန့်ဖြူးရေးစနစ် တိုးချဲ့ရေးအတွက် အချက်အလက်စုဆောင်းခြင်းနှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ဓာတ်အားဖြန့်ဖြူးရေးအတွက် လိုအပ်သောပစ္စည်းများတွက်ချက်ခြင်း၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ စီမံဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ အောက်ပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် -

(၁) **၅၀၀ကေဗွီမဟာဓာတ်အားလိုင်းစီမံကိန်းများ။** သပြေဝ(မိတ္ထီလာ)-နေပြည်တော် - တောင်ငူ (၁၁၄.၉၇)မိုင် (၆၁.၃၉%) ပြီးစီးပြီး ကျန်အပိုင်းများအား ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။

(၂) **၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** အသုတ်-ပုသိမ်(၃၁)မိုင်၊ ဘီလူးချောင်း(၂)-ရွှေမြို့ (၁၀၁.၄၄၃)မိုင်၊ ဂန့်ဂေါ - ကလေး (၆၉.၄၄)မိုင်တို့

ပြီးစီးပြီး၊ အမ်း-မန်း(၆၇)မိုင် (၇၇.၈၆%)၊ တောင်တွင်းကြီး-ရွှေတောင်(၁၀၀) မိုင် (၉၆.၂၀%)၊ အထက်ရဲရွာ-ရွှေစာရံ(၇၆.၆၇)မိုင် (၃၆.၉၅%)၊ သာကေတ-အရှေ့ဒဂုံ(၁၂.၂၄)မိုင် (၉၅.၀၀%)၊ လှိုင်သာယာ-ကျိုက်လတ် (၅၁.၈၁)မိုင် (၄၀.၀၆%) တို့ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(၃) **၆၆ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများ။** ပုဏ္ဏားကျွန်း - စစ်တွေအမှတ်(၂) (၁၈.၉၆)မိုင်၊ ဗန်းမော်-မြို့သစ်-ဒေါ့ဖုန်းယန် (၄၅.၇၇)မိုင်၊ ကျောက်ဖြူ-မဒဲကျွန်း(၁၃.၂၃)မိုင်၊ ထားဝယ်-ကံပေါက် (၅၁)မိုင်၊ ဥသျှစ်ပင်-ကံမ-မင်းတုန်း (၅၄.၉၆)မိုင်၊ မော်လမြိုင်-ချောင်းဆုံ (၁၄.၅၃)မိုင်တို့ ပြီးစီးပြီး၊ လွိုင်ကော်-ဘော်လခဲ (၄၂.၄၇)မိုင် (၉၉.၉၀%)၊ မြောက်ဦး-မင်းပြား (၁၇.၂၈)မိုင် (၇၇.၀၀%)၊ မိုးကုတ်-မိုးမိတ် (၂၄.၆၅)မိုင် (၇၅.၁၂%)၊ မိုင်းနောင်-မိုင်းရှူး (၃၃)မိုင် (၈၀.၀၇%)၊ မိုင်းနောင်-ကျေးသီး (၂၈.၁၉)မိုင် (၅၅.၈၉%)၊ မိုးကောင်း- ဖားကန့် (၅၅.၀၃)မိုင် (၅၂.၉၇%)၊ ပေါက်-မင်းတပ်(၃၀)မိုင် (၇၁.၁၇%)၊ ချောင်းကူး-ပေါက် (၃.၅၉)မိုင် (၉၄.၅၃%)၊ ရေဘုတလင်- ကနီ- မင်းကင်း (၆၆.၇၉)မိုင် (၆၁.၈၄%)၊ ဟားခါး-ဖလမ်း(၂၄.၅၀)မိုင် (၈၁.၇၅%)၊ ထီးလင်း - ဆော (၄၂.၆၆)မိုင် (၇၆.၀၆%)၊ ကျောက်ဖြူ - ကျောက်ဖြူ (SEZ)(၅.၇၈)မိုင် (၇၇.၁၀%)၊ တောင်ကုတ်-မအီ (၄၄.၇၄)မိုင် (၉၆.၁၀%)၊ ဘော်လခဲ-ဖားဆောင်း(၂၂.၀၇)မိုင် (၉၉.၅၀%)၊ ပုသိမ်-ငရုတ်ကောင်း-ငပြေမ (၈၂)မိုင် (၉၇.၀၀%)၊ ဖလမ်း-သိုင်းငင်(၂၂.၂၇)မိုင် (၁.၇၇%)တို့ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်လျက်ရှိပါသည်။

(၄) **၃၃ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများ။** မြို့ကြီး - တောင်တော်ကွင်း (၁၀.၆၅) မိုင်၊ ပန်ညု(သီပေါ)-ဆောင်ကြဲ(၆.၃၆)မိုင်၊ လားရှိုးမြို့နယ် ကျေးရွာ (၁၁)အုပ်စု၊ ကျေးရွာ(၁၇)ရွာ (၄.၂၅) မိုင်၊ ပုသိမ်(မြတ်တို)-ငပုတော (၅.၄၅) မိုင်၊ ငပြေမ-ကျုံကူး (၁၆.၇) မိုင်၊ ဝါးခယ်မ-ရေနောက်အိုင်-မော်တင်စွန်း (၁၃.၄)မိုင်တို့ ပြီးစီးပြီး၊ ဝမ်ဟက်-မောက်မယ် (၁၇)မိုင် (၈၀%)၊ မိုင်းပန်-တာဆန်း(၃၃)မိုင် (၈၀%)၊ နမ့်စန်-မိုင်းစိတ်(၈)မိုင် (၈၀%)၊ ဗန်းမောက် (၂၇) မိုင်(၈၀%)၊ ရေနီ-

ဒီပဲယင်း(၁၄)မိုင် (၈၀%)၊ ဇီးချိုင့်-ရေနောက်အိုင်-ဟိုင်ကြီး ကျွန်း (၆.၈)မိုင် (၈၅%)တို့ ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်မည် ဖြစ်ပါသည်။

(၅) **၂၃၀ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** အရှေ့ဒဂုံနှင့် ပုသိမ်တို့ပြီးစီး ပြီး၊ ကလေး(၄၄.၁၀%)၊ မြဝတီ (၆၁.၀၀%)၊ ဂန့်ဂေါ (၃၇.၅%)၊ ကျိုက်လတ် (၂၈%) တို့ပြီးစီး၍ ကျန်အပိုင်းများဆက်လက်တည်ဆောက်မည် ဖြစ်ပါသည်။

(၆) **၁၃၂ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** လွိုင်ကော်၊ တောင်ကြီးခွဲရုံတို့ ပြီးစီးပြီး၊ ဗန်းမော်(၄၉.၇၅%)ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက် တည်ဆောက်လျက် ရှိပါသည်။

(၇) **၆၆ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းများ။** ထားဝယ်၊ ဘုရားကုန်း၊ ကံပေါက်၊ ကလေး(သိုင်းငင်)၊ မြစ်ကြီးနား(၂)၊ တန့်ယန်း၊ မင်းတုန်း၊ ချောင်းဆုံ၊ ကံမ၊ ငရုတ်ကောင်း၊ မြို့သစ်၊ ဒေါ့ဖုန်းယန်တို့ပြီးစီးပြီး၊ ဖားဆောင်း (၉၈.၀၀%)၊ ဖလမ်း (၉၅.၀၀%)၊ ကော့ကရိတ် (၆၅.၀၀%)၊ မြစ်ကြီးနား(၁) (၉၅.၀၀%)၊ ဘော်လခဲ (၈၆.၀၀%)၊ ကျောက်ဖြူ(SEZ) (၉၂.၀၀%)၊ တောင်ကုတ် (၁၃.၀၀%)၊ တာမိုးညဲ(၉၅.၀၀%)၊ မင်းတပ်(၉၅.၀၀%)၊ မင်းပြား(၈၃.၇၅%)၊ ဆော (၅၉.၀၀%)၊ ကွတ်ခိုင် (၉၅.၀၀%)၊ ကျေးသီး (၅၂.၅၀%)၊ မင်းကင်း (၄၅.၀၀%)၊ ဝ (၉၈.၀၀%)၊ မအီ(၉၈.၀၀%)၊ မဒဲ(၉၅.၀၀%)၊ ရွာတော (၉၀.၀၀%)၊ ဖားကန့် (၄၅.၂၅%)၊ မိုင်းရှူး(၃၁.၂၅%)၊ ပေါက်(သရက်တော) (၆၅.၅၀%)၊ ထီးလင်း (၅၀.၇၅%) တို့ ပြီးစီးခဲ့၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်လျက် ရှိပါသည်။

(၈) **၃၃ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းများ။** မိုးညို၊ ကျွဲပွဲ၊ ကျုံကူး၊ ငပုတော၊ မဲဇလီတို့ပြီးစီးပြီး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ခွဲရုံ (၈၀.၀၀%)၊ မယ်စဲ့ (၆၀.၀၀%)၊ မောက်မယ်(၆၀.၀၀%)၊ တာဆန်း(၆၀.၀၀%)၊ နမ့်စန်-မိုင်းစိတ် (၆၀.၀၀%)၊ ဒီပဲယင်း(၈၀.၀၀%)၊ မြိုင်ကြီးငူ(၈၆.၀၀%)၊ လိပ်သို(၅၆.၀၀%) တို့ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

(၉) **အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့ အရှေ့ဘက် (၂၆) မိုင်ခန့်အကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၇၀မဂ္ဂါဝပ်)x(၂) လုံး} = (၁၄၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား (၄၅၄) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၁၀၀%) ဖြစ်ပါသည်။

(၁၀) **အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့ အရှေ့မြောက်ဘက် (၂၀) မိုင်ခန့်အကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား{(၅၀ မဂ္ဂါဝပ်) x (၂)လုံး} = (၁၀၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား (၅၀၀) ကီလိုဝပ် နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၂.၀၅%) ဖြစ်ပါသည်။

(၁၁) **ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်မြောက်ပိုင်း၊မိုးမိတ်မြို့နယ်တွင်ရှိပြီး စက်တပ်ဆင်အင်အား (၁,၀၅၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား(၃၃၀၀)ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၁၀.၂၅%) ဖြစ်ပါသည်။

(၁၂) **အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း။** ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်တွင်ရှိပြီး စက်တပ်ဆင် အင်အား (၃.၂ မဂ္ဂါဝပ်) တစ်နှစ်ပျမ်းမျှ ထုတ်လုပ်အား (၁၄.၁၃) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၅၉.၀၄%) ဖြစ်ပါသည်။

(၁၃) **အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်တွင်တည်ရှိပါသည်။ စက်တပ်ဆင်အား(၂၈၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်မည့်အား(၁၄၀၉)ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု(၂၄.၉၃%) ဖြစ်ပါသည်။

(၁၄) **ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း။** ကရင်ပြည်နယ်၊ ကမမောင်းမြို့နယ်တွင် ရှိပြီး စက်တပ်ဆင်အင်အား (၁,၃၆၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၇၃၂၅) ကီလိုဝပ်နာရီသန်း ဖြစ်ပါသည်။

(၁၅) **မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်း။** စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်တွင်ရှိပြီး စက်တပ်ဆင်အင်အား (၃၈၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၁၉၀၃) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၄.၅၂%)ဖြစ်ပါသည်။

(၁၆) **သူငွေးရေအားလျှပ်စစ်စီမံကိန်း။** ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ် တွင်ရှိပြီး စက်တပ်ဆင်အင်အား (၁၁၁ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၃၈၆) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၄၂.၀၉ %) ဖြစ်ပါသည်။

(၁၇) **အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့နယ်တွင်ရှိပြီး စက်တပ်ဆင်အင်အား (၅၁မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား (၂၆၇) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်း ပြီးစီးမှု (၃၁.၀၀%) ဖြစ်ပါသည်။

(၁၈) **အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင်ရှိပြီး စက်တပ်ဆင်အင်အား (၃၀.၄ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား (၁၃၄.၄) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၃၃.၇၅၄%) ဖြစ်ပါသည်။

(၁၉) **ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း။** ရဲရွာတမံ၏ မြစ်အောက်ဘက်(၁၂)မိုင်ခန့် အကွာမြစ်ငယ်မြစ်ပေါ်တွင်ရှိပြီး စက်တပ်ဆင်အင်အား (၆၆မဂ္ဂါဝပ်)၊ တစ်နှစ် ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား (၂၉၇.၆) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်း ပြီးစီးမှု (၀.၀၁%) ဖြစ်ပါသည်။

(၂၀) **ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ် တွင်ရှိပြီး စက်တပ်ဆင်အင်အား (၅၂၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်အား (၂၈၁၄) ကီလိုဝပ်နာရီသန်း၊ အကြိုတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။


(၂၁) **အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင်ရှိပြီး စက်တပ်ဆင်အင်အား(၇,၁၁၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်အား (၃၅၄၄၆) ကီလိုဝပ်နာရီသန်း၊ စူးစမ်း တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂,၆၅၆,၃၅၆.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၁၉) အကောင်အထည်ဖော်နိုင်မှု**
**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၂၀) တိုးတက်မှုနှုန်း**
**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၃,၁၅၄,၈၉၃.၇ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၁၈.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၇.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ အကောင်အထည် ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) **လမ်းဦးစီးဌာနက** တိုင်းဒေသကြီး/ပြည်နယ်များ ချိတ်ဆက်လျက်ရှိသည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ မန္တလေး-တကောင်း-ဗန်းမော်-

မြစ်ကြီးနားလမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းများအပြင် ကချင်ပြည်နယ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ ကယားပြည်နယ်တွင် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်း၊ ကရင်ပြည်နယ်တွင် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်လမ်း၊ ကော့ကရိတ်-အစွန်း-ကျိုက်ဒုံ-အဖင်းလမ်း၊ ချင်းပြည်နယ်တွင် ဟားခါး-ဂန့်ဂေါလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ သိုင်းငင်-တီးတိန်လမ်း၊ မင်းတပ်-မတူပီလမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်း၊ ရေဦး-ကလေးဝလမ်း၊ မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်း၊ ချောင်းမ-လင်းကတော-ပခုက္ကူလမ်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်း၊ ကလေးဝ-ကျီကုန်း-တမူးလမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦး-စစ်တောင်းလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း၊ မကွေးတိုင်းဒေသကြီးတွင် ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ မင်းလှ-ကနီ-မင်းဘူး-စလင်း-တညောင်လမ်း၊ မင်းလှ-သရက်လမ်း၊ ရန်ကုန်-စစ်တွေလမ်း(မင်းဘူး-အမ်းအပိုင်း)၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး-မိုးကုတ်လမ်း၊ မွန်ပြည်နယ်တွင် တရနော-ဘုရားကုန်းလမ်း၊ မုဒုံ-မြဝတီလမ်း၊ ရခိုင်ပြည်နယ်တွင် ရန်ကုန်-ကျောက်ဖြူလမ်း၊ ရန်ကုန်-စစ်တွေလမ်း၊ မင်းဘူး-အမ်းလမ်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း၊ မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်း၊ ရှမ်းပြည်နယ် (တောင်ပိုင်းတွင်) ဟန်မြင့်မိုရ်-မြို့ကြီး-ရွာင်-အောင်ပန်းလမ်း၊ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုး-မန်စံ-နမ္မတူလမ်း၊ သီပေါ-ပန်လုံ-နမ့်ဆန်လမ်း (နမ့်ဆန်-ပန်လုံအပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တာလေ-မိုင်းပါသျှိုး-ကျိုင်းလတ်လမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း၊ ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်းအပါအဝင် လမ်းများအား

လမ်းဖောက်လုပ်ခြင်း၊ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) **တံတားဦးစီးဌာနက** ကချင်ပြည်နယ်တွင် မူလာရှီဒီးတံတား(၁/၂၁၁)၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တံတားအမှတ် ၁/၂၁၈(လုံးစွပ်)၊ တန်ဂျာ(၁) တံတား၊ တန်ဂျာ(၂)တံတား၊ ဥရုချောင်းဖြတ်ကူးတံတား(လုံးခင်း)(၃/၄၃)၊ ဖုန်အင်ခတံတား၊ ရှငေါ်တံတား၊ ကယားပြည်နယ်တွင် ပွန်းချောင်းတံတား (ရှားတော)၊ ဥတ္တရာရုံတံတား၊ ကရင်ပြည်နယ်တွင် ဟောင်သရောတံတား၊ အံဖာကြီးတံတား၊ တာပေါင်တံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (ထီးချိုင့်)၊ ရေဝါချောင်းတံတား၊ မူးမြစ်ကူးတံတား(ကာဘိုး)၊ ခြသေ့်ချောင်းတံတား၊ နန်ထိန်ကွင်းတံတား၊ ကိုးတန်ချောင်းကူးတံတား၊ နန့်ဒရန်ချောင်းတံတား (၂/၁၆၀)၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပြည်ခြားတံတား၊ တံတားဖြူတံတား၊ ပဲခူးတိုင်းဒေသကြီးတွင် စစ်တောင်းမြစ်ကူးတံတား(၃)၊ ပဲခူးမြစ်ကူးတံတား၊ မကွေးတိုင်းဒေသကြီးတွင် လက်ပန်ကြင်းတံတား၊ မန်းချောင်းတံတား(ရေဖြူ)၊ မန္တလေးတိုင်းဒေသကြီးတွင် မိတ္ထီလာကန်ကူးတံတား၊ တောင်သာချောင်းတံတား၊ မွန်ပြည်နယ်တွင် ဘီလင်းမြစ်ကူးတံတား၊ အတ္တရံတံတား(ချောင်းနှစ်ခွ)၊ ရခိုင်ပြည်နယ်တွင် ဂယ်လောင်းတံတား၊ ကျောက်ပြောက်တံတား၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေပေါက်ကံတံတား၊ ရှမ်းပြည်နယ်တွင် နမ့်မောင်းတံတား၊ နမ့်ပေါ့ချောင်းတံတား၊ မိုင်းပက်တံတား၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဖားတရှည်းတံတား၊ ကွင်းပေါက်တံတား၊ နွားရေကျော်တံတား၊ ဆင်ချောင်းတံတား၊ နေပြည်တော် ကောင်စီနယ်မြေတွင် ပေါင်းလောင်းမြစ်ကူးတံတား တို့ကိုတည်ဆောက်ပြီးစီးခဲ့ပါသည်။

(ဂ) ဒုတိယ(၆)လပတ်အတွင်း ကချင်ပြည်နယ်တွင် မချမ်းဘောတံတား၊ တဝမ်တံတား၊ ကရင်ပြည်နယ်တွင် အနန်းကွင်းတံတား၊ ချင်းပြည်နယ်တွင် ချန်းပြန်းချောင်းတံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းတံတား(ကလေးဝ)၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကလိန်အောင်တံတား၊ ပဲခူးတိုင်းဒေသကြီးတွင် မဒေါက်ကလေးတံတား၊ မုန်းချောင်းတံတား၊ ဒိုးသောင်တံတား၊ မကွေးတိုင်းဒေသကြီးတွင်

အမှတ်(၁)ပေါက်(အုန်းတော)တံတား၊ မန်းချောင်းတံတား အဆင့်မြှင့်တင်ခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုဋ္ဌဝတီတံတား၊ ကိုင်းချောင်းတံတား၊ မွန်ပြည်နယ်တွင် သံလွင်မြစ်ကူးတံတား(ချောင်းဆုံ)၊ နှင်းစုံတံတား၊ ရခိုင်ပြည်နယ်တွင် တန်းလွဲတံတား အပေါ်ထည်အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် သာကေတတံတား၊ ကုက္ကိုဝတံတား၊ ရှမ်းပြည်နယ်တွင် မုံ့စမ်းကြိုးတံတား၊ တာဆိုင်းတံတား(၂/၁၉၆)၊ ဧရာဝတီတိုင်းဒေသကြီးတွင် စက်ဆန်းချောင်းတံတား၊ သက်ချောင်းတံတား၊ ကျွဲခြံ ရေကျော်တံတား၊ နတ်ချောင်းတံတား၊ မအူပင်တံတား (မအူပင်ဘက်ကမ်းအကြီးစားပြင်ဆင်ခြင်း) အပါအဝင် တံတားများအား ဆောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက် ရှိပါသည်။

(ဃ) **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက** ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)တွင် ရောဝဏ်၊ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂)တွင် ၉၀ ရာခိုင်နှုန်းနှင့် အပိုင်း (၃) တွင် ၉၇ ရာခိုင်နှုန်း ပြီးစီးနေပြီး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။

(င) နိုင်ငံတစ်ဝှမ်း မြို့ပြလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် United Nations Human Settlements Program (UN-Habitat) အဖွဲ့အစည်းနှင့် "Myanmar Safer Settlements and Urban Research Program" ကို ဆောင်ရွက်လျက်ရှိရာ MoU သက်တမ်းတိုး၍ တတိယပိုင်း အစီအစဉ်အဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ဂျာမဏီနိုင်ငံ ကိုလုံးတက္ကသိုလ်တို့ ပူးပေါင်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြို့ (၅)မြို့ (မြစ်ကြီးနား၊ စစ်တွေ၊ လားရှိုး၊ ဟားခါး၊ ဖလမ်း)၏ မြို့ပြဖွံ့ဖြိုးရေးသုတေသနလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ အမေရိကန်နိုင်ငံ New York University STERN of Business ၏ အကူအညီဖြင့် မြို့ပြချဲ့ထွင်ရန် ကြိုတင်ပြင်ဆင်ခြင်း (Myanmar Urban Expansion Initiative) စီမံကိန်းကို

ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မန္တလေး၊ မုံရွာ၊ လားရှိုး၊ တောင်ကြီး၊ မြင်းခြံ၊ ပုသိမ်၊ မော်လမြိုင်မြို့တို့တွင် ကွင်းဆင်းလေ့လာခြင်း ပြုလုပ်ခဲ့ပါသည်။

(စ) မြန်မာနိုင်ငံတဝှမ်းရှိ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အဓိကအရေးပါသည့် မြို့ပေါင်း (၈၁)မြို့၏ မြို့ပြစီမံကိန်းများကို ရေးဆွဲဆောင်ရွက်သွားရန် စီမံလျာထားသည့်အနက် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း လူဦးရေ (၁)သိန်းအထက် မြို့ကြီးများနှင့် လူမှုစီးပွားရေးနှင့် အုပ်ချုပ်ရေးအရ အရေးပါသည့် မြို့ပေါင်း (၅၆)မြို့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်များအရ အခြားသော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ၊ မြို့ပြ အဆင့်မြှင့်တင်ခြင်းစီမံကိန်းပုံစံ၊ လူနေသိပ်သည်းမှုမြှင့်တင်ခြင်း စီမံကိန်းပုံစံ၊ မြို့တိုးချဲ့ခြင်း စီမံကိန်းပုံစံနှင့် မြို့သစ်တည်ထောင်ခြင်း၊ ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းပုံစံ၊ စက်မှုဇုန်စီမံကိန်းပုံစံ ရေးဆွဲခြင်း၊ အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းပုံစံများ၊ သဘာဝဘေးဒဏ်ခံရသည့် မြို့ပြကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး စီမံကိန်းများစသည့် စီမံကိန်း (၂၉)ခုကိုလည်း ရေးဆွဲပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဒုတိယ(၆)လပတ်အတွင်း မြို့ပေါင်း (၇)မြို့ကို မြို့ပြစီမံကိန်း ရေးဆွဲပေးခဲ့ပါသည်။

(ဆ) မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ စက်မှုဇုန်ဖွံ့ဖြိုးရေးစီမံကိန်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင် ရေဘေးသင့်ကျေးရွာ (၁၄)ရွာတွင် ပြန်လည်ထူထောင်ရေးစီမံကိန်းနှင့် ဖောင်းပြင်မြို့နယ် သာစည်ကျေးရွာ ပြောင်းရွှေ့မည့် မြေနေရာသစ်စီမံကိန်း၊ ကလေးဝမြို့နယ် သက္ကယ်ကျင်း ကျေးရွာအနီး ကျေးရွာသစ်စီမံကိန်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ မီးဘေးဒေသ ပြန်လည်တည်ဆောက်ရေးနှင့် မြို့ပြစီမံကိန်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဇ) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ကျင့်သုံးလျက်ရှိသော ဥပဒေများအနက် ပြင်ဆင်ရေးဆွဲသင့်သည့် ၁၉၃၀ ပြည့်နှစ် မြေအောက်ရေကြီးကြပ်မှုဥပဒေကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တောင်းခံထားပါသည်။ အသစ်ရေးဆွဲလျက်ရှိသော အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)နှင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုး

ရေးစီမံကိန်းဥပဒေ(မူကြမ်း)တို့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ပြုနိုင်ရန် တင်ပြထားပါသည်။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေအား ရေးဆွဲနိုင်ရေးအတွက် ကွန်ဒိုမီနီယမ်နည်းဥပဒေ/လုပ်ထုံးလုပ်နည်း(မူကြမ်း) ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။


(ဈ) ကရင်ပြည်နယ် ဘားအံစက်မှုဇုန်တွင် စက်ရုံ(၁၈)ခုအား တည်ဆောက်ခြင်း၊ စက်မှုလုပ်သားကျေးရွာ ဖော်ထုတ်ခြင်း၊ ဘားအံမြို့ ပျံကျဈေးသစ်ကြီး ဖွင့်လှစ်ခြင်း၊ ချင်းပြည်နယ် ဟားခါး၊ တီးတိန်မြို့များတွင် သဘာဝဘေးဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နေအိမ် ၄၅၈ လုံး ဆောက်လုပ်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပုလဲသန္တာဟိုတယ်၊ အင်းဝဘဏ်၊ မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ ဆောင်ရွက်သည့် စီးပွားရေးဇုန်၊ Victoria Cliff ဟိုတယ်၊ ရောဝတီဘဏ် တည်ဆောက်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် Ocean Center ၊ အဆင့်မြင့်ဟိုတယ်များ၊ ပြည်သူ့ထည့်ဝင်ငွေဖြင့် ကုတင် ၅၀၀ ဆံ့ဆေးရုံဆောက်လုပ်ခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ကွန်ဗင်းရှင်းစင်တာ၊ မင်္ဂလာမန္တလေးစီမံကိန်း၊ ညောင်ဦးမြို့နယ်တွင် ဟိုတယ်နှင့်တည်းခိုခန်းများ၊ မြင်းခြံခရိုင်တွင် ဆီမီးခုံဆိပ်ကမ်း ဆက်လက်တည်ဆောက်ခြင်း၊ မြို့သာစက်မှုဥယျာဉ်ဆက်လက်တည်ဆောက်ခြင်း၊ သံတော်မြတ် ဘိလပ်မြေစက်ရုံ တည်ဆောက်ခြင်း၊ မွန်ပြည်နယ်တွင် ကျောက်တန်းစက်ရုံစုလုပ်ငန်းနှင့် Ocean Super Center ဆောက်လုပ်ခြင်း၊ ကမ္ဘာ့ရတနာဘဏ်၊ ဆက်သွယ်ရေး တာဝါတိုင်ဆောက်လုပ်ခြင်း၊ သံဖြူဇရပ်မြို့ အဝေးပြေးဝင်းဆောက်လုပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် Golden Park ဆောက်လုပ်မှု၊ ချယ်ရီရိပ်ကိုယ်ပိုင် အထက်တန်းကျောင်းတည်ဆောက်ခြင်း၊ ရှမ်းပြည်နယ်တွင် တောင်ကြီး ကုန်ခြောက် သားငါးဈေးဆောက်လုပ်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယူနိုက်တက် ဧရာဝတီကုမ္ပဏီမှ ပုဂ္ဂလိကဆေးရုံနှင့် Shopping Mall၊ မြကျွန်းသာအိမ်ရာ စီမံကိန်းများ၊ Just Co.Ltd အထည်ချုပ်စက်ရုံ၊ Nangtong New Top အထည်ချုပ်စက်ရုံ၊ မြောင်းမြမြို့တွင် အဝေးပြေးကားကွင်းကားဂိတ်များ အပါအဝင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရကျပ် ၄,၆၆၂,၂၃၄.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၃.၁ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၂၁)အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၂၂)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၄,၇၀၉,၃၃၉.၅ သန်းရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၁.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၈.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် အမြန်လမ်းများ၊ အဝေးပြေးလမ်းများ၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းများ ချောမွေ့လာခြင်း၊ ပုဂ္ဂလိကအဝေးပြေးကားလိုင်းများ၊ အဆင့်မြင့်မော်တော်ယာဉ်လိုင်း၊ အငှားယာဉ်များစီးရေ တိုးချဲ့ပြေးဆွဲလာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ ရည်မှန်းချက်အပေါ် ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည် -

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ ၅.၅ သန်း၊ ခရီးသည်မိုင် ၂၅.၈ သန်း၊ ကုန်တန်ချိန် ၀.၆၇ သန်း၊ ကုန်တန်မိုင် ၈၉.၆ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ခ) မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်းခရီးသည်ဦးရေ ၀.၃၁ သန်း၊ ပြည်တွင်းခရီးသည်မိုင် ၉၄.၀ သန်း၊ ပြည်ပခရီးသည်ဦးရေ ၀.၀၄ သန်း၊ ပြည်ပခရီးသည်မိုင် ၄၄.၅ သန်း၊ ပြည်တွင်းကုန်တန်ချိန် ၀.၀၀၁ သန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၂၁ သန်း၊ ပြည်ပကုန်တန်ချိန်တွင် ထောင်ပေါင်း ၀.၀၀၇ နှင့် ပြည်ပကုန်တန်မိုင်တွင် ၀.၀၁ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဂ) ကုန်းလမ်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ ၆.၆ သန်း၊ ခရီးသည်မိုင် ၂၂၈.၂ သန်း၊ ကုန်တန်ချိန် ၀.၆ သန်း၊ ကုန်တန်မိုင် ၁၀၁.၂ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဃ) မြန်မာ့မီးရထားသည် ခရီးသည်ဦးရေ ၂၁.၁ သန်း၊ ခရီးသည်မိုင် ၈၈၄.၉ သန်း၊ ကုန်တန်ချိန် ၁.၀ သန်း၊ ကုန်တန်မိုင် ၂၃၇.၅ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ကမ်းရိုးတန်းသွား ပုဂ္ဂလိကပိုင်ရေယာဉ် ၃၆ စင်း ကိုတိုင်းတာစစ်ဆေး၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသောကွန်ဗင်းရှင်းနှင့်အညီ ပုဂ္ဂလိကပိုင်စက်လှေနှင့်ရေယာဉ် ၂,၃၉၂ စီးကို အသက်ကယ်ကိရိယာများ စစ်ဆေး၍လည်းကောင်း၊ ကြယ်ငါးပွင့်ပိုင်သင်္ဘော ၁ စီးနှင့် ပုဂ္ဂလိကပိုင်စက်လှေ ၂ စီးကို ဆက်သွယ်ရေးကိရိယာများ စစ်ဆေး၍လည်းကောင်း သက်သေခံလက်မှတ် ထုတ်ပေးခဲ့ပါသည်။ နိုင်ငံခြားနှင့်ကမ်းရိုးတန်းသွားရေယာဉ် ၃၉၀၅ စီးကို အန္တရာယ်လုံခြုံမှုဆိုင်ရာ လက်မှတ်များစစ်ဆေး၍ ရေယာဉ်ထွက်ခွာခွင့်လက်မှတ် ထုတ်ပေးခဲ့ပါသည်။ ရန်ကုန်ဆိပ်ကမ်းမှထွက်ခွာသည့် ခရီးသည်တင်သင်္ဘောများကိုစစ်ဆေးပြီး B Certificate ၁၀ ကြိမ်ထုတ်ပေးခဲ့ပါသည်။ ပြည်တွင်းရေကြောင်းသွားစက်တပ်ရေယာဉ်နှင့် စက်မဲ့ဆီတင်တွဲ ၁၅၃ စီးကို အသစ်တည်ဆောက်ခွင့် လျှောက်လွှာများစိစစ်ခွင့်ပြုခဲ့ပါသည်။ ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ် ၇၅၂ စီးအား နှစ်ပတ်လည်

စစ်ဆေး၍ လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။ နိုင်ငံခြားသင်္ဘောများပေါ်တွင် သွားရောက်အမှုထမ်းဆောင်ရန် သင်္ဘောသား ၁၅,၆၅၉ ဦးကို စေလွှတ်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြားကုမ္ပဏီပိုင်သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်ကြသော သင်္ဘောသားများထံမှ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၄,၂၀၀ ကောက်ခံခြင်း၊ သင်္ဘောသားများ မိမိနိုင်ငံအတွင်း ယူဆောင်ငွေ အမေရိကန်ဒေါ်လာ ၅၄,၆၀၀၊ မြန်မာငွေကျပ် ၆၇.၂ သန်းကို စိစစ်ကောက်ခံပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဆောင်ရွက်ဆဲဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရွှေကူ-ထီးချိုင့် ရေလမ်းပိုင်း၊ ထီးချိုင့်-မန္တလေးရေလမ်းပိုင်း၊ မန္တလေး-ချောက်ရေလမ်းပိုင်း၊ ချောက်-မကွေးရေလမ်းပိုင်း၊ ကံမ-ကြံခင်းရေလမ်းပိုင်း ကောင်းမွန်ရေးလုပ်ငန်းများနှင့်၊ ဇလွန်မြို့နယ်ဝါသာလကျေးရွာအနီး သောင်တူးလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကာလ အတွင်းဆောင်ရွက်ပေးခဲ့ပါသည်။ ဆောင်ရွက်ဆဲ ချင်းတွင်းမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ချင်းတွင်း၀-မုံရွာရေလမ်းပိုင်း၊ မုံရွာ-မင်းကင်းရေလမ်းပိုင်း၊ မင်းကင်း-မော်လိုက်ရေလမ်းပိုင်းကောင်းမွန်ရေးလုပ်ငန်းများနှင့် အရေးပေါ်ရေလမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကာလအတွင်း ဆောင်ရွက်ပေးခဲ့ပါသည်။ အခြားဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့် ဗိုလ်မြတ်ထွန်းတံတား ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ တိုင်းတာရေးလုပ်ငန်း၊ ရေအရည်အသွေး စမ်းသပ်စစ်ဆေးရေးလုပ်ငန်း၊ သဲနုန်းသယ်ယူပို့ချမှုတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းသစ်များဖြစ်သည့် ဗန်းမော်ဆိပ်ကမ်းရေလမ်း ကောင်းမွန်ရေးလုပ်ငန်းနှင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းများဆောင်ရွက်ခဲ့ပါသည်။ ရေယာဉ်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လွယ်ကူချောမွေ့စွာသွားလာနိုင်ရန် ရေလမ်းညွှန်အမှတ်အသားများအဖြစ် ရေပေါ်အမှတ်အသား ၄,၇၁၈ခုနှင့် ကမ်းပေါ်အမှတ်အသား ၃,၀၆၅ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တံစုန်း ၅၅ ခုကို ဖယ်ရှားပေးနိုင်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ပန်းဆိုးတန်း-ဒလ၊ ဝါးတန်း-ဒလ၊ ရန်ကုန်-ခနောင်တို၊ ရန်ကုန် - လပွတ္တာ(ပြင်)၊ မန္တလေး-ညောင်ဦး(မြန်)၊ မန္တလေး-ဗန်းမော် (ထူးမြန်)၊ စစ်တွေ-မြောက်ဦးခရီးလမ်းတို့မှ

ကမ္ဘာလှည့်ခရီးသည် ၄၈,၈၄၀ ဦးကို ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ခရီးသည်ခနှင့် ရေယာဉ်ငှားရမ်းခ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၀.၁၈ သန်း၊ မြန်မာငွေကျပ် ၂၁၈.၉၄၈ သန်း ရရှိခဲ့ပါသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လေယာဉ်ပျံသန်း ဆင်းသက်မှု ထိန်းသိမ်းခြင်း ၂၀,၃၉၃ ကြိမ်၊ နိုင်ငံနယ်နိမိတ်အပေါ် ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်များ ထိန်းသိမ်းခြင်း ၉၇,၅၂၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့် နောင်မွန်းလေဆိပ်၊ မြစ်ကြီးနားလေဆိပ်၊ လှိုင်ကော်လေဆိပ်၊ သံတွဲလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လုပ်ငန်းသစ်များဖြစ်သည့် မြစ်ကြီးနားလေဆိပ်၊ ဖလမ်းလေဆိပ်၊ ဟုမ္မလင်းလေဆိပ်၊ ကလေးမြို့လေဆိပ်၊ လားရှိုးလေဆိပ်၊ ကျိုင်းတုံလေဆိပ်၊ ဟဲဟိုးလေဆိပ်၊ မိုင်းဆတ်လေဆိပ်၊ စစ်တွေလေဆိပ်၊ သံတွဲလေဆိပ်၊ မာန်အောင်-စမုံတဲလေဆိပ်၊ ပြည်လေယာဉ်ကွင်း၊ လှိုင်ကော် လေယာဉ်ကွင်း၊ ထားဝယ်လေဆိပ်၊မြိတ်လေဆိပ်၊ ဘုတ်ပြင်းလေဆိပ်၊ ကော့သောင်းလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် Air Navigation Service Provider (ANSP) ရုံးခန်း အဆောက်အဦ၊ လေကြောင်းပညာသိပ္ပံဖွံ့ဖြိုးရေးလုပ်ငန်း၊ ရေဒါကုန်းဝန်ထမ်းအိမ်ရာ ရေရရှိရေး လုပ်ငန်းနှင့် လေယာဉ်ကွင်းများ၊ လေဆိပ်၊ လေဆိပ်အဆောက်အဦများ အရေးပေါ်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် ATR-72 လေယာဉ်(၅)စီး၊ Beech Craft -1900 D လေယာဉ်၂စီး၊ EMBRAER လေယာဉ် ၂ စီး၊ CARAVAN လေယာဉ် ၄ စီး၊ Boeing 737 လေယာဉ် ၃ စီး၊ စုစုပေါင်းလေယာဉ် ၁၆ စီးဖြင့် ပုံမှန်ခရီးစဉ် ၂,၆၀၉ ခေါက်၊ စင်းလုံးငှားခရီးစဉ် ၂၄၉ ခေါက်၊ စုစုပေါင်း၂,၈၅၈ ခေါက်ပျံသန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသစခန်း ၆၄ ခု၊ ဇလဗေဒစခန်း ၃၄ ခု၊ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၂ ခု၊ စိုက်ပျိုးရေးမိုးလေဝသစခန်း ၁၈ ခု၊ လေကြောင်း မိုးလေဝသစခန်း ၁၀ ခု၊ မြေငလျင်တိုင်းထွာရေးစခန်း ၁၇ ခုတို့က တိုင်းထွာချက်များ ဆောင်ရွက်ခဲ့ပါသည်။ ပုံမှန်ခန့်မှန်းချက်များနှင့် သတိပေးချက်များကို ၁,၆၇၁ ကြိမ်၊ လေကြောင်း/ရေကြောင်းဆိုင်ရာ လုပ်ငန်းများအတွက် ခန့်မှန်းချက် ၂၄၈ ကြိမ် ထုတ်ပြန်ခဲ့ ပါသည်။ မြစ်ကြီးများ တလျှောက်ဖြစ်ပေါ်ခဲ့သည့် မြစ်ရေအခြေအနေများကို သက်ဆိုင်ရာ ဌာနများသို့ ပေးပို့ခဲ့ပြီး ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်တို့၏ မြစ်ရေခန့်မှန်းချက်များကို ၁၀

ရက်ပတ်အလိုက် တစ်လလျှင် ၃ ကြိမ် ထုတ်ပြန်ပေးခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း အင်အားအနည်းငယ်ရှိ လျှောင် ၁၂ ကြိမ်၊ အင်အားအသင့်အတင့်ရှိ လျှောင် ၃ ကြိမ် နှင့် အင်အားပြင်းထန်သော လျှောင် ၆ ကြိမ်၊ စုစုပေါင်း ၂၁ ကြိမ်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး နိုင်ငံပိုင် ရုပ်သံလိုင်းများနှင့် သတင်းစာများမှ ထုတ်ပြန်ကြေညာနိုင်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးသည်ဧယျာဝတီ၊ ကံလုနှင့် ကန့်ဘလူသကြားစက်များသို့ ၇၂၄ စီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ City Bus စီးရေ ၄၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် City Bus စီးရေ ၂၀၊ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းသားများအတွက် ၆၈၄ စီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ပို့ဆောင်ရေး လိုအပ်ချက်တောင်းခံလာမှုအတွက် စီးရေ ၇၀ ဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။

ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မှမြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာခရီးစဉ်များ၊ အပတ်စဉ်သောကြာနေ့တွင် နေပြည်တော်-မန္တလေးခရီးစဉ်နှင့် တနင်္ဂနွေနေ့ တွင် မန္တလေး-နေပြည်တော် ခရီးစဉ်၊ နိုင်ငံ့ဝန်ထမ်းများအတွက် အပတ်စဉ် သောကြာနေ့တွင် နေပြည်တော်-ရန်ကုန်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်-နေပြည်တော် ခရီးစဉ်များ၊ ပြင်ဦးလွင်-မန္တလေး-ရန်ကုန်နှင့် ပြင်ဦးလွင်-မန္တလေး- မော်လမြိုင် ခရီးစဉ်များ ပြေးဆွဲခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အမြဲစိမ်းလန်း ကုန်းလမ်း ပို့ဆောင်ရေးကုမ္ပဏီလီမိတက်က City Bus များဖြင့် ဒဂုံတက္ကသိုလ်-ဆူးလေယာဉ်လိုင်းအပြင် အဝေးပြေးခရီးစဉ်အဖြစ် ရန်ကုန်-နေပြည်တော်-မန္တလေး ယာဉ်လိုင်းကို ပြေးဆွဲခဲ့ပါသည်။ စန်းရောင်နီ ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်သည် မိုလ်တထောင်-ရန်ကုန်ဘူတာကြီး-အောင်မင်္ဂလာ အဝေးပြေးယာဉ်လိုင်းကို City Bus များဖြင့် ပြေးဆွဲပေးခဲ့ပါသည်။ ကုန်းလမ်း ပို့ဆောင်ရေးနှင့် CJ Korea Express Asia Pte. Ltd တို့ အကျိုးတူပူးပေါင်း၍ CJ Korea Express RT Myanmar Co.Ltd အဖြစ် JV ကုမ္ပဏီဖွဲ့စည်းဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိ၍ ဌာနဝန်ထမ်း များအား ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေပြီး ကုန်တင်ယာဉ် ၂၄ စီးဖြင့် လုပ်ငန်းများဆောင်ရွက်လျက် ရှိပါသည်။ Sunchang Global Pte.Ltd နှင့်

အကျိုးတူပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်လျက် ရှိပါသည်။

စက်ယန္တရားကြီးများအား ဒေသကန့်သတ်ချက်ဖြင့်သာ မှတ်ပုံတင်ဆောင်ရွက်ပေးပြီး မူလတန်ဖိုး FOB (Free on Board) ဈေးနှုန်းအပေါ် ပြည်ပတင်သွင်း ယန္တရားမှတ်ပုံတင်ခ ၅ ရာခိုင်နှုန်း ကောက်ခံခဲ့ပါသည်။ မော်တော်ယာဉ်များ မီးခိုးထွက်ရှိမှုကို Exhaust Emission Tester များဖြင့် စစ်ဆေးဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့်မော်ဒယ် (Brand New) မော်တော်ယာဉ်များအား (ဘယ်မောင်း) သာတင်သွင်းရန် ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။

International Operator License ထုတ်ပေးခြင်း၊ နယ်စပ်ဖြတ်ကျော်၍ လူနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ GMS - CBTA တွင်ပါရှိသည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီရေးစိစစ်ဆောင်ရွက်ခြင်းနှင့် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် သတ်မှတ်ထားသည့် နှစ်စဉ်ကြေး၊ မှတ်ပုံတင်ကြေးနှင့် အခြားနှုန်းထားများအား ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင် လုပ်ငန်းပေါင်း ၁,၅၁၃,၇၂၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင် စစ်ဆေးရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်မြန်ဆန်စွာ ပြီးစီးရေးနှင့် မသမာမှုကင်းစင်ရေး ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။ စည်းကမ်းဖောက်သူ ယာဉ်မောင်းများ၏ ယာဉ်မောင်းလိုင်စင် Chip ပေါ်တွင် ပြစ်မှုမှတ်တမ်း ရိုက်သွင်းနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက ကုန်းလမ်းပို့ဆောင်ရေး သဘောတူစာချုပ်ဝင် အာဆီယံနိုင်ငံများ၊ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများနှင့် အခြားနိုင်ငံများတွင် မောင်းနှင်နိုင်ရန် ယာဉ်မောင်းလိုင်စင်ကတ်များကို ပြင်ဆင် ဆောင်ရွက်ခဲ့ပါသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) နှင့်ပတ်သက်၍ ဆောင်ရွက်ချက်၊ ထပ်မံအကြံပြုချက်များကို နေပြည်တော်ရုံးအပါအဝင် တိုင်းဒေသကြီးရုံး ၃ ခု၊ ပြည်နယ်ရုံး ၂ ခု၊ တွဲဖက်ပြည်နယ်ရုံး ၂ ခု၊ ခရိုင်ရုံး ၁ ခု တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် ၇၉၉ ကြိမ်ကွင်းဆင်း၍ မော်တော်ယာဉ်နှင့် ယာဉ်မောင်းသူများကို အရေးယူ ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်မြို့တွင် ယာဉ်မောင်းသင်တန်း ၃ ကြိမ်ဖွင့်လှစ်ခဲ့ပါသည်။ ရုံးများတွင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း ၁,၄၁၃ ကြိမ်

ဖွင့်လှစ်၍ သင်တန်းသား ၂၃၄,၀၉၁ ဦးကို ပို့ချခဲ့ပါသည်။ ပညာပေးဟောပြောခြင်း ၁,၁၅၈ ကြိမ် ပြုလုပ်၍ ၂၀၈,၈၀၁ ဦးကို အရေးယူခဲ့ပါသည်။ အစီရင်ခံသည့် ကာလအတွင်း အဝေးပြေး လမ်းမကြီးပေါ်တွင် ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ် ၁၆,၆၇၀ စီးကို စစ်ဆေး၍ ၅,၃၀၇ စီး ကို အရေးယူခဲ့ပါသည်။

မြန်မာ့မီးရထား၏ လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထားစင်းရေ ၄၀၊ စာပို့ ရထား ၆၂ စင်း၊ လူစီးကုန်တင် ရထားစင်းရေ ၆၀၊ ခရီးတို ရထား ၂၈ စင်း၊ မြို့ပတ်ရထား ၂၂ စင်း၊ စုစုပေါင်း လူစီးရထား ၄၁၁ စင်းနှင့် ကုန်ရထား၂၁ စင်း ပြေးဆွဲပေးလျက်ရှိပြီး တစ်လပျမ်းမျှ အချိန်မှန်ကန်မှုမှာ အမြန်ရထား ၇၅ ရာခိုင်နှုန်း၊ စာပို့ရထား ၈၉ ရာခိုင်နှုန်း၊ လူစီးကုန်တင်ရထား ၇၈ ရာခိုင်နှုန်းနှင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ၈၉ ရာခိုင်နှုန်းဖြစ်ပါသည်။

အထက်တန်း လူစီးအိပ်ခန်းတွဲ ၁၀ တွဲနှင့် ရိုးရိုးတန်း လူစီးတွဲ ၁၀ တွဲ၊ လူစီးဘရိတ်တွဲ ၅တွဲ TKZ-8 Bogie လုံးရေ ၃၀ တို့ကို မြစ်ငယ်စက်ရုံတွင် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထရက်ရှင် မော်တာ ၁၄၇ လုံးပြုပြင်ပြီးစီးခဲ့ပါသည်။ ထရက်ရှင်မော်တာ ၂၃ လုံးနှင့် Statodyne ၂ စုံကို ပြင်ပ လုပ်ငန်းရှင်မှတစ်ဆင့် နိုင်ငံခြားပြုပြင်ရေး စက်ရုံများသို့အပ်နှံပြုပြင်ခဲ့ပါသည်။ ဒီဇယ် စက်ခေါင်း ၂၃ လုံးကို အကြီးတန်းပြင်ဆင်ခြင်း၊ ၇၈ လုံးကို အလတ်တန်းပြင်ဆင်ခြင်း၊ ၁၁ လုံး ကို အလတ်တန်းမွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ လူစီးတွဲအကြီးတန်း ၂၄၂တွဲ၊ အလတ်တန်း (မမြောက်) ၂၅၁တွဲ၊ ကုန်တွဲအကြီးတန်း ၄၃၅ တွဲ၊ အလတ်တန်း (မမြောက်) ၅၄၆ တွဲ ပြင်ဆင်နိုင်ခဲ့ပြီး ဒီဇယ်စက်ခေါင်းအရန်ပစ္စည်း ၂၀၉ မျိုး၊ ၂၂,၁၂၅ ခု နှင့် တွဲအရန်ပစ္စည်း ၁၁၈ မျိုး၊ ၄၉,၃၄၃ ခု တီထွင်ထုတ်လုပ်နိုင်ခဲ့ပါသည်။

သံလမ်း ၂၈၃.၈၂ မိုင်၊ တံတား ၃၅ စင်း၊ အဆောက်အဦ ၂၅၉ လုံး၊ ဘူတာနှင့် နေအိမ် ရေပေးဝေရေးလုပ်ငန်း ၉ ခုနှင့် စက်ကိရိယာ ၁၀၅ ခု တို့ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ သစ်သားဇလီဖား ၁၅,၀၉၅ တုံးနှင့် ကွန်ကရစ်ဇလီဖား ၃၈၃,၅၀၆ တုံး လဲလှယ်၍ လမ်းခင်းကျောက် ၄၀,၅၉၉.၀၀ ကျင်းဖြည့်တင်းနိုင်ခဲ့ပါသည်။

ဂျပန်နိုင်ငံအကူအညီဖြင့် ရန်ကုန်ဘူတာကြီးအချက်ပြစနစ်နှင့် လုံခြုံမှုစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ပဲခူး-မော်လမြိုင်လမ်းပိုင်းတစ်လျှောက် ဘူတာ ၁၈ ခုတွင် Winch အချက်ပြစနစ်မှ Warner Lever အချက်ပြစနစ်သို့ ပြောင်းလဲတပ်ဆင်ခြင်း၊ မြန်မာ့မီးရထားတွင် Optical Fiber Cable Network သို့ အင်းစိန်ရိုစက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံနှင့် ရုံးဌာနများမှ တိုက်ရိုက် ဝင်ရောက် ဆက်သွယ်နိုင်ရန် OverHead Fiber Cable များရန်ကုန် မှ အင်းစိန်သို့ သွယ်တန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။


Flash Butt Welding Machine, Thermit Welding, All TM စက်ဖြင့် ပါကင်ရိုက်ခြင်း လုပ်ငန်းများကို ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ပဲခူး- မော်လမြိုင်၊ ရန်ကုန်မြို့ပတ်လမ်းပိုင်းများတွင် ပြုလုပ်ပြီး သံလမ်းအဆက်များလျှော့ချခြင်းဖြင့် ရထားခုန်၊ ဆောင့်၊ လူးခြင်းများ သက်သာစေရန် ဆောင်ရွက်ခဲ့ပါသည်။ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် MOI 16V 170 ဒီဇယ်အင်ဂျင်များကို မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ်စက်ခေါင်းများတွင် အစားထိုးတပ်ဆင်ခြင်း ၅ ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒီဇယ်စက်ခေါင်း၊ ရေနွေးငွေ့စက်ခေါင်း၊ RBE စက်ခေါင်း၊ DD 500, DD 1200 Series စက်ခေါင်းများ၏ကိုယ်ထည်များ၊ စက်ပစ္စည်းများ၊ ဘရိတ်နှင့် အင်ဂျင်ပိုင်းဆိုင်ရာ တီထွင်လုပ်ဆောင်ခြင်း ၁၀ မျိုး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ**


၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၆၃၇,၁၃၄.၉ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၄၆.၉ ရာခိုင်နှုန်းတိုးတက်ရန် လျာထားခဲ့ ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၂၃)အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၂၄)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၇၂၅,၄၀၂.၉ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၁၃.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၃၁.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း (၁၅၀၀ ကျပ်တန်) တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို နိုင်ငံအနှံ့သို့ လစဉ် တိုးချဲ့ တပ်ဆင်ပေးခဲ့သောကြောင့် ဆက်သွယ်ရေးကဏ္ဍ၏ အကောင်အထည် ဖော်နိုင်မှုမှာ ၁၁၃.၉ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်း တပ်ဆင်မှု အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၁၃,၅၇၃,၆၄၀ ရည်မှန်းခဲ့ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကအော်ပရေတာများမှ

တပ်ဆင်သောတယ်လီဖုန်းလုံးရေ စုစုပေါင်း ၂၁,၉၅၆,၄၃၇ လုံးဖြစ်ပြီး ၁၆၁.၇၅ ရာခိုင်နှုန်း တပ်ဆင်နိုင်ခဲ့၍ သုံးစွဲခများလည်း တိုးလာပါသည်။ မိုဘိုင်းဖုန်းများ တိုးလာသည်နှင့်အမျှ အင်တာနက်သုံးစွဲမှုလည်း များလာ၍ တယ်လီဖုန်းဝင်ငွေများ တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မိုဘိုင်းဖုန်းများကို လစဉ်တိုးချဲ့တပ်ဆင် ဆောင်ရွက်ခဲ့ပါသဖြင့် ရည်မှန်းချက်အပေါ် ရာခိုင်နှုန်းပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများမှာ ဖော်ပြပါ အတိုင်း ဖြစ်ပါသည် -

(က) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူ ညီချက်ဖြင့် ဆက်သွယ်ရေးနံပါတ်ဆိုင်ရာနည်းဥပဒေကို ၂၀၁၅-၂၀၁၆ ဒီဇင်ဘာ လ (၃) ရက်နေ့တွင်လည်းကောင်း၊ လိုင်းနှုန်းစဉ်ဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ် မတ်လ (၇) ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်နိုင်ခဲ့ပါသည်။ စာပို့တိုက် ဥပဒေ၊ ဆိုက်ဘာဥပဒေများကို ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

(ခ) မိုဘိုင်းတယ်လီဖုန်း SIM ကတ်များ ဖြန့်ဖြူးခြင်းကို ပုဂ္ဂလိကဖြန့်ဖြူးရောင်းချ သူများထံမှ ရောင်းချသည့်စနစ်သစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းမိုဘိုင်း SIMကတ် (၂၁) သန်းကျော် ဖြန့်ဖြူးရောင်းချပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက်လည်း တပ်ဆင်ဆောင်ရွက် လျက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကအော်ပရေတာများ တပ်ဆင် လာသော မိုဘိုင်းဖုန်းများအပါအဝင် တယ်လီဖုန်းလုံးရေ စုစုပေါင်းမှာ ၄၉,၄၁၄,၆၇၁ လုံး တပ်ဆင်ခဲ့ပြီး ဖြစ်ပါသည်။

(ဂ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆက်သွယ်မှုခက်ခဲသော ဒေသများ အတွက် ဂြိုလ်တုဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် မိုဘိုင်းစခန်းပေါင်း (၂၀၀) ကို လည်း တည်ဆောက်ခဲ့ပြီး မြန်မာဂြိုလ်တုဖြင့် ဆက်သွယ်အသုံးပြုနိုင်ရန် စီမံ ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းအနေဖြင့် Packet Switch လိုင်း၊ ဖိုက်ဘာလိုင်း၊ MPT Satellite Terminal E1 လိုင်း၊ ADSL လိုင်း၊ Dial up လိုင်း စသည်ဖြင့် ဆက်သွယ်ရေးစနစ်အမျိုးမျိုးကို အသုံးပြု၍ အင်တာနက် ချိတ်ဆက်အသုံးပြုလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အင်တာနက်လိုင်း ၅,၄၆၅,၄၈၉ လိုင်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ဒုတိယ(၆) လပတ်အထိ အင်တာနက်လိုင်းအင်အား ၁၆,၇၆၀,၉၃၃ လိုင်း နှင့် သုံးစွဲသူဦးရေမှာ ၁၆,၉၂၈,၀၇၂ ရှိလာပြီ ဖြစ်ပါသည်။ ပုဂ္ဂလိက အော်ပရေတာများတပ်ဆင်လာသော အင်တာနက်လိုင်းများအပါအဝင် တပ်ဆင်ပြီး အင်တာနက်လိုင်း စုစုပေါင်းမှာ ၃၉,၁၃၃,၇၄၇ ရှိလာပြီဖြစ်ပါသည်။

(င) ရိဒ်-ကနေဒီ-ဖလမ်း-ဟားခါး-မတူပီ-မင်းတပ် GbE IP မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း သစ်အားတိုးချဲ့ဆောင်ရွက်ခြင်း၊ ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ခြင်းလုပ်ငန်း များဖြစ်သည့် ထားဝယ်-မြိတ်-ကော့သောင်း (48Cores) U/G ဖိုင်ဘာချခင်းခြင်း နှင့် DWDM စက်ပစ္စည်းများတပ်ဆင်ခြင်း၊ မင်းဘူး-အမ်း-စစ်တွေ (96Cores) U/G ဖိုင်ဘာချခြင်းနှင့် DWDM စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး ဝန်းသို-ပွိုင့် ၃၁၇၆ပင်လယ်ဘူး (2+0) မိုက္ကရိုဝေ့ဖ် ဆက်ကြောင်းသစ်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

Telenor Myanmar Ltd. ၊ Ooredoo Myanmar Ltd. နှင့် Myanmar Posts & Telecommunications တာဝါတိုင် ဆောက်လုပ်ပြီးစီးမှုအခြေအနေမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည် -

| စဉ် | အော်ပရေတာအမည် | ဒုတိယ (၆) လပတ်ထိ ဆောက်လုပ်ပြီး တာဝါတိုင် |
|---|---|---|
| ၁ | Ooredoo Myanmar | ၂,၈၅၉ |
| ၂ | Telenor Myanmar Ltd | ၄,၃၁၄ |
| ၃ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ၃,၀၂၀ |
| **စုစုပေါင်း** | | **၁၀,၁၉၃** |

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြည်တွင်း/ပြည်ပ အော်ပရေတာများကို ယှဉ်ပြိုင်လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများကို ပြည်သူများက စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ဝင်ငွေများ တိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေမည် ဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၇၅,၀၈၄.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂၂.၀ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၄-၂၅)အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၂၆)တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၀၀,၀၆၉.၈ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၃၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၂၆.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ် ၁ ခုအား ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ပုဂ္ဂလိကဘဏ်ခွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခြင်း၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ၁ ခုအား ဖွင့်လှစ်ခွင့်လိုင်စင် ထုတ်ပေးခြင်းနှင့် ပြည်တွင်းငွေရေးကြေးရေး ကုမ္ပဏီ ၃ ခုအား လုပ်ငန်း

လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ငွေရေးကြေးရေးဈေးကွက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုတွင် ဒုတိယ(၆) လပတ်အတွင်း၌ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေများ၊ ကော်မရှင်နှင့် ဆောင်ရွက်ခရငွေများမှာ ယခင်နှစ်အလားတူ ကာလထက် ပိုမိုရရှိခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ၏ နိုင်ငံပိုင်အခန်းကဏ္ဍတွင် မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများအတွက် လွယ်ကူလျင်မြန်သော ခေတ်မီဘဏ်လုပ်ငန်းများဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများအထိ ဘဏ်ငွေတိုက်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်စုဆောင်းသူများအနေဖြင့် မိမိစာရင်းဖွင့်ထားသည့်ဘဏ်တွင်သာမက မည်သည့်မြန်မာ့စီးပွားရေးဘဏ်တွင်မဆို ငွေထုတ်ယူနိုင်ရန် တိုးချဲ့ဆောင်ရွက်ခြင်း၊ ATM Card ဖြင့် ငွေထုတ်ယူနိုင်ရန် အခြားဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် အင်းဝဘဏ်၏ Myanmar Mobile Money (MMM) နှင့် အကျိုးတူပူးပေါင်း၍ ခရိုင်/မြို့နယ်ဘဏ်ခွဲ ၁၉၅ ဘဏ်တွင် မိုဘိုင်းဘဏ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာ့စီးပွားရေးဘဏ်၏ ဒုတိယဝင်ငွေ အများဆုံးဖြစ်သည့် ငွေလွှဲလုပ်ငန်းကို ပိုမိုအောင်မြင်စေရန် မလေးရှားနိုင်ငံ၏ Digital Road Map Interactive (DRMI) နည်းပညာအသုံးပြု၍ ပြည်တွင်းငွေလွှဲလုပ်ငန်းများကို အွန်လိုင်းဖြင့် မန္တလေးဘဏ်ခွဲ (၁)၊ (၂)၊ (၃)၊ နေပြည်တော်ဘဏ်ခွဲနှင့် ပျဉ်းမနားဘဏ်ခွဲတို့တွင် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းငွေလွှဲလုပ်ငန်းသာမက ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသူများ အဆင်ပြေစွာ ငွေလွှဲပို့နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် မလေးရှားနိုင်ငံ May Bank တို့ချိတ်ဆက်၍ ဘဏ်၏ Webpage ပေါ်မှ တိုက်ရိုက်ဆက်သွယ်သည့် ငွေလွှဲစနစ် (International Money Express – IME) ဖြင့် ငွေလွှဲပို့မှု ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်အနေဖြင့် နိုင်ငံသားများနှင့် နိုင်ငံခြားသားများအတွက် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းနှင့် နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ ငွေရေးကြေးရေးဝန်ဆောင်မှုကဏ္ဍ တိုးတက်မြင့်မားလာရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း သွင်းကုန်ငွေတောင်းခံလွှာအရေအတွက်ပိုမိုရရှိခဲ့ခြင်း၊ ငွေလွှဲလုပ်ငန်းတွင် ပြည်ပမှငွေလွှဲပေးပို့မှု/ပြည်ပသို့ ငွေလွှဲပို့မှု အကြိမ်

များတိုးလာခြင်းနှင့် နိုင်ငံခြားငွေပြောင်းရွှေ့ခြင်း အကြိမ်များ များပြားခဲ့ခြင်းများကြောင့် ဝန်ဆောင်မှုလုပ်ငန်းဝင်ငွေများ တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို တိုးချဲ့ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ (မိုး)/(ဆောင်း) တို့အတွက် ယခင်နှစ်အလားတူ ကာလထက် လျော့နည်းထုတ်ချေးခဲ့ခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများအပေါ် အတိုးနှုန်းအား ၅ ရာခိုင်နှုန်းသာ ရယူခြင်းများကြောင့် ဘဏ်၏အတိုးရဝင်ငွေမှာ လျော့နည်းခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း ၂၀၁၆ မိုးကြိုစိုက်ပျိုးစရိတ်များကိုလည်း ဆက်လက်ထုတ်ချေးလျက်ရှိပါသည်။

သမဝါယမပိုင်အခန်းတွင် သမဝါယမငွေစုငွေချေးအသင်းများသည် အသင်းသားများ၏ စုဆောင်းငွေများ၊ ပြည်ပချေးငွေများဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အသင်းသားများ၏ ကုန်ထုတ်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရေလုပ်ငန်းသုံးပစ္စည်းများအား အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချလျက်ရှိပါသည်။ အဆိုပါ ချေးငွေလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမဘဏ်၊ Microfinance Bank တို့နှင့်လည်း ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါသည်။

ပုဂ္ဂလိကပိုင်အခန်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ဧရာဝတီ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက် (A Bank) အသစ်တစ်ခု ထပ်မံဖွင့်လှစ်ခဲ့ ပါသည်။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ပုဂ္ဂလိကဘဏ်များ၏ဘဏ်ခွဲများကို တိုးချဲ့ ဖွင့်လှစ် ခဲ့ပါသည်။ ပုဂ္ဂလိက ဘဏ်များအပြင် Mother Finance Company Limited၊ မော်ဂနိုက် ကုမ္ပဏီလီမိတက်၊ Best Merchant Finance Company Limited စသည့် ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီ (၃) ခု ကိုလည်း ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ငွေကြေးဝန်ဆောင်မှုလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများသည် အသက်အာမခံ၊မီး၊ အင်ဂျင်နီယာနှင့်အမျိုးမျိုးအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊

ရေကြောင်းလေကြောင်းနှင့် ခရီးသွားအာမခံ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ အာမခံလုပ်ငန်းများကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အစီရင်ခံသည့် ကာလအတွင်း အာမခံပညာ ပြန့်ပွားရေးအတွက် ကျန်းမာရေးအာမခံဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေးအာမခံရောင်းအားမြှင့်တင်ရေးသင်တန်းအား မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။


ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် အစည်းအဝေး ၂ ကြိမ်ကျင်းပလျက် အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော ပုဂ္ဂလိကအဖွဲ့အစည်းများအား ဥပဒေနှင့်အညီ တရားဝင်လိုင်စင်များ ခွင့်ပြုပေးလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် NGO (၃) ဖွဲ့၊ ပြည်ပကုမ္ပဏီ (၈) ဖွဲ့၊ ပြည်တွင်း ကုမ္ပဏီ (၃၁) ဖွဲ့၊ အစုစပ်ကုမ္ပဏီ (၃) ဖွဲ့၊ စုစုပေါင်း (၄၅) ဖွဲ့အား လုပ်ငန်းလိုင်စင်များ တိုးချဲ့ ထုတ်ပေးခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍ၏ ကုန်သွယ်မှု တန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၉,၃၉၁,၀၇၇.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၆.၉ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၂၇)အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၂၈)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၉,၅၃၃,၆၇၄.၇ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၇.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်မှုမှာ ပြည်ပပို့ကုန်ကို ကျပ် ၇,၀၄၈,၁၈၀.၃ သန်း၊ ပြည်ပသွင်းကုန် ကျပ် ၁၀,၉၇၂,၄၆၇.၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကျပ် ၁၈,၀၂၀,၆၄၇.၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၉၆၁.၉ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ

အမေရိကန်ဒေါ်လာ ၁,၃၁၀.၁ သန်း၊ စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ ၇၆၃.၉ သန်း၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၆၄.၃ သန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၃၂.၅ သန်း၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၁၉.၁ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄.၉ သန်း နှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ ၈၈၀.၉ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅,၅၃၇.၆ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄,၄၂၂.၉ သန်း၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၆၉၈.၀ သန်း၊ လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၅၃၀.၇ သန်း၊ စုစုပေါင်းအမေရိကန် ဒေါ်လာ ၈,၆၅၁.၆ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၄၁.၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ ၁၆.၃ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံမှ ၁၃.၁ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ ၇.၃ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံမှ ၆.၅ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂,၅၂၃.၉ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၂၄၇.၈ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၁၃.၉ သန်း၊ အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၀၂.၄ သန်းနှင့် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၂၂.၈ သန်း ဖြစ်ပါသည်။

အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန်ပစ္စည်း၊ စက်မှုကုန်ချော၊ ရေထွက်ပစ္စည်းများနှင့် သတ္တုနှင့်တွင်းထွက်ပစ္စည်း တို့ဖြစ်ကြပါသည်။

ပြည်ပသွင်းကုန် အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃,၂၉၇.၈ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၃၄၃.၃ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၀၆၅.၅ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၇၀၀.၉ သန်းနှင့် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၃၇.၉ သန်း ဖြစ်ပါသည်။

အများဆုံးတင်သွင်းသောကုန်စည်များမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ အခြားစက်နှင့် စက်ပစ္စည်းများ၊ သဘော်နှင့် သဘော်ပစ္စည်းများ၊ သံနှင့်

သံမဏိဆောက်လုပ်ရေးပစ္စည်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ စားအုန်းဆီနှင့် ဘိလပ်မြေ တို့ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ကုန်သွယ်မှုလိုငွေမှာ ကျပ် ၃,၉၂၄,၂၈၆.၈ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

**ဖြေလျှော့ပေးမှုများနှင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယှဉ်ပြိုင်မှုနည်းဥပဒေ(မူကြမ်း) ကို ရေးဆွဲနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကိုယ်စားလှယ်များဖြင့် ဆွေးနွေးညှိနှိုင်း ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။

Myanmar Tradenet Website တွင် အပြည့်အဝ အွန်လိုင်းအသုံးပြု ပို့ကုန်သွင်းကုန်လိုင်စင်စနစ် (Fully Online License) စတင်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် တိုက်ရိုက်ချိတ်ဆက်အသုံးပြုနိုင်ရေး ဖိုင်ဘာလိုင်းအသစ် ချိတ်ဆက်ခြင်းလုပ်ငန်းအား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပို့ကုန် သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်၊ Price Database System ပီပြင်စွာ ဆောင်ရွက်နိုင်ရန်၊ စနစ်လုံခြုံမှုရှိစေရန်အတွက် နည်းပညာပိုင်းအရ ပိုမိုကောင်းမွန်အောင် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ Single Window အကောင်အထည်ဖော် ဆောင်မှုအနေဖြင့် အကောက်ခွန်ဦးစီးဌာနနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ခွင့်ပြုမိန့်မလိုဘဲ လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီများ၏ သွင်းကုန်လိုင်စင်အတွက် Draw Back စနစ်နှင့် Capital in Kind စနစ်ဖြင့် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်ပနိုင်ငံများနှင့်ကုန်စည်များ ကူးသန်းရောင်းဝယ်ရေး၊ သယ်ဆောင်သွားလာခြင်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အစိုးရဌာနများ၊ လူပုဂ္ဂိုလ်များမှ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းလွယ်ကူစွာ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၏ ပို့ကုန် သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅) ကိုထုတ်ပြန်နိုင်ခဲ့ပါသည်။

နိုင်ငံ၏စိုက်ပျိုးရေးနှင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် အဓိကအရေးကြီး၍ ဈေးကွက်လိုအပ်ချက်ရှိသည့် ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးနှင့် ဆေးရုံသုံးကိရိယာများကို နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုခြင်းကိစ္စအား အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ခြင်း၊ မိုင်းလားထွက်ပေါက်မှ ကျိုင်းတုံ၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေး စခန်းတို့မှတစ်ဆင့် တင်ပို့/တင်သွင်းသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ခွင့်ပြုစာရင်းတွင် မပါရှိသော ကုန်ပစ္စည်းများကို ပို့ကုန် သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုကော်မတီ (Export Import Coordination Committee-EICC) နှင့် ဝန်ကြီးရုံးစီမံခန့်ခွဲမှုကော်မတီသို့တင်ပြ၍ ခွင့်ပြုပေး လျက်ရှိရာမှ အခြားနယ်စပ်ကုန်သွယ်ရေးစခန်းများနည်းတူ ကန့်သတ်ထားသောကုန်ပစ္စည်းများ မှအပ ကျန်ပစ္စည်းများအားလုံးကို တင်ပို့/တင်သွင်းခွင့်ပြုခဲ့ပါသည်။

Safeguard Law on Increased Import (မူကြမ်း) နှင့်ပတ်သက်၍ WTO နှင့် UNESCAP မှ အကြံပြုချက်များရယူ၍ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ခြင်း၊ World Bank မှ ပေးပို့လာသည့် DTIS Draft Report နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်း၊ Trade Development Program (TDP) ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအား အပြည်ပြည်ဆိုင်ရာ အကောက်ခွန်ကျွမ်းကျင်သူအကူအညီဖြင့် အသိပညာရပ်ဆိုင်ရာဆွေးနွေးခြင်း အတွက် EU အစီအစဉ်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း၊ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဌာနခွဲမှ တောင်းခံလာသော SMEs နှင့် Trade Facilitation နှင့်ပတ်သက်သည့် အချက်အလက် များကို ပြုစုဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံမှ MYANTRADE Project အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများတွင် တာဝန်ရှိသည့်အစိုးရအရာထမ်း (၁၀၀) ဦး အား ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်အတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ သင်တန်းများ စေလွှတ်ခဲ့ ပါသည်။

ကုန်သွယ်မှုကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှုပညာပေးရေး ဌာနခွဲ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း ၁ ခု၊ နိုင်ငံခြားအဖွဲ့အစည်းများ၊ ကုမ္ပဏီများ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ရက်တိုသင်တန်း ၁၁ ခု၊ ဌာနတွင်းသင်တန်း ၉ ခု အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သော ပြည်တွင်းသင်တန်း ၁၅ ခု၊ ပြည်ပသင်တန်း ၂၂ ခု၊

ပြည်ပအလုပ်ရုံ ဆွေးနွေးပွဲ ၅ ခု၊ ပြည်ပအစည်းအဝေး ၁ ခု၊ ပြည်ပလေ့လာရေး ၃ ခု၊ ပြည်တွင်းပြည်ပ ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲများ အစည်းအဝေးများသို့ စေလွှတ်ခဲ့ပါသည်။

ရန်ကုန်မြို့ရှိ Myanmar Trade Center ၌ ကုန်သွယ်မှု ဗဟိုဌာနများဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများ၊ အပြည်ပြည်ဆိုင်ရာဈေးကွက်ရှာဖွေရေးကိစ္စရပ်များ၊ ပြည်တွင်း/ ပြည်ပကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများ၊ ကုန်သည်အသင်းများနှင့် ပူးပေါင်း၍ ပညာပေး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ အာဆီယံ-ဂျပန်စင်တာ (AJC)၊ အာဆီယံ-ကိုရီးယားစင်တာ (AKC) တို့နှင့် ကုန်စည်ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ခြင်း၊ အဝတ်အထည်နှင့် ဖိနပ်များတင်ပို့ရာတွင် ကိုက်ညီရမည့် ပင်ရင်းနိုင်ငံစည်းမျဉ်းများအား သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် အကောက်ခွန်သက်သာခွင့် CO Form အသုံးပြုနေသော ကုမ္ပဏီများသို့ပေးပို့ခြင်း၊ စက်မှုထုတ်ကုန်များအတွက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားရာတွင် ထုတ်ကုန်ပစ္စည်း မှတ်ပုံတင်လက်မှတ် (Certificate of Production Registration) များအား စိစစ်ခွင့်ပြုထုတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် လုပ်ငန်းမြှင့်တင်ရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ရွှေလီမြို့တွင် ကျင်းပခဲ့ပါသည်။

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၁၉-၁-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် CLMV အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေးတွင် CLMV Action Plan နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော်လိုသည့် Project များ CLMV Action Plan တွင်ထည့်သွင်းနိုင်ရေးဆောင်ရွက်ခြင်း၊ Review of the Configuration of GMS Economic Corridors များနှင့်ပတ်သက်၍ အာရှဖွံ့ဖြိုးရေးဘဏ် မစ်ရှင်အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ (၁၁) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးအား အောင်မြင်စွာ ကျင်းပ ပြုလုပ်ခြင်း၊ မြန်မာ-တရုတ် ကျိန်စန်းကျော့ ( မန်းမန်-နွမ်းရင် ) နယ်စပ်ဂိတ်ဖွင့်လှစ်မည့်ကိစ္စနှင့် စပ်လျဉ်း၍ လိုအပ်သည်များဆောင်ရွက်ခြင်း၊ စတုတ္ထအကြိမ် မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေး ကော်မတီအစည်းအဝေး $4^{th}$BTC နှင့် ဒုတိယအကြိမ် မြန်မာ-အိန္ဒိယနယ်စပ်ဈေး ပူးတွဲကော်မတီ

အစည်းအဝေး 2nd BH အား Back to Back ကျင်းပနိုင်ရေး အိန္ဒိယနိုင်ငံနှင့်ညှိနှိုင်းဆွေးနွေးခြင်း၊ မယ်စဲ့-ဟွေ့တန္တန် ကုန်သွယ်ရေးစခန်း ပြိုင်တူဖွင့်လှစ်လိုသည့်ကိစ္စနှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အဟန့်အတားများကို လျှော့ချနိုင်ရန် လိုအပ်သဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၃၀) ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီအား ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေငြာခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ပါသည်။

လယ်ယာထွက်ကုန်သီးနှံများ၏ သီးနှံအုပ်စုအလိုက် (ဆန်စပါး ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သုံးသီးနှံ၊ သစ်သီးဝလံ၊ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းနှင့် နှစ်ရှည်သီးနှံ) စိုက်ပျိုးထွက်ရှိမှု၊ မျိုး၊ အလေအလွင့်နှင့် ပြည်တွင်းစားသုံးမှု၊ ပြည်တွင်းစီးဆင်းမှု၊ ပိုလျှံမှုနှင့် ပြည်ပတင်ပို့နိုင်မည့် အလားအလာများကို လေ့လာသုံးသပ်ခြင်း၊ ပြည်တွင်း၌ဖြစ်ပေါ်နေသည့် ဈေးနှုန်းများအရ တောင်သူ၊ ကုန်သည်၊ ပွဲစား၊ စက်ပိုင်နှင့်ပြည်ပတင်ပို့သူများ၏ ကဏ္ဍအလိုက် တွက်ချေကိုက်မှု၊ အခြေအနေများအား သုံးသပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် စီးပွားရေးဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရန် စီးပွားရေးကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် လုပ်ငန်းကဏ္ဍအလိုက်ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ဖန်ခါးမြေ ကုန်သွယ်မှုဗဟိုဌာန နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရာမညကုန်သွယ်မှုဗဟိုဌာနတို့ကို ဖွင့်လှစ်ခဲ့ပါသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဗဟိုစီးပွားရေးဇုန်၊ စီမံကိန်းဇုန်(၁)တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော "မြန်မာ-တရုတ် ကုန်စည်ပြပွဲ" သို့ မြန်မာဘက်မှ ပြပွဲကြီးကြပ်ကွပ်ကဲရေးရုံးခန်း၊ ကျန်းမာရေးဆေးခန်းအပါအဝင် ပြခန်း (၁၂၀) ခန်းဖြင့် တိုင်းရင်းသားရိုးရာအဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်များဖြင့်လည်းကောင်း၊ တရုတ်ဘက်မှပြခန်း (၄၈) ခန်းဖြင့်

လူသုံးကုန်များ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆိုင်ကယ်များ၊ မော်တော်ကားများဖြင့်လည်းကောင်း စုစုပေါင်းပြခန်း (၁၆၈) ခန်းဖြင့် ကုန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ပါသည်။


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပြည်တွင်းကုန်စည်ပြပွဲ (၂၀) ပွဲနှင့် ပြည်ပ နိုင်ငံများသို့ သွားရောက် ပြသခဲ့သည့် ပြည်ပကုန်စည်ပြပွဲ (၂၅) ပွဲ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပခဲ့သည့် ဒေသထွက်ကုန် ကုန်စည်ပြပွဲ (၂) ပွဲ နှင့် အလုပ်ရုံဆွေးနွေးပွဲ (၂) ပွဲတို့ကို ကျင်းပနိုင်ခဲ့ပါသည်။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၈၈၇,၁၉၉.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၂.၁ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

**ပုံ(၄-၂၉)အကောင်အထည်ဖော်နိုင်မှု**
**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၃၀)တိုးတက်မှုနှုန်း**
**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၉၅၂,၁၁၀.၂ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၁၃.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံး ပါဝင်သော ကဏ္ဍဖြစ်ပါသည်။ အစီရင်ခံသည့် ဒုတိယ(၆)လပတ်သည် ပွင့်လင်းရာသီ ဖြစ်သဖြင့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေများနှင့် အရေအတွက်များ တိုးတက်ခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် တနင်္သာရီတိုင်းတွင် ပုဂ္ဂလိကပိုင်ကျောင်း ၂ ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပုဂ္ဂလိကပိုင်ဆေးရုံ ၂ ရုံနှင့် သွားဆေးကုခန်း ၆ ခု၊ မကွေးတိုင်းဒေသကြီးတို့တွင် ပုဂ္ဂလိကပိုင်ဆေးရုံ ၂ ရုံ နှင့် ကယားပြည်နယ်တွင် နေ့ကလေးထိမ်းလုပ်ငန်း ၁ ခု အသီးသီး တိုးတက်ခဲ့ပါသည်။ ဟိုတယ်တည်းခိုဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သော ခရီးသွားလုပ်ငန်းသည် သိသာစွာဖွံ့ဖြိုးတိုးတက်မှုရှိသော လုပ်ငန်းဖြစ်ခြင်းကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာသဖြင့် ဝင်ငွေများလည်း တိုးတက်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်း။** မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တော၊ တောင်သဘာဝရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းကြောင်းဆိုင်ရာ အမွေအနှစ်များဖြင့် ပြည့်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံသို့ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော စီးပွားရေးရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအပြင် လာရောက်လေ့လာ လည်ပတ်လိုသူများ များပြားစွာဝင်ရောက်လာလျက်ရှိရာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက် ရှိပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းသည် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခုဖြစ်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ရန်၊ တိုးတက်များပြားလာသော ကမ္ဘာလှည့်ခရီးသည်များမှ ဒေသခံလူထုနှင့် ပိုမိုရင်းနှီးခင်မင်စွာဆက်ဆံနိုင်ရေး အပြန်အလှန် နားလည်မှု ပိုမိုရရှိရေးနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည်လေးစားလိုက်နာရေး ဆောင်ရွက်နိုင်စေရန်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်များအတွက် တူညီသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်စေရန်၊ ပြည်တွင်းလူမှုစီးပွားရေး ဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာ အခြေခံရန်၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာချိန်

နှင့်တပြေးညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်တို့ကို ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ ပြည်ပခရီးသည်ဝင်ရောက်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ပြည်ပခရီးသည် ၂,၅၀၇,၄၉၉ ဦး လာရောက်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလ၌ ပြည်ပခရီးသည် ၂,၀၆၂,၃၉၄ ဦး လာရောက်ခဲ့သည့်အတွက် ၂၁.၅၈ ရာခိုင်နှုန်း တိုးတက်လာပါသည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် တွင် နိုင်ငံခြားငွေ US$ ၁,၂၈၆,၁၀၇ ထောင်ပေါင်း ရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလ၌ နိုင်ငံခြားငွေ US$ ၁,၁၃၅,၉၁၄ ထောင်ပေါင်း ရရှိခဲ့သည့်အတွက် ၁၃.၂၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ခရီးသည်ဝင်ရောက်မှု တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာရခြင်းမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွား ဧည့်သည်များ အတွက် အဓိကအရေးပါသည့် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှ လွယ်ကူ လျင်မြန်စွာ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဝင်ပေါက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ လေယာဉ်ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ e-visa ရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်း တို့ကြောင့် ခရီးသွားလုပ်ငန်းသည် တိုးတက်လာရခြင်း ဖြစ်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ခရီးသွားလာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း၊ တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်ခြင်း၊ ခရီးသွားလာ ရေးလုပ်ငန်းများအကြား ပြိုင်ဆိုင်မှုဖြင့် အရည်အသွေး တိုးတက်မြင့်မားစေရန် စီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားခရီးသည်များက မြန်မာနိုင်ငံအကြောင်းပိုမိုစိတ်ဝင်စားလာပြီး လာရောက်လေ့လာလိုစိတ်များ ဖြစ်ပေါ် လာစေရန် လိုအပ်သည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်နှင့်အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်သောဝန်ကြီးဌာနများနှင့် ညှိနှိုင်းချမှတ်ခြင်း၊ အများပြည်သူ လည်ပတ်နိုင်သော ခရီးစဉ်များ

သတ်မှတ်ခြင်း၊ မြန်မာနိုင်ငံ၏ ရေ၊ မြေ သဘာဝအလှအပများ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၏ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အထောက်အကူ ဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာရရှိရေးနှင့် သက်တမ်းတိုးမြှင့်ပေးရေးအတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကြီးကြပ်မှုဌာနခွဲသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းလိုင်စင် (၄) မျိုးကို ထုတ်ပေးလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် ထုတ်ပေးခဲ့သော လိုင်စင်များအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် ပြည်တွင်းပုဂ္ဂလိကပိုင် ဟိုတယ်လုပ်ငန်း ၁၀၁ လုံး နှင့် အခန်း ၃,၆၅၅ ခန်း အား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ် ပေးခဲ့ပါသည်။

(ခ) **ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား သက်တောင့်သက်သာစွာ ပို့ဆောင်ပေးနိုင်ရန် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၈၄ ခု အား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ဂ) **ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေး ကုမ္ပဏီ ၂၉၈ ခု အား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ဃ) **ဧည့်လမ်းညွှန်လိုင်စင်။** မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့် ခရီးသည်များသည် ၎င်းတို့၏ ဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်းကို

နှစ်သက်ကြပါသည်။ ယင်းသို့ရှင်းလင်း ပြောကြားနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(ဖ)လပတ်တွင် သက်ဆိုင်ရာ ဘာသာရပ် ဧည့်လမ်းညွှန် (ဒေသဆိုင်ရာဧည့်လမ်းညွှန်အပါအဝင်) ၇၃၃ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်ဦးရေ ပိုမိုတိုးမြှင့်လာရောက်စေရေး အလေးထားဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အဆင့်အတန်းပြည့်မီစွာ ဖွံ့ဖြိုးလာရေး၊ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးရေးနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို အထောက်အကူပြုရေးနှင့် ခရီးသွားလုပ်ငန်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးမှု လျော့ပါးရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဆိုးကျိုးသက်ရောက်မှု နည်းပါးရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် မြန်မာနိုင်ငံသားများအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုအခြေပြု၍ နိုင်ငံအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာရေးတို့ကို ဖြစ်ပေါ်စေသည်သာမက လူမှုရေး၊ စီးပွားရေး နယ်ပယ်အသီးသီးမှ ရရှိလာသော အကျိုးအမြတ်များကို နိုင်ငံသားများအားလုံး ရရှိခံစားကြရန် ရည်ရွယ်သည့် လုပ်ငန်းဖြစ်သည့်အတွက် ခရီးသွားမှုပုံစံများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့် အရင်းအမြစ်များ ပိုမိုဖော်ထုတ်ခြင်း၊ ခရီးသွားလာမှုလွယ်ကူစေရေး ဖြေလျော့မှုပေးခြင်း၊ အခြေခံအဆောက်အအုံနှင့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့ကို အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စများ၊ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁,၀၇၁,၁၈၉.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၇.၉ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၄-၃၁) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၃၂) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၅၁၈,၈၅၄.၅ သန်းရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၄၁.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသော စီးပွားရေးအဆောက်အအုံဖြစ်ပေါ်စေရန် နှင့် ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်သည့် လူမှုစီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်အဆင့်အတန်းမြင့်မားရေး၊ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင် လုပ်သားများပေါ်ထွန်းလာရေး၊ လူမှုအကာအကွယ်ပေးရေး၊ အလုပ်အကိုင်ရရှိရေး၊ လူ့စွမ်းအား

အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ယဉ်ကျေးမှု အစရှိသော လူမှုရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်း ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ဒုတိယ ၆ လပတ်အတွင်း လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် အိမ်ခြေ (၂၄၈) လုံး၊ ဒုက္ခသည်ပေါင်း (၅၉၁) ဦးအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် မြေလမ်း(၅၃၃)မိုင်၊ ကျောက်လမ်း(၃၅၅)မိုင်၊ ကတ္တရာလမ်း(၈၆)မိုင်၊ ကွန်ကရစ်လမ်း(၂၅)မိုင်၊ တံတားကြီး(၂၄)စင်း၊ တံတားငယ်(၂၇၀)စင်း၊ ရေပွန်(၂၉၇)ခု တည်ဆောက်ခြင်းနှင့် လမ်း(၅/၀)မိုင် ထိန်းသိမ်းနိုင်ခဲ့ခြင်း၊ မီးစက်(၁)လုံး၊ ဆိုလာ(၁၆,၃၇၈)စုံ၊ မီးသွယ်တန်းခြင်း (၉/၀) မိုင်၊ ဘုန်းကြီးကျောင်း(၆)ကျောင်း၊ အခြားသာသနိက (၁၈) ခုနှင့် ပြုပြင်မွမ်းမံခြင်း(၄) ခု တို့ကို အကောင်ထည်ဖော်နိုင် ခဲ့ပါသည်။

(ဂ) နယ်စပ်ဒေသဖွံ့ဖြိုးရေးနယ်မြေအတွင်း သဘာဝရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြုပြင်ခြင်းလုပ်ငန်းတွင် လမ်းလုပ်ငန်း (၅)ခု၊ တံတား လုပ်ငန်း (၃) စင်း ပြုပြင်ခြင်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် ဝန်ထမ်းအိမ်ရာလုပ်ငန်း (၆) ခု၊ အိမ်ရာပြုပြင်ခြင်းလုပ်ငန်း (၃၀) ခု ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ပေးခဲ့ ပါသည်။

(ဃ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အိန္ဒိယသမ္မတနိုင်ငံတို့ပူးပေါင်း၍ ချင်းပြည်နယ်တွင်စာသင်ကျောင်း(၁၁) ကျောင်း၊ တံတား (၅)စင်း၊ ကျန်းမာရေးလုပ်ငန်း (၉)ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စာသင်ကျောင်း(၁၀)ကျောင်း၊ တံတား(၃)စင်း၊ ကျန်းမာရေးလုပ်ငန်း(၈)ခု တို့ကိုတည်ဆောက်ပေးခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် အခြေခံပညာမူလတန်းကျောင်း (၈)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း နှင့် တွဲဘက်အခြေခံပညာ အလယ်တန်းကျောင်းတို့ကို တစ်ကျောင်းစီ တည်ဆောက်ပေးခဲ့ပါသည်။

(င) JICA (Japan International Cooperation Agency) နှင့် ပူးပေါင်း၍ ရွှေ့ပြောင်း စီမံကိန်းများအဖြစ် ကရင်ပြည်နယ်တွင် နေရောင်ခြည်စွမ်းအင်ဖြင့် ရေရရှိရေး လုပ်ငန်း၊ မူလတန်းလွန်ကျောင်း ဆောက်လုပ်ခြင်း၊ စာသင်ကျောင်း ဆောက်လုပ်ခြင်း၊ လူထုအခြေပြု အဆောက်အဦဆောက်လုပ်ခြင်း လုပ်ငန်းများ၊ မွန်ပြည်နယ်တွင် လျှပ်စစ်မီးဖြင့် ရေရရှိရေးလုပ်ငန်း၊ အလယ်တန်းကျောင်းဆောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်း၊ မူလတန်းကျောင်း ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများ အတွက် အိပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(စ) SWISS Agency For Development Cooperation (SDC) နှင့် ပူးပေါင်း၍ မွန်ပြည်နယ် နှင့် ကရင်ပြည်နယ် တို့တွင် ပညာရေးကဏ္ဍ၌ အမက၊ အထကနှင့် အလကကျောင်း(၅)ကျောင်း၊ မူလတန်းကျောင်း(၆)ကျောင်း၊ စာသင်ကျောင်း(၅) ကျောင်း နှင့် စာကြည့်တိုက်(၁)ခု တို့ကိုလည်းကောင်း၊ SDC နှင့် UNHCR တို့ပူးပေါင်း၍ စာသင်ကျောင်း(၁၄)ကျောင်း၊ SDC နှင့် UNICEF တို့ပူးပေါင်း၍ စာသင် ကျောင်း(၂၅)ကျောင်း၊ SDC နှင့် EU-SIRP တို့ပူးပေါင်း၍ စာသင် ကျောင်း(၁၉)ကျောင်း တို့ကို ဆောက်လုပ်ပေးခဲ့ပြီး ကျန်းမာရေးကဏ္ဍတွင် SDC မှ ကျေးလက်ကျန်းမာရေးဌာနခွဲ (၅)ခု၊ SDC နှင့် UNHCR တို့ ပူးပေါင်း၍ ကျေးလက်ကျန်းမာရေးဌာနခွဲ (၇)ခု၊ SDC နှင့် EU-SIRP တို့ပူးပေါင်း၍ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃)ခု နှင့် ရေတွင်း၊ ရေကန်၊ ရေစက် နှင့် ရေသွယ်တန်းခြင်း၊ ရေလှောင်ကန် တည်ဆောက်ပေးခြင်းလုပ်ငန်း စုစုပေါင်း (၁၃)ခုနှင့် ရွာတွင်းတံတားငယ်(၁)ခုတို့ကို ဆောက်လုပ်ပေးခဲ့ပြီး ဆေးဝါးနှင့် အစားအစာတို့ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါ သည်။

(ဆ) အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် မင်းပြားမြို့နယ်၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အခြေခံပညာမူလတန်း ကျောင်း (၄) ကျောင်း ဆောက်လုပ်ခဲ့ပါသည်။

(ဇ) United Nations Development Programme (UNDP) နှင့်ပူးပေါင်း၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်တို့တွင်

ကျေးရွာဆင်းရဲမှု စံနှုန်းသတ်မှတ်ချက် ပြန်လည်ဆန်းစစ်ခြင်း၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းမှုသင်တန်း၊ လမ်း/ တံတား နှင့် အခြေခံအဆောက်အဦများ၊ လူမှုရေးသင့်မြတ်မှုသင်တန်း၊ လူမှုကာကွယ်ရေး သင်တန်း၊ လူမှုကာကွယ်ရေး အထောက်အပံ့နှင့် အခြားလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ရာ လူဦးရေ (၉၂၆,၀၄၀) ဦးအား အကျိုးသက်ရောက်စေခဲ့ပါသည်။

(ဈ) United Nations High Commissioner for Refugees (UNHCR) နှင့် ပူးပေါင်း၍ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေရရှိရေး လုပ်ငန်း (၃,၃၃၉)ခု၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူထုဝန်ဆောင်မှုလုပ်ငန်း (၂,၄၆၈) ကြိမ်၊ ပညာရေးလုပ်ငန်း(၁၃)ခု၊ ကျန်းမာရေးလုပ်ငန်း (၂၃,၁၈၆) ကြိမ်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်း (၁၂,၀၈၀) ကြိမ်၊ နေအိမ်နှင့် အခြေခံ အဆောက်အအုံလုပ်ငန်း၊ (အစားအသောက်မဟုတ်သော ပစ္စည်းများထောက်ပံ့ ပေးခြင်း) (၆၄,၆၉၈)ခု၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း (၅၅၀)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ည) World Food Programme(WFP)၊ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)၊ နိပ္ပွန် ဖောင်ဒေးရှင်း (BAJ)၊ Groupe de Recherches Technologiques (GRET)၊ Malteser International၊ Swiss Foundation for Development Cooperation (SWISSAID)၊ Welthungerhilfe (Whh)၊ World Vision ၊ Terra People Association (TPA)၊Association of Medical Doctors of Asia (AMDA)၊ SWISS Agency For Development Cooperation (SDC)၊ Japan International Cooperation Agency (JICA)၊ The Lutheran World Federatioin(LWF) တို့နှင့် ပူးပေါင်း၍ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်း ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ အမျိုးသမီးဖွံ့ဖြိုးရေးစီမံကိန်း၊ စာသင်ကျောင်းဆောက်လုပ်ခြင်း၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ စိုက်ပျိုးရေး

နှင့် စိုက်ပျိုးရေးရရှိရေး၊ မွေးမြူရေး၊ ဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ သဘာဝအရင်းအမြစ် ရေရှည်တည်တံ့ရေး၊ လူထုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသေးစားငွေစုငွေချေးလုပ်ငန်းစီမံကိန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဌ) အစီရင်ခံသည့်ကာလအတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်း (၅) ကျောင်းမှ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး (၄၀)ဦး၊ အခြေခံစက်ပြင် (၁၇၃)ဦး၊ အခြေခံလျှပ်စစ်ဂဟေ (၁၁၀)ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် (၁၉)ဦး၊ စုစုပေါင်း (၃၄၂) ဦး တို့အား သင်ကြားပေးခဲ့သည့်အပြင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်(Mobile) သင်တန်းများတွင် ဒုတိယ(၆)လပတ် ကာလအတွင်း စစ်တွေ (Mobile) တွင် အခြေခံစက်ပြင် သင်တန်းသား (၈၀)ဦး၊ ဖလမ်း(Mobile) တွင် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး(၅၀)ဦး၊ စုစုပေါင်း (၁၃၀)ဦးအား သင်ကြားပေးခဲ့ပါသည်၊

(ဍ) အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (၃၉) ကျောင်းတွင် အခြေခံအိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေးစက်ဆွဲ၊ ကျောက်စီပန်းချီ၊ ဂျပ်ခုတ်/ ရက်ကန်းစသည့်သင်တန်းများကို ဖွင့်လှစ်ပေးပြီး သင်တန်းသူ စုစုပေါင်း (၃,၈၈၄) ဦးအား သင်ကြားပေးခဲ့ပြီး အထူးဖွင့်လှစ်သည့် သင်တန်းများဖြစ်သည့် (Mobile Team) အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းများတွင် ဒုတိယ (၆) လပတ်ကာလအတွင်း ဖွင့်လှစ်သော (MobileTeam) သင်တန်းများသို့ သင်တန်းသူ (၅၅၁) ဦး တက်ရောက်ခဲ့ကြပါသည်၊

(ဎ) ကယားပြည်နယ် လွိုင်ကော်မြို့တွင် လွိုင်ကော်ပညာရေးကောလိပ်ကို ၅-၁၂-၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

(ဏ) ကလေးပျော်ကျောင်းစီမံချက်အရ မြေပုံမြို့နယ်၊ စစ်တွေမြို့နယ်၊ အမ်းမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်များမှ နည်းပြများအား Training of Trainer (TOT) သင်တန်းပေးခဲ့ပါသည်။

(တ) Development Partner များနှင့်ပူးပေါင်း၍ National Education Stratrgic Plan (NESP) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို ရေးဆွဲခဲ့ပါသည်။

(တ) အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်းကို လုပ်ငန်းစဉ် (၁၀) ရပ်၊ စီမံချက် (၃၁) ခုနှင့် စီမံချက်ခွဲ (၁၀၈) ခုဖြင့် ပြင်ဆင်ဖြည့်စွက် ပြုစုခဲ့ပါသည်။

(ထ) လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ Multi- Level MoE Capacity Gap Assessment and Initial Targeted Capacity Building စီမံချက်အရ Multi-Level MoE Capacity Gap Assessment ကိုသိရှိရန်အတွက် Survey များ ကောက်ယူခဲ့ပါသည်။

(ဒ) လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ ဘက်စုံလွှမ်းခြုံသော အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု စီမံကိန်း (National Comprehensive Human Resources Development Plan - NCHRDP) ရေးဆွဲရန် ဆောင်ရွက်ခဲ့ပါသည်။

(ဓ) ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ မူကြိုဆရာမများ မွမ်းမံသင်တန်းကို သင်တန်း (၂၃) နေရာတွင် နည်းပြ (၅၃) ဦးနှင့် သင်တန်းသား (၇၅၁) ဦး တို့ကို သင်တန်း ပေးခဲ့ပါသည်။

(န) ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်းများကို မန္တလေးတိုင်းဒေသကြီး၊ မွန် ပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ခဲ့ပါသည်။

(ပ) ပညာရေးဝန်ကြီးဌာနနှင့် World Bank တို့ပူးပေါင်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည် -

(၁) မူလတန်းအောက်အဆင့် ကလေးများ၏ မြန်မာစာဖတ် စွမ်းရည်စစ်ဆေး အကဲဖြတ်ခြင်း သုတေသနလုပ်ငန်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး (အနောက်)ရှိ အခြေခံပညာကျောင်း ၆၀ တွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

(၂) ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ငွေကြေးထောက်ပံ့သည့် စီမံကိန်း (School Grant and Stipend Program) လုပ်ငန်းဆောင်ရွက် ရာတွင် Operational Guide Lines ရေးဆွဲခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း နှင့် လေ့လာကြီးကြပ် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(၃) Teachers' Mentoring Program လုပ်ငန်းအတွက် Program Design ရေးဆွဲခြင်းများဆောင်ရွက်ခဲ့ပါသည်။

(ဖ) ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ပူးပေါင်း၍ ကျောင်းအခြေပြု ဆရာအတတ်ပညာရေး အစီအစဉ် (School Based Inservice Teacher Education Program-SITE) အတွက် သင်တန်းပေးခြင်းနှင့် ကြီးကြပ်အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဗ) Grade-1 to Grade-12 ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် ရေးဆွဲရေးကို ဆောင်ရွက်ခဲ့ပါသည်။

(ဘ) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူလတန်းသင်ခန်းစာ (၁၄) ခု၊ အလယ်တန်းသင်ခန်းစာ (၁၄) ခု၊ အထက်တန်းသင်ခန်းစာ (၃) ခု၊ ပညာရေးဘွဲ့ စာပေးစာယူ သင်ခန်းစာ (၅) ခုနှင့် ပညာရေးအထူးအစီအစဉ် (၆) ခု တို့ကို ထုတ်လွှင့်ခဲ့ပါသည်။

(မ) ထူးချွန်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်အတွက် Polytechnic School (ညောင်ရွှေ) တွင် ပုံမှန် GTHS သင်တန်းနှင့် ကာလတိုသင်တန်းများ သင်ကြားပို့ချနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

(ယ) အိန္ဒိယသမ္မတနိုင်ငံ International Institute of Information Technology-Bangalore တို့နှင့်ပူးပေါင်း၍ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (မန္တလေး) ကို ဖွင့်လှစ်ခဲ့ပြီး ပထမနှစ် B.E(Hons;)CSE နှင့် B.E(Hons;)EC ဘွဲ့ကြိုသင်တန်းများကို စတင်ဖွင့်လှစ်ခဲ့ပါသည်၊

(ရ) အစီရင်ခံသည့်ကာလအတွင်း ပြည်သူတို့၏ ကျန်းမာရေး မြှင့်တင်နိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(၁) တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး ၁၅ ရုံး နှင့် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး ၂ ရုံးတို့အား စံကိုက်ပြင်ဆင်ဖွဲ့စည်းခြင်း။

(၂) ဆေးရုံခုတင် အဆင့်တိုးမြှင့်ခြင်း ၁၇ ရုံ၊ တိုက်နယ်ဆေးရုံခုတင် အဆင့်တိုးမြှင့်ခြင်း ၃ ရုံ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး ၁၇ ရုံး၊ ခရိုင် ပြည်သူ့

ကျန်းမာရေးဦးစီးဌာနမှူးရုံး ၇၄ ရုံး နှင့် မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူးရုံး ၃၃၀ ရုံးတို့အား တိုးချဲ့ဖွင့်လှစ်ခြင်း။

(၃) ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၃၈ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၄၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၂၅ ခု၊ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂ ရုံ၊ သူနာပြုသင်တန်းကျောင်း ၁ ကျောင်း နှင့် သားဖွားသင်တန်းကျောင်း ၂ ကျောင်းတို့ အသစ်ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပါသည်။

(လ) အစီရင်ခံသည့်ကာလအတွင်း ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အစာအဆိပ်သင့်ဖြစ်ပွားမှု၊ ကရင်ပြည်နယ်တွင် သံသယကြက်ညှာချောင်းဆိုးရောဂါဖြစ်ပွားမှု၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သံသယဦးနှောက်အမြှေး ရောင်ရောဂါဖြစ်ပွားမှု၊ ရခိုင်ပြည်နယ်တွင် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု၊ ချင်းပြည်နယ်တွင် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကျောက်ရောဂါဖြစ်ပွားမှု၊ ကယားပြည်နယ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုတို့နှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

(ဝ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ ကလေးကျန်းမာ ဖွံ့ဖြိုးရေးစီမံချက်၊ ကျောင်းကျန်းမာရေး လှုပ်ရှားမှုအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အစည်းအဝေး/ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ကွင်းဆင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(သ) လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု အမျိုးပေါင်း (၆၃) မျိုးတို့အတွက် စစ်ဆေးမှုပေါင်း ၁,၃၆၇ ခုကို ဆောင်ရွက်ခဲ့ပြီး သင်တန်း (၇) ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း (၁၀) ကြိမ် တို့ကိုဆောင်ရွက်ခဲ့ပါသည်။

(ဟ) ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအနေဖြင့် ငှက်ဖျားရောဂါလူနာ ၃၅,၈၀၁ ဦး၊ ပြင်ပလူနာ ၃၃,၈၉၆ ဦး၊ အတွင်းလူနာ ၁,၉၀၅ ဦး၊ (RDT/ Microscope) ဖြင့်

သွေးစစ်ဆေးပေးသူ လူနာ ၄၄၉,၄၅၅ ဦးအနက်မှ ရောဂါပိုးတွေ့ရှိသူ ၃၅,၈၀၁ ဦးကို ကုသပေးနိုင်ခဲ့ပါသည်။

(ဠ) သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်းလုပ်ငန်းအနေဖြင့် မြို့နယ် ၁၄၈၊ ရပ်ကွက်/ကျေးရွာ ၇၄၇၊ အိမ်ခြေ/ကျောင်း ၈၃,၆၃၉ ခုတို့ကို ဆေးမှုတ်ဆောင်ရွက်ခဲ့ပြီး ၃၂၁,၂၅၉ ဦးတို့ကို ကာကွယ်ပေးနိုင်ခဲ့သည့်အပြင် ၅၈၅,၇၁၆ ဦးအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(အ) အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံး DOTS နည်းပညာဖြင့် တစ်နိုင်ငံလုံးတွင် လူဦးရေ ၁၀၀,၀၀၀ လျှင် (Bact. Confirmed Cases) ၄၉ ဦး နှင့် (Total TB Cases) ၁၄၅ ဦးနှုန်းဖြင့် ကုသမှုပေးနိုင်ခဲ့ပါသည်။

- တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်ကို အစည်းအဝေး/ဆွေးနွေးပွဲ(၁၀) ကြိမ်၊ သင်တန်း ၂ ကြိမ် နှင့် ကွင်းဆင်းဆောင်ရွက်ခြင်း ၃ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။
- အနာကြီးရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် လက်ကျန်မှတ်ပုံတင်ဆေးကုသသူပေါင်း ၂,၄၀၄ ဦး၊ အမ်ဒီတီဆေးပေါင်းတိုက်ကျွေးသူလူနာပေါင်း ၂,၄၀၄ ဦး၊ လူနာသစ်ပေါင်း ၁,၂၃၅ ဦး၊ ဆေးစံနှုန်းပြည့် ဆေးစားပြီးသူ ၁,၂၆၉ ဦးတို့အား ကုသပေးနိုင်ခဲ့ပြီး အစည်းအဝေး/ဆွေးနွေးပွဲ ၄ ကြိမ်၊ သင်တန်း ၁၄ ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ချက် ၃ ကြိမ် တို့ကို ဆောင်ရွက်ခဲ့ပါသည်။
- မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံချက်အနေဖြင့် မျက်မမြင်ကာကွယ်ကုသမှုလုပ်ငန်းမှ အကြီးစားခွဲစိတ်မှု ၆,၉၂၅ ခု၊ အသေးစားခွဲစိတ်မှု ၃,၃၀၀ ခု၊ ပြင်ပလူနာကြည့်ရှုခြင်း ၄၃,၂၃၆ ဦး၊ ကွင်းဆင်းကုသရွာသားပေါင်း ၃၅,၇၈၂ ဦး၊ ကုသကျောင်းသားပေါင်း ၃,၈၇၂ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။
- သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်တွင် သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာ ၂ နှစ် သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၉ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

- အစီရင်ခံကာလအတွင်း ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၉ ဦး၊ ဆေးလက်တွေ့ ပါရဂူဘွဲ့ ၃၇ ဦး၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ ၃ ဦး၊ ဒီပလိုမာဘွဲ့ ၁၁၄ ဦး၊ ဆေးပညာမဟာသိပ္ပံ ၂၇၁ ဦး မွေးထုတ်နိုင်ခဲ့ပါသည်။
- တိုင်းရင်းဆေးဖြင့် တိုင်းရင်းဆေးရုံများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများတွင် လူနာပေါင်း ၆၈၆,၈၁၉ ဦး (ပြင်ပလူနာ ၄၉၆,၈၆၅ ဦး၊ အတွင်းလူနာ ၆,၀၈၂ ဦး နှင့် ကွင်းဆင်းကုသလူနာ ၁၈၃,၈၇၂ ဦး) တို့ကို ကုသမှုများ ဆောင်ရွက်ပေး ခဲ့ပါသည်။
- ပြည်သူတို့၏ ကျန်းမာကြံ့ခိုင်ရေး နှင့် ပတ်သက်၍ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည် -
    - ပြည်တွင်းအားကစား ပြိုင်ပွဲ(၅၂)ပွဲ၊ ပြည်ပအားကစား ပြိုင်ပွဲ (၁၄) ပွဲ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲ (၇)ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။
    - 38th Class of the Academy for foreign Athletics Coaches သို့ (၁)ဦး၊2015 iSR Education for the Retiring Athletes သင်တန်းသို့ (၁)ဦးနှင့် Targeting Rio 2016 သင်တန်းသို့ (၁)ဦး အသီးသီး စေလွှတ်ခဲ့ပြီး ပြည်ပမှ ကျွမ်းကျင်အားကစားသမားများနှင့် ပူးတွဲလေ့ကျင့် ခဲ့ပါသည်။
    - အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တွင် အားကစားနည်း (၃၃) နည်းဖြင့် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/ သူ စုစုပေါင်း (၇၂၄) ဦးတို့အား လေ့ကျင့်သင်ကြား ပေးလျက်ရှိပါသည်။
    - အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၏ ၂၀၁၅-၂၀၁၆ပညာသင်နှစ်၌ အားကစားနည်း (၃၃)နည်းဖြင့် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သူစုစုပေါင်း (၆၉၀)ဦး တို့အား လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။
    - အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)၏ ၂၀၁၅-၂၀၁၆ ပညာသင် နှစ်၌ အားကစားနည်း (၁၀)နည်းဖြင့် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သူ စုစုပေါင်း (၂၃၀)ဦး တို့အားလေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

- အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အားကစားနည်း (၁၀)နည်းဖြင့် သင်တန်းသား/သူ စုစုပေါင်း (၂၃၀)ဦး တို့အား လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။
- အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)မှ ကိုရီးယားနိုင်ငံသို့ တိုက်ကွမ်ဒိုအားကစားနည်းမှ (၁)ဦး၊ ဂျပန်နိုင်ငံသို့ ဘောလုံးအားကစား နည်းမှ (၂)ဦး၊ ထိုင်းနိုင်ငံသို့ ပြေးခုန်ပစ်အားကစားနည်းမှ(၂)ဦး တို့အား သွားရောက်ယှဉ်ပြိုင်နိုင်ရန် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပါသည်။

- အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် ပူးပေါင်းဆောင်ရွက်မှု များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -
  - (၂၃) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ပုံမှန်သုံးသပ်ချက် (Univesal Periodit Review) Working Group Session ၌ ကလေးများကို အလုပ်သမားများအဖြစ် အခမ္မခိုင်းခံရမှုများအား ပပျောက်စေရန် ဆောင်ရွက်ပေးရေးအချက်နှင့် ပတ်သက်၍ သုံးသပ်မှုခံယူခြင်း အစီရင်ခံစာ အား တင်ပြခဲ့ပါသည်။
  - မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးထားသော ပြဋ္ဌာန်းချက်အမှတ် ၁၆၊ ၂၂၊ ၂၉၊ ၆၃၊ ၁၈၂ တို့နှင့်စပ်လျဉ်းသည့် အစီရင်ခံစာအား အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများထံသို့ ပေးပို့ပြီးကြောင်း အကြောင်းကြားသည့်စာအား ဂျီနီဗာရုံးချုပ်သို့ ပေးပို့ခဲ့ပါသည်၊
- ASEAN နှင့်ပူးပေါင်း၍ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင် နိုင်ရေးအတွက် မဏ္ဍိုင် (၃)ရပ်တို့မှ ချမှတ်ထားသည့် အလုပ်သမားရေးရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်တွင်း/ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပေးနိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
  - တိုင်းဒေသကြီး၊ ပြည်နယ် (၁၅)ခု၌ ပြည်တွင်းအလုပ်အကိုင် အလုပ်သမား မှတ်ပုံတင်ဦးရေ (၁,၃၆၇,၃၈၃) ဖြစ်ပြီး၊ ပယ်ဖျက်ဦးရေ (၃၇၄,၂၅၁) ဦးရှိ၍ အလုပ်ရဦးရေ (၁၂၆,၂၁၂)ဦး ဖြစ်ပါသည်။ အလုပ်အကိုင်ရရှိမှုတွင် အစိုးရ

ဌာန၊ အဖွဲ့အစည်းများ၌ (၁၁,၅၇၄) ဦး၊ ပုဂ္ဂလိကလုပ်ငန်း/ကုမ္ပဏီ များ၌ (၁၁၄,၆၃၈) ဦးတို့ ဖြစ်ကြပါသည်။

- တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ပြုလုပ်ခဲ့ရာ မှတ်ပုံတင်သူ (၁,၀၃၇) ဦးအနက် (၇၅၄)ဦး အလုပ်အကိုင် ရရှိစေခဲ့ပြီး၊ သွားလာရန် ခက်ခဲသည့်ဒေသများသို့ Mobile Team ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းတွင် မှတ်ပုံတင်သူ (၉,၁၈၅) အနက် (၆,၀၉၀) ဦး အလုပ်ရရှိစေခဲ့ပါသည်။
- ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ (၂၅၆) ခု ရှိပြီး၊ အေဂျင်စီ (၁၉၂) ခု၊ Famoso Clothing နှင့် Myanmar Engineering Society တို့မှ ပြည်ပနိုင်ငံ (၇)နိုင်ငံသို့ အလုပ်သမား (၅၃,၈၆၂)ဦး စေလွှတ်ခဲ့ပါသည်။ အေဂျင်စီ (၁၄)ခုအား ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်များ ထုတ်ပေးခဲ့ပြီး၊ အေဂျင်စီ (၄) ခုအား လိုင်စင် ယာယီရုပ်သိမ်းခဲ့ပါသည်။

- ရန်ကင်း၊ မန္တလေးနှင့် ပုသိမ် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများမှ သင်တန်းသားစုစုပေါင်း (၄၂၁) ဦး လေ့ကျင့်မွေးထုတ်ခဲ့ပါသည်။
- လူမှုဖူလုံရေး အကျုံးဝင်သော အာမခံအလုပ်ဌာန (၂၅,၆၁၈) ခုရှိ အကျုံးဝင် အလုပ်သမား (၈၇၁,၃၂၀) ဦးထံမှ ကောက်ခံရရှိသော လူမှုဖူလုံရေး ထည့်ဝင်ကြေး ကျပ် (၃၁,၁၈၃.၄၂၉) သန်း အနက် အကျိုးခံစားခွင့်ငွေ ကျပ် (၂,၀၀၄.၆၆၃) သန်း ပြန်လည်ထုတ်ပေးခဲ့ပါသည်။
- အာမခံအလုပ်သမားများအား အလုပ်သမား ဆေးရုံကြီး (၃)ခု၊ လူမှုဖူလုံရေး ဆေးခန်း (၉၄) ခန်းနှင့် ဌာနကြီးဆေးခန်း (၄၇) ခန်းတို့တွင် ပြင်ပလူနာ (၂၅၉,၂၅၇) ဦး၊ အတွင်းလူနာ (၄,၁၅၆)ဦး၊ တိုင်းရင်းဆေးခန်းတွင် (၁,၃၅၁)ဦး၊ ကဲဝဲလ်ဆေးခန်းတွင် (၂၁,၈၆၃)ဦးတို့ကို အခမဲ့ဆေးဝါး ကုသပေးခဲ့ပါသည်။ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ကွင်းဆင်းဆေးကုသပေးခြင်း၊ ဆရာဝန်နှင့် ဆေးဝန်ထမ်းများသည် သုခမင်္ဂလာ (အထွေထွေရောဂါကုဆေးခန်းနှင့် ရောဂါရှာဖွေရေးဓါတ်ခွဲဌာန)နှင့် နယ်လှည့်

ဆေးကုသယာဉ်ဖြင့် အလုပ်ဌာန (၆၉၀)သို့ သွားရောက်၍ အာမခံအလုပ်သမား (၂၈,၁၀၄) ဦးအား ခွင့်ပြုငွေကျပ် (၃၂၉.၄၈၃) သန်းဖြင့် ဆေးဝါးကုသပေးနိုင်ခဲ့ပါသည်။

- လူမှုဖူလုံရေးအဖွဲ့၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများ၊ ဆေးခန်းများသို့ လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား (၂၄,၅၅၂) ခု နှင့် ယာယီကတ်ပြား (၁၀၇,၁၄၇) တို့အား ထုတ်ပေးခဲ့ပါသည်။
- ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်း၏ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းအား မြို့နယ် (၂၇) မြို့နယ်တွင် လူမှုရေးရာဖြစ်ရပ် ကြီးကြပ်သူ(၁၂)ဦးနှင့် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ (၇၇) ဦးတို့ဖြင့် သင်တန်းဖွင့်လှစ် သင်ကြားခဲ့ပြီး၊ မြို့နယ်(၂၇) မြို့နယ်အတွင်းရှိ ကလေးသူငယ်ကိစ္စများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။
- Gender အထောက်အကူပြုသင်တန်းအပေါ် ပြန်လည်သုံးသပ်သည့်အစည်းအဝေးပြုလုပ်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့ပူးပေါင်း၍ စိတ်လူမှုဆက်ဆံရေးနှင့် စိုးရိမ်ထိတ်လန့်မှုကုစားခြင်းဆိုင်ရာသင်တန်း၊ ကျား/မ အခြေပြုဖြစ်ရပ်စီမံခန့်ခွဲခြင်းသင်တန်း၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်သင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပါသည်။
- လူမှုဝန်ထမ်းဦးစီးဌာနသည် US AID နှင့် ပူးပေါင်း၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေးသင်တန်းကို မုံရွာမြို့၊ ရန်ကုန်မြို့၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။
- အမျိုးသမီးကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင်လည်းကောင်း၊ အမျိုးသမီးများစွမ်းရည်မြှင့်သင်တန်းကို ပြည်မြို့ မူလတန်းကြိုကျောင်းတွင်လည်းကောင်း ကျင်းပခဲ့ပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့ အိမ်တွင်းမှု

သက်မွေးလုပ်ငန်း ပညာသင်ကျောင်းကို (၁၉-၃-၂၀၁၆)ရက်နေ့ စတင်ဖွင့်လှစ်ခဲ့ပါသည်။

- သက်ကြီးရွယ်အို စောင့်ရှောက်ရေးအနေဖြင့် ဘိုးဘွားရိပ်သာများအား ထောက်ပံ့ရေးလုပ်ငန်းအပြင် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တစ်နိုင်ငံလုံးရှိ အသက် (၁၀၀)နှစ်နှင့်အထက် ဘိုးဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ထောက်ပံ့နိုင်ရေး ဆောင်ရွက်ခြင်း၊ အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများအား ငွေကြေးထောက်ပံ့နိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အိုများစာရင်းအား ပြုစုဆောင်ရွက်ခဲ့ပါသည်။
- လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အရ အသက်(၉၀)နှစ်နှင့် အထက် ဘိုးဘွား စုစုပေါင်း (၂၃,၁၈၇)ဦးအား တစ်ဦးလျှင် ကျပ်(၁၈,၀၀၀)နှုန်းဖြင့် နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေမှ ကျပ် (၄၁၇.၃၆၆)သန်း ထောက်ပံ့ပေးခဲ့ပါသည်။
- စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းများကို ရွှေပြည်သာ လူငယ်များ ပြုစုပျိုးထောင်ရေးစခန်း၊ ရန်ကုန်ပြန်လည် ထူထောင်ရေးစခန်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ လားရှိုးပြန်လည်ထူထောင်ရေးစခန်း၊ ကျိုင်းတုံ ပြန်လည်ထူထောင်ရေးစခန်းမှ မိုင်းပတ်အထက်အုပ်စု၊ ဖပဲကိုကျေးရွာတို့တွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၀၀) လေ့ကျင့်ပေးခဲ့ပါသည်။
- လူကုန်ကူးခံရသူများထားရှိရာ အဆောက်အဦအားပြင်ဆင်မွမ်းမံခြင်း၊ လူကုန်ကူး ခံရသူများအား ပြန်လည်လက်ခံပြီး မိဘရပ်ထံပြန်လည်အပ်နှံ၍ အလုပ်အကိုင် အခွင့်အလမ်းရှာဖွေပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးများ ကျင်းပ ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လက်စွဲစာအုပ် မိတ်ဆက်ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။
- ရေဘေးသင့်ဒေသများအနက် ကောလင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စေတုတ္တရာ မြို့နယ်၊ ဟားခါးမြို့နယ်များသို့ Vocational Support Team (၄) ဖွဲ့ခွဲ၍

စက်ချုပ်သင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းများ ဖွင့်လှစ်ခဲ့ရာ အဆိုပါ သင်တန်းသို့ သင်တန်းသား (၂၁၇)ဦးတက်ရောက်ခဲ့ပါသည်။

- မီးဘေး(၁၁၄)ကြိမ်၊ ရေဘေး(၅)ကြိမ်၊ လေဘေး(၅)ကြိမ်၊ အခြားဘေး(၃၆) ကြိမ် တို့ဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးပစ္စည်း၊ဆန်ရိက္ခာ ရန်ပုံငွေနှင့် သေဆုံးသူတို့ အတွက် စုစုပေါင်းရန်ပုံငွေကျပ်(၆၇.၄၂၉)သန်း ထောက်ပံ့ခဲ့ပါ သည်။
- မြန်မာနိုင်ငံ၏ ပထမဆုံးသော "သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်း ကျောင်း" ကို ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဟသ်ာတမြို့၌ သင်တန်း သား/သူ (၁၁၈)ဦးဖြင့်ဖွင့်လှစ်ခဲ့ပါသည်။
- သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို ရပ်ရွာလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူး များသည် ဒေသတွင်းရှိ ဦးစီးဌာနများ၊ INGOs၊ NGOs များနှင့်ပူးပေါင်းပြီး ရပ်ကွက်/ကျေးရွာများအထိ သွားရောက်၍ ဆွေးနွေးဟောပြောပွဲများ ပြုလုပ် လျက်ရှိရာ မြို့နယ် (၄၂)မြို့နယ်ရှိ ပြည်သူလူထု (၁၇,၆၉၇)ဦးအား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။
- အများပြည်သူအင်တာနက် Wifi အသုံးပြုနိုင်ရန်အတွက် ခရိုင်/ မြို့နယ်ရုံး (၂၀) ရုံးသို့ ADSL အင်တာနက်လိုင်းများ တပ်ဆင်ဆောင်ရွက်ခဲ့ပါသည်။
- e-Government လုပ်ငန်း အတွက် Web - portal ကို ဆောင်ရွက်လျက်ရှိပြီး MRTV ၊ MI Channel ၊ Hluttaw Channel ၊ NRC Channel တို့ကို Live Streaming ထုတ်လွှင့်ပေးခြင်း၊ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းများကို e-Services Form များ၊ ဥပဒေ၊ ဥပဒေကြမ်းနှင့် နည်းဥပဒေ များ၊ အစိုးရနှင့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက် များ၊ အမိန့်ကြော်ငြာစာတို့ကို လွှင့်တင်ပေးလျက် ရှိပါသည်။ ထို့အပြင် အစိုးရဌာနချင်း ဆက်သွယ်ဆောင်ရွက်သည့် EDMS (Electronic Document Management System) နှင့် Video Conferencing တို့ကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။

- ပြည်သူများအသိပညာဗဟုသုတ ရရှိစေရေးအတွက် အခမဲ့ လေ့လာဖတ်ရှုနိုင်ရန် Public Digital Library Service စက် (၁၇၂)လုံး ကိုဖြန့်ဝေခြင်း၊ နိုင်ငံတော်မတည်ငွေဖြင့် ကျေးရွာစာကြည့်တိုက် (၂၀၀)တိုက် ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။
- သဘာဝဘေးအန္တရာယ် ကြုံတွေ့သည့်အခါတွင် ကြိုတင်ကာကွယ်မှု ပြုလုပ်နိုင်ရန်အတွက် သတင်းအချက်အလက်များကို MPT ၊ အော်ရီဒူးနှင့် တယ်လီနောဖုန်းအော်ပရေတာများနှင့် ဆက်သွယ်၍ သတင်းအချက်အလက်တို (SMS)များပေးပို့ခြင်း၊ လူမှုကွန်ယက်ဖြစ်သည့် Facebook မှ သတင်းအချက်အလက်များထုတ်ပြန်ပေးခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန Call Center 1883 ကို ဖွင့်လှစ်၍ သတင်းအချက် အလက်များကို ပြန်ကြားပေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းကို အချိန်နှင့်တစ်ပြေးညီဖြေကြား ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။
- ပြည်သူများ စုဝေးရာနေရာများ ဖြစ်သော ရထားဂိတ်၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ လေဆိပ်တို့တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် လည်းကောင်း Wifi စနစ်ဖြင့် e-book များဖတ်ရှုနိုင်သည့် Public Digital Library Services (PDLS) စက်များကို တပ်ဆင်ပေးပြီး အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။
- တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကဓရဘွဲ့ ၁ ပါး ဖြေဆိုအောင်မြင်ခဲ့ပါသည်။ (၃၂)ကြိမ်မြောက်၊ မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓမ္မာစရိယ(ရိုးရိုး)အောင် ၁၁၇၄ ပါး၊ ပါဠိဂုဏ်ထူးအောင် ၂ ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၀ ပါး၊ ဓမ္မာစရိယနှင့်ပါဠိပထမပြန် စာမေးပွဲအထူးအောင် ၁၆ ပါး၊နိကာယ်စာမေးပွဲအထူးအောင် ၁၇ ပါး၊ မဟာဝိဒူအောင် ၄ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူ ၉ ဦးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

- မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၁၃၉ မြို့နယ်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ ဖွင့်လှစ်ခဲ့ရာ စာရင်းသွင်းသူပေါင်း ၁၃၈,၇၁၈ ဦး၊ ဖြေဆိုသူပေါင်း ၁၀၁,၈၃၈ ဦး၊ ရိုးရိုးအောင်မြင်သူပေါင်း ၆၀,၅၂၁ ဦး၊ ဂုဏ်ထူးအောင် ၃၅,၃၈၈ ဦးနှင့် သုံးဘာသာအောင်မြင်သူပေါင်း ၁၀,၇၆၇ ဦးဖြစ်ပါသည်။
- နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ရှိ ပိဋကတ်ပြတိုက်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) တို့၌ e-Library များဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- မျိုးဆက်သစ်အနုပညာရှင်များ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းအနေဖြင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် ကျောင်းသား၊ ကျောင်းသူ ၇၀၁ ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တွင် ကျောင်းသား၊ ကျောင်းသူ ၂၆၁ဦး၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)တွင် အက ၁၈ ဦး၊ အဆို ၂ ဦး၊ ပန်းချီ ၁၄၆ ဦး၊ အနုပညာအထက်တန်းကျောင်း (မန္တလေး) တွင် အက ၇ ဦး၊ ပန်းချီ ၃၅ ဦးတို့အား ပညာသင်ကြားပေးခဲ့ပါသည်။
- မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ တူးဖော်သုတေသနလုပ်ငန်းတို့ကို ပဲခူးဒေသ၊ ရန်ကုန်ဒေသ၊ မန္တလေးဌာနခွဲ၊ ပုသိမ် ဌာနခွဲ၊ စစ်ကိုင်းဌာနခွဲ၊ ဟားခါးဌာနခွဲ၊ ထားဝယ်ဌာနခွဲ၊ ပုဂံဒေသ၊ တကောင်း ဌာနခွဲ၊ ကျိုင်းတုံဌာနစု၊ မြောက်ဦးဌာနခွဲ၊ မော်လမြိုင်ဌာနခွဲ၊ ဗိဿနိုး ဌာနစု၊ သရေခေတ္တရာဌာနစု၊ ဟန်လင်းဌာနစု၊ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်း ကျောင်း(ပြည်)တို့တွင်ဆောင်ရွက်ခဲ့ပါသည်။
- ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သုတေသန လုပ်ငန်းများ အနေဖြင့် -
    - ကြေးခေတ်၊ သံခေတ် သုတေသနလုပ်ငန်းအား ပြင်သစ်ပညာရှင်များနှင့် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ အုတ်အိုင်ဒေသကိုအခြေပြု၍ ညောင်ကန်ကျေးရွာနှင့် အုတ်အိုင်ကျေးရွာ တွင် လည်းကောင်း၊

- ရွှေနန်းတော်ကျောင်းကြီးအား ပြုပြင်ထိန်းသိမ်းရန်အတွက် အမေရိကန်နိုင်ငံ WMF အဖွဲ့ဖြင့်လည်းကောင်း၊
- ပုဂံဒေသရှိအာနန္ဒာဘုရားကြီးအား ပြန်လည်မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းများအား အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) မှ ပညာရှင်အဖွဲ့ နှင့် ပုဂံဌာနခွဲမှ ဝန်ထမ်းများပူးပေါင်း၍ လည်းကောင်း၊
- အမျိုးသားပြတိုက် (ရန်ကုန်) တွင် ဂျပန်နိုင်ငံ၊ ကျိုတိုတက္ကသိုလ်၊ ရုပ်ကြွင်းသုတေသန လေ့လာရေးကျောင်းမှ ပါမောက္ခဒေါက်တာ မာဆနာရုတကအိ ဦးဆောင်သော ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများပါဝင်သည့် အဖွဲ့ဝင် (၈) ဦးတို့သည် ရုပ်ကြွင်းသုတေသန လုပ်ငန်းများကို လည်းကောင်း၊
- ကျိုက်မရောမြို့နယ်၊ ကော့တောကျေးရွာတွင် စဉ့်ဖိုတူးဖော်မှုလုပ်ငန်းများကို ဂျပန်နိုင်ငံ၊ Nara National Research Institute for Cultural Porperties မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပုဂ္ဂိုလ်များ နှင့် ပူးပေါင်း၍ လည်းကောင်းဆောင်ရွက်ခဲ့ပါသည်။

- နျူကလီးယား စက်ကိရိယာ ပြင်ဆင်မှုအပိုင်းတွင် Nuclear Instrument ပစ္စည်း (၆) မျိုး နှင့် အီလက်ထရောနစ်ပစ္စည်း (၁၃) မျိုးတို့ကို ပြုပြင်ထိန်းသိမ်း ပေးနိုင်ခဲ့ပါသည်။
- Nuclear Instrumentation ဆိုင်ရာ သင်ကြားရေးအတွက် ICT Based Nuclear Instrumentation Lab ကို တည်ထောင်ခဲ့ပြီး B.E (NT) ကျောင်းသားများအတွက် လက်တွေ့ပိုင်းနှင့်ပစ္စည်း ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။
- စက်ရုံ (၄၉) ရုံတွင် Digital DVB-T2 စက်ပစ္စည်းများ တပ်ဆင်ခဲ့ရာ ဒီဂျစ်တယ်စနစ်ဖြင့် ချယ်နယ် (၁၄) ခုကို စမ်းသပ်ထုတ်လွှင့်ခဲ့ပါသည်။
- စက်ရုံ (၂၄) ရုံတွင် FM Radio လွှင့်စက်များ တပ်ဆင်ခဲ့ရာ ရေဒီယိုမြန်မာပိုင်းနှင့် တိုင်းရင်းသားအစီအစဉ်များကို အသံကြည်လင်ပြတ်သားစွာဖြင့် စမ်းသပ်ထုတ်လွှင့်ခဲ့ပါသည်။

- ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်း၊ ရေဒီယိုလုပ်ငန်းသုံးပစ္စည်း၊ အသံလွှင့်စက်များ၊ Earth Station ၊ TV လွှင့်စက်များနှင့် စတူဒီယိုများအတွက် အရန်စက်ပစ္စည်းများ ဝယ်ယူခြင်း၊ အဆင့်မြှင့်တင်ရန် စက်ပစ္စည်းများ ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။
- ရခိုင်ပြည်နယ်၊ အမ်းမြို့၊ ဒါးလက်ကျေးရွာနှင့် ရူးကျေးရွာကြား ရောက်ချုံတောင် (မင်းတက်ကျေးရွာ) တွင် 50W လွှင့်စက်ရုံတည်ဆောက်ပြီး၊ Digital DVB-T2 စနစ်ဖြင့် MRTV အစီအစဉ်အပါအဝင် ချယ်နယ် (၁၄) ခုကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် စမ်းသပ်ထုတ်လွှင့်လျက် ရှိပါသည်။
- စစ်တွေ၊ ပဲခူး၊ ညောင်လေးပင်၊ မုံရွာ၊ လပွတ္တာနှင့် ဘိုကလေးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့တွင် 100 KVA Transformer မှ 315 KVA Transformer နှင့် Two Pole Structure ပြောင်းလဲ တည်ဆောက်ခြင်း၊ စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။
- ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့ကျေးရွာဂျာနယ်စောင်ရေ ၄၇၉,၂၃၀ စောင်၊ စာပေရေချမ်းစဉ် စာစဉ် ၁,၇၅၉,၃၉၈ စောင်နှင့် အဝယ်စာအုပ် ၅၄,၉၂၆ အုပ်ကို ဖြန့်ချိခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ပုံနှိပ်ပြီးစီးသည့် ကျမ်းစာအုပ်များမှာ ပိဋကတ်ကျမ်းစာအုပ်ကြီး၊ ပိဋကတ်ကျမ်းစာအုပ်သေး၊ ပညာပေးတရားစာအုပ်၊ ပြင်ပလုပ်ငန်းစာအုပ်ကြီး၊ ပြင်ပလုပ်ငန်းစာအုပ်သေးနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ကျမ်းစာအုပ်များ၊ စုစုပေါင်း ၆၇၃,၇၅၀ အုပ်ရိုက်နှိပ်ပြီးစီးပြီး တန်ဖိုးမှာငွေကျပ် ၁၅၄.၈၆၆ သန်းဖြစ်ပါသည်။
- အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကြီးမှူးပြီး ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)တွင် (၂၀၁၅-၂၀၁၆) ပညာသင်နှစ် ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသား/သူ (၃၅) ဦးတို့ တက်ရောက်သင်ကြားလျက် ရှိပါသည်။

- မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၈)နှင့် မြန်မာ့လူမှုယဉ်ကျေးမှုသမိုင်း စာအုပ်တို့ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး မြန်မာသမိုင်းသုတေသနစာစောင်အမှတ် (၂၉၊ ၃၀) စာအုပ်၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၏ လက်ရွေးစင်စာတမ်းများ၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာတိုးလှ၏ လက်ရွေးစင်စာတမ်းများ၊ နှောင်းတွေ့ကျောက်စာများစသည့် စာအုပ်များကို ပုံနှိပ်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့ ပူးပေါင်း၍ ပညာသင်နှစ်အလိုက် စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းများကို အမျိုးသား စာကြည့်တိုက် (ရန်ကုန်/နေပြည်တော်)တွင် ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိပါသည်။
- Gamma Irradiator အသုံးပြု၍ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့တစ်ရှူးဘဏ်မှ အရိုးတစ်ရှူး (၂.၀၀၇၉၉) ကီလိုဂရမ် နှင့် အချင်းတစ်ရှူး (၅၁၁) ထုပ်တို့ကို ဂမ္မာရောင်ခြည်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။
- ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ လုပ်ငန်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၅၅,၅၉၇ ခု၊ ရောဂါရှာဖွေရေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၅၂,၆၈၇ ခု နှင့် ပုဂ္ဂလိကဆေးရုံများ၏ ဓါတ်ခွဲခန်းများနှင့် သွေးလှူဘဏ်များ စံချိန်စံညွှန်းထိန်းသိမ်းရေးအတွက် NEQAS ကို စတင်အကောင်အထည်ဖော်ရန် အစီအစဉ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယ ၆ လပတ်အတွင်း စီမံခန့်ခွဲရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည် -

(က) နိုင်ငံတော်ရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်ရန် နှင့် ပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုင်နက်

နယ်မြေများကို ကာကွယ်စောင့်ရှောက်ခြင်း၊ နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်ပြီး ဒေသခံတိုင်းရင်းသား လူနာစုစုပေါင်း ၁၀၅,၆၇၃ ဦး တို့ကို အခမဲ့ဆေးဝါးကုသပေးခဲ့ပါသည်။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည်ဘိန်းခင်း (၁၈,၆၆၄.၁၆) ဧက၊ (၇,၅၅၃.၂၈) ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပြီး အခြားမူးယစ်စေသော ဆေးဝါးများအားဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

(ဃ) အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့်အဖွဲ့သည် မြစ်ကြီးနားကွန်ပျူတာတက္ကသိုလ်တွင် Software Development သင်တန်း အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

(င) အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည် ၂၄ မိုင်၊ သာယာဝတီ၊ ကင်းသာ (၂)၊ ရမည်းသင်း၊ ကျိုက်မရော၊ ပခုက္ကူ၊ ညောင်ဦး၊ သထုံ၊ မုံရွာနှင့် ပေါင်းတည် အကျဉ်းထောင်များသို့ ထမင်းပေါင်းအိုး၊ ဆေးဖျန်းပုံးနှင့်ဝတ်စုံ၊ ခေါင်မိုးလေထုတ် ကိရိယာများပံ့ပိုး ကူညီဆောင်ရွက်ပေးခဲ့ပြီး အကျဉ်းထောင် (၁၃)ခု နှင့် စခန်း (၉) ခုသို့ သွားရောက်လေ့လာခဲ့ပါသည်။

(စ) မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး ပိုမိုဆောင်ရွက်နိုင်ရန် အတွက် မီးငြိမ်းသတ်ရေးစက် ၃၇၄ လုံးနှင့် မီးသတ်ယာဉ် ၃၅၂ စီးတို့ကို တိုးချဲ့တပ်ဆင်နိုင်ခဲ့ပါသည်။

(ဆ) အစီရင်ခံသည့် ကာလအတွင်း ဥပဒေများကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်-

(၁) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေ(၄)ခုဖြစ်သည့် တီထွင်မှုမူပိုင်ခွင့် ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေတို့အား မူကြမ်းရေးဆွဲနိုင်ခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် လွှတ်တော်သို့ တင်ပြခဲ့ပါသည်။

(၂) သုတေသနနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ (၃) ခုဖြစ်သည့် သိပ္ပံ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေ၊ မြန်မာနိုင်ငံ သတင်းအချက်အလက် နည်းပညာဥပဒေ နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့အား မူကြမ်းရေးဆွဲနိုင်ခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် လွှတ်တော်သို့ တင်ပြခဲ့ပါသည်။

(၃) သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၅၇ ဖြင့် ၂၅-၁၁-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

(၄) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာကို အသစ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၅၈ ဖြင့် ၂၅-၁၁-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

(၅) လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၈ ဖြင့်၁၉-၅-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

(၆) ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

(၇) ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်းအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ(အလုပ်သမားနှင့်သက်သာချောင်ချိရေး)အက်ဥပဒေ၊ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေတို့ကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။

(၈) ၁၉၂၃ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ၊ ၁၉၃၄ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများအက်ဥပဒေ၊ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများအလုပ်စီစဉ်ရေးအက်ဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတို့ကို လက်ရှိဥပဒေများ ရုပ်သိမ်းပြီး အသစ်ရေးဆွဲလျက်ရှိပါသည်။

(၉) နိုင်ငံခြားသား အလုပ်သမားဥပဒေနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဥပဒေတို့ကို အသစ်ရေးဆွဲလျက်ရှိပါသည်။

(၁၀) သက်ကြီးရွယ်အို အခွင့်အရေးများဆိုင်ရာဥပဒေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ၊ ကလေးသူငယ်ဥပဒေနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ နည်းဥပဒေတို့ကို အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

(ဓ) လုပ်သားအင်အားစစ်တမ်း၊ ကလေးလုပ်သားစစ်တမ်းနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းအစီရင်ခံစာများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(ဈ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု ၄၄၈,၃၃၈ ဦး၊ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု ၅၇၂,၅၃၇ ဦး၊ အသက်(၁၀)နှစ်ပြည့်မှ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ထုတ်ပေးမှု ၁၃၃,၃၉၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူထုတ်ပေးမှု ၃၀၀,၉၅၈ ဦး၊ မိုးပွင့်(အထူး) အပိုင်း-၂ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု ၈၆၄,၅၁၂ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၃၄,၂၇၁ စု တို့ကိုဆောင်ရွက်ခဲ့ပါသည်။ အခြေခံပညာ ကျောင်းသား/သူများအား စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၇၀,၄၉၁ ဦးအား ထုတ်ပေးခဲ့ပါသည်။

(ည) တည်ဆဲမြန်မာနိုင်ငံသားဥပဒေအရ ဧည့်နိုင်ငံသားလက်မှတ်နှင့် ဧည့်နိုင်ငံသား စိစစ်ရေးကတ်ပြား စုစုပေါင်း ၁၆၃ ဦး၊ နိုင်ငံသားပြုလက်မှတ်နှင့် နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြား ၁,၀၄၈ ဦးအား ထုတ်ပေးခဲ့ပါသည်။

(ဋ) နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့်တိုးမြှင့်ပေးရန် လျှောက်ထားသူ ၁၄,၁၄၂ ဦးနှင့် ပြည်ပြန်ဝင်ဗီဇာ ၄,၁၅၁ ဦးထုတ်ပေးခဲ့ပါသည်၊

(ဌ) အသက်(၁၈)နှစ်ပြည့်၍ နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ပေးခဲ့သူ ၅၄ ဦးရှိပြီး ပဏာမမှတ်ပုံတင်ပြုလုပ်ပေးရသူ ၈,၈၉၀ ဦး၊ သက်တမ်းပြန်လည် အတည်ပြုပေးရသူ ၁၉,၃၀၂ ဦး၊ နိုင်ငံခြားသားမှတ်ပုံတင်နှစ်စဉ် လဲလှယ်ပေးရသူ ၁၆,၅၉၈ ဦး၊ နိုင်ငံခြားသားမှတ်ပုံတင်မိတ္တူထုတ်ပေးသူ ၈၃၄ ဦး ရှိပါသည်။

(ဍ) ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အုပ်ချုပ်မှုအစီရင်ခံစာစာအုပ်ကိုပြုစုလျက်ရှိ ပါသည်။

(ဎ) မသန်စွမ်းသူများမှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း အစီအစဉ် (မူကြမ်း) များရေးဆွဲခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (မူကြမ်း) ရေးဆွဲခြင်း၊ ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ သဘောတူညီချက် (UNCRPD) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒုတိယ ၆ လပတ်အတွင်း စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ကျား ၁၀၇,၀၄၂ ဦး၊ မ ၉၁,၁၂၃ ဦး စုစုပေါင်း ၁၉၈,၁၆၅ ဦးကို နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ ထို့အပြင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်မှလည်း မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁,၉၉၁ ဦး တို့ကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခဲ့ပါသည်။

(ခ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မြန်မာသံရုံးတွင် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးကို ၂၀၁၄ ခုနှစ် မတ်လ(၁၀)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမား ၂၃,၈၂၇ ဦးအား မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။

(ဂ) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့ (၁၆) သင်းနှင့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့(၁၀)သင်း၊ စုစုပေါင်း (၂၆) သင်း မှတ်ပုံတင်ခွင့်ပြုပေးခဲ့ပါသည်။

(ဃ) Regional Development Project for Poverty Reduction Phase II စီမံကိန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ JICA Preparatory Survey Team တို့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။

(င) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် Oxford Business Group (OBG) အဖွဲ့တို့ ပူးပေါင်း၍ The Report Myanmar 2016 ထုတ်ဝေရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုး ချုပ်ဆိုပြီး ၎င်းအဖွဲ့မှ တင်သွင်းမည့် စာအုပ် (အုပ်ရေ ၆၇၀၀ အုပ်) အား အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုပါရန် Commercial Invoice နှင့်အတူ စာအုပ်အဖုံးနမူနာကို ပေးပို့ခဲ့ပါသည်။

(စ) ဒုတိယငါးနှစ်အမျိုးသား စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ) ရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လုပ်ငန်းစီမံကိန်းဆောင်ရွက်ပြီးစီးမှုများအား သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပြုစုခဲ့ပါသည်။

(ဆ) စီမံကိန်းရေးဆွဲရေး ဦးစီးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ပထမ(၆)လပတ်အစီရင်ခံစာ၊ ဒုတိယကာလတို အမျိုးသားစီမံကိန်းနှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို ပြုစုရေးဆွဲခဲ့ပါသည်။

(ဇ) အစီရင်ခံသည့်ကာလအတွင်း အမျိုးသားစာရင်းအင်းစနစ် ၂၀၀၈ ပြောင်းလဲတွက်ချက်ရန် (၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်) နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ စာရင်းများစုစည်းခြင်း၊ output တွက်ချက်ခြင်း၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ စာရင်းများဆွေးနွေးခြင်း၊ အာမခံလုပ်ငန်းများ၏ စာရင်းများဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဈ) ဆေးဝါးကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအနေဖြင့် ဆေးဝါးမှတ်ပုံတင်ခြင်း ၁,၁၉၂ မျိုး၊ ဆေးဝါးမှတ်ပုံတင်လက်မှတ်အသစ် ၆၇၆ ခု၊ ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးလက်မှတ် ၃၉၄ ခု၊ ဆေးဝါးမှတ်ပုံတင်အချက်အလက် ပြောင်းလဲခြင်းလက်မှတ် ၂၃၉ ခု၊ ဆေးဝါးကြော်ငြာ ၁၅ ခု၊ ကွင်းဆင်းစစ်ဆေးခြင်းဆေးဝါး ၅၁ ခုနှင့် ဈေးကွက်နမူနာ ၁၉၈ ခုတို့ကို စစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

(ည) ဓာတ်ခွဲလုပ်ငန်းများဆောင်ရွက်ခြင်းအနေဖြင့် အစားအသောက် ဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၅,၅၇၇ ခု၊ ဆေးဝါးဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၇၇၁ ခု၊ ဆေးပစ္စည်းဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၂၁၄ ခု၊ အလှကုန်/လူသုံးကုန် ဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၁၆၀ ခု၊ ဇီဝစံဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၅၆ ခုကို ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခဲ့ပါသည်။

(ဋ) ပြည်ပသို့ထွက်ခွာမည့်သူများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (ကိုရီးယား) ကို သင်တန်းသား ၂,၂၆၀ ဦး၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(အခြား)ကို ၁,၄၉၁ ဦးတို့ဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

(ဌ) လေဆိပ်စစ်ဆေးရေးအဖွဲ့များ၏ အဝင်/အထွက် စစ်ဆေးမှုမှာ နိုင်ငံခြားသားအဝင် ၆၆၈,၀၉၂ ဦး၊ အထွက် ၆၄၉,၁၀၆ ဦး၊ မြန်မာနိုင်ငံသား အဝင် ၄၁၄,၆၅၇ ဦး၊ အထွက် ၄၁၅,၂၂၃ ဦးနှင့် နိုင်ငံကူးလက်မှတ်ပေါ်ရှိ မူလရေးသွင်းချက်များကို ပြင်ဆင်၍ ဝင်ရောက်လာသော မြန်မာနိုင်ငံသားများအားစိစစ်၍ နိုင်ငံကူးလက်မှတ် ၅၃၀ အုပ်ကို သိမ်းဆည်းထားပြီး နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ အပ်နှံနိုင်ခဲ့ပါသည်။ လေဆိပ်စစ်ဆေးရေးအဖွဲ့မှ On Arrival Visa ထုတ်ပေးသူ ၇၀,၅၇၁ ဦး၊ ကောက်ခံရရှိငွေ အမေရိကန်ဒေါ်လာ ၃.၃၈၉၆၀၀၀သန်း၊ Over Stay ဖြစ်သူ (၁၇,၇၂၀)ဦး၊ ကောက်ခံရရှိငွေ အမေရိကန်ဒေါ်လာ ၁.၂၀၂၆၃၂ သန်း စုစုပေါင်း ၈၈,၂၉၁ ဦးအတွက် အမေရိကန်ဒေါ်လာ ၄.၅၉၂၂၃၂ သန်း ရရှိခဲ့ပါသည်။ နယ်စပ်နှင့်ကုန်းလမ်းမှ နိုင်ငံခြားသား ၇၅၄,၁၂၃ ဦး ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသား ၃,၁၆၇,၀၉၈ ဦး ထွက်ခွာခဲ့ပါသည်။

(ဍ) JICAမှ စီမံကိန်းဧရိယာဖြစ်သည့် ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်၊ လောက်ကိုင်ခရိုင်တို့မှ ကျေးရွာအုပ်စု(၇)စုတွင် လက်ဖက်ပျိုးပင် ၄,၈၀၀ ပင် ၊ ဝက်သားပေါက်

၄၈ ကောင်၊ စပါးမျိုးရင်းသစ် ၁,၀၀၀ ကီလို၊ပြောင်း၊ ပဲကြီးနှင့် စားတော်ပဲ ၉၅၀ ကီလို၊ ပဲကြီးမျိုးစေ့ ၃,၆၀၀ ကီလို၊ စားတော်ပဲ ၄,၆၀၀ ကီလို၊ ယူရီးယား(ပုလဲ) ဓါတ်မြေသြဇာ(၁,၀၀၀)အိတ် နှင့် ကွန်ပေါင်းဓါတ်မြေသြဇာ (၂,၀၀၀)အိတ်တို့အား ဖြန့်ဝေပေးခဲ့ပါသည်။

(ဃ) ဒေသဆိုင်ရာနှင့် စပ်လျဉ်းသည့် လုပ်ငန်းများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြုစုဆောင်ရွက်ခဲ့ပါသည်။

(ဆ) ဘားအံခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ သရက်ခရိုင်၊ မိတ္ထီလာခရိုင်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တောင်ကြီးခရိုင်၊ ကျောက်မဲခရိုင်၊ ကျိုင်းတုံခရိုင်၊ မအူပင်ခရိုင်၊ ပုသိမ်ခရိုင်၊ ဖျာပုံခရိုင်၊ ဒက္ခိဏခရိုင်တို့တွင် လုပ်ငန်းနှင့်လုပ်ငန်းစီမံကိန်းများ၏ အကောင်အထည်ဖော်မှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို မြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ အစီရင်ခံစာများ ပြုစုတင်ပြခဲ့ပါသည်။

(တ) နိုင်ငံတကာ စာရင်းအင်း စာစောင်များဖြစ်သော ASEAN Statistical Yearbook, Key Indicators for Asia and the Pacific, UN Statistical Yearbook တို့တွင် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးစာရင်းအင်းများကို Update ပြုလုပ်ခြင်း၊ e-Government အတွက် ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် သက်ဆိုင်သော အညွှန်းကိန်းများကို Template file ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

(ထ) နိုင်ငံတကာအညွှန်းကိန်းများ ကောက်ယူစုစည်း၍ နိုင်ငံတကာအညွှန်းကိန်းများ၊ နှစ်ပတ်လည် စာရင်းအင်းစာစောင်နှင့် လစဉ်အညွှန်းကိန်း စာရင်းအင်းများကို Database တွင် Data များ ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။

(ဒ) မှတ်တမ်းမော်ကွန်းများရယူ စုဆောင်းခြင်းလုပ်ငန်းတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပုံမှန်ပေးပို့သောမှတ်တမ်း၊ မော်ကွန်းများအပြင် မှတ်တမ်းဖလှယ်ခြင်းအစီအစဉ်ဖြင့် အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/

ပြည်နယ် မှတ်တမ်းများအား မြို့နယ်အဆင့်အထိ ကွင်းဆင်းရယူခြင်းဖြင့် မှတ်တမ်း၊ မော်ကွန်းများ ရယူစုဆောင်းခဲ့ပါသည်။

(ဓ) မှတ်တမ်းဖလှယ်ခြင်း အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ သူရိယသတင်းစာ (၁၉၄၈-၁၉၅၀) ခုနှစ် (Microfilm) (၉) လိပ်နှင့် ဟံသာဝတီသတင်းစာ (၁၉၀၅-၁၉၀၇) ခုနှစ် (Microfilm) (၃) လိပ် တို့အား ငှားရမ်း၍ Microfilm မှ Digitization သို့ ကူးပြောင်းရယူသိမ်းဆည်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

(န) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လမ်းပြမြေပုံများ ဒုတိယမူကြမ်းကို ရေးဆွဲပြီး အမျိုးသား စွမ်းအင် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့ပါသည်။

(ပ) Infra Capital Myanmar (ICM) နှင့် ပူးပေါင်း၍ လေစွမ်းအားအရင်းအမြစ် ရရှိနိုင်မှု မြေပုံရေးဆွဲနိုင်ရန် နှင့် ပူးတွဲပိုင်ဆိုင်မည့် လေအားလျှပ်စစ် စီမံကိန်းဖော်ဆောင်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

(ဖ) ကိုယ်ပွားသတင်းစာတိုက် စစ်တွေနှင့် မုံရွာ တို့တွင် 2MB Fiber Optic Internet လိုင်း တပ်ဆင်ခြင်း၊ 5 Unit Web Offset တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဗ) အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်၊ မိုရေးမြို့ရှိဓါတ်အားလိုင်းမှတဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့သို့ လျှပ်စစ်ဓါတ်အား (၂) မဂ္ဂါဝပ်ခန့် ရယူသုံးစွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

(ဘ) e-Visa (Tourist) လျှောက်ထားသူ (၁၂၆,၃၅၁)ဦးရှိရာ ခွင့်ပြုပြီးသူ ၁၂၅,၃၂၁ ဦး အနက်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၁၀၁,၈၁၉ ဦး၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၁၉,၀၃၂ ဦး၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၇၉ ဦး ဝင်ရောက်ခဲ့ရာ စုစုပေါင်း ၁၂၁,၁၃၀ ဦး ဝင်ရောက်ခဲ့ပါသည်။ e-Visa (Business) လျှောက်ထားသူ ၅,၉၄၄ ဦးရှိရာ ခွင့်ပြုပြီးသူ ၅,၄၂၆ ဦးအနက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၄,၀၇၅ ဦး၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၁၁၉ ဦး၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၈၃ ဦး ဝင်ရောက်ခဲ့ရာ စုစုပေါင်း ၄,၂၇၇ ဦး ဝင်ရောက်ခဲ့ပါသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

**နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု**

ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာ ကျပ် ၃,၅၇၃,၂၄၅.၅၀၃ သန်း ဖြစ်ပြီး ကျပ် ၃,၃၃၃,၃၄၇.၃၇၉ သန်းသုံးစွဲနိုင်ခဲ့သဖြင့် လျာထားချက်၏ ၉၃.၂၉ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ငွေလုံးငွေရင်းအသုံး စရိတ်လျာထားချက်မှာ ကျပ် ၅,၈၀၁.၂၂၁ သန်းဖြစ်ပြီး ကျပ် ၆,၆၉၉.၉၈၄ သန်း သုံးစွဲခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်၍ ၁၁၅.၄၉ ရာခိုင်နှုန်းသုံးစွဲခဲ့ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ် အတွင်း လျာထားချက်အပေါ် ငွေလုံးငွေရင်းသုံးစွဲမှု အခြေအနေကို နှိုင်းယှဉ်၍ တင်ပြအပ်ပါသည်-**

**(က) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်အပေါ် ရာခိုင်နှုန်းပြည့်မီ ကျော်လွန် သုံးစွဲသော ဝန်ကြီးဌာနများ**

| | | |
|---|---|---|
| (၁) | ကာကွယ်ရေး | ၁၂၈.၃၁ % |
| (၂) | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၁၂၅.၉၉ % |
| (၃) | ယဉ်ကျေးမှု | ၁၂၅.၈၁ % |
| (၄) | သမဝါယမ | ၁၂၄.၈၄ % |
| (၅) | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၁၄.၈၂ % |
| (၆) | သတ္တုတွင်း | ၁၁၃.၂၂ % |
| (၇) | ဘဏ္ဍာရေး | ၁၀၆.၃၇ % |
| (၈) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၁၀၅.၀၄ % |
| (၉) | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၁၀၁.၅၁ % |
| (၁၀) | နယ်စပ်ရေးရာ | ၁၀၀.၀၃ % |

(ခ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်အပေါ် ၈၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းကြား သုံးစွဲသော ဝန်ကြီးဌာနများ

| | | |
|---|---|---|
| (၁) | ဆောက်လုပ်ရေး | ၉၈.၇၁ % |
| (၂) | ပညာရေး | ၉၈.၀၂ % |
| (၃) | ပြန်ကြားရေး | ၉၅.၄၉ % |
| (၄) | သာသနာရေး | ၉၃.၉၀ % |
| (၅) | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၉၃.၂၀ % |
| (၆) | ပြည်ထဲရေး | ၉၂.၅၆ % |
| (၇) | သိပ္ပံနှင့်နည်းပညာ | ၉၂.၅၀ % |
| (၈) | အားကစား | ၉၁.၀၈ % |
| (၉) | လျှပ်စစ်စွမ်းအား | ၈၈.၇၄ % |
| (၁၀) | စွမ်းအင် | ၈၆.၆၈ % |
| (၁၁) | ကျန်းမာရေး | ၈၄.၀၈ % |

(ဂ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်အပေါ် ၆၀ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်း ကြား သုံးစွဲသော ဝန်ကြီးဌာနများ

| | | |
|---|---|---|
| (၁) | နိုင်ငံခြားရေး | ၇၂.၃၉ % |
| (၂) | စက်မှု | ၇၀.၃၄ % |

(ဃ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်အပေါ် ၆၀ ရာခိုင်နှုန်း အောက် သုံးစွဲသော ဝန်ကြီးဌာနများ

| | | |
|---|---|---|
| (၁) | ရထားပို့ဆောင်ရေး | ၅၅.၈၈ % |
| (၂) | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၅၃.၈၈ % |
| (၃) | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄၅.၇၅ % |

(၄) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ၄၄.၃၀ %

(၅) ပို့ဆောင်ရေး ၃၉.၆၆ %

အသီးသီးသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်မှာ ကျပ် ၁၀၄.၃၄၉ သန်း ဖြစ်ပြီး ကျပ် ၅,၃၄၁.၅၃၀ သန်း သုံးစွဲခဲ့ပါသည်။ ဒုတိယ (၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်နည်းခဲ့သဖြင့် သုံးစွဲမှုမှာ လျာထားချက်ထက် ကျော်လွန်သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ငွေလုံးငွေရင်း အသုံး စရိတ်လျာထားချက်မှာ ကျပ် ၂၉,၄၆၁.၀၉၆ သန်းဖြစ်ပြီး ကျပ် ၃၀,၉၉၅.၆၁၉ သန်း သုံးစွဲခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်၍ ၁၀၅.၂၁ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်မှာ ကျပ် ၃,၈၉၄.၇၀၃ သန်းဖြစ်ပြီး ကျပ် ၅,၉၀၈.၀၄၉ သန်း သုံးစွဲခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်၍ ၁၅၁.၆၉ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

နေပြည်တော်ကောင်စီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ငွေလုံးငွေရင်း အသုံး စရိတ်လျာထားချက်မှာ ကျပ် ၃၆,၇၀၆.၅၆၅ သန်းဖြစ်ပြီး ကျပ် ၂၂,၆၀၅.၈၇၅ သန်း သုံးစွဲခဲ့ သဖြင့် လျာထားချက်၏ ၆၁.၅၉ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

## ဇယား ၄-၂

### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်မှ ဒုတိယ (၆) လပတ် ( အောက်တိုဘာလမှ မတ်လကုန်အထိ ) အကောင်အထည်ဖော်နိုင်မှုအခြေအနေ

( ကျပ်သန်း)

| အမှတ်စဉ် | ဝန်ကြီးဌာနအမည် | လျာထားချက် (BE) | ဒုတိယ (၆) လပတ် လျာထားချက် | ဒုတိယ (၆) လပတ် သုံးစွဲပြီး |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၁၂,၅၈၉.၉၅၀ | ၅,၈၀၀.၂၂၁ | ၆,၆၉၉.၉၈၄ |
| ၂ | နိုင်ငံခြားရေး | ၂၈,၀၃၇.၁၀၆ | ၂၄,၈၈၁.၄၈၄ | ၁၈,၀၁၁.၈၇၇ |
| ၃ | ကာကွယ်ရေး | ၁,၂၆၄,၀၂၈.၃၈၀ | ၁,၀၂၈,၃၇၇.၆၄၅ | ၁,၃၁၉,၅၅၆.၈၉၅ |
| | -တပ်မြို့စည်ပင်သာယာရေး | ၄၀.၇၀၀ | | ၀.၀၀၀ |
| ၄ | နယ်စပ်ရေးရာ | ၉၇,၂၂၀.၂၄၆ | ၄၄,၄၄၈.၆၄၀ | ၄၄,၄၆၀.၅၉၈ |
| ၅ | ပြည်ထဲရေး | ၄၄,၀၄၉.၉၄၅ | ၇၀,၅၅၂.၉၀၁ | ၆၆,၂၂၆.၄၉၃ |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၇၃၅.၉၃၀ | ၃၉၀.၀၀၁ | ၁၇၂.၇၆၉ |
| ၇ | သာသနာရေး | ၁,၅၆၅.၄၉၆ | ၈၇၀.၉၀၁ | ၈၁၇.၇၉၇ |
| ၈ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားေ | ၃,၁၀၆.၅၁၀ | ၂,၃၈၃.၅၄၀ | ၃,၀၀၂.၉၇၉ |
| ၉ | ပြန်ကြားရေး | ၁၁,၀၃၆.၀၈၀ | ၈,၆၇၃.၀၀၉ | ၈,၂၈၁.၇၆၆ |
| ၁၀ | ယဉ်ကျေးမှု | ၁၃,၂၇၂.၂၁၈ | ၇,၃၁၆.၇၃၀ | ၉,၂၀၄.၈၅၇ |
| ၁၁ | ပညာရေး | ၂၇၃,၆၈၄.၆၁၄ | ၂၀၅,၅၀၈.၇၇၁ | ၂၀၁,၄၃၀.၅၇၉ |
| ၁၂ | ကျန်းမာရေး | ၃၄၉,၉၂၀.၃၀၁ | ၂၇၁,၆၈၉.၆၄၃ | ၂၂၈,၄၃၉.၈၃၂ |
| ၁၃ | အားကစား | ၅,၁၈၅.၈၄၂ | ၃,၂၁၀.၂၂၆ | ၂,၉၂၃.၇၃၆ |
| ၁၄ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၈,၂၁၃.၈၅၈ | ၁၀၄.၃၄၉ | ၅,၃၄၁.၅၃၀ |
| ၁၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၅,၃၇၀.၇၄၄ | ၅,၅၅၈.၈၁၂ | ၅,၈၃၉.၀၇၃ |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄၇၆,၂၀၂.၅၉၄ | ၂၇၆,၁၇၄.၄၈၂ | ၁၂၆,၃၄၂.၅၁၁ |
| ၁၇ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၃၀၇,၇၈၇.၃၆၈ | ၁၉၀,၁၁၁.၃၆၅ | ၁၉၂,၉၈၄.၁၈၂ |
| ၁၈ | သတ္တုတွင်း | ၂၁၉.၅၇၇ | ၆၉.၈၅၂ | ၇၉.၀၈၄ |
| ၁၉ | စက်မှု | ၂၅၈,၂၇၄.၉၉၀ | ၂၃၆,၆၀၈.၈၈၃ | ၁၆၈,၇၉၅.၄၇၃ |
| ၂၀ | သိပ္ပံနှင့်နည်းပညာ | ၇၀,၀၀၇.၁၂၅ | ၇၄,၃၅၅.၇၁၄ | ၆၈,၇၇၉.၉၂၅ |
| ၂၁ | စွမ်းအင် | ၆၁,၁၁၆.၂၄၁ | ၄၆,၁၄၂.၈၈၅ | ၃၉,၉၉၈.၀၅၆ |
| ၂၂ | လျှပ်စစ်စွမ်းအား | ၆၀၃,၅၀၂.၁၂၁ | ၃၇၁,၈၂၆.၉၁၇ | ၃၂၉,၉၅၄.၈၈၅ |
| ၂၃ | ဆောက်လုပ်ရေး | ၆၀၅,၇၅၆.၄၅၀ | ၂၁၈,၀၅၇.၅၀၂ | ၂၁၅,၂၃၄.၈၅၀ |
| ၂၄ | ပို့ဆောင်ရေး | ၁၈၅,၄၇၁.၄၀၁ | ၁၆၆,၀၀၁.၁၆၉ | ၆၅,၈၄၂.၈၅၂ |
| ၂၅ | ရထားပို့ဆောင်ရေး | ၁၈၈,၀၉၈.၅၈၈ | ၁၃၈,၅၃၈.၀၃၉ | ၇၇,၄၁၀.၃၄၁ |
| ၂၆ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၁၄၁,၉၄၂.၄၄၉ | ၈၁,၅၄၈.၉၁၅ | ၄၃,၉၇၇.၃၇၉ |
| ၂၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၆၈၈.၆၂၅ | ၇၂၁.၅၅၆ | ၈၂၈.၅၀၅ |
| ၂၈ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၆၂.၀၀၀ | -၃၇.၈၀၀ | ၈၁.၆၉၅ |
| ၂၉ | သမဝါယမ | ၃,၆၀၀.၄၇၀ | ၁,၇၄၅.၇၈၄ | ၂,၁၇၉.၃၆၄ |
| ၃၀ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၁၂,၈၂၁.၈၅၈ | ၆,၆၉၁.၁၂၉ | ၆,၂၃၆.၀၁၃ |
| ၃၁ | ဘဏ္ဍာရေး | ၂၈,၃၉၂.၂၂၃ | ၁၃,၈၅၈.၈၇၄ | ၁၄,၇၄၁.၉၅၆ |
| ၃၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄၃,၃၆၁.၂၀၉ | ၂၉,၄၆၁.၀၉၆ | ၃၀,၉၉၅.၆၁၉ |
| ၃၃ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၈,၃၆၈.၇၅၂ | ၃,၈၉၄.၇၀၃ | ၅,၉၀၈.၀၄၉ |
| ၃၄ | နေပြည်တော်ကောင်စီ | ၆၉,၉၄၆.၃၀၀ | ၃၆,၇၀၆.၅၆၅ | ၂၂,၆၀၅.၈၇၅ |
| | ပြည်ထောင်စု စုစုပေါင်း | ၅,၁၈၃,၇၇၈.၂၄၁ | ၃,၅၇၃,၂၄၅.၅၀၃ | ၃,၃၃၃,၃၄၇.၃၇၉ |

ဇစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## ဇယား ၄-၃

## တိုင်းဒေသကြီး/ ပြည်နယ်များ၏
## ၂ဝ၁၅-၂ဝ၁၆ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်မှ
## ဒုတိယ (၆) လပတ် ( အောက်တိုဘာလမှ မတ်လကုန်အထိ ) အကောင်အထည်ဖော်နိုင်မှုအခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | အကြောင်းအရာ | လျာထားချက် (BE) | ဒုတိယ (၆) လပတ် သုံးစွဲပြီး |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ကချင်ပြည်နယ် | ၈၉,၅၆၈.ဝ၈၁ | ၇၃,၉၇၅.၃၉၇ |
| ၂ | ကယားပြည်နယ် | ၃၅,၁၁၂.၂၉ဝ | ၂ဝ,၁၄၂.၁၂၂ |
| ၃ | ကရင်ပြည်နယ် | ၅၂,၆၉၈.ဝ၆၃ | ၂၂,၆၂၂.၁၁၈ |
| ၄ | ချင်းပြည်နယ် | ၉၁,၈၁၂.၆၇၈ | ၅ဝ,၅၇၄.၆ဝ၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၁,၃၁၆.၁၅၁ | ၄၃,၅၈၄.၁၆၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၂,ဝ၉၃.ဝ၁၁ | ၃၇,၃၃၄.၁၂၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၅,၃၃၁.၄၈၁ | ၄၃,၉၇၈.၈၇၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈၈,၇၅၃.၂ဝ၇ | ၇ဝ,၄၂၂.၇၆ဝ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉၇,၇၅၁.ဝ၂၄ | ၆၆,၉ဝ၁.ဝ၅၉ |
| ၁ဝ | မွန် ပြည်နယ် | ၂၉,ဝ၈၈.၇၆၃ | ၂၄,၂၂၅.၅၈၂ |
| ၁၁ | ရခိုင် ပြည်နယ် | ၁ဝ၉,၅၁၈.၃၅၈ | ၅၉,၆၅၃.၃၆၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၉၉,ဝ၃၄.၃၂၇ | ၂၂၆,၈၁၈.၇ဝ၃ |
| ၁၃ | ရှမ်း ပြည်နယ် | ၁၆၆,၂၄၅.၃၆၆ | ၉၂,၇၃၅.၇၂၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၂,၅၇၈.၁၅၂ | ၄၅,၉၉၄.ဝဝ၈ |
| | **တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း** | **၁,၄၈၁,ဝဝဝ.၉၅၂** | **၈၇၉,၉၆၂.၆ဝ၈** |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

# အခန်း(၅)

## ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ မိမိတို့၏ ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဆောင်ရွက်အကောင်အထည်ဖော်မှုကို တင်ပြအပ်ပါသည်။

### ကချင်ပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁,၂၁၅,၉၃၂.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၅.၄ ရာခိုင်နှုန်းတိုးတက်ရန် လျာထားခဲ့ပါသည်။


**ကချင်ပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း**


**ပုံ(၅-၁) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ကချင်ပြည်နယ်)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၀၆၈,၉၉၆.၃ သန်းရရှိခဲ့၍ ဒုတိယ(၆)လပတ် လျာထားချက်၏ ၈၇.၉ ရာခိုင်နှုန်း

အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၉.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** လယ်ယာကဏ္ဍအနေဖြင့် ဒုတိယ(၆)လပတ်တွင် မိုးစပါး တင်း ၂၉၈.၄၇ သိန်း ၊ အစေ့ထုတ်ပြောင်း တင်း၂၀.၄၈ သိန်း ၊ မြေပဲ တင်း ၁၆.၃၈ သိန်း ၊ နှမ်း တင်း၂.၁၇ သိန်း၊ ပန်းနှမ်း တင်း ၁.၃၇ သိန်း ၊ စားတော်ပဲ တင်း ၇၇,၀၀၀ ၊ ပဲတီစိမ်း တင်း ၂၄,၀၀၀ ၊ ကြက်ပေါင်စေး ပေါင် ၄၄,၆၀၀ နှင့် အခြားစားသုံး သီးပင်များ ဖြစ်သော အာလူး၊ ကော်ဖီ(အစေ့)၊ လက်ဖက်(ရွက်စိမ်း)နှင့် ငှက်ပျော စသည်များ ပိုမိုစိုက်ပျိုးထွက်ရှိလာသည့်အပြင် မိုးညှင်းခရိုင်တွင် အောင်မြင်ဖြစ်ထွန်း မှု နည်းသော မြန်မာဆေးအစား ဟင်းသီးဟင်းရွက်များကို အစားထိုးစိုက်ပျိုးနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းတွင် လယ်ယာကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရေးအတွက် တောင်သူ ၃၁၉ ဦး ကို ၁၆ ကြိမ် နည်းပညာ သင်တန်းပေးခြင်း၊ တောင်သူ ၄,၃၅၇ ဦး ကို ၂၀၁ ကြိမ် တောင်သူဟောပြောပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများမှ အသားထုတ်လုပ်မှု ပိဿာချိန် ၃၃,၄၃၉ (ထောင်ပေါင်း) ငါးထုတ်လုပ်မှုပိဿာချိန် ၁၅,၂၂၈ (ထောင်ပေါင်း) နှင့် ဥထုတ်လုပ်မှုလုံးရေ ၉၄,၅၇၆ (ထောင်ပေါင်း) တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ အသားကဏ္ဍ တိုးတက်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ကာကွယ်ဆေးများ ထိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး လုပ်ငန်းစဉ်များအရ ကျေးလက်ဒေသမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်စီမံချက်ဖြင့် ကျေးလက်ဒေသမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။

**သစ်တောကဏ္ဍ။** ကျွန်း ကုဗတန် ၂,၈၇၀၊ သစ်မာ ကုဗတန် ၄၃,၆၆၅၊ မီးသွေး ကုဗတန် ၁၀,၅၀၃၊ ပျားဖယောင်း ပိဿာ ၁၇၅ ၊ ကိုင်းဖျားကိုင်းနား ကုဗတန် ၃၇၆ စသည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ပုဂ္ဂလိကကဏ္ဍ ကျောက်စိမ်း ထုတ်လုပ်မှုများ၊ သမဝါယမပိုင် လမ်းခင်းကျောက်များ၊ ရွှေစပါးကုမ္ပဏီနှင့် မြန်မာရွှေကျားကုမ္ပဏီတို့မှ ခဲနှင့် ရောရာသတ္တုအရိုင်းထုတ်လုပ်မှု၊ ကျောက်စိမ်းဘုရင်ကုမ္ပဏီမှ သံသတ္တုအရိုင်း(ကန်တော်ယန်) ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ လုံးခင်း၊ ဖားကန့်ရတနာမြေရှိ နိုင်ငံတော် အကျိုးတူကုမ္ပဏီ လုပ်ကွက် ၁၀၀ ခု၊ ပုဂ္ဂလိက ကုမ္ပဏီလုပ်ကွက် ၄၀၇ ခု နှင့် အကျိုးတူ/ ပုဂ္ဂလိက ကုမ္ပဏီ လုပ်ကွက် ၁၀၉ ခု၊ စုစုပေါင်း လုပ်ကွက် ၆၁၆ ခု တို့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** အကြီးစားစက်မှုလုပ်ငန်းများ မရှိသော်လည်း ပုဂ္ဂလိက ရိုးရာ ရက်ကန်း လုပ်ငန်းများဖြစ်သော ဒေါ်အမ်ထွမ်၊ သန်း၊ ထိပ်ထား ရိုးရာရက်ကန်း လုပ်ငန်းများမှ ရိုးရာချည်ထည်၊ လုံချည်၊ လွယ်အိတ်များကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ အသေးစား အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဝန်ကြီးဌာန အသေးစား စက်မှုလက်မှုဦးစီးဌာနမှ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ရက်ကန်းသင်တန်းကျောင်းမှ ရက်ကန်း အတတ်သင်သင်တန်းများ ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများဖွဲ့စည်း၍ ပံ့ပိုးငွေများ ထုတ်ချေးပေးခြင်း၊ အရစ်ကျ ငွေချေစနစ်ဖြင့် လုပ်ငန်းသုံးစက်ပစ္စည်းများ ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

**လျှပ်စစ်ကဏ္ဍ။** ပူတာအိုမြို့နယ်ရှိ ၃.၂ မဂ္ဂါဝပ်အထက်ထုတ်လုပ်နိုင်မည့် နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းအား တည်ဆောက်လျက်ရှိရာ ၆၂.၂ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပါသည်။ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့၊ အင်ဂျန်းယန်မြို့နယ်၊ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးဒေသ၊ ကာမိုင်းမြို့၊ ဟိုပင်မြို့၊ နမ္မားဒေသ၊ နန့်မွန်း ဒေသ၊ ဗန်းမော်မြို့နယ်၊ မြို့လှမြို့၊ ရွှေကူမြို့နယ်၊ ဖားကန့်မြို့နယ်၊ မိုးမောက်မြို့နယ်၊ မံစီမြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ ပူတာအိုမြို့နယ်၊ နောင်မွန်းမြို့နယ်များအတွင်းရှိကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဓာတ်အားလိုင်းများ တပ်ဆင်ခြင်း၊ ထရန်စဖော်မာ များ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးရွာ ပေါင်း ၈၉ ရွာ နှင့် ဓာတ်အားစနစ်ပြင်ပမှ ၉၅ ရွာ အား ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ကသာ-စင်းခန်းလမ်း၊

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် အဆိုပါလမ်းများပေါ်ရှိ တံတားများတည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြစ်ကြီးနားမြို့နယ်တွင် နန်ပေါင်ရှောင်ကွင်းလမ်း၊ ရာဒါပူ-အောက်ချဲလမ်း၊ ဝိုင်းမော် မြို့နယ်တွင် ရွှေညောင်ပင်-တာလောကြီးလမ်း၊ ချီဖွေမြို့နယ်တွင် မံဝိန်း-ချီဖွေ-လောခေါင်-ထော့ဂေါ့-ဖီမော်လမ်း၊ တနိုင်းမြို့နယ်တွင် တနိုင်း-မိုင်းခွန်လမ်း၊ နမ္မတီး-တနိုင်း-ပန်ဆောင် လမ်း၊ အင်ဂျန်းယန်မြို့နယ်တွင် ဂွေထော်-အင်ဂျန်းယန်လမ်း၊ ဆော့လော်မြို့နယ်တွင် ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလတန်လမ်း၊ မိုးညှင်းမြို့နယ်တွင် မိုးညှင်းမြို့ရှောင်လမ်း၊ မိုးညှင်း-နန်းမား-မြို့သစ်ကလေး-ဟိုပင်လမ်း၊ မိုးညှင်း-ဘီလူး-အုန်းစံဆိုင်-ကျောက်ဖြူ-နန့်မွန်းလမ်း၊ ဖားကန့် မြို့နယ်တွင် လဝ-ကာမိုင်း-လုံးခင်း-ဖားကန့်လမ်း၊ မိုးမောက်မြို့နယ်တွင် မန္တလေး-လာရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ကုန်းနှော-မခွယ်လမ်း၊ မန်စီမြို့နယ်တွင် ဗန်းမော်-ဆဝမ်က တောင်-စီအူလမ်း၊ ဗန်းမော်-မန်သာ-စီကော်-စီအူလမ်း၊ ဗန်းမော်မြို့နယ်တွင် ဗန်းမော်-နောင်လိုက်-တာဆိုင်လမ်း၊ ရွှေကူမြို့နယ်တွင် ရွှေကူ-ကျေးတောကြီးပတ်လမ်း၊ ရွှေကူ-စီသောင်လမ်းများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် အဆိုပါလမ်းများပေါ်ရှိ တံတားများ တည်ဆောက် ပြုပြင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** နိုင်ငံပိုင်အနေဖြင့် မြန်မာ့မီးရထားနှင့် မြန်မာအမျိုးသား လေကြောင်းလိုင်းတို့မှ ခရီးသည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ သယ်ယူပို့ဆောင်လျက်ရှိခြင်း၊ သမဝါယမပိုင်အနေဖြင့် ဗန်းမော်-မန္တလေး သိန်းသန်းကြွယ် မော်တော်ယာဉ်လိုင်းဖြင့် သယ်ယူ ပို့ဆောင်လျက်ရှိခြင်း၊ ပုဂ္ဂလိက လေကြောင်းလိုင်း ၆ လိုင်းနှင့် ပုဂ္ဂလိက မော်တော်ယာဉ်လိုင်း ၇၆ လိုင်းများမှ ပြေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** နိုင်ငံပိုင်အခန်းအနေဖြင့် အော်တိုတယ်လီဖုန်း ၇၁ လုံး၊ မိုဘိုင်းဖုန်း ၁၈၀,၄၆၉ လုံး တိုးချဲ့တပ်ဆင်နိုင်ခြင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြစ်သော တယ်လီနောနှင့် အော်ရီဒူးကုမ္ပဏီများ၏ မိုဘိုင်းဖုန်းများ ဖြန့်ဝေမှုနှင့် တယ်လီဖုန်း ခေါ်ဆိုခများ ပိုမိုရရှိခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမပိုင်အနေဖြင့် CB Bank၊ ပုဂ္ဂလိကပိုင် ဘဏ် (၇) ခု၊ အပြည်ပြည်

ဆိုင်ရာ ကမ္ဘောဇအောမခံလုပ်ငန်းတို့ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးနှင့် ဆောင်းသီးနှံများထုတ်ချေးပေးခဲ့ပြီး နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအနေဖြင့် ချေးငွေထုတ်ချေးခြင်း၊ ငွေလွှဲလုပ်ငန်းများဖြင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ သမဝါ ယမပိုင်အခန်းမှ အသေးစား ငွေစုငွေချေးသမဝါယမအသင်းများ ဖွဲ့စည်း၍ အသေးစားချေးငွေ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် ဖြစ်သော အသေးစားသမဝါယမ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ငွေစုငွေချေး သမဝါယမအသင်း ၉ မျိုးမှ သမဝါ ယမ အသင်း ၅၈၀ သင်း ဖွဲ့စည်း၍ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ဆဲလုပ်ငန်းအနေဖြင့် ချီဖွေမြို့နယ် နိုဖုံဘော်ကျေးရွာ၊ ပူတာအိုမြို့နယ် လုံ့ရာယန် ကျေးရွာ၊ မိုးညှင်းမြို့နယ် နန့်မွန်းနှင့် ရွှေကူမြို့နယ် မြို့ကုန်းကျေးရွာတို့တွင် (၁၆) ကုတင်ဆံ့ ဆေးရုံဆောက်လုပ်ခြင်း၊ ဟိုပင်မြို့နယ် (၂၅) ကုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခြင်း၊ ဖြည့်စွက်လုပ်ငန်းများအနေဖြင့် မချမ်းဘောမြို့နယ် ထရမ်ဒမ်း (၁၆) ကုတင်ဆံ့ဆေးရုံ ဆောက်လုပ်ခြင်း၊ ဆော့လော်မြို့နယ် ပြည်သူ့ဆေးရုံ (၂၅) ကုတင်ဆံ့ တိုးချဲ့ခြင်း၊ ဖားကန့် မြို့နယ် ပြည်သူ့ဆေးရုံ ကုတင် (၅၀) ဆံ့ဆေးရုံ တိုးမြှင့်ဆောက်လုပ်ခြင်း၊ လုပ်ငန်းစီမံကိန်းသစ် အနေဖြင့် ချီဖွေမြို့နယ် ပန်ဝါတိုက်နယ်ဆေးရုံ၊ ရွှေကူမြို့နယ် စီသာတိုက်နယ်ဆေးရုံ ဆောက်လုပ် ခြင်း၊ မိုးညှင်းမြို့နယ် လွဲမွန်တိုက်နယ်ဆေးရုံ အကြီးစားမွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း လုပ်ငန်းအနေ ဖြင့် အထကကျောင်း ၂၅ ကျောင်း၊ အထကခွဲ ၁၄ ကျောင်း၊ အလက ၇ ကျောင်း၊ အလကခွဲ ၁၃ ကျောင်း၊ မူလွန် ၂၆ ကျောင်း၊ အမက ၁၀၆ ကျောင်း၊ စုစုပေါင်း ကျောင်း ၁၉၁ ကျောင်း၊ ကျပ် ၆,၈၈၂.၃ သန်း ဆောက်လုပ်ပြီးစီးခဲ့သဖြင့် လျာထားချက်အပေါ် (၁၀၀) ရာခိုင်နှုန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာမှ ကျေးလက် ရေရရှိရေးအတွက် ကျပ် ၆၆၆.၁၅၅ သန်း ဖြင့် ကျေးရွာ ၂၀ တွင် တွင်းနက်တူးဖော်ခြင်း၊ ကျေးရွာ

၃၄ ရွာတွင် လက်တွင်းတူးများတူးဖော်ခြင်း၊ ကျေးရွာ ၂၀ တွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြရေပေးဝေရေးအတွက် ကျပ် ၂၇.၈၉၁ သန်း၊ ကျေးလက်ရေပေးဝေရေးအတွက် ကျပ် ၆၅.၁၉၆ သန်း ဆောင်ရွက်ခဲ့ပါသည်။

**ဟိုတယ်၊ ခရီးသွားနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းအနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအခန်း ၃၂ ခန်းပါ ၄ ခန်းတွဲ တိုက် ၂ လုံး တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ဆေးကုသရေးလုပ်ငန်း၊ တည်းခိုခန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများမှ ဝင်ငွေများပိုမိုရရှိခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကချင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ကျပ် ၃,၄၆၅,၄၃၁ (ထောင်ပေါင်း) နှင့် ဒေါ်လာ ၁,၂၄၈ (ထောင်ပေါင်း) တင်သွင်းမှု ၊ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် သတ္တုတွင်းထွက်များ ကျပ် ၁၀၆,၆၀၀ (ထောင်ပေါင်း) နှင့် ဒေါ်လာ ၂၅,၀၂၄ (ထောင်ပေါင်း) တင်ပို့မှု၊ ကန်ပိုက်တီးစခန်းမှ ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ကျပ် ၅,၆၁၆,၅၉၃ (ထောင်ပေါင်း) နှင့် ဒေါ်လာ ၄၀,၄၆၀ (ထောင်ပေါင်း) တင်သွင်းမှု၊ လယ်ယာထွက်ပစ္စည်းဖြစ်သော ပြောင်း၊ အခြားလယ်ယာကိုင်း ကျွန်းထွက်ပစ္စည်းများဖြစ်သော တစ်သျှူးငှက်ပျောနှင့် ဖရဲသီး၊ စက်မှုကုန်ချောပစ္စည်းများ ကျပ် ၁၈၈,၇၇၆ (ထောင်ပေါင်း) နှင့် ဒေါ်လာ ၁,၃၂၇ (ထောင်ပေါင်း) တင်ပို့နိုင်ခဲ့ပါသည်။

## ကယားပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁၅၆,၇၂၅.၀ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၀.၄ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**ကယားပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း**


**ပုံ(၅-၃) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၄) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ကယားပြည်နယ်)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၆၄,၀၀၄.၇ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ် လျာထားချက်၏ ၁၀၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၈.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် အစေ့ထုတ်ပြောင်း၊ ပဲစဉ်းငုံ၊ ကုလားပဲနှင့် နှမ်း တို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးကို တိုက်ရိုက်အစေ့ချစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ဆည်ရေသောက်နှင့် မြစ်ရေတင်လုပ်ငန်းများမှ ရေပေးဝေနိုင်ရန်အတွက် ဘုရားဖြူ၊ နီးကိုးမြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဆည်မြောင်း၊ ကန်၊ ချောင်း၊ မြစ်ရေတင်များမှ ရေပေးဝေမှုကို ဧက ၃၂,၇၈၅

ကေကို ရေပေးဝေနိုင်ခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးထုတ်လုပ်မှုအတွက် ကျပ် ၂,၀၈၇ သန်း ထုတ်ချေးခဲ့ပါသည်။

**သားငါးကဏ္ဍ။** ပြည်နယ်အတွင်း အသားစားသုံးမှုဖူလုံစေရန်အတွက် ဝက်မျိုးကောင်း မျိုးသန့်ကောင်ရေ ၃၅၈ ကောင်အား ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမွေးမြူရေးခြံမှလည်းကောင်း၊ ဆိတ်မျိုးကောင်းမျိုးသန့်ကောင်ရေ ၄၇၂ ကောင်အား မကွေးတိုင်းဒေသကြီးမှ ဝယ်ယူမွေးမြူခဲ့ခြင်း၊ ဖြန့်ဖြူးနိုင်ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့ပါသည်။ ဒေသကြက်မွေးမြူရေးလုပ်ငန်းများကို မွေးမြူသူ ၄၉,၄၈၈ ဦးမှ ကောင်ရေ ၂,၆၂၆,၄၁၅ ကောင် မွေးမြူထားရှိပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကြက်လည်လိမ်ကာကွယ်ဆေးအား မြို့နယ်အလိုက် စီမံကိန်းချမှတ်၍ ၄ လတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်အတွင်း လှိုင်ကော်မြို့နယ်တွင် ဒေါပေါ်ကလဲကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်တွင် ဝီသဲကူးအစုအဖွဲ့၊ ကျေးအုပ်စု၊ မြို့မရပ်ကွက်အုပ်စု စသည့် မြစိမ်းရောင် ကျေးရွာ ၄ ရွာ အား မတည်ငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် သိန်း ၁,၂၀၀ အား ချေးငွေများ ထုတ်ပေးနိုင်ခဲ့ပါသည်။ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းငယ် (Backyard Hatchery) ၂ လုံး ဆောက်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ကုမ္ပဏီအဖွဲ့အစည်း ၉ ခုမှ MP စနစ်ဖြင့် လည်းကောင်း၊ ပင်ထောင်ရိုက်မှတ်ခြင်းဖြင့်လည်းကောင်း ကျွန်းနှင့် သစ်မာများကို ထုတ်လုပ်လျက်ရှိပါသည်။

စက်မှုလုပ်ငန်းများ ပတ်ဝန်းကျင်ထိန်းသိမ်းမှု စစ်ဆေးခြင်း၊ ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးမှု ပပျောက်ရေးအတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ၁၂၀ ဧက ဆောင်ရွက်ခဲ့ပါသည်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း ယာမြေများအား ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို ၇၄၅.၇ ဧက၊ ပုဂ္ဂလိကစိုက်ခင်း (ကျွန်း/သစ်မာ) စုစုပေါင်း ၃၃၀ ဧကအထိ ဆောင်ရွက်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ကယားပြည်နယ်ရှိ မော်ချီးသတ္တုတွင်းသည် တူးဖော်ထုတ်လုပ်မှု သက်တမ်းကြာမြင့်လာခြင်းကြောင့် သတ္တုသိုက်ပမာဏ လျော့နည်းလာခြင်း၊ သတ္တုသား ပါဝင်မှုနှုန်းကျဆင်းခြင်းတို့ကြောင့် လျာထားချက် ပြည့်မီအောင် ထုတ်လုပ်ရန် ခက်ခဲနေပါသည်။ ယခင်က အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ခဲမဖြူ၊ အဖြိုက်နက်နှင့် ရှီးလိုက်ရောရာ သတ္တုချွဲခြားစက်ရုံကို Myanmar Golden Bonanza Service Co.,Ltd မှ

ငှားရမ်း၍ အမေရိကန်ဒေါ်လာ ၂.၄၃ သန်း ရင်းနှီးမြှုပ်နှံပြီး ခွဲခြားသန့်စင်နိုင်သည့် စက်ရုံအဖြစ် လည်ပတ် ဆောင်ရွက်လျက်ရှိပြီး၊ တစ်နှစ်လျှင် တန် ၆၀၀ ထုတ်လုပ်နိုင်ရန် ခန့်မှန်းထား ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း ကယားပြည်နယ်တွင် ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ နေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းသစ်များ တိုးတက် ခဲ့ပါ သည်။ ပုံနှိပ်လုပ်ငန်း၊ သစ်သားတံခါးရွက်၊ ဝါးထရံ၊ မုန့်ဖတ်၊ ချည်ချော လုံချည်၊ ရေသန့်၊ ရွှေပန်းထိမ် လုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ စားသောက်ရေးဆိုင်ရာလုပ်ငန်း တွင် ဆန်စက်၊ အမှုန့်ကြိတ်စက်၊ မုန့်မျိုးစုံလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်းတွင် ဘလောက်အုတ် လုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်း ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် သံဂဟေလုပ်ငန်း၊ စတီး အလှဆင်လုပ်ငန်း နှင့် အထွေထွေစက်မှု အလုပ်ရုံလုပ်ငန်းများ တိုးတက်ထုတ်လုပ်လျက် ရှိပါ သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ နှင့် ပြည်နယ် SME Cluster တို့မှ လုပ်ငန်းရှင်များအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် SMIDB Bank မှ ချေးငွေ ကျပ်သန်း ၁,၀၀၀ ထုတ်ချေးပေးခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများစွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကီလိုဝပ်နာရီ ထောင်ပေါင်း ၂၄,၆၅၉ အထိ တိုးတက်သုံးစွဲနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဓာတ်အားလိုင်း၊ နေရောင်ခြည်၊ ဒီဇယ်နှင့် အသေးစားရေအားတို့ဖြင့် မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ စက်လက်တွေ့ဆောင် ၁ လုံး၊ ကျောင်းအုပ်နေအိမ်၊ လွိုင်ကော်တက္ကသိုလ်တွင်(၂)ထပ်စာသင်ဆောင် ၄ လုံး ဆောက်လုပ်ခြင်း၊ ဘွဲ့နှင်းသဘင် ပြင်ပ တွင် ကျွေပြားခင်းခြင်း၊ မီးလိုင်းများ သွယ်တန်းခြင်းလုပ်ငန်း 400v ဓာတ်အားလိုင်း ၂၀၀၀ ပေ၊ ကွန်ကရစ်တိုင် ၂၅ တိုင် အပါအဝင် စသည်တို့ တည်ဆောက်ပြီးစီးပြီး ဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** လွိုင်ကော်လေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် Air KBZ မှ (ရန်ကုန်-လွိုင်ကော်-ရန်ကုန်) တစ်ပတ် ၃-ရက် ပုံမှန်ပြေးဆွဲလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဒုတိယ(၆)လပတ်တွင် ခရီးသည်စုစုပေါင်း ၁၁,၅၀၀ ဦး ဝန်ဆောင်မှု ပေးနိုင် ခဲ့ပါသည်။ လွိုင်ကော်လေယာဉ် ပြေးလမ်း(၁၈၀၀ x ၁၀၀) x ပေ ၃၄" ကျောက်ကတ္တရာ

ခင်းတိုးချဲ့ခြင်းတွင် ဆောင်ရွက်ပြီး၊မြေသားတာဘောင်(၁၁၀၀x ၁၀၀)ပေ တွင် Side Slope နှင့် Soil Stability Step များ၊ Earth Leveling များ၊ မြေဖို့ လုပ်ငန်းနှင့် ကျောက်ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကယားပြည်နယ်အတွင်း မီးရထားလမ်းအရှည် ၁၀ မိုင်ခန့်သာရှိပြီး၊ လွိုင်ကော်-ပျဉ်းမနား ရထားပြေးဆွဲမှု ခရီးစဉ်အရ ၂၃၉.၅ မိုင် ရှိပါသည်။ ရထားလမ်းပိုင်းများ ကြံ့ခိုင်ရေးအနေဖြင့် သစ်သားဇလီဖားတုံးများကို ကွန်ကရစ်ဇလီဖားတုံးများ အစားထိုး ခင်းကျင်းထားပါသည်။ ခရီးသည်စီးတွဲများကိုလည်း ခုံတန်းလျားတွဲများအစား အလုံတွဲ မီးရေပါ တွဲသစ်များဖြင့် အစားထိုးပြေးဆွဲလျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ကယားပြည်နယ်အတွင်း တန်ဖိုးနည်းတယ်လီဖုန်းများကို ပြည်သူများသို့ ဆက်သွယ်ရေးကုမ္ပဏီများမှ လစဉ်ဖြန့်ဖြူးပေးလျက်ရှိရာ ဆင်းကဒ်ပေါင်း ၇၀,၀၀၀ ကျော်အထိ ဖြန့်ဖြူးထားပြီးဖြစ်ပါသည်။ ပြည်နယ်၏ လူ ၁,၀၀၀ လျှင် မိုဘိုင်းဖုန်းသုံးစွဲမှုသည် ၈၈၉ လုံးအထိ သုံးစွဲနိုင်ခဲ့ပါသည်။ ဆက်သွယ်ရေးကုမ္ပဏီများဖြစ်သော Telenor နှင့် Ooredoo တို့သည်လည်း ကယားပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ဝင်ရောက်လာခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စီမံကိန်းများဖြစ်သော Phase(2) စီမံကိန်းတွင် ဆောင်ရွက်ရန် ကျန်ရှိနေသော GSM BTS စခန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ Phase(3) စီမံကိန်းဖြင့် စခန်းသစ်များ တည်ဆောက်ရန်အတွက် မြေနေရာရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားပေးရန်အတွက် လမ်းကြောင်းများရွေးချယ်ခြင်း၊ မိုဘိုင်းစခန်းများချိတ်ဆက်ပေးနိုင်ရေး ဆက်သွယ်ရေးလမ်းကြောင်းများ တွက်ချက်မှုများ ပြုလုပ်လျက်ရှိပါသည်။ GSM BTS စခန်းပေါင်း ၁၂ ခု ကို လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့များတွင် တပ်ဆင်ခဲ့ပြီးဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ မြန်မာ့စီးပွားရေးဘဏ်မှ အတိုးရငွေများ၊ ငွေစုဘဏ်စုဆောင်းသူ ဦးရေ ၉,၂၂၀ ဦး၊ အပ်ငွေ ကျပ် ၁၄,၃၄၂.၅၀ သန်း နှင့် ငွေစုလက်မှတ် ဝယ်ယူ စုဆောင်းမှု ဦးရေ ၁,၁၉၀ ဦးနှင့် အပ်ငွေ ကျပ် ၂၂.၈၇ သန်း ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုးရငွေများ တိုးလာခြင်း၊ ပုဂ္ဂလိကဘဏ်ခွဲများ ဖွင့်လှစ်လာနိုင်ခြင်းတို့ကြောင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများ အတိုးရငွေများ ငွေလွှဲခရငွေများ ပိုမိုရရှိခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးဝန်ဆောင်မှုအနေဖြင့် လွိုင်ကော်တက္ကသိုလ်တွင် နေ့သင်တန်း တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူဦးရေ ၂,၁၃၆ ဦး၊ အဝေးသင်တက္ကသိုလ်(လွိုင်ကော်ဌာနခွဲ) တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူဦးရေ ၃,၂၁၀ ဦး၊ သင်ကြားရေး ဝန်ထမ်းများ ( ဆရာ ၊ ဆရာမ ) ၁၈၂ ဦး၊ လွိုင်ကော်တက္ကသိုလ် နေ့သင်တန်းတွင် ဘာသာရပ် ၁၂ ခုဖြင့် လည်းကောင်း၊ မန္တလေး အဝေးသင် (လွိုင်ကော် ဌာနခွဲ)တွင်လည်း ဘာသာရပ် ၁၄ ခုဖြင့် သင်ကြားပို့ချလျက်ရှိပါသည်။ လွိုင်ကော်တက္ကသိုလ်အတွက် လိုအပ်သော မဟာဘွဲ့ရနည်းပြ/သရုပ်ပြဆရာ/ ဆရာမဦးရေ ၄၆ ဦး ခန့်အပ်ရာတွင် ကယားပြည်နယ်မှ ဒေသခံ ၂၅ ဦး ခန့်ထားပေးနိုင်ခဲ့ပါသည်။ အသက်မွေးဝမ်းကြောင်းပညာရပ်များကို သင်ကြားနိုင်ရန်အတွက် စိုက်ပျိုးရေးသိပ္ပံနှင့် ပညာရေးကောလိပ်တို့ကို ထပ်မံ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လွိုင်ကော်တက္ကသိုလ်မှ ကျောင်းသား ၁ ဦး၊ ကျောင်းသူ ၂ ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သွားရောက်ပညာသင်ကြားလျက်ရှိပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ပြည်နယ်တွင် အဖြစ်များသော ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် တီဘီရောဂါတို့ကို အမြန်ဆုံး လျှော့ချနိုင်ရေးနှင့် အသေအပျောက် အများဆုံးဖြစ်သော တီဘီနှင့် ငှက်ဖျားရောဂါတို့ကိုလည်း ဖြစ်ပွားမှုကျဆင်းရန် ဆောင်ရွက်ခဲ့ပါသည်။ ကုတင် ၂၀၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ကုတင် ၅၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ၂၅ ကုတင် ဆံ့ ဆေးရုံ ၅ ရုံ၊ ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၀ ရုံ၊ ရောဂါ တိုက်ဖျက်ရေး စီမံကိန်းဌာန ၄ ခု၊ ဒေသန္တရဆေးပေးခန်း ၁ ခု ၊ ကျောင်း ကျန်းမာရေး ဆေးပေးခန်း ၁ ခု၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာန ၆ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၇၉ ခု၊ တိုင်းရင်းဆေးရုံ ၁ ရုံ၊ မြို့နယ် တိုင်းရင်းဆေးကုဌာန ၅ ခန်း စုစုပေါင်း ကျန်းမာရေး စောင့်ရှောက်သောဌာနပေါင်း ၂၄၁ ခု မှ ဒေသတွင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**အလုပ်အကိုင်ရရှိရေး။** ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၌ မြို့နယ်အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီများ ဖွဲ့စည်းထားပြီး၊ ပြည်တွင်းအလုပ်အကိုင်ရရှိရေးမှတ်ပုံတင်သူ ၃,၄၄၈ ဦး၊ အလုပ်ရသူ ၁,၂၁၃ ဦးဖြစ်ပါသည်။ လွိုင်ကော်မြို့ရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ၂၄ ခုတွင် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုဆောင်ရွက်ပြီး ဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၌

အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်နှင့်အညီ လစာ ထုတ်ပေးခြင်း ရှိ/မရှိ ကို စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လှိုင်ကော်မြို့တွင် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်သမားများအား မြို့နယ်လူမှုဖူလုံရေးဆေးခန်း၊ အခမဲ့ဆေးဝါး ကုသပေးခြင်း၊ ကွင်းဆင်းဆေးကုသပေးခြင်းနှင့် ဆေးဖိုးကုန်ကျငွေများ ပြန်လည်လျှော်ထားနိုင်ရန် စိစစ်ထောက်ခံပေးခြင်းများ ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမား ၁,၀၈၄ ဦးကို Smart Card ထုတ်ပေးနိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** စိမ့်စမ်းများမှ ရေသွယ်ယူခြင်း၊ ရေပိုက်လိုင်းနှင့် ရေဂါလံ ၅၀၀၀ ဆံ့ အုတ်ကန်များတည်ဆောက်ခြင်း ၃၉ ရွာ ၊ ရေပိုက်လိုင်းဖြင့်ရေသွယ်ယူခြင်း ၁၁ ရွာ၊ မြေသားကန် အဆင့်မြှင့် ရေဝင်မြောင်းဖောက်လုပ်ခြင်း ၁ ရွာ၊ လက်တူးတွင်း တူးဖော်ခြင်း ၃၅ ရွာ၊ ရေပိုက်လိုင်း၊ ရေစက်ရုံ၊ အင်ဂျင်/ပန့် တည်ဆောက်ခြင်း ၃၁ ရွာ၊ ဂါလံ ၂၀၀၀ ဆံ့ အုတ်ကန်တည်ဆောက်ခြင်း ၂၃ ရွာ၊ မြေသားကန်တူးဖော်ခြင်း ၃ ရွာ၊ ရေပိုက်လိုင်းနှင့် ဂါလံ ၁၀၀၀ ဆံ့အုတ်ကန် ၁ ရွာ၊ ရေပိုက်လိုင်းနှင့် ရေတားတမံ ၁ ရွာ၊ လက်တူးတွင်းနှင့် ရေပိုက်သွယ်တန်းခြင်း ၁ ရွာ၊ ရေပိုက် လိုင်း သွယ်တန်းခြင်း ၃ ရွာ၊ ရေပိုက်လိုင်းနှင့် ရေတားတမံ ၂ ရွာ တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကယားပြည်နယ်တွင် လှိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ဖားဆောင်းမြို့နယ်များရှိ ကျေးရွာပေါင်း ၂၉ ရွာသည် နွေရာသီရေပြတ်လပ်မှု နှင့် ရေရှားပါးမှုဖြစ်ပေါ်လျက်ရှိသောကြောင့် ပြည်နယ်အစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ တပ်မတော် တပ်ရင်း/ တပ်ဖွဲ့ပိုင်ယာဉ်များ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်များ၊ ပုဂ္ဂလိကစေတနာရှင်များ ပူးပေါင်း၍ ရေသယ်ယာဉ်များ၊ ထရော်လာဂျီများဖြင့် ရေဖြန့်ဖြူးခြင်းကို ကျေးရွာများအထိ သွားရောက် ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ငှားရမ်းခ နှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းတွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တစ်ယူနစ် ငှားရမ်းခဝင်ငွေများတိုးလာခြင်း၊ ပုဂ္ဂလိကအခန်းတွင် ကန်ထရိုက်လုပ်ငန်း ၁ ခု၊ စားသောက်ဆိုင် လုပ်ငန်း ၁၁ ခု ၊ ဆိုင်ကယ်ပြင်လုပ်ငန်း ၁၆ ခု၊ အပ်ချုပ်ဆိုင် ၅ ခု၊ ကွန်ပျူတာနှင့် မိတ္တူ ၅ ဆိုင် စသည့်လုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။** နိုင်ငံတကာကုန်သွယ်ရေးဗဟိုဌာနနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာနတို့မှ လွိုင်ကော်၊ ပန်ပက်၊ တနီးလာလဲ စသည့် ကျေးရွာများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များမှ နည်းပညာအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် သင်တန်းများပေး၍ ပူပေါင်းဆောင်ရွက်နေပါသည်။ ဟိုတယ်နှင့် တည်းခိုခန်းများအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဟိုတယ် ၉ လုံး၊ အိပ်ခန်းပေါင်း ၂၀၀ တိုးမြှင့် ပြီး ကမ္ဘာလှည့် ခရီးသွားများအား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကယားပြည်နယ်သည် လွိုင်ကော်-ပင်လောင်း-တောင်ကြီးလမ်း၊ လွိုင်ကော်-ပင်လောင်း-မန္တလေးလမ်း၊ လွိုင်ကော်-ပင်လောင်း-နေပြည်တော်-ရန်ကုန်လမ်းတို့ဖြင့် ပြည်နယ်အတွင်း ထွက်ကုန်များနှင့် ပြည်နယ် ပြင်ပဒေသများမှ ထွက်ကုန်များ စီးဆင်းလျက်ရှိပါသည်။ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင်နှင့် နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။


ကယားပြည်နယ်အစိုးရအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လူထု၊ လူတန်းစားများအကြား ဆင်းရဲ၊ ချမ်းသာကွာဟမှုနည်းပါးပြီး လူတိုင်း ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ကရင်ပြည်နယ်


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၈၇၇,၈၅၈.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

### ကရင်ပြည်နယ်၏
### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း

**ပုံ(၅-၅) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၆) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး၊ပြည်နယ်စီမံကိန်းဦးစီးရုံး (ကရင်ပြည်နယ်)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၉၄၇,၀၁၄.၅ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၇.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၈.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကရင်ပြည်နယ်တွင် ပလပ်မြေ၊ မြေလွတ်မြေရိုင်းများဖော်ထုတ်ခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ လှိုင်းဘွဲ့မြို့နယ် မဲထလုံ ရေနုတ်မြောင်းတူးဖော်ခြင်း၊ မဲဘောင်-နောင်လုံ နန်းသွင်းမြောင်းတူးဖော်ခြင်း၊ တခင်းလုံ ရိုးဟောင်းပြန်လည်တူးဖော်ခြင်း၊ ကော့ကရိတ်မြို့နယ် ရေပူချောင်းပုံစံကျ တူးဖော်ခြင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်ခလယ်ချောင်းပုံစံကျတူးဖော်ခြင်း၊တံခွန်တိုင်ချောင်းနှင့် မရိကမြောင်း

ပြန်လည်တူးဖော်ခြင်းတို့အပြင်တောင်သူကုန်း၊အောက်ရေပူ-တောင်သရက်ကုန်း၊ နန်းကော်တေး၊ ကျေးရွာဆည်မြောင်းတို့တွင် ရေတံခါးများနှင့်ကော့ဖျံ၊ ကထိုထတို့တွင်လျှိုပိတ်တမံ၊ အောက်ရေပူ - တောင်သရက်ကုန်းတို့တွင် ရေထိန်းတမံများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း သီးနှံစိုက်ပျိုးရာတွင် ဌာနပိုင် ထွန်စက်ကြီးများ၊ အိန္ဒိယနိုင်ငံ အထောက်အပံ့ဖြင့်ရရှိသော ထွန်စက်ကြီးများဖြင့် ထွန်ယက်ရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ တောင်သူပိုင် ထွန်စက်ကြီးများဖြင့် ထွန်ယက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ထွန်စက်မောင်း ဝန်ထမ်းများစီစဉ်ပေးခြင်း၊ ထွန်စက်ပြင်ဆင်ခြင်းများတွင်ကူညီဆောင်ရွက်ပေးခဲ့ပြီးနိုင်ငံတော်ဘတ်ဂျက်ဖြင့် စက်မှုလယ်ယာ ဧက ၁,၅၂၀ ဖော်ထုတ်နိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် Good Agriculture Practise (GAP)စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် နည်းပညာပံ့ပိုးနိုင်ခဲ့ပြီးမိုးမြေပဲဧက ၄,၈၀၀၊ မိုးနှမ်းဧက ၂,၀၁၀၊ အစေ့ထုတ်ပြောင်း ၄၂,၀၁၂ ဧက ၊ မိုးစပါး ၂၁၆,၈၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါး မျိုးသန့်ဇုန် ၁,၅၀၀ ဧက ရည်မှန်းခဲ့ရာတောင်သူပေါင်း ၄၈၉ ဦးမှ ဧက ၁,၅၅၀ စိုက်ပျိုးနိုင်ခဲ့ ပါသည်။ မျိုးပြောင်းလဲရေးအတွက် ဆင်းသုခစပါးမျိုးအသုံးပြုရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ မှ တစ်ဧကတစ်တင်းနှုန်း ပံ့ပိုးနိုင်ခဲ့ပြီး စိုက်ဧက ၅၈,၀၄၀ စိုက်ပျိုးခဲ့ပါသည်။

ထို့အပြင်လုပ်မြေ ၅၉ ဧက ၊ မြေရိုင်း ၂,၆၂၉ ဧက၊ ရာသီသီးနှံ ၅၉ ဧကနှင့် ရာဘာ ၁,၁၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဘားအံမြို့တွင် မြေကြီးမြေပုံမှန်ကန်ရေးနှင့် တောင်သူများ၏ လုပ်ကွက်ဇရိယာများမှန်ကန်ရေး အတွက်ကွင်းများ ပြန်လည်တိုင်းတာ ဆောင်ရွက်နိုင်ခဲ့ပြီးကွင်းပေါင်း ၁၉၂ ကွင်းကို ၂၀၁၅ ခုနှစ် မတ်လတွင်တိုင်းတာနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကရင်ပြည်နယ်၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တိရစ္ဆာန်မွေးမြူရေး ပညာပေးလုပ်ငန်းများကို မြို့နယ်/ ကျေးရွာအဆင့်အထိ တိုးချဲ့လုပ်ဆောင်ခြင်း၊ မေထုန်မဲ့သားစပ်သင်တန်းနှင့် အာဟာရဗေဒ သင်တန်းပို့ချပေးခဲ့ခြင်း၊ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ဖာပွန်၊ ကော့ကရိတ်နှင့် ကြာအင်း ဆိပ်ကြီးမြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးစရိတ်များ ထုတ်ချေးပေးခြင်း၊ ကျေးလက်ဒေသရန်ပုံငွေဖြင့် တိရစ္ဆာန်များမွေးမြူနိုင်ရန် ဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်များအား

ကာကွယ်ဆေးထိုးပေးခြင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအနေဖြင့် ဘားအံမြို့နယ်ရွှေတော ကျေးရွာအုပ်စုနှင့် ကော့ကရိတ်မြို့နယ် ကော့ဝါလဲကျေးရွာအုပ်စုတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ ငြိမ်းချမ်းရေးအဖွဲ့များကို ခိုင်းနွားနှင့် CP ဥစားဘဲမျိုးကောင်း မျိုးသန့်များ ထောက်ပံ့ပေးနိုင်ခဲ့ခြင်းတို့ကြောင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် အစီရင်ခံသည့် ဒုတိယ(၆)လပတ်တွင် ငါးမွေးကန် ဦးရေ ၂၁ ကန်၊ ဧရိယာဧကအားဖြင့် ၁၁.၁၀ ဧက တိုးချဲ့လုပ်ဆောင်နိုင်ခဲ့ပါသည်။ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနရန်ပုံငွေမှ ဘားအံမြို့နယ်သံလှယ် ကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ် မီးလောင်ချောင်းကျေးရွာနှင့် မြဝတီမြို့နယ် မင်းလက်ပံ ကျေးရွာတို့တွင် တစ်နိုင်တစ်ပိုင်ငါးသားဖောက်ရုံအဆောက်အဦ ၃ လုံးအား ငွေကျပ်သိန်း ၁၀၀ စီ ဖြင့်အကုန်အကျခံဆောက်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့်သစ်မာမျော၊ ထင်း၊ သစ်ခေါက်၊ လျှော် နှင့် ဓနိ-သက်ငယ် တို့ကိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

သစ်တောကာကွယ်ခြင်း၊ အခွန်တော်ငွေများ ကောက်ခံခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ သစ်တောမြေအတွင်း မြေအသုံးချမှုနှင့်စီမံခန့်ခွဲမှု၊ ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဝင်ရောက်၍ ရာဘာနှင့်အခြား နှစ်ရှည်ပင်များ စိုက်ပျိုးကြသည့် ဒေသခံများကို ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်၍ သစ်တောဥပဒေနှင့်အညီ ဒဏ်ကြေးငွေများ ပေးဆောင်ရန် ဆောင်ရွက်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သွပ်နှင့်ရောရာ သတ္တုရိုင်းထုတ်လုပ်သော မေဖလားဝါးမိုင်းနင်း အင်တာပရိုက်စ်လီမိတက်၊ ခနောက်စိမ်းသတ္တုထုတ်လုပ်သော ထူးအောင်မြတ်၊ ထွတ်ခေါင်နှင့် ရွှေဥက္ကာပျံသတ္တုတူးဖော်ရေး ကုမ္ပဏီ၊ ဆံရှည်ကုမ္ပဏီလီမိတက်၊ မြင့်ကြွယ်လင်းကုမ္ပဏီလီမိတက်၊ ရွှေလင်းကမ္ဘာကုမ္ပဏီ လီမိတက်တို့မှာ စာချုပ်ရပ်စဲထားခြင်းကြောင့် သတ္တုထုတ်လုပ်မှုမှာလျော့နည်းပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်ရုံကြီးများအနေဖြင့် ဘားအံမြို့တွင်တန် ၄,၀၀၀ ဘိလပ်မြေ စက်ရုံနှင့် တန် ၉၀၀ ဘိလပ်မြေစက်ရုံ ၊ သံတောင်ကြီးမြို့နယ်တွင် တပ်မတော် လက်ဖက်ခြောက်

စက်ရုံတို့ရှိပါသည်။ တန် ၄,၀၀၀ ဘီလပ်မြေစက်ရုံမှာ ယခင်နှစ်အလားတူကာလထက် ၁၃၂.၅၂ တန်ထောင်ပေါင်းလျော့နည်းထုတ်လုပ်ခဲ့ပါသည်။

ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခင်ကရက်ကန်းနှင့် အသက်မွေးပညာ တစ်မျိုးတည်းသင်ကြားခဲ့ပြီး ယခုအခါ အသက်မွေးပညာသင်တန်းများကို ပြည်နယ်အတွင်းရှိ ဒေသအသီးသီးသို့သွားရောက် ဖွင့်လှစ်ပေးနိုင်ရန်အတွက် Mobile Team များ၊ ဌာနခွဲကျောင်းများ၌လည်းကောင်း လိုအပ်သလို သင်ကြားပို့ချပေးခဲ့ပါသည်။ ထို့အပြင် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြင် သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့၍ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဂျပ်ခုတ်သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီးပွဲပိုးမှုများအပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကြောင့် ရိုးရာအထည်များ၊ ဦးဆောက်ပန်း၊ ရတနာရွှေပြည်၊ စိန်နဂါး၊ မိုးကြယ်တစ်လုံး နှင့် ကသစ်သောက်ရေသန့် ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုထုတ်လုပ်လျက်ရှိ ပါသည်။

ကရင်ပြည်နယ်အနေဖြင့်စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရန်အတွက်အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးကိုအလေးထားဆောင်ရွက်ခဲ့ရာအသေးစားကုန်ထုတ်မှုအသင်း အစုအဖွဲ့ ၇၁ ဖွဲ့ ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးစက်မှုလက်မှု သင်တန်းကျောင်းမှ ဆောက်လုပ်ရေးနည်းပညာ (လက်သမား၊ သံချည်သံကွေး ၊ ပန်းရံ) သင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်း၊ လျှပ်စစ်သင်တန်း (အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း) ၊ ဂဟေဆက်သင်တန်း များဖွင့်လှစ်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အားကို ပြည်နယ်ရှိမြို့များသို့ သယ်ပိုဖြန့်ဖြူး နိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကိုစံချိန်စံညွှန်းနှင့် အညီသတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အား ပြတ်တောက်မှု၊ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေးတို့အတွက် ဓာတ်အားလိုင်း

နှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ကရင်ပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်အပေါ် 11 / 04 KV 200 KVA ခွဲရုံများတည်ဆောက်ခြင်း၊ 11 KV လိုင်းများသွယ်တန်းခြင်း၊၄၀၀ဗို့လိုင်းများ တည်ဆောက်ပေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဓာတ်အားဖြန့်ဖြူးမှုတွင် သုံးစွဲလျက်ရှိသည့်သစ်သားတိုင်၊ လက်တန်းများ၊ သံတိုင်၊ သံလက်တန်းများမှာ ကြာမြင့်လာပြီဖြစ်၍ ဆွေးမြေ့လာခြင်း၊ စံချိန်မမီဖြစ်လာခြင်းများကြောင့် ဓာတ်အားလိုင်းတစ်လျှောက် ဝန်အားနိုင်နင်းမှုမရှိတော့ခြင်း၊ ဓာတ်အားပျောက်ဆုံးမှုများပြားလာခြင်း၊ လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်းများကြောင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီလဲလှယ်ပေးခြင်းအားဖြင့် မြို့ပြအင်္ဂါရပ်နှင့်အညီ တင့်တယ်သန့်ရှင်းသပ်ရပ်ပြီး ဓာတ်အားပျောက်ဆုံးမှုလျော့နည်းလာစေရန် ရည်ရွယ်၍အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသမီးလင်းရေးအတွက်နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဆိုလာစနစ် ၇,၈၅၃ စုံ အားပံ့ပိုးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှဆိုလာစနစ် ၅၃ စုံ အား ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်တွင်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတည်ဆောက်မှုများအနေဖြင့် တောင်ငူ-မော်ချီး - လွိုင်ကော် လမ်း ၊ထီလုံ-တာပေါင်- ပတ-နဘူး- တံတားကျိုး (ကော့ကရိတ်)လမ်း ၊ကော့ကရိတ်-အစွန်း-ကြိတ်-ကျိုက်ဒုံ-အဇင်းလမ်း၊သံဖြူဇရပ်-သုံးဆူလမ်း ၊ အိန္ဒူ-ဇာသပြင်လမ်း ၊ လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်းများနှင့် တံတားတည်ဆောက်မှုများအနေဖြင့် ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်ရှိ ယွန်းစလင်းတံတား ၊ သံဖြူဇရပ်- သုံးဆူလမ်းပေါ်ရှိ အနန်းကွင်းတံတား ၊ သံဖြူဇရပ်- သုံးဆူလမ်းပေါ်ရှိဇမိချောင်းတံတား၊ ကော့ကရိတ်-ကျိုက်ဒုံ-အဇင်းလမ်းအံ့ဖကြီးတံတား၊ မုဒုံ-မြဝတီ (မဲသရော-လှိုင်ကွယ်အပိုင်း) လမ်းပေါ်ရှိ ဟောင်သရောတံတား၊ ထီလုံ-တာပေါင်လမ်းပေါ်ရှိ တာပေါင်တံတားများ တည်ဆောက်လျက်ရှိပါသည်။

ကရင်ပြည်နယ်အတွင်း ဆောက်လုပ်လျက်ရှိသော ဖာပွန်မြို့နယ် ယွန်းစလင်းတံတား ပေ ၄၉၀ ၊ ကော့ကရိတ်မြို့နယ် အံ့ဖကြီးတံတား ပေ၂၄၀ ၊ ဟောင်သရောတံတား ပေ ၉၆၀ ၊ လှိုင်းဘွဲ့မြို့နယ် တာပေါင်တံတားပေ ၇၂၀ တို့အား ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဘားအံစက်မှုဇုန်တွင် စက်ရုံအလုပ်ရုံ ၄ ခု ဆောက်လုပ်ပြီးစီးခဲ့ပြီး စက်ရုံ ၁၆ ခုအား တည်ဆောက်လျက်ရှိခြင်း၊ ဇုန် ၂ အတွင်း လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ၊ စက်မှုလုပ်သားကျေးရွာ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယ(၆)လပတ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနမှ သံတောင်ကြီးမြို့နယ် ဗဟုံး-ကျေးကတော့-မောင်ဘလောက်လမ်း၊ ကော့ကရိတ်မြို့ သမိန်ဒွတ်-ကညင်ကတိုက်လမ်း၊ ကြာအင်းဆိပ်ကြီးတောင်ကလေး-ဘုရားသုံးဆူလမ်း၊မြဝတီမြို့ရွှေကုက္ကိုလ်လမ်းဆုံမှ မော်ဖာသူတောင်ခြေထိ လမ်းဖောက်ခြင်းနှင့် Box Culvert များတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

မြဝတီမြို့နယ်တွင် ဆောက်လုပ်လျက်ရှိသော ထိုင်း-မြန်မာချစ်ကြည်ရေး တံတားအမှတ် ၂ အားကျပ်သန်း ၇,၀၀၀ ဖြင့် ဆောက်လုပ်ရန်လျာထားခဲ့ပြီး ၃၀.၈.၂၀၁၅ တွင် ပန္နက်တင် အခမ်းအနားပြုလုပ်၍စတင်တည်ဆောက်ခဲ့ရာ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဖာပွန်ခရိုင်မှ ဘားအံ-သထုံမြို့တို့နှင့် ချိတ်ဆက်ပြီး ကုန်စည်ပို့ဆောင်မှုများဆောင်ရွက်လာခြင်း၊ နယ်မြေငြိမ်းချမ်းမှုများ ရရှိလာ၍ ပြည်နယ်အတွင်းလမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းတံတားများ၊ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ကော့ကရိတ်မြို့နယ်တောင်ပိုင်းဒေသများ၊ကြာအင်းဆိပ်ကြီးမြို့နယ်၏ အရှေ့ပိုင်းနှင့်မြောက်ပိုင်းဒေသများမှာ ဆက်သွယ်သွားလာရာတွင် အခက်အခဲများရှိနေပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ကရင်ပြည်နယ်အနေဖြင့် အော်တိုတယ်လီဖုန်းလိုင်းများတိုးချဲ့တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းစနစ်၊ ဖိုင်ဘာစနစ်တို့ဖြင့် ဆက်သွယ်အသုံးပြု၍ ADSL အင်တာနက်စနစ် တိုးချဲ့တပ်ဆင်ခြင်း၊ မိုဘိုင်းတယ်လီဖုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကျေးလက်နေပြည်သူများ သုံးစွဲနိုင်ရန် GSM / UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဒုတိယ(၆)လပတ်တွင် ပုဂ္ဂလိကဘဏ်များမှ ငွေလွှဲခရငွေများ ၊ ထုတ်ချေးငွေအပေါ် အတိုးရငွေများ၊ ကော်မရှင်ရငွေများ၊ ငွေလွှဲလုပ်ငန်းမှ ရငွေများ၊ အခြားရငွေများနှင့် ရိုးမဘဏ် (ဘားအံ) နှင့် ရောဝတီဘဏ် (မြဝတီ)တို့မှဘဏ်ထုတ်ချေးငွေပေါ်မှ အတိုးရငွေများရရှိခဲ့ပါသည်။

ဘားအံမြို့၌ မြန်မာအရှေ့တိုင်းဘဏ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကမ္ဘောဇရတနာဘဏ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဘားအံမြို့တွင် ဧရာဝတီဘဏ်အား ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါ သည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပြည်နယ်အတွင်းရှိ ကျောင်း၊ ကျောင်းသား၊ ဆရာ အရေအတွက်နှင့် ကျောင်းသားဆရာအချိုး သင့်တင့်မျှတစေရေးအတွက် ပြည်နယ်ပညာရေးမှူး ရုံး၏ ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်းရှိ ကျောင်း ၁၉၃ ကျောင်းအား ပြုပြင်မှုများပြုလုပ်ခဲ့ပါသည်။

အဆင့်မြင့်ဦးစီးဌာန၊ ဘားအံတက္ကသိုလ်တွင် ဆရာ ၊ ဆရာမ ၁၈၆ ဦးနှင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၀,၀၀၁ ဦးပညာသင်ကြားလျက်ရှိပါသည်။ ဘားအံတက္ကသိုလ်တွင် ၃ ထပ် စာသင်ဆောင် ၁ ဆောင်၊ကျောင်းသူအိပ်ဆောင် ၄ ထပ် ၁ဆောင်၊ကျောင်းသားအိပ်ဆောင် ၄ ထပ် ၁ ဆောင်၊ ဆရာဆရာမများဆောင် ၂ ထပ် ၁ ဆောင်တို့ကို တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါသည်။

ကရင်ပြည်နယ်အတွင်း ခုတင် ၂၀၀ ဆံ့ဆေးရုံ ၁ ရုံ ၊ ခုတင် ၁၀၀ ဆံ့ဆေးရုံ ၃ ရုံ ၊ ခုတင် ၅၀ ဆံ့ဆေးရုံ ၂ ရုံ ၊ ခုတင်၂၅ ဆံ့ဆေးရုံ ၆ ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၂၂ ရုံ ကျေးလက် ကျန်းမာရေးဌာန ၆၃ ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၆၅ ဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၇ ဌာန၊ ဒေသန္တရကျန်းမာရေးဌာန ၁ ဌာနနှင့် ကျောင်းကျန်းမာရေးဌာန ၁ ဌာန တို့ဖွင့်လှစ်ပြီး ပြည်သူပြည်သားများ၏ ကျန်းမာရေးကိစ္စအဝဝကို ဆောင်ရွက်လျက်ရှိပါသည်။

**ဟိုတယ်ခရီးစဉ်နှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ပြည်နယ်အတွင်း နယ်မြေအေးချမ်း သာယာလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာမှုကြောင့် သီရိဘားအံဟိုတယ် ၁ ခု ကိုဖွင့်လှစ်နိုင်ခဲ့ပါသည်။

မြဝတီဝင်ပေါက်မှ နိုင်ငံခြားခရီးသွားများနှင့် တတိယနိုင်ငံသားများ လာရောက်လည်ပတ် ခွင့်အား ခွင့်ပြုခဲ့ပြီးဖြစ်ရာ နိုင်ငံခြားခရီးသွားများ တိုးတက်ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေများပိုမိုရရှိလာခဲ့ပါသည်။ ခရီးသွားကုမ္ပဏီများအနေဖြင့် ဘားအံမြို့တွင် ၃ ခု၊ မြဝတီမြို့ တွင် ၇ ခု စုစုပေါင်း ၁၀ ခု လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် စားသောက်ရေးလုပ်ငန်း ဆိုင်ရာဝင်ငွေများ၊ ပညာရေးလုပ်ငန်းဆိုင်ရာ ဝင်ငွေများ၊ ဆံပင်ညှပ်၊ အလှပြုင်ရေးဆိုင်ရာစသည့် ဝင်ငွေများ တိုးတက်လာခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** နယ်စပ်ကုန်သွယ်ရေးအနေဖြင့် မြဝတီမြို့ကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံ သို့တင်ပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းမှ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝ ရရှိရေး၊ တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးတို့အတွက် လုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းပေးခြင်းဖြင့် လုပ်သာကိုင်သာရှိစေရန်နှင့် ထိုက်သင့်သော အကျိုးအမြတ်များရရှိပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ကုန်သွယ်မှုပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

## ချင်းပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁၇၉,၉၂၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၄.၀ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**ချင်းပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၅-၇) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၈) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ချင်းပြည်နယ်)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၉၀,၉၆၈.၈ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၆.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၉.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာ(လှေခါးထစ်လယ်) ၁၀၉ ဧကဖော်ထုတ်ခဲ့ပါသည်။ စိုက်ပျိုးရေရရှိရန် ဆည်မြောင်းဦးစီးဌာနမှ လယ်ရေသွယ်မြောင်း ၄၈ ခု ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ကျွဲနို့၊ နွားနို့နှင့် ကျွဲနွားထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ အသားထုတ်လုပ်မှုနှင့် ဥထုတ်လုပ်မှုများ တိုးတက်လာပြီး တိရစ္ဆာန်မွေးမြူမှုအနေဖြင့် တစ်နိုင်တစ်ပိုင်

မွေးမြူရေးမှ တစ်နိုင်တစ်ပိုင် စီးပွားဖြစ်မွေးမြူရေးသို့ ပြောင်းလဲဆောင်ရွက်ရာတွင် နွားနောက် ၄,၉၅၁ ကောင်၊ ဝက် ၈,၀၇၅ ကောင်၊ ဆိတ် ၁,၄၅၄ ကောင်တို့ကို စီးပွားဖြစ် မွေးမြူနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် သဘာဝသစ်တောသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုကို ကန့်သတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုမှ ပါဝင်စိုက်ပျိုးသည့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယ(၆)လပတ်အတွင်း ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးအတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးစေခြင်း၊ စိုက်ပျိုးပညာပေးခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း လမ်းခင်းကျောက်ကျင်း ၇၁,၁၀၀၊ ကျောက်စရစ်ကျင်း ၆၄,၆၁၀၊ သဲကျင်း ၅၀,၅၀၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ မှတ်ပုံတင်ထုတ်ပေးသည့်လုပ်ငန်းများမှာ ဆီကြိတ်လုပ်ငန်း ၁ ခု ၊ သံဂဟေလုပ်ငန်း ၁ ခု၊ ပရိဘောဂလုပ်ငန်း ၁ ခု ၊ ကျောက်ခွဲလုပ်ငန်း ၂ ခု ၊ မုန့်ဖုတ်လုပ်ငန်း ၁ ခု၊ ချည်လုပ်ငန်း ၁ ခု စုစုပေါင်းလုပ်ငန်း ၇ ခု မှတ်ပုံတင်ခဲ့ ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမှုမှာ နိုင်ငံပိုင်အခန်းတွင် စက်ရုံသုံး ကီလိုဝပ်နာရီထောင်ပေါင်း ၆၀၊ အိမ်သုံး ကီလိုဝပ်နာရီထောင်ပေါင်း ၆,၀၂၂၊ ဆေးရုံ၊ ရုံး၊ ကျောင်းတို့တွင် ကီလိုဝပ်နာရီထောင်ပေါင်း ၈၃၃၊ အထွေထွေသုံး ကီလိုဝပ်နာရီထောင်ပေါင်း ၈၇၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကီလိုဝပ်နာရီထောင်ပေါင်း ၃,၄၆၈ ၊ သမပိုင်အခန်းတွင် ကီလိုဝပ်နာရီ ထောင်ပေါင်း ၅၆ ထုတ်လုပ်သုံးစွဲနိုင်ခဲ့ပါသည်။

ကျေးရွာများမီးလင်းရေးအတွက် ဒီဇယ်စွမ်းအင်ဖြင့်လည်းကောင်း၊ ဆိုလာစွမ်းအင်ဖြင့်လည်းကောင်း၊ ဘိုင်အိုဂက်စ်ဖြင့်လည်းကောင်း၊ အသေးစား ရေအားလျှပ်စစ်စွမ်းအင်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယ(ဖ)လပတ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၈ရွာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၄ ရွာ ကျေးလက်မီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅ခုနှစ်၊ ဇူလိုင်လတွင် ချင်းပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ ပြိုကျပျက်စီးသွားသော လမ်းတံတားများအား ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ သိုင်းငင်- တီးတိန်၊ ပခုက္ကူ- ပေါက်- ကျောက်ထု- မင်းတပ်လမ်း၊ ဂန့်ဂေါ-အိုက်ကားလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ မင်းတပ်-မတူပီလမ်းတို့ကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေး လျက်ရှိ ပါသည်။

ပြည်နယ်ဘတ်ဂျက်ဖြင့် မတူပီ-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ မင်းတပ်-မတူပီလမ်း၊ တီးတိန်-ရိဒ်လမ်း၊ သိုင်းငင်-တီးတိန်လမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ ဂန့်ဂေါ-အိုက္ကာလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ ထန်တလန်-နှာရိန်-ရေဇွာ-မတူပီလမ်း၊ ထန်တလန်-လုံလဲလမ်း၊ ဖလမ်း-ရိဒ်လမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ ဖို့ဂိုက်-ထုတ်လိုင်လမ်း၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ ဖလမ်းမြို့ရှောင်ကွင်းလမ်း၊ ဟားခါးမြို့ပတ်လမ်း၊ ဟားခါးမြို့တွင်းလမ်း၊ ဖလမ်းမြို့တွင်းလမ်း၊ တီးတိန်မြို့တွင်းလမ်း၊ ကန်ပက်လက်မြို့တွင်းလမ်း၊ ပလိပ်တွီ-မနာတာ ရွှေအောင်သာလမ်း၊ ရေဇွာ-လိုင်လင်ပီးလမ်း၊ ဗိုလ်ကျော်ဦးလမ်း၊ ရေဇွာမြို့တွင်းလမ်း၊ တီးတိန်-ထွီးလန်-ဇာလွီးချောင်းလမ်း၊ ထန်တလန်မြို့တွင်းလမ်းနှင့် ထန်တလန်မြို့ပတ်လမ်းများကို ပိုမိုတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

လမ်းဦးစီးဌာနမှ လမ်းတာချဲ့ခြင်း ၊ ကျောက်လမ်းခင်းခြင်း ၊ သံကူကွန်ကရစ် ရေပြွန် ၈၈၀ စင်း တည်ဆောက်ခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း၊ ကတ္တရာလမ်းခင်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာလမ်းခင်းခြင်း၊မြေသားလမ်းဖောက်လုပ်ခြင်း၊ လမ်းတာချဲ့ခြင်း၊

ရေပြွန် ၃ ခု တည်ဆောက်ခြင်း ၊ တံတား ၃ စင်း တည်ဆောက်ခြင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်လမ်းခင်းခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း၊ လမ်းတာချဲ့ခြင်း ၊ တံတား ၂၁ စင်း တည်ဆောက်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြလမ်းတံတားများဆောင်ရွက်ရာတွင် ကျောက်ခင်းလမ်းဖောက်လုပ်ခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း ၊ လမ်းတာချဲ့ခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ရေပြွန် ၄၉ ခု တည်ဆောက်ခြင်း၊ ကျေးလက်လမ်းတံတားဆောက်ရွက်ရာတွင် လမ်းတာချဲ့ခြင်း၊ ရေပြွန် ၂၂ ခု တည်ဆောက်ခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးကဏ္ဍတွင် သမဝါယမ ပိုင်အခန်းမှ ခရီးသည်ပို့ဆောင်မှုတွင် ခရီးသည်မိုင်ထောင်ပေါင်း ၁၃၁ ကိုလည်းကောင်း၊ ကုန်စည်ပို့ဆောင်မှုတွင် မက်ထရစ် တန်မိုင် ထောင်ပေါင်း ၇၀ နှင့် ပုဂ္ဂလိကပိုင်အခန်းမှလည်း ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း အော်တိုတယ်လီဖုန်း ၂၁ လုံး WCDMA Mobile ဖုန်း ၈,၂၇၂ လုံး တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍမှ ဘဏ်လုပ်ငန်းအနေဖြင့် နိုင်ငံပိုင်မြန်မာ့ စီးပွားရေးဘဏ်နှင့် ဟားခါးမြို့ရှိ သမဝါယမဘဏ်လီမိတက်တို့မှ ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အခြေခံပညာ အထက် တန်းကျောင်း ၃ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၂ကျောင်း၊ အလယ်တန်းကျောင်း ၅ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ၈၅ ကျောင်း၊ မူလတန်းကျောင်း ၈ ကျောင်း၊ မူလတန်း ကျောင်းခွဲ ၅၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၅ ကျောင်း၊ စုစုပေါင်း ၂၀၆ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပြည်သူတို့၏ ဆေးဝါးလိုအပ်ချက်နှင့် ဆေးပစ္စည်းကိရိယာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ငွေပဒေသာပင် စိုက်ထူခြင်းကို ဆောင်ရွက်ပေးပြီး မြို့နယ်ဆေးရုံများ၏ ငွေပဒေသာပင် စိုက်ထူထားရှိမှု ပမာဏအရင်းမှာ ကျပ် ၁၆၃.၉၉၅သန်း ရှိပြီး မြို့နယ်ခွဲ/တိုက်နယ်ဆေးရုံများ၏ ငွေပဒေသာပင် စိုက်ထူထားရှိမှု ပမာဏအရင်းမှာ ကျပ် ၂၃.၅၀၁ သန်း ရှိပါသည်။

မြို့ပြ/ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေဖမ်း၊ ရေစုကန်များ တည်ဆောက်၍ ၄င်းကန်များမှတစ်ဆင့် ရေပိုက်လိုင်းများ သွယ်တန်းကာ ရေမီတာတပ်ဆင်၍ မြို့ပြကျေးလက်ရေပေးဝေမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၃၇ရွာ၊ စည်ပင်သာယာရေးအဖွဲ့မှ ၃၆ရွာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၇ ရွာ ဆောင်ရွက်နိုင်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ခုနှစ် ဇူလိုင်လတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ရေပိုက်လိုင်းများပျက်စီးခဲ့ပြီး ယခင်နှစ်ကထက် ရေရှားပါးမှု အနည်းငယ်ဖြစ်ပေါ်ခဲ့ပါသည်။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ အနေဖြင့် နိုင်ငံပိုင်အခန်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တစ်ယူနစ်ငှားရမ်းခဝင်ငွေများတိုးမြင့်လာခြင်းနှင့် သမဝါယမပိုင်အခန်းမှ တည်းခိုခန်းလုပ်ငန်း၊ သတင်းစာကိုယ်စားလှယ်လုပ်ငန်း၊ ဆေးခန်းနှင့် ဂိုဒေါင်ငှားရမ်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသတွင်း ကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ်လျက်ရှိသော်လည်း မိုးရာသီ သွားလာရေးခက်ခဲသဖြင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှု ကြန့်ကြာပြီးများစွာ ဖွံ့ဖြိုးမှုမရှိကြောင်း တွေ့ရှိရပါသည်။ ထန်တလန်မြို့နယ် ဘုံတလန်ကျေးရွာအနီးတွင် နယ်စပ်ကုန်သွယ်ရေး စခန်းသစ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၅,၇၂၁,၆၃၉.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၀.၇ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


**ပုံ(၅-၉) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၁၀) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၆,၀၀၈,၆၉၀.၇ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၉.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် စုစုပေါင်းသီးနှံစိုက်ဧက ၄,၄၀၉,၅၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ချည်မျှင်ရှည်ဝါသီးနှံ ၇၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ငွေချည်(၆) အမျိုးအစားသီးနှံသည် ဈေးကွက်ဝင်ခြင်းနှင့် အထွက်

တိုးခြင်းတို့ကြောင့် ပိုမိုစိုက်ပျိုးခြင်းဖြစ်ပါသည်။ ပဲတီစိမ်းသီးနှံသည် ဈေးကွက် ဝင်ခြင်းနှင့် မျိုးကောင်းမျိုးသန့်များဖြစ်သည့် ရေဆင်း(၄)၊ (၁၁)၊ (၁၄) မျိုးများ စိုက်ပျိုးကြပြီး ယခင်နှစ် အလားတူကာလထက် ၃၅,၈၂၈ တင်း ပိုမိုထွက်ရှိခဲ့ပြီး ပဲစဉ်းငုံသီးနှံသည်လည်း မျိုးကောင်း မျိုးသန့်များဖြစ်သည့် မုံရွာ ငွေဒင်္ဂါး၊ ကျွဲခြံငွေဒင်္ဂါး၊ ငါးဆံပဲ မျိုးများစိုက်ပျိုးကြ၍ ယခင်နှစ် အလားတူကာလထက် ၅၂၀,၉၈၆ တင်း ပိုမိုထွက်ရှိခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အဆင့်မြင့်လယ်ယာဖော်ထုတ်မှုအခြေအနေတွင် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ရွှေဘိုခရိုင်တွင် ဧက ၂၀၀၊ ကန့်ဘလူခရိုင်တွင် ဧက ၄၀၀၊ မုံရွာခရိုင်တွင် ဧက ၁၀၀၊ ကလေးခရိုင်တွင် ဧက ၁၀၀ ဖော်ထုတ်ခဲ့ပါသည်။

စပါးမျိုးကွဲလျှော့ချရေးအတွက် ဇုန်အလိုက် သတ်မှတ်စိုက်ပျိုးရေး ဆောင်ရွက်ခြင်း၊ စစ်ကိုင်း၊ မုံရွာခရိုင်တို့တွင် ဝမ်းစာဖူလုံမှုမရှိသည့်ဧရိယာဖြစ်သဖြင့် အထူးအထွက်တိုး စပ်မျိုးစေ့ ထုတ်လုပ်ခြင်းမှရရှိမည့် F1 မျိုးစေ့များ စိုက်ပျိုးခြင်းဖြင့် တစ်ဧက အထွက်နှုန်း တိုးတက်လာ စေခြင်း၊ ရွှေဘိုခရိုင်တွင် အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သည့် ရွှေဘို ပေါ်ဆန်းစပါးမျိုး များ တိုးချဲ့စိုက်ပျိုးခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရွှေဘိုပေါ် ဆန်းစပါးမျိုး ၁,၂၀၉ ဧက စိုက်ပျိုးခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်ယက်ရေးလုပ်ငန်း အတွက် ဒုတိယ(၆)လပတ်တွင် ဧကအလွှာ ၃၁,၄၁၄ ထွန်ယက်ပေးနိုင်ခဲ့ပြီး ရေမြေသဘာဝနှင့် ကိုက်ညီသော လယ်ယာသုံး စက်ကိရိယာများဖြစ်သော ထွန်စက်ကြီး ၁၇ စီး ၊ ဒေါင်ဖန်း ၆၃၄ စီးနှင့် ကိုင်းရှည် ၂၂ စီး တို့ကို ဖြန့်ဖြူးရောင်းချနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကလေးမြို့နယ်ရာဇဂြိုလ်ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ စစ်ကိုင်းမြို့ရှိ စိုက်ပျိုးမြေ ၁၆,၅၄၈ ဧက အကျိုးသက်ရောက်မည့် တပ်ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်လျက်ရှိရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူသူများအား အရင်း အနှီးရရှိစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ သိုး၊ ဆိတ်၊ ဝက်၊ ကြက်ချေးငွေများ ထုတ်ချေးပံ့ပိုးလျက်ရှိပါသည်။ နို့ထုတ်လုပ်မှုတိုးတက်စေရေးအတွက် နို့စား နွားမွေးမြူရေးဇုန်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကြက်မွေးမြူရေး ဇုန် ၇

ဇုန်နှင့် နွားမွေးမြူရေးဇုန် ၁ ဇုန်၊ ငုံးဇုန် ၁ ဇုန်တို့တွင် မွေးမြူရေးကောင်များ တိုးပွားလျက် သားငါးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ စေရန်နှင့် အာဟာရပြည့်ဝစေရန် ရည်မှန်းပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၆ ရွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ် ရေးအတွက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံကိန်း လျာထားချက်နှင့် အညီ ကာကွယ်ဆေးထိုးနှံရေးနှင့် ထိရောက်စွာ ကာကွယ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း၊ တိရစ္ဆာန် ကူးစက်ရောဂါဖြစ်ပွားပါက ဆောလျင်စွာ ထိန်းချုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊ နို့စားနွား၊ ခိုင်းနွားမျိုး မြှင့်တင်ရေးလုပ်ငန်းများအတွက် နွားမေထုန်မဲ့ သားစပ်ခြင်းလုပ်ငန်းတိုးမြှင့် ဆောင်ရွက်ခြင်း၊အခြေခံတိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းတို့နှင့်စပ်လျဉ်း၍ သင်တန်းများ၊ ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ မွေးမြူရေးဇုန်များ ဖွံ့ဖြိုးရေးတိုးမြှင့်ဆောင်ရွက် ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ပုဂ္ဂလိကငါးကဏ္ဍဖွံ့ဖြိုးရန်အတွက် ငါးမွေးမြူသူများအား မွေးမြူရေးအသိပညာများ တိုးတက်လာစေခြင်းဖြင့် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ မွေးမြူလာစေခြင်း၊ အစာကျွေးနည်းစနစ်များ မှန်ကန်လာစေခြင်းတို့ကြောင့် ငါး ထုတ်လုပ် မှုများ တိုးတက်လာခဲ့ ပါသည်။

**သစ်တောကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သစ်တော ဖုံးလွှမ်းဧရိယာ ၁၃,၁၂၅,၅၁၄ ဧက ရှိပြီး တိုင်းဒေသကြီး ဧရိယာ၏ ၅၆.၆၉ ရာခိုင်နှုန်းရှိပါသည်။ သစ်တောကြိုးဝိုင်းဧရိယာ ၁၅၈ ခု၊ ၄,၉၇၂,၈၁၂ ဧကနှင့် ကြိုးပြင် ကာကွယ်တော ၈၇ ခု၊ ၁,၃၈၁,၈၄၁ ဧက ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုဖြန့်ပျိုးပင် ဖြန့်ဝေစိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ရေနံစိမ်းထုတ်လုပ်မှု ပိုမိုများပြားလာရခြင်းမှာ ကလေးခရိုင်၊ ကလေးမြို့နယ်တွင် ဥယျာဉ်ရေနံမှော်မှ ၂၄ တွင်း၊ မိုးကောင်းရေနံမှော်မှ ၇ တွင်း၊ လုံးဖုံးရေနံမှော်မှ ၆ တွင်း၊ စုစုပေါင်း ၃၇ တွင်း တိုးလာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျောက်မီးသွေးထုတ်လုပ်မှုများကို ကုမ္ပဏီ ၂၀ ခု တို့ဖြင့် ထုတ်လုပ်လျက်ရှိပြီး ဒုတိယ(၆)လပတ်တွင် ကုမ္ပဏီ ၄ ခု ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ထီးချိုင့်မြို့နယ်မှ ဖယ်ရိုနီကယ်စက်ရုံမှာ သတ္တုရိုင်း သယ်ပို့ပေးသော Compeyor ပျက်စီးနေ၍ ပြန်လည်ပြုပြင်နေရခြင်း၊ မီးဖိုမှမီးခံအုတ်ကွာကျ၍ ပြန်လည်ပြုပြင်ခြင်းတို့ကြောင့် လုပ်ငန်းရပ်ဆိုင်းထားရခြင်း၊ ကောလင်းမြို့နယ် ထာဝရကုမ္ပဏီ၊ ရွှေသန့်စင် စက်ရုံ Ball Mill Motor မှာ လျှပ်စစ်ဓာတ်အားခွဲရုံသို့ မိုးကြိုးလျှပ်စစ် စီးဝင်ရာမှတဆင့် လောင်ကျွမ်းခဲ့ပြီး ပြန်လည်ပြုပြင်ရသဖြင့် စက်ရုံရပ်နားခဲ့ရ၍ ရွှေထုတ်လုပ်မှုများ လျော့နည်းခဲ့ရပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် စစ်ကိုင်းစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန် နှင့် ကလေးစက်မှုဇုန်တို့အပါအဝင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနတွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိက စက်မှုလုပ်ငန်းစာရင်းအရ ကုန်ထုတ်လုပ်မှုလုပ်ငန်းအုပ်စု (၁၃) အုပ်စုတွင် လုပ်ငန်းကြီး ၁၈ ခု၊ လုပ်ငန်းလတ် ၅၀ ခုနှင့် လုပ်ငန်းငယ် ၈၄ ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း ၁၅၂ ခု တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ကိုင်သော လုပ်ငန်းပေါင်း ၁၆ ခု နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်သော လုပ်ငန်းပေါင်း၆ ခုရှိပါသည်။ ၎င်းတို့အနက် Myanmar Veneer & Plywood Co;Ltd သည် အမေရိကန် ဒေါ်လာ ၉.၇ သန်း ရင်းနှီးမြှုပ်နှံပြီး အလုပ်သမားဦးရေ ၂၅၃ ဦးဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလမှ စတင်၍ စမ်းသပ်ကာလအဖြစ် မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း)တွင် ဆောင်ရွက်လျက် ရှိပါသည်။ ထိုကုမ္ပဏီမှ သစ်အချောထည်၊ သစ်ပါးလွှာ၊ အထပ်သားနှင့် သစ်ခွဲသားများ ထုတ်လုပ်လျက်ရှိပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် Small and Medium Industrial Development Bank (SMID) ဘဏ်မှ လုပ်ငန်းရှင် ၁၄ ဦးကို ကျပ်သိန်း ၂,၃၀၀ ထုတ်ချေးနိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ရေအားလျှပ်စစ်လုပ်ငန်းအနေဖြင့် လေရှီးမြို့နယ်၊ မတူဂီချောင်း အသေးစားရေအားလျှပ်စစ်လုပ်ငန်း၊ လဟယ်မြို့နယ် ဟွေထိုက်ချောင်း ရေအားလျှပ်စစ်လုပ်ငန်းနှင့် ကျလွေချောင်း ရေအားလျှပ်စစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်စေရေး၊ ဓာတ်အားစနစ်ကောင်းမွန်ရေးအတွက် ဓာတ်အားလိုင်းအသစ် တည်ဆောက်ခြင်း၊ ခွဲရုံတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းမှ ဆွေးမြေ့သစ်သားတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်ဓာတ်အားစနစ်မှ ကလေးဒေသသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ကလေးဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ကလေးဓာတ်အားခွဲရုံတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ စီမံကိန်းများအားလုံး တည်ဆောက် ပြီးစီး ခဲ့သဖြင့် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၈ ရက်နေ့ တွင် ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပြီး ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေးဓာတ်အားခွဲရုံတို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းမှ ဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း ၁၉၃ ရွာ အား မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားပြုပြင်ခြင်း၊ သစ်သားတံတား တည်ဆောက်ခြင်း၊ ရေကျော်ပြုပြင်ခြင်း၊ ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်း၊ ကွန်ကရစ်ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ တံတားယာဉ်သွားလမ်း အကျယ်တိုးချဲ့ တည်ဆောက်ခြင်း၊ တံတားပေါ်နှင့် တံတားအဝင်အထွက်များအား ကတ္တရာခင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း စသည့်လုပ်ငန်းများကို ပြုလုပ်ခဲ့ပါသည်။တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် လမ်းဦးစီးဌာနမှ ထီးချိုင့်-မြတောင်လမ်း (ဧရာဝတီမြစ်ကူးတံတား) တည်ဆောက်ခြင်း ကို ၂၀၁၄ ခုနှစ် မေလ ၅ ရက် နေ့မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပြီးစီးခဲ့ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် နိုင်ငံခြားအကူအထောက်အပံ့ (JICA-ODA) ဖြင့် ဆောင်ရွက်သော မူးမြစ်ကူးတံတား တည်ဆောက်ခြင်းနှင့် ရွှေတောင်လမ်း ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ တည်ဆောက်

နေသော မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်း အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း စည်ပင်သာယာရေးအဖွဲ့များမှ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေလမ်းတို့ကိုဖောက်လုပ်နိုင်ခဲ့ပါသည်။ စည်ပင်သာယာရေး အဖွဲ့များမှ မြို့ပြတံတားများ ဆောင်ရွက်မှုမှာ ကွန်ကရိ ၄၂ စင်း၊ ရေပွှန် ၃ စင်း၊ အခြား ၁ စင်း စုစုပေါင်း ၄၆ စင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်သူ့အငှားအိမ်ရာစီမံကိန်း၊ အပိုဆောင်၊ လူပိုဆောင်များဆောက်လုပ်ခြင်း၊ ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ခြင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်၊ ကလေးတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်တို့တွင် စာသင်ဆောင်၊ ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုများလည်း ပြီးစီးခဲ့ပါသည်။

**ကျေးလက်လမ်း၊တံတားများ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ ကျေးလက်လမ်း၊ ကျောက်လမ်း၊ မြေလမ်း၊ ကွန်ကရီတံတား၊ သစ်သားတံတား၊ ရေပွှန်တံတားနှင့် ရေကျော်တံတား တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိက ပို့ဆောင်ရေးတွင် ခရီးသည်တင် မော်တော်ယာဉ်များ၊ ကုန်တင်မော်တော်ယာဉ်များ၊ လိုက်ထရပ်ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ် ကယ်ရီများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ အနေဖြင့်ယာဉ်လိုင်း ၁၉ လိုင်း တိုးတက်ခဲ့ပြီး ယာဉ်စီးရေမှာ ၁၉၈ စီး တိုးတက်လာခဲ့ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် လူစီး/ကုန်တင်ရေယာဉ် ၁၄ စီးနှင့် စက်မဲ့တွဲ ယာဉ် ၁ စီး စုစုပေါင်း ၁၅ စီး ဖြင့်ပြေးဆွဲလျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** Telenor ကုမ္ပဏီ၊ Ooredoo ကုမ္ပဏီ၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်းတို့ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် အော်တိုတယ်လီဖုန်း ၁၃၃ လုံး၊WCDMA Mobile ဖုန်း ၄၂၂,၇၀၇ လုံး တိုးချဲ့အသုံးပြုနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပုဂ္ဂလိက ဘဏ်ခွဲ ၁၀ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အာမခံကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ထားသော ငွေရေးကြေးရေးကုမ္ပဏီမှာ ကမ္ဘောဇ အာမခံလုပ်ငန်းဖြစ်ပြီး မုံရွာမြို့၌ ဖွင့်လှစ် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်၊ ဒုတိယ(၆)လ ပတ်တွင် ဆောင်းရာသီချေးငွေအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၄ မြို့နယ်၊ ကျေးရွာ အုပ်စု ၅၅၉ မှ တောင်သူ ၈၄,၁၂၃ ဦးအား ကျပ် ၄၈၆,၀၇၁ အတွက် ချေးငွေများထုတ်ချေး ပေးနိုင်ခဲ့ပါသည်။ မိုးကြိုထုတ်ချေးငွေအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၈ မြို့နယ်၊ ကျေးရွာအုပ်စု ၉၁ စု မှ တောင်သူ ၁၁,၅၂၇ ဦးအား ကျပ် ၄၄,၇၉၀ အတွက် ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အန္တရာယ်ရှိသော ကျောင်းဆောင်များ ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း ၃၂ ကျောင်း၊ ကျောင်းသားဦးရေအရ အသစ်တိုးချဲ့ဆောက်လုပ်ခြင်း ၁၂ ကျောင်း၊ ဥပမိရှပ်မကောင်း သော ကျောင်းဆောင်များ ဆောက်လုပ်ခြင်း ၈ ကျောင်း၊ သိပ္ပံခန်းဆောင်ဆောက်လုပ်ခြင်း ၆ ဆောင်၊ မူကြိုကျောင်း ၂၇၅ ကျောင်း၊ လွှတ်တော်မှ တင်ပြသော ကျောင်းများဆောက်လုပ်ခြင်း ၁၄၁ ကျောင်း စသည့် စုစုပေါင်း ၄၇၄ ကျောင်း တို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကျန်းမာရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းသစ် ၄၄ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း ၁၂၀ ခု စသည့် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် စည်ပင် သာယာရေးအဖွဲ့များမှ မြို့ပြရေပေးရေးလုပ်ငန်းတွင် တွင်းနက် ၁ တွင်း၊ လက်တူးတွင်း ၂ တွင်း နှင့် အခြား ၄၁ တွင်း ၊ စုစုပေါင်း ၄၄ ခု ဆောင်ရွက်ခဲ့ပြီး ကျေးလက်ရေပေးရေးလုပ်ငန်းအနေဖြင့် တွင်းနက် ၁၂ တွင်း၊ ရေကန် ၂ ကန်၊ အခြား ၂၀ ခု၊ လုပ်ငန်းစုစုပေါင်း ၃၄ ခု အား ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တွင်းတိမ် ၂၂တွင်း၊ တွင်းနက် ၂၁၀ တွင်း၊ လက်တူးတွင်း ၆၁ တွင်း၊ ရေကန် ၃၉ ကန်၊ စိမ့်စမ်း ၇၁ တွင်း၊ အခြား ၁၀ ခု၊ လုပ်ငန်းပေါင်း ၄၁၃ ခု အား ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေလိုအပ်နေသော မြို့နယ် ၇ မြို့နယ်၊ ကျေးရွာ ၃၅ ရွာ၊ အိမ်ခြေ ၃,၂၃၇ ၊ လူဦးရေ ၁၈,၂၆၆ သို့ စေတနာရှင်၊ အလှူရှင်၊ မြို့မိမြို့ဖ၊ မီးသတ် ဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် စည်ပင် သာယာရေး အဖွဲ့များမှ ရေကား၊ စက်ရေတွင်းများအား စက်သုံးဆီပံ့ပိုးခြင်း၊ ရေသန့်ဗူးများအား ရွာအရောက် ပေးဝေခြင်း၊ ရေဂါလံ ၁၃၈,၅၈၄ ဂါလံ နှင့် စက်သုံးဆီ ၁၈၄ ဂါလံ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်း။** ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်သော ဟန်လင်းပျူမြို့ဟောင်း၊ အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်၊ ဖိုလ်ဝင်တောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်၊ လယ်တီ ကျောက်စာတိုက် စသည်တို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် နိုင်ငံခြားသား ခရီးသွား ဧည့်သည် ၁၀,၇၁၃ ဦးနှင့် ပြည်တွင်း ခရီးသွားဧည့်သည် ၃၁,၆၉၆ ဦး ဝင်ရောက်ခဲ့ပြီး ခရီးစဉ်ဒေသများတွင် မွမ်းမံပြုပြင်ခြင်း၊ အမွေအနှစ် ထိန်းသိမ်းခြင်းနှင့် ဝန်ဆောင်မှုများ ပိုမိုဖြည့်တင်းနိုင်ခြင်းတို့ ကြောင့် ပွင့်လင်းရာသီတွင် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမို ဝင်ရောက်လာမည် ဖြစ်ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်စည်ဒိုင်များ တိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုး ထွက်ရှိသော လယ်ယာထွက် ကုန်ပစ္စည်းများအပေါ် စိုက်ပျိုးသူ၊ ရောင်းဝယ်သူများ အကျိုးအမြတ် မျှမျှတတ ရရှိစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေး၊ အရည်အသွေးနှင့် အချိန်အတွယ်များ မှန်ကန်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် အသီးသီးတွင် စိုက်ပျိုးထုတ်လုပ်သောဒေသထွက်ကုန်များ စုပေါင်းရောင်းချနိုင်သော ကုန်စည်ဒိုင် ၃ ဒိုင်ကို ဖွင့်လှစ်ပြီးဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၆-၇-၂၀၁၅ ရက်နေ့မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့် မြို့နယ်ပေါင်း (၃၇) မြို့နယ်အနက် (၂၈) မြို့နယ်တွင် ရေကြီးရေဝင်မှုများ ဖြစ်ပေါ်ခဲ့ ပါသည်။ ၎င်းမြို့နယ်များအနက် ကောလင်း၊ မင်းကင်း၊ ကနီ၊ တမူး၊ အင်းတော်၊ ကလေး စသည့်မြို့နယ်များမှာ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ပျက်စီးဆုံးရှုံးမှုများကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဧရိယာ ၃,၃၀၇,၆၅၂ ဧက ကျယ်ဝန်းပါသည်။ အစီရင်ခံသည့်ကာလတွင် မြေအသုံးချမှုအခြေအနေမှာ အသားတင် စိုက်ပျိုးနိုင်သော မြေဧက ၅၂,၄၅၁ ဧက၊ မြေရိုင်း ၄,၉၅၆ ဧက၊ သစ်တောကြိုးဝိုင်းမြေ ၁,၇၂၄,၀၀၉ ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၁,၅၂၆,၂၃၆ ဧက ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစီအရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၈,၈၀၈ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ယခင်နှစ်ကထက် စိုက်ဧက ၈၂ ဧက ပိုမိုစိုက်ပျိုးခဲ့ ပါသည်။ ဒုတိယ(၆)လ ပတ်အတွင်း ဖူးစားပြောင်း၊ နေကြာနှင့် ဟင်းခတ်အမွှေးအကြိုင်တို့ ပိုမိုစိုက်ပျိုးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်မှု အခြေအနေတွင် ရွှေရင်အေး၊ ရတနာအောင်၊ ရွှေဘို ၁ ၊ ပုလဲသွယ်၊ ဆင်းဧကရီ ၃၊ ဘူးကျော်ကျက်နှင့် ဒေသမျိုးစပါးတို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

စိုက်ပျိုးမြေဖော်ထုတ်ခြင်းတွင် လေရှီးမြို့နယ် ထိန်းဖာရံအုပ်စုတွင် လယ်မြေ ဧက၂၀၊ ရန်နွေးအုပ်စုတွင် လယ်မြေ ဧက ၂၀၊ လေတိန်အုပ်စု လယ်မြေ ဧက ၁၀၊ ဖိုင်လင်ကွတ်အုပ်စု လယ်မြေ ၁၀ ဧက၊ ဖွန်သရက်ကျေးရွာတွင် လယ်မြေ ဧက ၂၀ နှင့် လေယုံကျေးရွာတွင် လယ်မြေ ၁၀ ဧက စုစုပေါင်းလယ်မြေ ဧက ၉၀ ဖော်ထုတ်နိုင်ခဲ့ပါသည်။

စိုက်ပျိုးရေရရှိရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ရေသွယ်မြောင်း ၃၅/၅ မိုင် ဖောက်လုပ်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** လေရှီးမြို့နယ် ပန်ဆပ်ကျေးရွာတွင် နွားနောက် ၂၀၂ ကောင်၊ ကူကီးကျေးရွာတွင် နွားနောက် ၂၂၄ ကောင်၊ မြို့မရပ်ကွက်တွင် နွားနောက် ၁၅၈ ကောင်၊ ဝမ်းဘဲကျေးရွာတွင် နွားနောက် ၁၁၃ ကောင်၊ စုစုပေါင်း ၆၉၇ ကောင်အား ကျေးရွာအုပ်စု ၄ ခု ခွဲ၍ မွေးမြူရေးဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန် ရည်မှန်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ CP Livestock Co.Ltd မှ စီပီကျေးရွာစီမံကိန်းအဖြစ်

လဟယ်မြို့နယ် တာလံရပ်ကွက်တွင် သိန်း ၃၀၀ မတည်၍ ချေးငွေထုတ်ချေးဆောင်ရွက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တိုင်းရင်းသားလူမျိုးများ ဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်မှ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့ပါသည်။ နာဂရိုးရာ ပန်းပဲဖို၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် တိုင်းရင်းသားလူမျိုးများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး စက်မှုလက်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** (၂၄) နာရီ မြို့မီးလင်းရေး ဆောင်ရွက်မှုအနေဖြင့် တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် လေရှီးမြို့နယ်၊ မတူဂီချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း နှင့် လဟယ်မြို့နယ် ဟွေထိုက်ချောင်းရေအားလျှပ်စစ် လုပ်ငန်းတို့မှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။ ထို့အပြင် လဟယ်မြို့နယ် ကျလွေချောင်း ရေအားလျှပ်စစ် လုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ နန်းယွန်းမြို့နယ် တိုင်းခမ်းချောင်း ရေအားလျှပ်စစ်လုပ်ငန်းမှာ ၅၄ ရာခိုင်နှုန်း ပြီးစီး ပြီးဖြစ်ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မတူဂီချောင်းမှ ကီလိုဝပ် ၁၅၀၊ ကျလွေချောင်းမှ ကီလိုဝပ် ၁၅၀၊ လဟယ်ချောင်းမှ ကီလိုဝပ် ၅၀၊ စုစုပေါင်း အသေးစား ရေအားလျှပ်စစ်စက်ရုံ ၃ ရုံမှ ကီလိုဝပ် ၃၅၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၂ စင်း၊ မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်းပေါ်ရှိ သစ်သားတံတား ၁ စင်း၊ ထမံသီ-လေရှီလမ်း အထူးပြင်ဆင် ထိန်းသိမ်းခြင်း၊ ခန္တီး-ဆင်သေ-လဟယ်လမ်း၊ နန်းယွန်း-ရှင်ဘွေယန်လမ်းတို့ကို ဆောက်လုပ်ခဲ့ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၄ ခန်းတွဲ ၄ ထပ်တိုက် ၂ လုံး ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လဟယ်၊ လေရှီး၊ နန်းယွန်းမြို့နယ်များတွင် အောင်သီရိရန်ပုံငွေ(နာဂဒေသ) မှ အစုအဖွဲ့များ ဖွဲ့စည်း၍ ချေးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ပြည်သူများ ဆက်သွယ်သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် နှင့် ပုဂ္ဂလိက မော်တော်ယာဉ် ၄၃ စီး၊ မော်တော်ယာဉ်ငယ် ၆၅ စီး၊ ဆိုင်ကယ်ကယ်ရီ ၁၇၅ စီး တို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ GSM ဆက်သွယ်ရေး တာဝါတိုင် ၂ တိုင်ကို လေရှီးနှင့် လဟယ်မြို့နယ်တွင် တိုးချဲ့ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM ဆက်သွယ်ရေး တာဝါတိုင် ၄ တိုင်ကို ဆွမ္မရာမြို့နယ်ခွဲ၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲနှင့် ဒုံးဟီးမြို့နယ်ခွဲတို့တွင် ဆောက်လုပ်လျက်ရှိပါသည်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။** နာဂဒေသသည် နှစ်စဉ်ကျင်းပသော နာဂ ရိုးရာပွဲတော်များ၊ လေရှီးမြို့နယ် စာရာမေရိတောင်၊ ပန်ဆောင်မြို့ နောင်ယမ်းအင်းတို့သည် နိုင်ငံခြားခရီးသွားများအား အဓိက ဆွဲဆောင်လျက်ရှိသောနေရာများဖြစ်ပါသည်။ နှစ်စဉ် နာဂ ရိုးရာပွဲတော်ကို နိုင်ငံခြားသားများ လာရောက်လည်ပတ်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ နိုင်ငံခြားသားဧည့်သည် ၅၂ ဦး လာရောက်လည်ပတ်ခဲ့ပါသည်။ ထို့အပြင် တစ်ဦးချင်း အခါအားလျော်စွာ နာဂရိုးရာဓလေ့ထုံးစံများအား လာရောက်လေ့လာလျက်ရှိပါသည်။ သို့ဖြစ်၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ ဒေသ၏ စီးပွားရေးဝင်ငွေ တိုးတက် အောင် ဆောင်ရွက်လျက်ရှိပါသည်။

**သောက်သုံးရေရရှိရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သောက်သုံး ရေရရှိရေးလုပ်ငန်းအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ၄၇ ရွာ တွင် လက်တူး ၁ တွင်း၊ စိမ့်စမ်း ၄၀ ခု၊ စုစုပေါင်း ၄၁ ခုနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ၁၇ ခု၊ လက်တူး တွင်း လုပ်ငန်း ၅ ခု ဆောင်ရွက်ခဲ့ ပါသည်။

**အလုပ်အကိုင်ရရှိရေး။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အခြားဌာနများမှ ခွင့်ပြုသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာပါသည်။ အခြားလုပ်ငန်းများဖြစ်သည့် ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများတွင် အလုပ်အကိုင် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားများ ဝင်ငွေ ပိုမိုရရှိလာပြီး စားဝတ်နေရေးအဆင်ပြေလာပါသည်။

ပညာရေးဝန်ဆောင်မှုအနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲသို့ ၂ ကျောင်း၊ မူလတန်း လွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲသို့ ၆ ကျောင်း၊ မူလတန်း မှ မူလတန်းလွန်ကျောင်းသို့ ၂၀ ကျောင်း၊ မူလတန်းကျောင်းခွဲမှ မူလတန်းကျောင်း သို့ ၁၇ ကျောင်း၊ တွဲဘက်မူလတန်း ကျောင်းမှ မူလတန်းကျောင်းခွဲသို့ ၄ ကျောင်း၊ စုစုပေါင်း ကျောင်း ၄၉ ကျောင်းကို အဆင့် တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျောင်းအဆောက်အဦသစ် ဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာန မှ ခွင့်ပြုရန်ပုံငွေဖြင့် အန္တရာယ်ရှိ ကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း ၂ ကျောင်း၊ ဥပမိရုပ်မကောင်းသော ကျောင်းဆောင်များ ဆောက်လုပ်ခြင်း ၁ ကျောင်း၊ မူလတန်း ကြိုကျောင်း ၂၀ ကျောင်း၊ သိပ္ပံဆောင် ၁ ဆောင်၊ လွှတ်တော်တွင် တင်ပြထားသော ကျောင်း ၁၈ ကျောင်း၊ မူလတန်း ကျောင်းခွဲ ၂ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁ ကျောင်း၊ မူလတန်း ကျောင်း ၁၅ ကျောင်း ၊ စုစုပေါင်း ၄၂ ကျောင်း ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းများ ဖွင့်လှစ်ထား ရှိမှုမှာ အထက်တန်း ကျောင်း ၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃ ကျောင်း၊ အလယ်တန်း ကျောင်း ၆ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၆ ကျောင်း၊ မူလတန်း ကျောင်း ၁၇၇ ကျောင်း၊ မူလတန်းကျောင်းခွဲ ၄၇ ကျောင်း၊ တွဲဘက် မူလတန်း ကျောင်း ၃ ကျောင်း၊ စုစုပေါင်း ၂၈၉ ကျောင်း ဖွင့်လှစ်ထားရှိပါသည်။ ယခင်နှစ် ထက် ၈ ကျောင်း တိုးမြှင့် ဖွင့်လှစ်ခဲ့ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လေရှီး၊ လဟယ်မြို့နယ်များ၌ လူငယ် သင်တန်း ကျောင်း ၁ ကျောင်းစီ၊ အမျိုးသမီးအိမ်တွင်းမှု အသက်မွေး ပညာသင်တန်း ကျောင်း ၁ ကျောင်း

စီဖွင့်လှစ်ထား၍ နန်းယွန်းမြို့နယ်၌ အမျိုးသမီး အိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်း ၁ ကျောင်း ဖွင့်လှစ်ထားရှိပါသည်။ နာဂဒေသရှိ တိုင်းရင်းသူ လေးများအားအိမ်တွင်းမှု အတတ်ပညာနှင့် စက်ချုပ်၊ သိုးမွေးစက်ဆွဲနှင့် ကြိမ်ထည်ယက်လုပ်ခြင်း စသည့် အသက်မွေး ဝမ်းကျောင်းပညာများ တတ်မြောက်စေရန် သက်ဆိုင်ရာသင်တန်း အသီးသီးကို တစ်နှစ်လျှင် ၃ ကြိမ်စီ ဖွင့်လှစ်၍ သင်တန်းသူ ၃၂၇ ဦးအား သင်ကြားပေးလျက်ရှိပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျန်းမာရေး လွှမ်းခြုံမှုရရှိရန် ၂၅ ခုတင် ဆံ့ဆေးရုံ ၃ ရုံ၊ ၁၆ ခုတင် ဆံ့ဆေးရုံ ၅ ရုံ၊ ကျန်းမာရေးဌာန ၁၅ ခု၊ ကျန်းမာရေးဌာနခွဲ ၇၅ ခု၊ ငှက်ဖျား တိုက်ဖျက်ရေးဌာန ၃ ခု၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ဌာန ၃ ခု၊ စုစုပေါင်း ၁၀၄ ခု ဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လဟယ်မြို့နယ်တွင် လုံခင် ကျေးလက်ကျန်းမာ ရေးဌာန၊ လေရှီးမြို့နယ်တွင် မသော်ရီ ကျေးလက်ကျန်းမာရေးဌာန၊ နန်းယွန်းမြို့နယ်တွင် ကြူယမ်းနွတ်ညို ကျန်းမာရေးဌာနများ၏ တည်ဆောက်မှုလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ဒုတိယ(၆)လပတ် တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်မီးလင်းရေးအနေဖြင့် ဆိုလာစနစ် ဖြင့် ၇၂၇ ခု ဆောင်ရွက်ရန် လျာထားသည့်အနက် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ကျေးလက်ရေရရှိရေးအနေဖြင့် ကျေးရွာ ၄၇ ရွာတွင် လက်တူး ၁ တွင်း၊ စိမ့်စမ်း ၄၀ ခု လုပ်ငန်းစုစုပေါင်း ၄၁ ခုအား ဆောင်ရွက်ရန် လျာထားပြီး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး ခဲ့ပါသည်။

ကျေးလက်လမ်း၊တံတားများ ဖောက်လုပ်ရေးအနေဖြင့် ကျောက်လမ်း ၃/၂မိုင်၊ မြေလမ်း ၁၈၃/၂.၄၄မိုင်၊ စုစုပေါင်းလမ်းအရှည် ၁၈၆/၄.၄၄ မိုင်၊ သစ်သားတံတား ၂၅ စင်း၊ ရေပြွန် ၃၅ စင်း တို့ကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းတွင် အိမ်သာခွက် ၂,၀၆၁ စုံ ဖြန့်ဝေရန်နှင့် ကျေးလက်အိမ်ရာ ၂၀ လုံး ဆောင်ရွက်ရန်လျာထားခဲ့ရာ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီး ခဲ့ပါသည်။


**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ။** နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ မြို့ရိပ်သာတည်ဆောက်ရေး လုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း**များအရ ကျပ် ၂,၁၉၆,၁၈၃.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၀.၄ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

### တနင်္သာရီတိုင်းဒေသကြီး၏
### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း

**ပုံ(၅-၁၁) အကောင်အထည်ဖော်နိုင်မှု**
**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၁၂) တိုးတက်မှုနှုန်း**
**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး /ပြည်နယ်စီမံကိန်းဦးစီးရုံး (တနင်္သာရီတိုင်းဒေသကြီး)။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ၊ ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၈၄၅,၈၀၆.၃ သန်းရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၈၈.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၈.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စနစ်ကျလယ်ယာဖော်ထုတ်ခြင်း ဧက ၂၆၀ ၊ လယ်ယာသုံး စက်ကိရိယာများဖြင့် ဧကလွှာ ၅,၆၆၂ ထွန်ယက်ပြီး စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်လာရန် လယ်ယာသုံး စက်ကိရိယာ လက်တွန်းထွန်စက်စီးရေ ၃၀

ကို ဖြန့်ဖြူးရောင်းချခြင်းနှင့် တောင်သူများအား ထွန်စက်မောင်း လေ့ကျင့်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် ရေထိန်းတံခါးများ အသစ်တည်ဆောက်ခြင်း၊ လက်ရှိရေထိန်းတံခါးများကို ပြုပြင်ထိန်းသိမ်းခြင်း၊ လယ်ယာမြေများ အတွင်းသို့ ဆားငန်ရေ ဝင်ရောက်မှုနှင့် ရေကြီးရေနစ်မြုပ်မှု မဖြစ်ပေါ်စေရေးတို့အတွက် ရေငန်တား တာတမံများပြုပြင်ထိန်းသိမ်းခြင်း၊ ချောင်းကော/မြောင်းကောများ ၊ ရေနုတ်မြောင်းများ ပြုပြင်တူးဖော်ပေးခြင်း၊ မိုးရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီသို့ ရောက်ရှိချိန်တွင် နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ရေထိန်းတံခါးများတွင် ရေတားတုံးချ၍ ပိတ်ဆို့ သိုလှောင်ပြီး အောင်ရေလုံလောက်စွာ ပေးဝေခြင်းဖြင့် နွေစပါးအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေဖြင့်လည်း မြစ်ချောင်းများမှ ရေကို နွေစပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရေပေးဝေရန်အတွက် ရေစုပ်စက်ဖြင့် စုပ်တင်ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ငါးဖမ်းလှေစီးရေ တိုးလာသည့်အတွက် ငါးဖမ်းဆီးနိုင်မှု ပိုမိုများပြားလာခြင်း၊ မုတ်ကောင်ကလေးများ အသေအပျောက် နည်းပါးခြင်း၊ ပုလဲအရွယ်အစား ကြီးမားခြင်းနှင့် ပြန်လည် ဝတ်ဆံသွင်း မုတ်ကောင်များပြားခြင်း၊ ပုလဲဖော်သောအခါ အရည်အသွေးကောင်းသော မုတ်ကောင်အား ပြန်လည် ဝတ်ဆံသွင်းပြီး၊ အရည်အသွေးမကောင်းသော မုတ်ကောင်များအား ခွဲသတ်ပြုလုပ်၍ မုတ်ခွံ ပိုမို ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင် သစ်မာထုတ်လုပ်မှုနှင့် ပုဂ္ဂလိကပိုင် ကြိမ်၊ ဝါး၊ ဓနိသက္ကယ်နှင့် ပျားရည် ထုတ်လုပ်မှုများ လျော့နည်းသော်လည်း ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့်သစ်မာမျော၊ မီးသွေး၊ ကရမက်၊ သနပ်ခါး၊ ဖာလာစေ့၊ လင်းနို့ချေး၊ သင်ပေါင်းသားနှင့် သစ်ခေါက် ထုတ်လုပ်မှုများ တိုးတက်သောကြောင့် ယခင်နှစ် အလားတူကာလအပေါ် တိုးတက် ရခြင်း ဖြစ်ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လက်ရှိ ထွက်ရှိနေသော သဘာဝဓာတ်ငွေ့တွင်းများသည် ဓာတ်ငွေ့သိုက်မှ ထွက်ရှိမှု အနည်းငယ် လျော့နည်းပြီး ရေနံစိမ်း

ထွက်ရှိမှုမှာလည်း သဘာဝဓာတ်ငွေ့ ထွက်ရှိမှုအပေါ် တည်မှီနေပါသဖြင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် အမှတ်(၂)သတ္တု၊ အမှတ်(၃)သတ္တု၊ ပုဂ္ဂလိကပိုင်မှ ကျောက်စရစ်၊ သဲ၊ လမ်းခင်းကျောက်များ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ထိုသို့လျော့နည်းရခြင်းမှာ သတ္တုတွင်းမှ လုပ်ငန်း သုံးရေလုံလောက်မှု မရှိခြင်း၊ မီးစက် ဓာတ်အား လျော့နည်းခြင်း၊ လက်ရှိတူးဖော်နေသော မြေစာ၌ သတ္တုသားပါဝင်မှု နည်းပါးလာခြင်း၊ စက်ရုံဒီဇိုင်း ပြင်ဆင်နေသည့်အတွက် ထုတ်လုပ်မှု များ မဆောင်ရွက်နိုင်ခြင်း၊ လိုဏ်ဂူအတွင်း လေလှည့်လည်စနစ် ပြင်ဆင်နေခြင်းနှင့် လုပ်သား အင်အားနည်းပါးခြင်းတို့ကြောင့် ဖြစ် ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင်အခန်း သံလမ်းပြုပြင်ထိန်းသိမ်းခြင်းအား တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ သမပိုင်အခန်းတွင် မုန့်မျိုးစုံ လုပ်ငန်း၊ ကွမ်းသီးခြောက်လုပ်ငန်း၊ ပုဇွန်ခြောက်လုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်ခြင်း၊ စက်မှုဇုန် ပြင်ပရှိ စားသောက်ကုန်လုပ်ငန်းမှ မုန့်မျိုးစုံ၊ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ မုန့်ဟင်းခါး၊ ငါးအမှုန့်ကြိတ်၊ ငါးအအေးခန်းလုပ်ငန်းများ တိုးတက်ထုတ်လုပ်ခြင်း၊ နေထိုင်ရေးတွင် အုတ်၊ ပရိဘောဂလုပ်ငန်း၊ အထွေထွေစက်မှုတွင် သင်္ဘောပြင်ဆင်ခြင်း၊ ကားဝပ်ရှော့လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပုဂ္ဂလိကပိုင် အခန်း၏ လျှပ်စစ်သုံးစွဲမှုယူနစ်များ ပိုမိုသုံးစွဲခဲ့ပါသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် ငါးအအေးခန်းစက်ရုံများ၊ အမှုန့်ကြိတ်လုပ်ငန်းများ၊ သင်္ဘောပြင်ဆင်ခြင်းလုပ်ငန်းများရှိခြင်း ကြောင့် လျှပ်စစ်သုံးစွဲမှု ယူနစ်များ ပိုမိုလာခြင်း ဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နေအိမ်အဆောက်အဦ ဆောက်လုပ်ရေးလုပ်ငန်းများ၊ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာများမှ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသော အဆောက်အဦများ၊ ပုဂ္ဂလိကလမ်းတံတား အဆောက်အဦ ဆောက်လုပ်မှုလုပ်ငန်းများ တိုးတက် ခဲ့ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ နိုင်ငံပိုင်အခန်းတွင် လမ်းဦးစီးမှ ပြည်ထောင်စုလမ်းများ၊ မြို့တွင်းလမ်းများ၊ နယ်စပ်ဦးစီးဌာနမှ အလယ်ကျွန်းရွာ၌ ထားဝယ်-ကမ်းချောင်ကူး ၁၄၅ ပေ သံကူကွန်ကရစ်တံတား၊ ကျေးလက်ဦးစီးမှ ပြည်ထောင်စုလမ်းပေါ်ရှိတံတားများ၊ မြို့တွင်းလမ်း

ပေါ်ရှိတံတားများ၊ နေအိမ်၊ ညှိရိပ်သာ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ ပုဂ္ဂလိကပိုင်အခန်းတွင် ခရိုင်များအတွင်းရှိ စည်ပင်သာယာရေးဦးစီးဌာနနှင့် ကိုယ်ထူကိုယ်ထလမ်း၊ တံတား၊ နေအိမ် အဆောက်အဦများ တည်ဆောက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** အဆင့်မြင့် အဝေးပြေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲလာခြင်းနှင့် မြို့တွင်း ဆိုင်ကယ်တက္ကစီများ ပိုမိုပြေးဆွဲလာခြင်း၊ နိုင်ငံပိုင်လေကြောင်းလိုင်းများ လျော့နည်း သော်လည်း ပုဂ္ဂလိကလေကြောင်းလိုင်းများ ၇ လိုင်းမှ ၉ လိုင်းအထိ တိုးချဲ့ ပြေးဆွဲလာခြင်း တို့ကြောင့် ဖြစ်ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်း ကနဦး တပ်ဆင်ခ များ လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် အသစ်တပ်ဆင်သည့် တယ်လီဖုန်းမှာ၂၃၉,၉၁၇ လုံး တိုးချဲ့အသုံးပြုနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** မြန်မာ့စီးပွားရေးဘဏ်မှ အတိုးရငွေများ၊ ငွေလွှဲလုပ်ငန်းမှ ငွေလွှဲခဝန်ဆောင်မှုမှ ရငွေများနှင့် ပုဂ္ဂလိကဘဏ်များဖြစ်သည့် ကမ္ဘာ့ရတနာဘဏ်၊ မြန်မာ အရှေ့တိုင်းဘဏ်၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ အာရှစိမ်းလန်းစိုပြေရေးဘဏ်များမှ အတိုး ရငွေများ တိုးလာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် အများပြည်သူများအတွက် ဝန်ဆောင်မှုပေးလျက်ရှိသော တည်းခိုခန်း ၂ ခု၊ ဟိုတယ်မိုတယ် အင်း ၄ လုံး၊ စားသောက်ဆိုင်ကြီး ၁၆ ဆိုင်၊ စားသောက်ဆိုင်လတ် ၂၆ ဆိုင်၊ စားသောက်ဆိုင်ငယ် ၇၇ ဆိုင်၊ ဆံပင်အလှပြုပြင်ဆိုင် ၁၅ ဆိုင် ၊ ကွန်ပျူတာသင်တန်း ၁ ခု၊ ဆေးကုသခန်း ၅ ခန်း တိုးတက်လာပြီး ဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** မြို့ပြနှင့် ကျေးလက်ဒေသများတွင် ရေချိုထွက်ရှိသော ရေတွင်းရေကန်များ ခန်းခြောက်ခြင်း၊ အထူးသဖြင့် မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးရွာ များတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်းများကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးရန်ပုံငွေဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် သောက်သုံးရေသွယ်ယူခြင်း ၂၄ ရွာ၊ အဝီစီတွင်းတူးခြင်း နှင့် လက်တူးတွင်း ၂၀ တွင်း နှင့် ရေကန် ၂ ကန်၊ ပြည်ထောင်စုရန်ပုံ ငွေဖြင့် သောက်သုံးရေ သွယ်ယူခြင်း ကျေးရွာ ၁၀ ရွာ ဆောင်ရွက် နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ကျေးရွာပေါင်း ၁၁၂ ရွာ ရှိ အိမ်ခြေပေါင်း ၁၆,၄၅၀ ၊ လူဦးရေအားဖြင့် ၈၈,၅၄၁ ဦး အတွက် တွင်းတိမ် ၁၀ တွင်း၊ တွင်းနက် ၁ တွင်း၊လက်တူးတွင်း ၆၂ တွင်း၊ ရေကန် ၉ ကန်၊ စိမ့်စမ်း ၃၂ ခု၊ အခြား ၁ ခု၊ စုစုပေါင်းလုပ်ငန်းအားဖြင့် ၁၁၅ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတကာ အကူအညီအထောက်အပံ့များအနေဖြင့် UNICEF နှင့် ပူးပေါင်းဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လက်တူးတွင်း ၂ တွင်း၊ တွင်းနက် ၂ တွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ကုန်သွယ်ရေးကဏ္ဍ။** တနင်္သာရီတိုင်းဒေသကြီးသည် ထိုင်းနိုင်ငံနှင့်နယ်နမိတ်ချင်း ထိစပ်လျက်ရှိပြီး မော်တောင်၊ ထီးခီး ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှု လုပ်ငန်းများပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ယခုအခါ ထားဝယ်ရေနက်ဆိပ်ကမ်းရှိ အထူးစီးပွားရေးဇုန် စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက အသေးစားနှင့် အလတ်စား စက်မှုဇုန်အသစ်များ ထူထောင်နိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ထို့အပြင် မြိတ်စီးပွားရေးဇုန် တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာကာ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး စီးပွားရေး အရှိန်အဟုန် မြင့်တက်လာမည်ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၄,၃၂၆,၈၅၈.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**ပဲခူးတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း**


**ပုံ(၅-၁၃) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၁၄) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် ၄,၃၉၉,၁၆၉.၁ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၁.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၉.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မိုးစပါးစိုက်ဧကများတိုးတက်ခဲ့ရခြင်းမှာ ပုလဲသွယ် ၃၉၂,၂၈၇ ကီလိုမျိုးဖြန့်ဖြူးပေးနိုင်ခဲ့ခြင်း၊ မိုးစပါး ပုလဲသွယ် စပ်မျိုး မျိုးထုတ်လုပ်မှုအနေဖြင့် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာတွင် ဧက ၂၂၂၊ ဇီးကုန်းမြို့နယ် ပြည့်ဟိန်းသာကုမ္ပဏီ မှ နွားတဲကုန်းကျေးရွာတွင် ဧက ၃၇.၅၀၊ သာယာဝတီ

စိုက်သိပ္ပံတွင် ၂.၀၀ ဧက စုစုပေါင်း ၂၆၁.၅၀ ဧက ကို စိုက်ပျိုးရိတ်သိမ်းရာတွင် ၉,၄၄၉.၅ တင်း ထွက်ရှိခဲ့ပါသည်။ နွေစပါး ပုလဲသွယ်စပ်မျိုး ထုတ်လုပ်မှုကို အုတ်တွင်းမြို့နယ် ပိတောက်ခင် ကျေးရွာတွင် လျာထားဧက၂၀ကို ပြည့်မီစွာစိုက်ပျိုးနိုင်ခဲ့ပြီး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် (GAP) ဖြင့် လျာထားဧက ၃၂,၀၀၀တွင် ၁၀,၄၇၀ ဧက စိုက်ပျိုးရာ၌ ကျေးရွာအုပ်စု ၅၀၃စု ရှိ တောင်သူ ၁၀,၄၄၃ ဦးတို့မှ စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါးရာသီ၌ မျိုးစေ့ဘဏ်စနစ်ဖြင့် မျိုးသန့်ထုတ်လုပ် ပွားများခြင်းကို ကျေးရွာအုပ်စု ၃၄ စုရှိ တောင်သူ ၃၁၀ ဦးမှဧက ၁,၃၁၀ ကိုစိုက်ပျိုးရိတ်သိမ်း ခဲ့ရာ အထွက်နှုန်း ၈၆.၅၅ တင်းနှုန်းဖြင့် ၁၁၃,၃၈၇ တင်း ထွက်ရှိခဲ့ပါသည်။ နွေစပါးကို ရေရရှိရေး နည်းလမ်းအလိုက် ဆောင်ရွက်ရာတွင် ၂၀၂,၆၂၀ဧက စိုက်ပျိုးပြီးစီးခဲ့ပါသည်။ စက်မှုသီးနှံ (မိုး) စံပြကွက်များအနေဖြင့် ဝါသီးနှံ ၃၂ ဧက၊ ချဉ်ပေါင်လျှော် ၁၉ ဧက၊ ဂုန်လျှော် ၄ ဧက တို့ကို အကျိုးဆောင် တောင်သူများမှ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆောင်းသီးနှံ မျိုးသန့်ပွားများ စံပြကွက် စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် မတ်ပဲ ၁၆၁ ဧက၊ ပဲတီစိမ်း ၃၁ ဧက၊ နေကြာ ၂၇ ဧက ကို စိုက်ပျိုးနိုင်ခဲ့ ပါသည်။

ဌာနပိုင် မျိုးသန့်ခြံ ၇ ခြံ မှ မိုးစပါးမျိုးသန့်မျိုးပွား မျိုးစေ့ ၄၁,၈၀၇ တင်း နှင့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ၁,၆၈၅,၄၃၈ တင်းတို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး၊ သီးနှံ စိုက်ပျိုးပြီးစီးမှုမှာ ၆,၂၁၀,၁၁၉ ဧကဖြစ်ပါသည်။ စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၂,၄၉၂.၆၇ ဧက ဖော် ထုတ်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးဘဏ်စနစ်ဖြင့် အိမ်မွေးတိရစ္ဆာန် ဘဲဖြန့်ဖြူးမှုကို ပဲခူးခရိုင်တွင် ဘဲကောင်ရေ ၂၀,၀၀၀ ကောင်၊ တောင်ငူခရိုင်တွင် ၅,၀၀၀ ကောင်၊ ပြည်ခရိုင်တွင် ၁၂,၅၀၀ ကောင်၊ သာယာဝတီခရိုင်တွင် ၁၂,၅၀၀ ကောင်၊ ဝက်ဖြန့်ဖြူးမှုတွင် သာယာဝတီခရိုင်တွင် ဝက်ကောင်ရေ ၃၄၄ ကောင်၊ နို့စားနွားဖြန့်ဖြူးမှုတွင် ပြည်ခရိုင်တွင် နို့စားနွားကောင်ရေ ၃၀ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ မျိုးမြှင့်သားစပ်ခြင်းအနေဖြင့် ခိုင်းနွား၊ နို့စားနွားနှင့် အသားစားနွား များအား ၂,၄၂၀ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးကုသခြင်း လုပ်ငန်းအနေဖြင့် ကျွဲနွား ကောင်ရေ ၉၇,၇၉၆ ကောင်၊ ဝက် ၉၈,၀၃၅ ကောင်နှင့် ကြက်/ အခြား ၂၃၄,၉၁၅ ကောင်တို့အား ဆေးကုသ ပေးနိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတများ တိုးပွားစေရေးကို ရည်ရွယ်လျက် နှစ်စဉ်ဆည်၊ ရေထိန်းတံခါး၊ သဘာဝ ရေလျှံကွင်းများအတွင်း ရွှေဝါငါးကြင်း သားပေါက် ကောင်ရေ ၄၀၀,၀၀၀ ကောင်၊ ငါးခုံးမကြီး ၁,၃၁၆,၀၀၀ ကောင်၊ ငါးမြစ်ချင်း ကောင်ရေ ၄,၁၇၃,၃၁၀ ကောင်၊ တီလားပီးယား ၁၇၉,၈၅၀ ကောင်၊ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၆,၀၆၉,၁၆၀ ကောင်စိုက် ထည့်မွေးမြူနိုင်ခဲ့ပါသည်။

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်မှုအနေဖြင့် ရွှေဝါငါးကြင်း ကောင်ရေ ၁၀၆,၀၀၀ ကောင်၊ ငါးခုံးမကြီး ၄၆၅,၅၀၀ ကောင်၊ တီလားပီးယား ၄၁,၀၀၀ ကောင်၊ စုစုပေါင်း ၆၁၂,၅၀၀ ကောင် မွေးမြူနိုင်ခဲ့ပါသည်။

ငါးမွေးကန်များ၏ ၁ ဧက ငါးထုတ်လုပ်မှုမြင့်မားစေရန် ငါးမွေးမြူသူများသို့ မျိုးဗီဇ မြင့် ငါးမျိုးများအား ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးမြူခြင်း နည်းပညာပြန့်ပွားစေရေး ဆောင်ရွက် ပေးခြင်း၊ ပေါင်းစည်းလယ်ယာစနစ်ဖြင့် တွဲဖက်မွေးမြူသူများအား တိုးချဲ့စည်းရုံး ဆောင်ရွက် ပေးခြင်း၊ ကျေးရွာအုပ်စုအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်လူငယ် အထောက် အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ စပါး-ငါးတွဲဖက်မွေးမြူနိုင်ရေး စည်းရုံးပညာပေးခြင်းနှင့် တစ်ပိုင် တစ်နိုင် လယ်ကြား ငါးကန်များအတွင်း ငါးသားပေါက်များ အခမဲ့မျိုးစိုက် ဖြန့်ဝေခြင်း လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

ပုဇွန်လုပ်ငန်းဦးစီးဌာနအနေဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ (၂)ရပ် ပေါင်း၍ ပုဇွန်ရည် ထုတ်လုပ်ခြင်း၊ ပုဇွန်အုံတိုးပွားခြင်း၊ စိုက်ပျိုးသီးနှံများ ဝတ်မှုန်ကူး ဝန်ဆောင်မှု ဆောင်ရွက်ခြင်း၊ ပြည်သူများ ပုဇွန်မွေးမြူရေးအသိပညာ၊ အတတ်ပညာများ သိရှိတတ်မြောက်စေရန် တိုးချဲ့ ပညာပေး သင်တန်းများဆောင်ရွက်ခဲ့ပါသည်။ ပုဇွန်ရည်ထုတ်လုပ်မှု တိုးတက် မြင့်မားစေရန် ပုဇွန်အုံအရေအတွက် တိုးပွားရေးနှင့်တောင်သူ အကျိုးပြုလုပ်ငန်းဖြစ်သည့် ဝတ်မှုန်ကူး ဝန်ဆောင်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သစ်တောကဏ္ဍ။** သစ်တောပြုစု ထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် သစ်မာပင်ထောင် ရိုက်မှတ်ခြင်းလုပ်ငန်းကို ၂၂,၂၇၄ ပင်၊ ပေါင်းသင်ရှင်းလင်းခြင်း လုပ်ငန်းကို ၆,၉၇၀ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့်၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပျိုးပင်တစ်သိန်းဆံ့ ပျိုးဥယျာဉ်၊ပျိုးဥယျာဉ်ရှင်းလင်းဆောင်၊တောခေါင်းနေအိမ် ၆လုံး ဆောက်လုပ် ရန်ကျပ် ၃၆.၁သန်း တို့ကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူမှုအနေဖြင့် တွင်းအမှတ် ၄၂၊ ၈၃၊ ၁၄၆၊ ၁၄၇၊ ၁၀၅၊ PSC (1) တို့မှာ ထုတ်ယူမှုကာလကြာမြင့်ခဲ့ပြီး သဘာဝအလျှောက် အထွက်နှုန်းကျဆင်းလာခြင်း၊ မောင်းငြိမ့် စက်ပိုင်းဆိုင်ရာ မကြာခဏပြုပြင် လဲလှယ်ခဲ့ရခြင်း၊ ရေနံမြေပိုင်လျှပ်စစ်ဓာတ်အားပေးစက်မှာလည်း နှစ်ကြာရှည်စွာ အသုံးပြုရသည့်အတွက် ခုတ်မောင်းရာတွင် ခက်ခဲလာခြင်း၊ တူးဖော်နေသော တွင်းသစ်များအား စမ်းသပ်ခဲ့သော်လည်း စီးပွားဖြစ် ထုတ်ယူမှုမရရှိ၍လျော့နည်းခဲ့ရခြင်းဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင်ကျောက်မာအနေဖြင့် ကျင်း ၅,၀၀၀ ထုတ်လုပ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် ရွှေထုတ်လုပ်မှုအနေဖြင့် ရွှေပစ်မှတ်ကုမ္ပဏီလုပ်ကွက် (၁) ခုမှ သက်တမ်းတိုးအတွက် ကြိုတင်ရွှေပေးသွင်းခြင်း၊ ကညောထူးဒိုစိုးကုမ္ပဏီ လုပ်ကွက်(၁)ခု စာချုပ်ချုပ်ရန် ကြိုတင်ရွှေပေးသွင်းခြင်း နှင့် ရွှေခေတ်တိုးတက်ရေးကုမ္ပဏီလုပ်ကွက်(၁)ခုအား သက်တမ်းတိုးတင်ထားဆဲဖြစ်၍ စုစုပေါင်းကုမ္ပဏီ(၃)ခု၏ လုပ်ကွက်(၂)ခု မှကြိုတင်ရွှေပေးသွင်း ခြင်း ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်လျှက်ရှိသော ပုဂ္ဂလိကလုပ်ငန်းများတွင် နေထိုင်ရေးဆိုင်ရာလုပ်ငန်း ၁၇ ခု၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း ၂ ခု၊ ဓာတ်သတ္တုပစ္စည်းထုတ်လုပ်ငန်း ၂၂ ခု တိုးတက်ခဲ့ပါသည်။

တောင်ငူခရိုင်တွင် ဒုတိယ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်းကဏ္ဍ ယခင်နှစ်ကထက်လျော့နည်းခဲ့ရခြင်းမှာ စက်မှုဇုန်များမှ ယခင်နှစ်ကထုတ်လုပ်ခဲ့သော သကြားနှင့်တင်လဲရည်ထုတ်လုပ်မှုမရှိတော့ခြင်း၊ စက်မှုဝန်ကြီးဌာန၏အမှတ်(၁၄)၊ အမှတ်(၁၅)အကြီးစား စက်ရုံ(သာဂရ)မှ အခြားထုတ်လုပ်မှုများ လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ သစ်မာခွဲသား၊ ကျွန်းခွဲသားများလည်း ယခင်နှစ် ထက်လျော့နည်းရခြင်းမှာ အမှတ် (၃၃၊ ၃၈၊ ၁၀၇) သစ်စက်များ၏ ထုတ်လုပ်မှု ရပ်ဆိုင်းခြင်းကြောင့် ဖြစ်ပါသည်။

ပြည်ခရိုင်၏ ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင်အခန်းကဏ္ဍတွင် အမှတ်(၁)အထည် စက်ရုံ ရွှေတောင်သည် ဈေးကွက်လိုအပ်ချက်အရလည်းကောင်း၊ အမှတ်(၁၂) အကြီးစား စက်ရုံ တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အမှာစာအရလည်းကောင်း ထုတ်လုပ်မှုတိုးတက်ခဲ့ ပါသည်။ အမှတ် ၁၆ အကြီးစားစက်ရုံနှင့် အမှတ် ၂၃ အကြီးစားစက်ရုံတွင် ကုန်ချော လက်ကျန်များနေခြင်း၊ ဈေးကွက်အမှာစာ မရရှိခြင်းကြောင့်လည်းကောင်း ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ ပြည်မြို့နယ်ရှိ စက်မှုဇုန်သည် ယခင်နှစ်တွင် လိုက်ထရပ် ၅၁ စီး ထုတ်လုပ်ခဲ့ပြီး ယခုနှစ်တွင် မော်တော်ယာဉ်ထုတ်လုပ်မှု မရှိပါသဖြင့် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း လျော့နည်းခဲ့သော်လည်း အခြားစက်မှုတွင် စက်မှုလက်မှု လုပ်ငန်းငယ်လေးများ၏ ထုတ်လုပ်မှုမှရရှိသည့် ဝင်ငွေများတိုးတက် လာခြင်းကြောင့် စက်မှုလက်မှုကဏ္ဍ တိုးတက်ခဲ့ခြင်းဖြစ်ပါ သည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နှင့်ကျေးရွာများ မီးလင်းရေး ဆောင်ရွက်ရာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ၂,၂၈၆ ရွာ အထိ မီးလင်းရန် နှင့် ကျေးရွာအလိုက် မီးလင်းမှုမှာ ၃၄.၈ ရာခိုင်နှုန်းအထိ ရှိလာရန် ရည်မှန်းထားရာ ဒုတိယ(၆)လပတ်အတွင်း မီးလင်းပြီးကျေးရွာ ၁၀၇ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါ သည်။

သမဝါယမအသင်းများမှလည်း လျှပ်စစ်မီးမရရှိသေးသည့် နေရာများတွင် အသင်း များနှင့်ပြည်သူများမီးရရှိရေးအတွက် အိမ်သုံးမီးစက်ကလေးများဖြင့် မီးလင်းရေးဆောင်ရွက် ပေးလျှက်ရှိရာ ဒုတိယ(၆)လပတ်အတွင်းကျေးရွာ ၃ရွာတွင် ၁၄,၆၁၀ယူနစ် ထုတ်လုပ် ဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း နိုင်ငံပိုင်အခန်း လမ်းဦးစီးဌာနမှ လမ်းတံတား တည်ဆောက်မှုအပိုင်းတွင် ပဲခူးမြို့နယ် ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်း မိုင် ၅/၄မှ၂၇/၀မိုင် အတွင်း၊ ဒိုက်ဦးမြို့နယ် ဒိုက်ဦး- စစ်တောင်းလမ်း မိုင်၉/၂မှ၂၀/၃မိုင်အတွင်း၊ ပဲခူးမြို့နယ် အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်းမိုင်၀/၅မှ၂/၀မိုင်အတွင်း၊ ကဝမြို့နယ် အင်းတကော်-ထုံးကြီး- ကဝ-အုန်းနဲ့လမ်း မိုင် ၈/၄ မှ ၁၇/၀ မိုင်အတွင်း၊ ညောင်လေးပင်မြို့နယ် ညောင်လေးပင်- ပုဇွန်မြောင်း-မဒေါက်-ရွှေကျင်လမ်းမိုင် ၃/၄မှ၁၀/၅မိုင် အတွင်း၊ ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းမိုင် ၃/၀ မှ ၄/၀ မိုင် အတွင်း၊ ရွှေကျင်မြို့နယ် တောင်ငူ-ကျောက်ကြီး-

စစ်တောင်း-မုပ္ပလင်လမ်းမိုင် ၇၈/၇ မှ ၁၁၈/၀မိုင် အတွင်း၊ ဖြူးမြို့နယ် ဖြူး-အုတ်ဖြတ်-မုန်းလမ်းမိုင်၁/၅+၃၃၀ ပေ မှ ၃/၇မိုင် အတွင်း၊ အုတ်တွင်းမြို့နယ် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုင် ၁၀၆/၀ မှ ၁၂၄/၄ မိုင်အတွင်း၊ ရေတာရှည်မြို့နယ် ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်း မိုင်၁/၂ မှ ၁/၁+၃၀၀ ပေ အတွင်း၊ တောင်ငူ မြို့နယ်တောင်ငူ-ကျောက်ကြီး -စစ်တောင်း-မုပ္ပလင်လမ်း မိုင် ၃/၆ မှ ၄/၇မိုင်အတွင်း၊ ထန်းတပင်မြို့နယ် တောင်ငူ- ကျောက်ကြီး -စစ်တောင်း- မုပ္ပလင်လမ်း မိုင် ၈/၀ မှ ၂၃/၂မိုင် အတွင်း၊ ထန်းတပင်မြို့နယ် ထန်းတပင်-တပြေးလမ်း မိုင်၀/၃ မှ ၂/၃ +၄၃၅ ပေအတွင်း၊ ကျောက်ကြီးမြို့နယ် တောင်ငူ- ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်းမိုင် ၃၉/၃ မှ ၇၀/၆မိုင် အတွင်း၊ ကျောက်ကြီးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီး လမ်း မိုင် ၉/၄ မှ ၁၀/၄မိုင် အထိ၊ ပေါက်ခေါင်းမြို့နယ် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုင် ၂၁/၀ မှ ၃၉/၃မိုင် အတွင်း၊ သဲကုန်းမြို့နယ်ဝက်ပုတ်-ပုတီးကုန်း-သဲကုန်းလမ်းမိုင် ၀/၀မှ၁၅/၆မိုင် အတွင်း၊ ပြည်မြို့နယ် နဝင်း-ဇရစ်ချောင်-ကျောက်အိုး လေးလမ်းမိုင် ၀/၀မှ၀/၂မိုင် အတွင်း၊ မင်းလှမြို့နယ် ရှမ်းတော-အင်းဘုတ် ကုန်း-မိုးညိုလမ်း မိုင်၇/၃မှ၈/၀မိုင်အတွင်း၊ လက်ပံတန်းမြို့နယ် လက်ပံတန်း-ဟသ်ာတလမ်း မိုင်၁/၀ မှ ၉/၃မိုင် အတွင်း၊ မိုးညိုမြို့နယ် လက်ပံတန်း-တော်လသ-ထိန်တော-မိုးညို-တာပွန်-နတ်တလင်းလမ်း မိုင်၂၅/၂ မှ၅၆/၀ မိုင် အတွင်း၊ နတ်တလင်း မြို့နယ် လက်ပံတန်း-တော်လသ-ထိန်တော- မိုးညို-တာပွန်- နတ်တလင်း လမ်း မိုင် ၅၆/၇ $\frac{၁}{၂}$ မှ ၅၉/၄ မိုင်အတွင်း၊ လက်ပံတန်းမြို့နယ် လက်ပံတန်း-လမ်းမတော်-ကံကြီးလမ်းမိုင်၀/၀ မှ ၂/၇မိုင်အတွင်း၊ လက်ပံတန်းမြို့နယ် လက်ပံတန်း-ကျွန်းကလေး-ကမ်းပြိုကြီးလမ်း မိုင် ၂/၄ မှ ၇/၀မိုင်အတွင်း၊ အုတ်ဖိုမြို့အဝင်လမ်းမိုင်၀/၀ မှ ၂/၀မိုင် အတွင်း၊ မိုးညို မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း မိုင်၀/၀ မှ ၀/၆မိုင် အတွင်း၊ ကြို့ပင်ကောက်မြို့နယ် ကြို့ပင်ကောက်- ဇီးကုန်း- လမ်းကောက်လမ်းမိုင်၀/၅ မှ ၇/၆မိုင် အတွင်း၊ ဇီးကုန်းမြို့နယ် ဇီးကုန်း-ပန်းတင်ကြီး- ကုန်းသာ-တာပွန်လမ်း မိုင်၀/၀ မှ ၃/၅မိုင်အတွင်း၊ နတ်တလင်းမြို့နယ် ဇီးကုန်း- ပန်းတင်ကြီး- ကုန်းသာ-တာပွန်လမ်း မိုင်၃/၅မှ၉/၆မိုင် အတွင်း၊ မိုးညိုမြို့နယ် ကျွဲတဲကုန်း- မတော့ကုန်း- ကြို့ကုန်း- နှမ်းကုန်း လမ်း မိုင် ၀/၀ မှ၃/$\frac{၁}{၂}$ မိုင် အတွင်း၊ သာယာဝတီမြို့နယ် ဂွေးချောင်း- ဖားရွှေကျော်လမ်း မိုင်၀/၇ မှ ၂/၀မိုင်အတွင်း၊ ဇီးကုန်းမြို့နယ် ဇီးကုန်း-သစ်နဖားလမ်း မိုင် ၁/၅ မှ ၁/၆မိုင် အတွင်း တို့ကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် အပြီးသတ် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

လမ်းဦးစီးဌာနမှ ဘောနတ်ကြီး-ဖောင်းတူလမ်းပေါ်ရှိ တံတားအမှတ်၁/၁၅ စလူချောင်းတံတား၊ ၁/၁၇ အဆိပ်ချောင်းတံတား၊ ၆/၂၂ ရွှေလောင်းချောင်းတံတား၊ တောင်ငူ- ကျောက်ကြီး - စစ်တောင်း- မုပ္ပလင်လမ်းပေါ်ရှိ တံတားအမှတ် ၁/၁၄ တပြေးတံတား ၊ နဝင်း- ဇရစ်ချောင်- ကျောက်အိုးလေး လမ်းပေါ်ရှိ နဝင်းချောင်းတံတား၊ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းပေါ်ရှိ ပေါ်လံကြီးတံတား၊ လက်ပံတန်း-တော်လသ-ထိန်တော-မိုးညို-တာပွန်လမ်းပေါ်ရှိ ၁/၅၉ ချောက်ခမ်းတံတားတို့အား တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် အပြီးသတ် ဆောင်ရွက်ခဲ့ပါသည်။

တံတားဦးစီးဌာနမှ ပဲခူးမြစ်ကူး တံတား၊ ရွှေကျင်-မဒေါက်လမ်းပေါ်ရှိ မဒေါက်ကလေးတံတား၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်းပေါ်ရှိ ဘောဂထာတံတား၊ မုန်းချောင်းတံတား၊ ဒိုးသောင်တံတား၊ တံတားအမှတ် ၁/၂၀ ဥသျှစ်ပင်တံတား၊ ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ် ၁/၁၈၅ နတ်တလင်း တံတားတို့အား ပြည်ထောင်စုဘတ်ဂျက်ဖြင့် အပြီးသတ် ဆောင်ရွက်ခဲ့ပါသည်။

တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှု အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈ ဖွဲ့ မှ ကွန်ကရစ် လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်းစသည့် မြို့ပြလမ်းစုစုပေါင်းလမ်းအရှည် ၆၉ မိုင် ၄.၁၁၂ ဖာလုံ ၊ ကျေးလက်လမ်း စုစုပေါင်းလမ်းအရှည် ၆ မိုင် ၇.၉၇၉ ဖာလုံ၊ မြို့ပြတံတား ၄၈ စင်း၊ ကျေးလက်တံတား ၉ စင်းတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက် ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသနေ ပြည်သူ များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက် လမ်း ၁၈၅/၅.၁၅၅ မိုင်၊ ကျေးလက်တံတား ၈၅ စင်း၊ ယင်လုံအိမ်သာ ၁၆၉ ခုနှင့် ကျေးလက်အိမ်ရာ ၁၉၃ လုံးတည်ဆောက် ပေးနိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းမှ ရန်ကုန်-မန္တလေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရန်ကုန်-ပြည် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပဲခူး-ထားဝယ် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ခပေါင်းတံတားလမ်းပိုင်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရန်ကုန်-ပြွန်တန်ဆာလမ်းပိုင်း၊ ပဲခူး-ထားဝယ်လမ်းပိုင်း အတွင်းရှိ ဘူတာ ၂၀ တွင် အချက်ပြစနစ် ပြောင်းလဲခြင်းလုပ်ငန်း၊ တံတားကြီး/ငယ်များ ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။

သမဝါ ယမ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအားမြို့နယ် ၃ မြို့နယ်တွင် သမဝါယမပိုင် ခရီးသည်တင်ယာဉ် ၃၆ စီး၊သုံးဘီးဆိုင်ကယ် ၇ စီး၊ စုစုပေါင်း ၄၃ စီးဖြင့် လုပ်ကိုင်လျက် ရှိပါသည်။

တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လမ်းစည်းကမ်း ယာဉ်စည်းကမ်း ပညာပေးခြင်း၊ ကျွမ်းကျင်ယာဉ်မောင်းများ စနစ်တကျမွေးထုတ် ပေးရေးနှင့် Computer အသုံးပြုယာဉ်မောင်းလိုင်စင် စနစ်တကျ စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း တယ်လီဖုန်း တပ်ဆင်ပေးနိုင်မှုစုစုပေါင်း ၆၆၀,၄၅၂လုံးဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ဒုတိယ(၆)လပတ်တွင် ငွေရေးကြေးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမပိုင်အခန်းမှ သမ ဝါယမပိုင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဌာနဆိုင်ရာငွေစုငွေချေး ၂ သင်း၊ ဈေး သမဝါ ယမအသင်း ၇ သင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သော သမဝါယမအသင်း ၈ သင်း၊ စုစုပေါင်း ၁၇ သင်း တိုးတက်ခဲ့ပါသည်။

**ပညာရေး။** ပဲခူးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနအနေ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် အန္တရာယ်ရှိ၍ ဖျက်သိမ်းပြီး အသစ်ပြန်ဆောက်သော ကျောင်း ၂၂၆၊ ဥပဓိရုပ်မကောင်း၍ အသစ်ပြန်ဆောက်သော ကျောင်း၆၈ ကျောင်း၊ မူလတန်းကြို ကျောင်း ၃၀၊ ကျောင်း စုစုပေါင်း ၃၂၄ ကျောင်းကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက် နိုင်ခဲ့ပါသည်။

အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ပဲခူးတက္ကသိုလ်တွင် စာသင်ခန်း ၁၅ ခန်းပါ သုံးထပ် စာသင်ဆောင် အဆောက်အအုံ ၁ လုံး နှင့် ကျောင်းသူ/ ကျောင်းသား ၁၀၀ ဦးဆန့် အိပ်ဆောင် ၁ လုံး၊ ပြည်တက္ကသိုလ်တွင် ဆရာ / ဆရာမများ နေထိုင်မှု အဆင်ပြေစေရေးအတွက် ၉၆ ဦးဆံ့ ၄ ထပ် ၁ လုံး၊ ဆရာ/ဆရာမ အိပ်ဆောင် ၁ လုံးနှင့် ကျောင်းသား/ သူများ အဆောင်နေ၍ အေးချမ်း လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ၁၉၂ ဦးဆံ့ ၄ထပ် ကျောင်းသား/ သူ အိပ်ဆောင် ၁ လုံး၊ တောင်ငူတက္ကသိုလ်တွင်သုံးထပ် စာသင်ဆောင် RC ၁ လုံး၊ ကျောင်းသား/ ကျောင်းသူများ

အိပ်ဆောင် RC ၃ ထပ် ၂ လုံး၊ တောင်ငူပညာရေး ကောလိပ် တွင် ၂ ထပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း RC ၂ ဆောင်၊ မူကြိုကျောင်းဆောင် RC ၁ လုံး စားသောက်ဆောင်၊ စားဖိုဆောင် ၁ ဆောင် နှင့် အခြားလုပ်ငန်းများ ပြည်မြို့ ပညာရေးကောလိပ်တွင် ၃ ထပ် စာသင်ဆောင် ၁ လုံး၊ ၃ ထပ် အိပ်ဆောင် ၁ လုံး၊ ၈ခန်းတွဲ ဝန်ထမ်း အိမ်ယာ ၃ထပ် RC ၁ လုံး၊ မူကြိုကျောင်းဆောင် RC ၁လုံး နှင့်အခြားလုပ်ငန်းများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (လက်ပံတန်း) အကြီးစားမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများကို တည်ဆောက် နိုင်ခဲ့ပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်ကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းသစ်များအနေဖြင့် သာယာဝတီမြို့နယ် ကျွဲသတ်ကျေးလက် ကျန်းမာရေးဌာန နှင့် နတ်တလင်းမြို့နယ် ဝဲမခန်းကျေးလက် ကျန်းမာရေးဌာန၊ ပဲခူးခရိုင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄ ခု၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရေအိုးစင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပြည်ခရိုင်ကျေးလက် ကျန်းမာရေးဌာနခွဲ၄ခု၊ သာယာဝတီခရိုင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄ ခု ၊ သာယာဝတီခရိုင် ကျေးလက်ကျန်းမာရေးဌာနခွဲ၁၄ခု၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲအနေဖြင့် ပဲခူးခရိုင်တွင် ကျေးလက်ကျန်းမာရေးဌာန ၃ ခု၊ တောင်ငူခရိုင် ကျေးလက်ကျန်းမာရေးဌာန ၁ ခု၊ ပြည်ခရိုင် ကျေးလက်ကျန်းမာရေးဌာန ၃ခု၊ သာယာဝတီခရိုင် ကျေးလက် ကျန်းမာရေးဌာန ၇ ခု၊ တောင်ငူခရိုင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ၅ခု၊ ပြည်ခရိုင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃ ခု၊ သာယာဝတီခရိုင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂ ခု တို့ကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောက်လုပ်နိုင်ခဲ့ပါသည်။

ကုသရေးဦးစီးဌာနအနေဖြင့် ၁၆ ကုတင်ဆံ့တိုက်နယ်ဆေးရုံ ၁၇ လုံး ဆောက်လုပ်ခြင်း၊ တောင်ငူမြို့ နှင့် ပြည်မြို့ပြည်သူ့ဆေးရုံကြီးတွင် CT Scan အဆောက်အဦး ၂ လုံး ဆောက်လုပ်ခြင်း၊ ၆ ခန်း တွဲ ၄ ထပ် ဝန်ထမ်းအိမ်ယာ ၅ လုံး၊ ဇီးကုန်း၊ အုတ်ဖို၊ သာယာဝတီ နှင့် နတ်တလင်း မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ၂ ထပ်လူနာဆောင် ၄ လုံး၊ နတ်တလင်း၊ မင်းလှ၊ ဇီးကုန်းနှင့် သာယာဝတီ ဆေးရုံကြီးတို့တွင် ၄ ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ်ယာ ၄ လုံး၊ ဖြူးမြို့နယ် ပြည်သူ့ဆေးရုံ နှင့် အုတ်ဖိုမြို့နယ် အေးမြသာယာတိုက်နယ်ဆေးရုံတို့ အကြီးစား ပြုပြင်ခြင်း၊ ပြည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကလေးကုသဆောင် ၂ ထပ်နှင့် ပေါင်းတလည် တိုက်နယ်ဆေးရုံ ၄ ခန်းတွဲ သူနာပြုနေအိမ်၊ ပန်းတောင်းမြို့နယ် တိုးချဲ့လူနာဆောင်၊ ဆရာဝန်

နေအိမ်နှင့် ဝန်ထမ်းနေအိမ်၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာ တိုးချဲ့လူနာဆောင် ၂ ဆောင် ဆောက်လုပ်ခြင်းတို့ကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောက်လုပ်နိုင်ခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပဲခူးခရိုင် ညောင်လေးပင်မြို့နှင့် ပြည်ခရိုင် ပေါင်းတည်မြို့တို့တွင် ၁၆ ကုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂ ရုံကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောက်လုပ်နိုင်ခဲ့ပါသည်။

ဆေးသိပ္ပံဦးစီးဌာနအနေဖြင့် တောင်ငူသူနာပြု သင်တန်းကျောင်း RC နှစ်ထပ် မီးဖိုဆောင်၊ RC နှစ်ထပ်ထမင်းစားဆောင်၊ သိပ္ပံမီးဖို (၃) ဖိုနှင့်စတိတ်ခုံ၊ တောင်ငူ သားဖွား သင်တန်းကျောင်း ၃ ထပ်ကျောင်းဆောင်၊ မီးဖိုဆောင်၊ ထမင်းစားခန်းနှင့် အခြားလုပ်ငန်းများ၊ ၂ ထပ်အိပ်ဆောင် အကြီးစားပြုပြင်ခြင်း၊ ပြည်သူနာပြု သားဖွားသင်တန်းကျောင်း RC ကျောင်းသူ ၁၀၀ ဆံ့ ၂ ထပ် အိပ်ဆောင် ၁ ဆောင်နှင့် အခြား လုပ်ငန်းများကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောက်လုပ်နိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၈ ဖွဲ့၏ မြို့ပြရေပေးရေးအနေဖြင့် တွင်းနက် ၈ တွင်း၊ တွင်းတိမ် ၄ တွင်း၊ လက်တူးတွင်း၊ ရေကန်အဆင့်မြှင့် နှင့် အခြား ၇ ခု၊ စုစုပေါင်း ၁၉ ခု၊ ကျေးလက် ရေပေးရေးအနေဖြင့် တွင်းနက် ၆ တွင်း၊ တွင်းတိမ် ၄ တွင်း၊ အခြား ၂ ခု၊ စုစု ပေါင်း ၁၂ ခု အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသနေ ပြည်သူများကျေးလက် ရေပေးရေးလုပ်ငန်း ၃၅၁ ခု အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများတွင် ရေတွင်းရေကန်များ ရေ ဆုတ်ယုတ်ချိန် ဖြစ်သည့်အတွက် ရေပြတ်လပ်ရှားပါးသည့် ကျေးရွာများကို ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအဖွဲ့ နှင့် ပရဟိတ အလှူရှင်များ မှပုဂ္ဂလိကပိုင်ယာဉ်၊ မီးသတ်ဌာနပိုင်ယာဉ်၊ စည်ပင်သာယာပိုင်ယာဉ်များဖြင့် ရေပေးဝေ ဖြန့်ဖြူးခြင်းများဆောင်ရွက်ခဲ့ ပါသည်။

**ဟိုတယ်ခရီးစဉ်နှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** တိုးတက်လာသော လူဦးရေနှင့် လူနေမှုစနစ် အရ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုများပြားလာခြင်းကြောင့် ဟိုတယ်ခရီးစဉ်နှင့် အခြားဝန်ဆောင်မှု ဝင်ငွေတိုးတက်ရခြင်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဆိုင်ရာဆွဲဆောင်မှုများနှင့်ရေမြေ သဘာဝအနေအထား ကောင်းမွန်သောဒေသ တစ်ခုဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွား ဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်နိုင်သော ဒေသတစ်ခု ဖြစ်ပါသည်။ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ၊ အင်တာနက်ဂိမ်းဆိုင်များ၊ အလှပြုပြင်ရေးဆိုင်များ၊ ဂိမ်းစင်တာများ အပါအဝင် တိုးတက်လာသောလူဦးရေနှင့် ပြောင်းလဲလာသော လူနေမှုစနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာ သော ဝန်ဆောင်မှုလိုအပ်ချက်များအရ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ စားသောက်ဆိုင်လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ယခင်နှစ်ထက် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရခြင်းဖြစ်ပါ သည်။

**ကုန်သွယ်မှုကဏ္ဍ။** စပါး၊ ဆန်၊ ပဲမျိုးစုံ ဈေးနှုန်းအခြေအနေ၊ စိုက်ပျိုးထွက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကုန်သည်ပွဲစားများအနေဖြင့် စိုက်ပျိုးသူ တောင်သူများနှင့် အကျိုးစီးပွား မျှတစွာဖြစ်ထွန်းရေးအခြေအနေကို လည်းကောင်း၊ စိုက်ပျိုးရေး ထွက်ကုန် သီးနှံများ ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျှက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ကုန်သွယ်မှုနှင့် ပတ်သက် သည့် သတင်းအချက်လက်များ ကို လည်းကောင်း၊ ကုန်သည်များအနေဖြင့် ဈေးကွက်ဝင် ကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ချက် စံချိန်စံညွှန်းများ အတိုင်းဆောင်ရွက် ကြစေရေးကိုလည်းကောင်း ကုန်သည်များ အနေဖြင့် မိမိတို့နှင့် ဆက်စပ်လျှက်ရှိသော ကုန်သည်အသင်းအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ကြစေရေးတို့ကိုလည်းကောင်း ကုန်သွယ်မှုမြှင့်တင်ရေး နှင့် စားသုံးသူရေးရာ ဦးစီးဌာန မှ ခရိုင်အလိုက် ဆွေးနွေးဆောင်ရွက် နိုင်ခဲ့ပါသည်။

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေး**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း မိုးကြိုးဘေး ၈ ကြိမ်အတွက် သေဆုံးသူ ၈ ဦးကို တစ်ဦးလျှင်ထောက်ပံ့ငွေ ၁ သိန်း၊ လေဘေး ၁၀ ကြိမ် ၊ကမ်းပြို ၈ ကြိမ်၊ မီးဘေး ၁၄ ကြိမ်၊ ရေဘေး ၃ ကြိမ်တွင် သေဆုံးသူ ၂ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေ ၁ သိန်း၊ သဘာဝဘေးအန္တရာယ် ၄၃ ကြိမ်ဖြစ်ခဲ့ရာ အိမ်ထောင်စုပေါင်း ၉၆၃ အိမ်၊ လူဦးရေပေါင်း ၄,၃၅၃ ဦးတို့အား အိမ်ဆောက်ပစ္စည်း တန်ဖိုး ကျပ် ၁၁၆.၅ သိန်း၊ ဆန်ဖိုး ၃၅.၈ သိန်း၊ ကယ်ဆယ်ရေးပစ္စည်း ၉

မျိုးတန်ဖိုး ကျပ် ၁၁၈.၁ သိန်း၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေတန်ဖိုး ကျပ် ၁၁ သိန်း၊ စုစုပေါင်းထောက်ပံ့ငွေ ပေါင်းကျပ် ၂၈၁.၄ သိန်းကို ပဲခူးတိုင်းဒေသကြီးအရှေ့တွင် ပဲခူး၊ သနပ်ပင်၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ကဝ၊ ရွှေကျင်၊ အုတ်တွင်းနှင့် ရေတာရှည် မြို့နယ် တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်တွင် ၊ ကြို့ပင်ကောက်၊ သဲကုန်း၊ အုတ်ဖို၊ ဇီးကုန်း၊ ပေါက်ခေါင်း၊ မိုးညို၊ မင်းလှ၊ ပန်းတောင်း၊ ပေါင်းတည်၊ ရွှေတောင် စသည့် မြို့နယ်များတွင် ထောက်ပံ့ပေးဝေနိုင်ခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၄,၂၉၆,၉၉၆.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၉.၇ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**မကွေးတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း**


**ပုံ(၅-၁၅) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၁၆) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ယာယီ စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် ၄,၀၉၄,၃၁၀.၄ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ် လျာထားချက်၏ ၉၅.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလ ထက် ၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** မကွေးတိုင်းဒေသကြီး၏ ဒုတိယ(၆) လပတ်တွင် မြေပဲ ၂၂,၁၄၈ တင်း(ထောင်ပေါင်း)၊ မတ်ပဲ ၇၅၄ တင်း(ထောင်ပေါင်း)၊ ပဲတီစိမ်း ၄,၅၉၈ တင်း(ထောင်ပေါင်း)၊ ပဲထောပတ် ၁,၀၅၄ တင်း(ထောင်ပေါင်း)၊ ဘိုကိတ် ၁၃၆ တင်း(ထောင်ပေါင်း)၊ ကုလားပဲ ၄,၄၃၄ တင်း(ထောင်ပေါင်း) တိုးတက်ထွက်ရှိခဲ့ပါသည်။

တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် စိုက်ပျိုးစရိတ် ချေးငွေများကို စပါးသီးနှံ တစ်ဧကလျှင် ကျပ် ၁၀၀,၀၀၀ သို့ တိုးမြှင့် ထုတ်ချေးခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၅,၂၁၁.၂၄၀ သန်း ထုတ်ချေးခဲ့ပြီး ဖြစ်ပါသည်။

**သားငါးကဏ္ဍ။** မွေးမြူရေးနှင့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်း၊ ရောဂါကာကွယ် ထိန်းချုပ်ခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မေထုံမဲ့သားစပ် သင်တန်းများပို့ချပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ တိရစ္ဆာန်အမျိုးအစားအလိုက် အစုအဖွဲ့များ စုဖွဲ့ထားရှိပြီးဖြစ်ပါသည်။

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အခမဲ့ ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမျိုးရည်ခဲချောင်းများဖြင့် မေထုံမဲ့သားစပ် နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်း၍ အသားစားနွား ၄၄၅ ကောင်၊ ခိုင်းကျွဲနွား၂,၇၈၈ ကောင်နှင့် နို့စားနွား ၁,၅၅၁ ကောင် သားစပ်ပေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

တိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် အသားကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန် ပြည်ထောင်စု ရန်ပုံငွေဖြင့် မြစိမ်းရောင် အသားကဏ္ဍ မွေးမြူရေးကျေးရွာများအဖြစ် ရွေးချယ်ထားသော ကျေးရွာအုပ်စု ၁၁၅ အုပ်စုမှ ကျေးရွာ ၁၆၇ ရွာတို့တွင်နွား ၃၇၃ ကောင်၊ ဆိတ် ၁၀,၇၃၅ ကောင် တို့ကိုဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ တည်ထောင်ရန် ကင်ပွန်းတောင်၊ ညောင်ကိုင်း၊ သမှုန်းကုန်းကြီး၊ ကပေါင်းကုန်းကြီး၊ ကုလားရှင်၊ အရှေ့လေးအိမ်၊ အောက်လှိုင်း၊ မြစကိုင်း၊ သပြေတော၊ ဖောင်းကွဲကြီး၊ မြို့ခင်းသာ နှင့် လာပို့အုပ်စုမှ ကျေးရွာများအား ရွေးချယ်ပြီး တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ ဝယ်ယူဖြန့်ဖြူး ပေးခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ထုတ်လုပ်မှုလျော့နည်းရခြင်းမှာ ပုဂ္ဂလိကပိုင် ရှားစေးထုတ်လုပ်ရာတွင် ကန့်သတ်ထားသော ရင်ဆို့၊ လုံးပတ်မကိုက်ညီ၍ ရှားပင်များမှ ရှားစေးရရှိမှု

နည်းသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာမျှော စသည့် သစ်တောထွက် ပစ္စည်းများကို သစ်တော ပြုန်းတီးမှုမှ ကာကွယ်ရန် လျော့နည်း ထုတ်လုပ် ခြင်းကြောင့် ဖြစ်ပါသည်။

**စွမ်းအင်ကဏ္ဍ။** ရေနံစိမ်းထုတ်လုပ်မှုအနေဖြင့် နိုင်ငံပိုင် ရေနံစိမ်းအမေရိကန်စည် ထောင်ပေါင်း ၁,၂၅၈.၄၄၂၊ ပုဂ္ဂလိကပိုင်ရေနံစိမ်း အမေရိကန်စည် ထောင်ပေါင်း ၄၅၂.၅၈၇၊ သဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၂,၉၅၂၊ ဘူးသွင်းသဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၁၁၀ ထုတ်လုပ် နိုင်ခဲ့ပါသည်။

**သတ္တုကဏ္ဍ။** သတ္တုထုတ်လုပ်မှုအနေဖြင့် ထုံးကျောက် ၆၁,၇၃၁ တန်၊ သံကျောက် ၂,၇၉၂ တန်၊ကျောက်မီးသွေး ၂၈,၂၇၄ မက်ထရစ်တန်၊ သဲ ၁၆၆,၈၅၉ ကျင်း၊ ကျောက်စရစ် ၁၇၉,၀၂၄ ကျင်း၊ ကျောက်မာ ၁၀၈,၄၄၀ ကျင်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုဇုန်ပြင်ပမှ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်း ဦးရေ ကြီး ၆၊ လတ် ၁၄၊ ငယ် ၇၆ စုစုပေါင်း ၉၆ ခု ကို ဒုတိယ(၆)လပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု ကျပ် ၄၁၈.၉၀၇ သန်း ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်း(SMEs)၊ ပြည်ပပို့ကုန်နှင့်သွင်းကုန် အစားထိုး ပစ္စည်းများထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ ဗဟုသုတနှင့် နည်းပညာ အခြေခံ သည့် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု ကြီးမားသော်လည်း အကျိုးအမြတ် တွက်ချေကိုက်နိုင် မည့် စက်မှုလုပ်ငန်းများ (အကြီးစားစက်မှုလုပ်ငန်းများ)၊ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ် သည့် စက်မှုလုပ်ငန်းများ၊ ဆင်းရဲမှုလျော့ချရေး လုပ်ငန်းစဉ် (၈)ရပ်ကို အထောက်အကူ ဖြစ်စေမည့် စက်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုစွမ်းရည် တိုးတက်လာနိုင်မည့် ကျွမ်းကျင် ပညာရှင်များအား မွေးထုတ်ပေးနိုင်သည့် စက်မှုသင်တန်းကျောင်းများ၊ ကဏ္ဍကြီးများနှင့် ချိတ်ဆက်နေသော စက်မှုလုပ်ငန်းများကို တိုးတက် ဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မီး ပြည့်ဝစွာ ရရှိရေးအတွက် ဒေသအတွင်းရှိ မြစ်ချောင်းများ၏ အရင်းအမြစ်အပေါ် အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိရာ ဒုတိယ (၆) လပတ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လုပ်ငန်း ၁၃ ခု၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လုပ်ငန်း ၉၈ ခု၊ JICA၊

ODA loan ဖြင့်ဆောင်ရွက်သောလုပ်ငန်း ၃ ခု၊ စုစုပေါင်းလုပ်ငန်း ၁၁၄ ခု ကိုဆောင်ရွက်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ ။** ဆောက်လုပ်မှုကဏ္ဍတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေ ပိတ်လွှာလောင်းခြင်း၊ လမ်းပေါက်ဖာထေးခြင်း၊ ကျောက်လမ်း၊ အမာလမ်းခင်းခြင်း၊ မြေသားတာဘောင်ဖို့ခြင်း လုပ်ငန်းနှင့် ကွန်ကရစ်ရေပြွန်များတည်ဆောက်ခြင်း လုပ်ငန်းများ၊ ၂၀ပေ နှင့်၅၀ပေအထိ RC တံတားတည်ဆောက်ခြင်း၊ ၅၀ပေ အထက်RC တံတားတည်ဆောက်ခြင်း၊ သစ်သားတံတားများပြုပြင်ခြင်း၊ ကွန်ကရစ် ရေကျော်တည်ဆောက်ခြင်း၊ မြေကာနံရံ တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်းနှင့် အထွေထွေလုပ်ငန်းများကို ကျပ် ၃၇,၄၀၆.၀၉၈ သန်း ဖြင့် လုပ်ငန်းအပိုင်းအခြားအလိုက် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

စည်ပင်သာယာရေးဦးစီးဌာနမှ မြို့ပြလမ်း၊ မြို့ပြတံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ နှင့် မြို့ရေပေးရေး လုပ်ငန်းများကို တိုင်းဒေသကြီး ရန်ပုံငွေ ကျပ် ၁,၉၉၀.၃၇၂၅၂ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်လမ်း ကျေးလက် တံတား၊ ကျေးလက်ရေပေးရေးလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၉,၇၆၀.၃၁၈၈ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မကွေးတိုင်းဒေသကြီး မြန်မာ့မီးရထားမှ ခရီးသည်မိုင် ၄၀,၄၉၇,၀၀၀၊ ကုန်တန်မိုင် ၂,၁၂၉,၀၀၀၊ ခရီးသည် ၇၄၄,၀၀၀ ဦး တို့ကို ပို့ဆောင်ပေးခဲ့ပါသည်။ မော်တော်ယာဉ် အစားထိုးလဲလှယ်ခြင်း၊ ယာဉ်များအသစ် ဝယ်ယူခြင်းနှင့် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင် ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းလ်ဖုန်း ၅၀၃,၉၆၇ လုံးနှင့် အော်တိုတယ်လီဖုန်း ၁၂၃ လုံးတပ်ဆင်နိုင်ခဲ့ပြီး၊ စာတိုက်ဝင်ငွေ၊ တယ်လီဖုန်း ခေါ်ဆိုခများ တိုးတက်ရရှိခဲ့ပါသည်။ ပုဂ္ဂလိကအခန်းကဏ္ဍမှ ပုဂ္ဂလိကပိုင်လုပ်ငန်းများ ဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနော့တို့မှလည်း မိုဘိုင်းဖုန်း ဆင်းကဒ်များအား ပိုမို ဖြန့်ဖြူးပေးနိုင်ခဲ့၍ တယ်လီဖုန်းခေါ်ဆိုခများ ပိုမိုရရှိ ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံပိုင်အဖွဲ့အစည်းများ ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှလည်း ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများအား ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်စေပြီး အာမခံချက်ရှိသော၊ အရည်အသွေးပြည့်ဝသော ငွေစုငွေချေး လုပ်ငန်းများ ဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

သမဝါယမမှလည်း မြို့နယ်သမဝါယမ အသင်းစု၊ ဌာနဆိုင်ရာ ငွေစုငွေချေးသမ အသင်း၊ ရပ်ကွက်ငွေစုငွေချေးသမအသင်း၊ ဈေးသမဝါယမအသင်း၊ အသေးစား ငွေစုငွေချေး သမအသင်း၊ လယ်ယာကုန်ထုတ် သမအသင်း၊ မွေးမြူရေးကုန်ထုတ် သမအသင်း၊ စက်မှုလက်မှု ကုန်ထုတ်အသင်း၊ လက်လုပ်လက်စား သမဝါယမအသင်း၊ ဂျီအီးစီသမဝါယမ အသင်းစသည် ဖြင့် သမဝါယမအသင်းများ ဖွဲ့စည်းထားပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ငွေစုငွေချေး လုပ်ငန်းများကို တိုးတက်ဆောင်ရွက်လျက်ရှိပါသည်။

ရှေ့ဆောင်ဘဏ်(ရေစကြို) ကို အသစ်ဖွင့်လှစ် နိုင်ခဲ့၍ ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၆၁ ခု နှင့် NGO/ INGO ၇ခု တို့မှ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

နိုင်ငံပိုင်ဘဏ်များ၊ သမဝါယမဘဏ်များ၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက် များအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ချေးငွေများကို ပိုမိုထုတ်ချေးပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက ၁၂ ကျောင်း၊ အထက(ခွဲ) ၃၅ ကျောင်း၊ အလက ၃၃ ကျောင်း၊ အလက(ခွဲ) ၂၄၃ ကျောင်း၊ မူလွန် ၂၄၂ ကျောင်း၊ အမက ၂၉ ကျောင်း၊ အမက(ခွဲ) ၄၉ ကျောင်း၊ စုစုပေါင်း ၆၄၃ ကျောင်းကို အဆင့်တိုးမြှင့်ပြီး ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၏ ဒုတိယ(၆) လပတ်အတွင်း ငွေလုံးငွေရင်းဖြင့် အထက ၁၆ ကျောင်း၊ အထက (ခွဲ) ၂၇ ကျောင်း၊ အလက ၁၈ ကျောင်း၊ အလက(ခွဲ)၂၂ကျောင်း၊ မူလွန်၄၀ကျောင်း၊ အမက၃၁ကျောင်း၊ ကျောင်းစာကြည့် တိုက်၂ခု၊ မူကြို ၂၇၈ ကျောင်း၊ မြို့နယ်ပညာရေးမှူးရုံး ၁ ရုံး၊ စုစုပေါင်းကျောင်း ၄၃၅ ကျောင်း အသစ်

ဆောက်လုပ်ခြင်း နှင့် ပြုပြင်မွမ်းမံခြင်းများအတွက် ကျပ် ၁၁,၅၄၈.၆၁ သန်းနှင့် ဆောက်လုပ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

ကျန်းမာရေးတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေ အသုံးစရိတ် ဖြင့် ကျေးလက် ကျန်းမာရေးဌာန/ ဌာနခွဲတည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအတွက် ကျပ် ၂,၉၃၂.၅ သန်း နှင့် ကုသရေးဦးစီးဌာနမှ တိုက်နယ်ဆေးရုံတည်ဆောက်ခြင်း၊ ပြည်သူ့ဆေးရုံလူနာဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကို ကျပ် ၈,၄၁၀ သန်း နှင့် ဆောက်လုပ်ပြီးဖြစ်ပါသည်။

သောက်သုံးရေရရှိရေးတွင် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်တွင် မြို့ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ မြို့သစ်မြို့နယ်တွင် မြေအောက်ရေအား လွယ်ကူစွာ ရယူသုံးစွဲနိုင်ခြင်း၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကတို့မှ တွင်းတိမ်၊ တွင်းနက်များတူး၍ ရေရယူသုံးစွဲခြင်း၊ စေတုတ္တရာမြို့နယ်တွင် မုန်းချောင်းရေအား ချောင်းရေတင်စနစ်ဖြင့် ရယူသုံးစွဲခြင်း၊ ပုဂ္ဂလိကနေအိမ်များမှ တွင်းတိမ်၊ တွင်းနက်၊ စိမ့်တွင်းရေများမှတူး၍ ရေရယူသုံးစွဲခြင်းများကြောင့် ၎င်းမြို့နယ်(၂) မြို့နယ်တွင် ရေလုံလောက်မှုရှိသဖြင့် မြို့ရေပေးရေးလုပ်ငန်းများကို လတ်တလော တွင်ဆောင်ရွက်ခြင်းမရှိသေးပါ။

ကျေးလက်ရေပေးရေး ဆောင်ရွက်မှု အခြေအနေမှာ မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာ၊ ကံမ၊ မင်းလှ၊ ပခုက္ကူ၊ ထီးလင်း၊ဆော ၊ကျောက်ထုမြို့တို့မှာ ရာနှုန်းပြည့် ကျေးလက်ရေရရှိသော မြို့များဖြစ်ပြီး မကွေးမြို့နယ်တွင် ၉၇ ရာခိုင်နှုန်း ၊ ရေနံချောင်းမြို့နယ်တွင် ၉၆ ရာခိုင်နှုန်း၊ ချောက်မြို့နယ်တွင် ၉၇ ရာခိုင်နှုန်း၊ မြို့သစ်မြို့နယ်တွင် ၉၆ ရာခိုင်နှုန်း၊ နတ်မောက်မြို့နယ်တွင် ၉၆.၂ ရာခိုင်နှုန်း၊ တောင်တွင်းကြီးမြို့နယ်တွင် ၉၆ ရာခိုင်နှုန်း၊ သရက်မြို့နယ်တွင် ၉၇ ရာခိုင်နှုန်း ၊ မင်းတုန်းမြို့နယ်တွင် ၉၉ ရာခိုင်နှုန်း ၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ၉၈ ရာခိုင်နှုန်း ၊ အောင်လံမြို့နယ်တွင် ၉၇ ရာခိုင်နှုန်း ၊ ရေစကြိုမြို့နယ်တွင် ၉၆.၂၄ ရာခိုင်နှုန်း၊ မြိုင်မြို့နယ်တွင် ၉၆.၂ ရာခိုင်နှုန်း၊ ပေါက်မြို့နယ်တွင် ၉၇ ရာခိုင်နှုန်း၊ ဆိပ်ဖြူမြို့နယ်တွင် ၉၉ ရာခိုင်နှုန်းနှင့် ဂန့်ဂေါမြို့နယ်တွင် ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ပြီးစီးခဲ့သော်လည်း အယ်နီညိုရာသီဥတု၏ အကျိုးဆက်ကြောင့် ယခုအခါတွင် တွင်းတိမ်၊ လက်တူးတွင်း၊ မြေသားရေကန်တို့တွင် ရေခန်းခြောက်လာသဖြင့် ရေရှားပါးမှု အခက်အခဲများကြုံတွေ့နေရပါသည်။

**ဘဏ္ဍာရေးနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် မကွေးမြို့၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် အဆောက်အဦ ၂ လုံး နှင့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်းကြောင့် ဌားရမ်းခဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ဟိုတယ်လုပ်ငန်း၊ ကျူရှင်လုပ်ငန်း၊ ဆေးကုသခြင်း၊ စားသောက်ဆိုင်လုပ်ငန်း၊ မန်းရွှေစက်တော်ရာ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ၏ ဝင်ငွေများ ပိုမိုရရှိခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုကဏ္ဍနှင့် ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ ကုန်သွယ်ရေးမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ် ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်သည့် အလျောက် နှမ်းဆီ၊ မြေပဲဆီများကို ပိုမိုတိုးတက် ထုတ်လုပ်၍ မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့နိုင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှု ဖွံ့ဖြိုးရေးနှင့် အသေးစား၊ အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့သည့်အတွက် ဒေသတွင်း ကုန်သွယ်မှုကို တိုးတက်စေခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၄,၈၂၁,၁၁၁.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၉.၈ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၅-၁၇) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၁၈) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)။

မန္တလေးတိုင်းဒေသကြီး၏ ဒုတိယ (၆) လပတ်တွင် ယာယီ စာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** များဖြင့် ကျပ် ၄,၉၄၃,၉၁၆.၂ သန်း ရရှိခဲ့၍ ဒုတိယ (၆) လပတ် လျာထားချက်၏ ၁၀၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူ ကာလထက် ၈.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ**။ လယ်ယာကဏ္ဍ၏သီးနှံစိုက်ပျိုးမှုမှာ ဒုတိယ (၆) လပတ်အတွင်း စိုက်ဧက ၁.၆၂ သန်း စိုက်ပျိုးခဲ့ပါသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုမှာ နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင် နှင့် ကျောက်ဆည်ခရိုင်တို့တွင် မိုးစပါး ပျိုးခင်းများ၊ မိုးစပါး၊

နွေစပါး၊ ပဲတီစိမ်းနှင့် ပဲစဉ်းငုံ စိုက်ခင်းများ ရေနစ်မြုပ်ခဲ့ပြီး ကျန်ခရိုင်များတွင် ဆည်/ကန်များ အတွင်း ရေဝင်ရောက်မှုနည်းသဖြင့် အဓိကသီးနှံများဖြစ်သော စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ နှင့် ချည်မျှင်ရှည်ဝါ စသည့်သီးနှံများ၏ စိုက်ဧက နှင့် ရိတ်သိမ်းဧက တို့မှာ ယခင်နှစ်ကထက် လျော့နည်းခဲ့ပါသည်။

**သားငါးကဏ္ဍ။** ငါးပုစွန် ပိဿာ ၂၈.၃၄၁ သန်းနှင့် အသား ပိဿာ ၆၈.၈၁၇ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စံပြတိုင်းရင်းကြက် မျိုးပွားခြံ ထူထောင်၍ ကြက်များ တိုးချဲ့မွေးမြူခြင်း၊ ကူးစက်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ နွား မျိုးကောင်းမျိုးသန့်များ ပြန့်ပွားရေးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ပုံမှန် ကာကွယ် ဆေးထိုးခြင်း၊ မေထုံမဲ့သားစပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါ စူးစမ်း ထောက်လှမ်းခြင်း သင်တန်းများ ပို့ချခြင်း၊ ပြည်သူလူထုသို့ အသိပညာပေး ဟောပြောခြင်း၊ တိရစ္ဆာန်များ ဖြန့်ဖြူး၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အစရှိသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** မန္တလေးတိုင်းဒေသကြီးတွင် မြေဧရိယာ စုစုပေါင်း၏ ၂၁.၃၂ ရာခိုင်နှုန်းခန့် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။ ဒုတိယ (၆) လပတ်အတွင်း ကျွန်း ၃၀၀ ကုဗတန်၊ သစ်မာ ၈၁,၅၆၂ ကုဗတန်၊ ထင်း ၁,၅၅၀ ကုဗတန်ထောင်၊ မီးသွေး ၇၄၆ ကုဗတန်၊ ဝါး ၃၃,၅၀၉ လုံးရေထောင် နှင့် ကြိမ် ၁,၃၈၄ လုံးရေထောင် ထုတ်လုပ် နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ဒုတိယ(၆) လပတ်အတွင်း ငါးသျှန်တောင် နှင့် တက်မဒေသ နှစ်ခုမှ ရေနံစိမ်း (အမေရိကန် စည်ထောင်ပေါင်း) ၅.၁၄၂ ထုတ်လုပ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်စွည်း ကဏ္ဍ။** နိုင်ငံပိုင်အခန်းမှ ကျောက်မာ ၄၁,၂၁၆ ကျင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျောက်မျက်ရတနာ ၅,၅၉၆.၄၉ ကာရက်ထောင်ပေါင်း နှင့် ဖယ်ရိုနီကယ် ၂,၃၆၀.၃၅၉ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင်စက်ရုံ ၈၁ ရုံ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်စက်ရုံ ၈ ရုံ၊ ပုဂ္ဂလိကမှတ်ပုံတင်မှု လုပ်ငန်းများ ၇,၅၄၅ ရုံ၊ အခြားစုစုပေါင်း အလုပ်ရုံဦးရေ ၁၂,၄၄၀ ရုံ ဖြင့်စက်မှုလက်မှု ကုန်ပစ္စည်းများ ထုတ်လုပ် လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ** ။ နိုင်ငံပိုင် ရဲရွာရေအားလျှပ်စစ်မှ တိုးတက်ထုတ်လုပ်ပေးနိုင်ခြင်းနှင့် မန္တလေးမြို့ပေါ်ဒေသ နှင့် ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံခရိုင်တို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကို တာဝန်ယူထားသော ပုဂ္ဂလိက ကုမ္ပဏီကြီး (၇) ခုက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ပင်မခွဲရုံများ၏ Main meter များမှ ယူနစ်များ ဝယ်ယူပြီး ၂၄ နာရီ မီးသုံးစွဲခွင့်ရရှိအောင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

ကျေးလက်မီးလင်းရေးအနေဖြင့်လည်း ကျေးရွာပေါင်း ၄,၇၈၀ ရှိသည့်အနက် ဒုတိယ (၆)လပတ်အတွင်း ကျေးရွာပေါင်း ၆၅၃ ရွာ မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ကျေးရွာစုစုပေါင်း ၃,၆၉၄ ရွာ မီးလင်းပြီး ဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ**။ နိုင်ငံပိုင်အခန်းမှ မန္တလေးခရိုင်တွင် မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အငှားချ အိမ်ရာအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအဆောက်အဦ အထူးအဖွဲ့ (၆) မှ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ (၈)ခန်းတွဲ (၅) ထပ် (၄) လုံးတည်ဆောက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄) လုံခြုံရေးရဲတပ်ဖွဲ့မှ ဝန်ထမ်းအိမ်ရာ (၁၆) ခန်းတွဲ အာစီ(၂)လုံး ဆောက်လုပ်ခြင်း၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှ သုံးထပ်ကျောင်းသားအိပ်ဆောင် (၂) လုံး ဆောက်လုပ်ခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ကျောင်းသား(၂၀၀) ဆံ့လေးထပ် အိပ်ဆောင် တည်ဆောက်ခြင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရာထမ်းအိမ်ရာ၊ အမှုထမ်းအိမ်ရာ တည်ဆောက်ခြင်း၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင် နှင့် ညောင်ဦးခရိုင်တို့တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူနေအိမ်အဆောက်ဦများ ဆောက်လုပ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ဆေးရုံ နှင့် ကြက်၊ ဝက် မွေးမြူရေးခြံ နှင့် သေနတ်ပစ်ကွင်း အဆောက်အဦ ဆောက်လုပ်ခြင်း၊ မြင်းခြံအမှတ်(၁) သံမဏိစက်ရုံမှ စက်ရုံအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဆည်များ တည်ဆောက်ပြုပြင်ခြင်း၊ လမ်းဦးစီးဌာနမှ လမ်းများ တည်ဆောက်ပြုပြင်ခြင်း၊ ကျေးလက်ဦးစီးဌာနနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့မှ လမ်း နှင့် တံတားများ တည်ဆောက် ပြုပြင်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ပုဂ္ဂလိကပိုင်** အခန်းတွင် မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်တွင် ကွန်ဗန်းရှင်း စင်တာ၊ မင်္ဂလာမန္တလေးစီမံကိန်းတည်ဆောက်ခြင်း၊ ညောင်ဦးခရိုင်တွင် ဟိုတယ်နှင့် တည်းခိုခန်းများ

တည်ဆောက်ခြင်း၊ မြင်းခြံခရိုင်တွင် ဆီမီးခုံဆိပ်ကမ်း တည်ဆောက်ခြင်း၊ မြို့သာစက်မှု ဥယျာဉ် တည်ဆောက်ခြင်း၊ သံတော်မြတ် ဘီလပ်မြေစက်ရုံ တည်ဆောက်ခြင်း၊ ကိုယ်ထူ ကိုယ်ထ လျှပ်စစ်ကြိုးလိုင်းများ သွယ်တန်းခြင်း၊ မန္တလေးခရိုင်တွင် စက်မှုထုတ်ကုန် ကုန်သွယ်ရေး စင်တာ တည်ဆောက်ရန် မြေနေရာများပြုပြင်ခြင်း၊ ပြင်ဦးလွင်ခရိုင်တွင် မြို့ရှောင်လမ်း ကတ္တရာ ခင်းခြင်း စသည့် တို့ကို တည်ဆောက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးကဏ္ဍအနေဖြင့် သမဝါယမပိုင်မော်တော်ယာဉ်မှ ခရီးသည်ပို့ဆောင်မှုလုပ်ငန်းများ တိုးတက်လာခြင်း နှင့် ပုဂ္ဂလိကပိုင်လေကြောင်း ပို့ဆောင်ရေး လုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် အငှားယာဉ် အဝေးပြေးကားလိုင်း၊ လိုင်းပေါင်းစုံ ဘတ်စ်ကားများ တိုးချဲ့လာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့ ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း အော်တိုတယ်လီဖုန်း ၁,၀၄၀ လုံး နှင့် Mobile ဖုန်း ၁,၃၀၅,၇၈၅ လုံး တို့ကို အသစ်တပ်ဆင်ခဲ့ပါသည်။ ဆက်သွယ်ရေး နည်းပညာများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် တယ်လီဖုန်းဖြင့် ပြောဆိုသူ များပြားလာပြီး တယ်လီဖုန်းဝင်ငွေများလည်း တိုးတက် လာခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင်အခန်းအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ အာမခံလုပ်ငန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင်လည်း ယခင်နှစ်ထက် ဝင်ငွေတိုးတက်ရရှိခဲ့ပြီး ဒုတိယ(၆)လပတ်အတွင်း ရမည်းသင်းမြို့နယ်တွင် ကမ္ဘောဇရတနာ ဘဏ် (၁) ဘဏ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ဒုတိယ(၆) လပတ်အတွင်းတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအတွက် အသုံးစရိတ်များ ပိုမိုခွင့်ပြုခဲ့ပါသည်။ ပညာရေးကဏ္ဍတွင် ကျောင်းဆောင်များဆောက်လုပ်ခြင်း၊ ဥပဓိရုပ် မကောင်းသော ကျောင်းများ ပြင်ဆင်ပေးခြင်း၊ ဆရာ/ဆရာမများအား ဆရာ/ကျောင်းသားအချိုး မျှတရေးအတွက် ဖွဲ့စည်းပုံ တိုးမြှင့်ခန့်ထား ပေးခြင်းတို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် သုံးစွဲခဲ့ပါသည်။ စက်မှုသက်မွေး ပညာရပ် လေ့ကျင့်သင်ကြားရေး (Technical Vocational Education Trainning; TVET) သင်တန်းများကို အခြားဝန်ကြီးဌာနများ၊ ပြည်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ ပူးပေါင်း၍

လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (Human Development Program HRD) ဖြင့် သင်တန်းများ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ပြည်သူလူထု ရေကောင်း ရေသန့် သုံးစွဲခြင်းလုပ်ငန်း၊ ရေပိုက်များဆက်သွယ်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ၊ အဝီစိတွင်းတူးဖော်ရေးလုပ်ငန်း၊ ကျေးလက်ကျန်းမာရေးအိမ်သာ၊ မိသားစုသုံး စံပြအိမ်သာများ၊ အာဟာရတိုက်ကျွေးရေးစီမံချက်၊ ကာကွယ်ဆေး ထိုးနှံပေးရေးလုပ်ငန်းစီမံချက်၊ လူတို့၏ မျှော်မှန်း သက်တမ်း တိုးလာစေရန်၊ တစ်နှစ်နှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း လျှော့ချရန်၊ သားဖွားမိခင်သေဆုံးမှုနှုန်း လျှော့ချရန်၊ တီဘီရောဂါဖြစ်ပွားမှုနှုန်း လျှော့နည်းရန် စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် ကုသရေးအပိုင်း၌ ဆေးစတိုများ ဆောက်လုပ်ခြင်း၊ ဆေးရုံများတွင် လူနာဆောင်၊ ဓာတ်မှန်ဆောင် ဆောက်လုပ်ခြင်း၊ တိုက်နယ်ဆေးရုံများ ဆောက်လုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ လူမှုဝန်ထမ်းရုံး နှင့် မူကြိုကျောင်းများ ကလေးများ ပြုစု စောင့်ရှောက်ရေးဌာန၊ အမျိုးသမီးများ သက်မွေးပညာသင်ကျောင်းများ၊ အမျိုးသမီးများ စောင့်ရှောက်ရေးဌာန၊ လူငယ်သင်တန်းကျောင်းများ၊ ပြန်လည်ထူထောင်ရေးစခန်းများ၊ ညောင်ဦးမြို့၌ လူမှုဝန်ထမ်းရုံး နှင့် မူကြိုကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒုတိယ(၆) လပတ်အတွင်း မြို့ပြနှင့်ကျေးလက်ရေရရှိရေးလုပ်ငန်းများကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် မြို့ပြရေရရှိရေးအတွက် မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေပိုက်လိုင်း (၄၄) ခု၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တွင်းနက် (၉) တွင်း၊ ရေကန် (၂၁) ခု၊ အခြားရေပေးရေး (၂၂) ခု နှင့် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တွင်းနက် (၅) တွင်း၊ အခြားရေပေးရေး (၅) ခုကို ဆောင်ရွက်ခဲ့ပါသည်။

နွားထိုးကြီးမြို့နယ် ငါးဇွန်းမြို့နယ် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ် နှင့် ညောင်ဦး မြို့နယ် အတွင်းရှိ ကျေးရွာများတွင် အပူရှိန်မြင့်မားခြင်းကြောင့်ရေတွင်း၊ ရေကန်များတွင် ရေခမ်းခြောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး သောက်သုံးရေ ရှားပါးခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းမှ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၏ ဆောင်ရွက်မှုမှရငွေများ၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တစ်ယူနစ် ငှားရမ်းခဝင်ငွေများ တိုးမြင့်လာခြင်းနှင့် သမဝါယမပိုင်အခန်းတွင် တည်းခိုခန်း၊

စားသောက်ဆိုင်၊ ဆံသလုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင် ပုဂ္ဂလိကကျောင်းများ၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ဝင်ငွေများ ပိုမိုရရှိခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးနှင့် ပုဂံညောင်ဦးဒေသတို့သည် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံ၊ နန်းတော်မြို့ရိုးနှင့် ကျုံး၊ စေတီပုထိုးများ၊ ပိုးထည်၊ ချည်ထည်၊ ယက်ကန်းလုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း၊ ရွှေပြားခတ်လုပ်ငန်း၊ မြန်မာ့လက်မှုပညာပန်း (၁၀) မျိုးလုပ်ငန်းများရှိနေခြင်း၊ ဧရာဝတီမြစ်ကြီး ဖြတ်သန်းစီးဆင်းနေခြင်း၊ မြန်မာပြည်၏ ဗဟိုလမ်းဆုံနေရာတွင်ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများတည်ရှိနေခြင်း၊ ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းခရီးလမ်းများဖြင့် ပြည်တွင်းပြည်ပ ဆက်သွယ်သွားလာနိုင်ခြင်း၊ သဘာဝရေမြေနှင့် ရာသီဥတုကောင်းမွန်ခြင်းများကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအခြေခံကောင်းများ တည်ရှိလျက်ရှိပါသည်။

သို့ပါ၍ မန္တလေး၊ ပြင်ဦးလွင်နှင့် ပုဂံညောင်ဦးဒေသတို့သည် ပြည်တွင်းပြည်ပ ခရီးသွားလာမှု များပြားသော မြို့များ ဖြစ်လာပါသည်။ ဒုတိယ(၆)လပတ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂၁၄,၃၇၆ ဦး ဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းများနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း များမှ ဝင်ငွေများတိုးတက်ရရှိခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ကုန်ပစ္စည်းထုတ်လုပ်သည့် ကဏ္ဍများဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တု နှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုကဏ္ဍတို့မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် သွင်းကုန် ပစ္စည်းများ၏ ပြည်တွင်းပြည်ပဈေးကွက်သို့ ကုန်သွယ်နိုင်မှုမှာ ယခင်နှစ်အလားတူ ကာလ ထက် တိုးတက်ခဲ့ပါသည်။

## မွန်ပြည်နယ်


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂,၀၇၇,၈၄၇.၁ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၉.၁ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

### မွန်ပြည်နယ်၏
### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ ( ၆ ) လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း

**ပုံ(၅-၁၉) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၀) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** များဖြင့် ကျပ် ၁,၉၁၉,၀၇၈.၁ သန်း ရရှိခဲ့၍ ဒုတိယ ( ၆ ) လပတ် လျာထားချက်၏ ၉၂.၄ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်းသီးနှံ ၁၄၃,၁၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးမျိုးကွဲများဖြစ်သော ပေါ်ဆန်းရင်၊ ဆင်းသွယ်လတ်၊ သီးထပ်ရင်၊ ပုလဲသွယ် စသော စပါးမျိုးကောင်းမျိုးသန့်များကို ၉,၆၀၉.၅ ဧက စိုက်ပျိုးခဲ့ပါသည်။ ပြည်ပပို့ကုန်အတွက် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြက်ပေါင်စေးကို ၄၉၁,၁၀၀ ဧက စိုက်ပျိုးနိုင်ပြီး အစေးလှီးနိုင်သည့် ဧကမှာ ၃၁၇,၄၄၈ ဧက ဖြစ်ပါသည်။

ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ် သဘာဝဓါတ်မြေသြဇာ ၂၄,၉၂၈.၅၆ မက်ထရစ်တန် သုံးစွဲခဲ့ ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုအနေဖြင့် မိုးစပါးထုတ်ချေးငွေ ကျပ် ၂၉,၄၂၁.၃၀ သန်း၊ ဆောင်းသီးနှံထုတ်ချေးငွေ ကျပ် ၂,၂၉၅.၃၄ သန်း၊ မိုးကြိုထုတ်ချေးငွေ (ချက်ကြဲ) ကျပ် ၄.၅၀ သန်းဖြစ်၍ စုစုပေါင်းထုတ်ချေးငွေ ကျပ် ၃၁,၇၂၁.၁၄ သန်း ထုတ်ချေး နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် ငါး၊ ပုစွန်ပိသာ ထောင်ပေါင်း ၁၀၈,၇၀၂ နှင့် အသားပိသာ ထောင်ပေါင်း ၃၁,၅၆၃ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ငါးမွေးကန် ၉၉၄.၉၇ ဧက၊ ပုစွန်မွေးမြူရေးကန် ၁၁၂၅.၁၃ ဧက၊ အင်း ၂၄ ခု၊ ကမ်းနီး ငါးဖမ်းစီးရေ ၁,၂၀၈စီး၊ ကမ်းဝေးငါးဖမ်းစီးရေ ၃၂၁ စီး၊ တင်ဒါပိုက်ချက် ၁၅၂ ခုဖြင့် ငါး၊ ပုစွန်များ ထုတ်လုပ်လျှက်ရှိပါသည်။ မော်လမြိုင်မြို့နယ်ရှိ ကမ်းနီး/ကမ်းဝေး ငါးဖမ်းလှေများ သည် ၎င်းတို့၏ အခြေစိုက်ရာဒေသသို့ ပြောင်းရွှေ့ လုပ်ကိုင်သွားခြင်းကြောင့် ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှု လျော့နည်းခဲ့သော်လည်း မွေးမြူရေးငါး၊ မွေးမြူရေးပုစွန်၊ အင်းငါးနှင့် ဘုံငါးဖမ်းလုပ်ငန်းတို့မှ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် ရေမြေရာသီဥတု သင့်တင့်ခြင်း၊ ဒေသထွက်အစာ များ အလွယ်တကူရရှိနိုင်ခြင်း၊ ရေလိုအပ်ချက် လုံလောက်ခြင်း၊ မွေးမြူရေးလုပ်ငန်းအပေါ် စိတ်ဝင်စားသူ များပြားခြင်း၊ လျှပ်စစ်မီး ရရှိမှုတိုးတက်ခြင်း၊ မွေးမြူရေးအတွက် ကျေးလက် ဘဏ်မှ ချေးငွေများ ထုတ်ပေးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ လှည့်ပတ် ရန်ပုံငွေ ထုတ်ပေး၍ မွေးမြူရေးကျေးရွာ ထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးသဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိကြောင်း တွေ့ရှိရပါသည်။

**သစ်တောကဏ္ဍ။** သစ်တောကဏ္ဍအနေဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ် ပါ က လျော့နည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ သစ်မာထုတ်လုပ်မှု လျော့နည်းခြင်း၊ ဝါး၊ ဓနိသက်ငယ်၊ သစ်ခေါက် ထုတ်လုပ်မှုများကို ပုဂ္ဂလိက လုပ်ငန်းရှင်များမှ လုပ်ကိုင်ဆောင်ရွက်ရန် လျှောက်ထားမှု လျော့နည်းခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည်။

**သတ္တုနှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍ။** ကျိုက်ထိုမြို့နယ်အတွင်း ရွှေ သတ္တု တူးဖော်ရေးကုမ္ပဏီ ၇ ခုမှ ရွှေထုတ်လုပ်ခြင်း၊ သထုံခရိုင်အတွင်းရှိ နိုင်ငံပိုင် ကျောက်ထုတ် စခန်း ၅ ခု၊ ပုဂ္ဂလိကပိုင် ကျောက်မိုင်း ၄၆ ခုမှ လမ်းခင်းကျောက်များ ထုတ်လုပ်ခြင်း၊ ကျိုက်မရော မြို့နယ်တွင် ထုံးကျောက် (အလှဆင်)ထုတ်လုပ်ခြင်း၊ ပြည်နယ်အတွင်းရှိ သဲနှင့် ကျောက်စရစ် များ ပိုမိုထုတ်လုပ်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ရေကြောင်းပို့ဆောင်ရေးယာဉ် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်း၊ ရထားပို့ဆောင်ရေးယာဉ် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ၊ စက်မှုသုံး အရက်ပြန် စက်ရုံမှအရက်ပြန် ထုတ်လုပ်ခြင်း၊ အမှတ် (၂၂) အထွေထွေ အကြီးစားစက်ရုံ(ဘီးလင်း)မှ တာယာနှင့် ကျွတ်ထုတ်လုပ်ခြင်းနှင့် ပုဂ္ဂလိက အခြားစက်မှုလုပ်ငန်းဖြစ်သော မျက်နှာကျက် ကျောက်ပြားလုပ်ငန်း၊ သစ်သီးယိုစုံ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ရာဘာအစေးခံခွက် ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။ မော်လမြိုင်ခရိုင်၊ ကျိုက်မရော မြို့နယ်၊ မော်လမြိုင်-ဇာသပြင် ကားလမ်းဘေးတွင် မော်လမြိုင်စက်မှုဇုန်ကို ဧရိယာ ၁၇၁.၀၄ ဧကတွင် တည်ဆောက်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းအုပ်စု ၇ မျိုး၊ လုပ်ငန်းအရေအတွက် ၅၁ ခုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ ( ၆ ) လပတ်တွင် ဓာတ်အားစနစ်ဖြင့် မီးလင်းပြီးသည့် ကျေးရွာပေါင်း ၅၇ ရွာရှိပြီး မီးလင်းရန်ကျန်သည့် ကျေးရွာပေါင်း ၉၀ ရွာရှိပါသည်။ မီးလင်းရန်ကျန်သည့် ကျေးရွာများသည် လက်ရှိ ဓာတ်အား စနစ်ဖြင့် မီးမလင်းနိုင်သေးသော်လည်း အသေးစား၊ ဒီဇယ်၊ ဆိုလာ စသည့်နည်းများဖြင့် မီးလင်းသည့် ကျေးရွာပေါင်း ၃ ရွာ ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချောင်းဆုံ သင်္ကော- မုဒွန်း-ဒေါင်းဥလမ်း၊ မုဒုံ-မြဝတီလမ်း၊ ရန်ကုန်-မြိတ်လမ်းပေါ်ရှိ လမ်းတံတား များ ဆောက်လုပ်ခြင်း၊ ဘီးလင်းချောင်းတံတား ချဉ်းကပ်လမ်း ဆောက်လုပ်ခြင်း၊ ရေး-ကလော့-ခေါဇာလမ်း၊ ခေါဇာ-မကျီးလမ်း၊ ကလွီ-ရွာလွတ်-ချောင်းဆုံ-နတ်မော်လမ်း၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းအတွင်းရှိ တံတားများ၊ သိမ်ဆိပ်-ဝီယော်-လေးကေလမ်းပေါ်ရှိ တံတားများ ဆောက်လုပ်ခြင်း၊ မော်လမြိုင် မြို့ပတ်လမ်း၊ မော်လမြိုင် မြို့ရှောင်လမ်း၊ အဘစ်-တံခွန်တိုင် လမ်းပေါ်ရှိ လမ်းတံတားများ ဆောက်လုပ်ခြင်း၊ သံဖြူဇရပ်-ကျိုက္ခမီလမ်း ဆောက်လုပ်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်ခြင်း၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ မြန်မာ့မီးရထား (မြို့ပြ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပြည်နယ်လွှတ်တော်ရုံး၊ စာရင်းစစ်ရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ အကျဉ်းဦးစီးဌာန အကျဉ်းထောင်သစ် ဆောက်လုပ်ခြင်း လုပ်ငန်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ မြို့နယ်ရုံးများဆောက်လုပ်ခြင်း၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ရုံးဆောက်လုပ်ခြင်း၊ သမဝါယမဦးစီးဌာန ပြည်နယ်ရုံး တိုးချဲ့ ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပညာရေးဦးစီးဌာနမှ အန္တရာယ်ရှိကျောင်းဆောင်များ ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်

ကျန်းမာရေးဌာနနှင့် ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ သထုံမြို့နယ်တွင် ဓမ္မာရုံ၊ ဆက်သွယ်ရေးတာဝါတိုင်၊ ဟိုတယ်ဆောက်လုပ်ခြင်း၊ ကျိုက်ထိုမြို့နယ်တွင် ဟိုတယ်ဆောက်လုပ်ခြင်း၊ အထပ်သားစက်ရုံ၊ ဓာတ်ဆီဆိုင် ဆောက်လုပ်ခြင်း၊ ပေါင်မြို့နယ်တွင် သာသနိကအဆောက်အဦ၊ ဆက်သွယ်ရေးတာဝါတိုင်၊ ဟိန္ဒူဘုရားကျောင်း ဆောက်လုပ်ခြင်း၊ ဘီးလင်းမြို့နယ်တွင် ဓါတ်ဆီဆိုင်နှင့် မော်လမြိုင်မြို့နယ်တွင် တိုးချဲ့ကမ်းနားလမ်း အဆင့် (၆) တည်ဆောက်ခြင်း၊ Ocean Super Center ဆောက်လုပ်ခြင်း၊ ငန်းတေးဂေါက်ကွင်း အဆင့်မြှင့်တင်ခြင်း၊ ကလေးဆေးရုံ (၃)ထပ်ဆောင် ဆောက်လုပ်ခြင်း၊ ကျိုက်သလ္လံစေတီတော် ရင်ပြင် တိုးချဲ့ခြင်း၊ သီရိမင်္ဂလာရပ်တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်း၊ သံဖြူဇရပ်မြို့နယ် အဝေးပြေးဝင်း ဆောက်လုပ်ခြင်း၊ သစ်အထပ်လွှာစက်ရုံ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကားလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမိုအားကောင်းလာပြီး ခရီးသည်နှင့် ကုန်စည်တင်ယာဉ်များ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပို့ဆောင်ရေးတွင် ပြည်နယ်အခြေစိုက် ယာဉ်လိုင်းအနေဖြင့် မှန်လုံနှင့်ဟိုင်းလတ် ၂၅ လိုင်း၊ အခြားပြည်နယ်/ တိုင်းဒေသကြီးမှ အခြေပြု၍ မွန်ပြည်နယ်အတွင်းသို့ ခရီးစဉ်ပြေးဆွဲခွင့်ပြုထားသည့် မှန်လုံနှင့် ဟိုင်းလတ် ၃၉ လိုင်းတို့ဖြင့် သယ်ယူ ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မိုဘိုင်းတယ်လီဖုန်းလုံးရေ ၂၉၇,၆၈၇ သုံးစွဲနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင်အခန်းမှ မြန်မာ့စီးပွားရေးဘဏ်၏ အတိုးရငွေများ၊ ငွေလွှဲခရငွေများ လျော့နည်းခဲ့သော်လည်း သမဝါယမပိုင်အခန်းတွင် ငွေစုငွေချေးအသင်းနှင့် သမဝါယမဘဏ်တို့မှ အတိုးရငွေများနှင့် ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကဘဏ်ခွဲ ၃၄ ခုတို့၏ အတိုးရငွေများ၊ ငွေလွှဲခရငွေများ ပိုမိုရရှိခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ။** အခြေခံပညာဦးစီးဌာနမှ အန္တရာယ်ရှိ ကျောင်းဆောင်များဖျက်သိမ်း၍ ကျောင်းဆောင်သစ် ၄၃ ဆောင် ဆောက်လုပ်ခြင်း၊ ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ် ၁၁ ဆောင် ဆောက်လုပ်ခြင်း၊ မူလတန်းကြို့ကျောင်းဆောင် ၁၁ ဆောင် ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၄ ခု ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ကုသရေးဦးစီးဌာနမှ တိုက်နယ်ဆေးရုံ ၈ ခု၊ ဝန်ထမ်းအိမ်ရာ ၁ ခု ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ပြည်နယ်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး လွှမ်းခြုံမှု စံနှုန်းများအရ ရေကောင်းရေသန့် ပြည့်စုံလွယ်ကူစွာ သုံးစွဲနိုင်ရန်၊ သန့်ရှင်းသော ယင်လုံအိမ်သာကို ရွာလုံးကျွတ် သုံးစွဲနိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများ နည်းလမ်းတကျစွန့်ပစ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများတွင် တွင်းနက် ၂၄ တွင်း၊ တွင်းတိမ် ၈၀ တွင်း၊ လက်တူးတွင်း ၄၄ တွင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း ၁၇ ခု၊ အခြားတွင်းများ တူးဖော်ခြင်း ၂၈ ခုနှင့် မြေသားရေကန် ၇ ခု စသည့်လုပ်ငန်း စုစုပေါင်း ၂၀၀ ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်ရှိ ရပ်ကွက် ကျေးရွာ ၃၂ ခုနှင့် သထုံခရိုင် ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်များရှိ ကျေးရွာ ၄၀ တို့တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

**ဟိုတယ်ရှိခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံးပါဝင်သော ဟိုတယ်ရှိခနှင့် အခြားဝန်ဆောင်မှုကဏ္ဍအနေဖြင့် ပုဂ္ဂလိကဆေးရုံ ၁၀ ရုံ၊ ဆေးကုသခန်း ၃၁၈ ခု၊ တိုင်းရင်းဆေးကုသခန်း ၅၉ ခုတို့ဖြင့် ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိကကျောင်း ၆ ကျောင်း၊ ဘော်ဒါဆောင် ၁၀၅ ခု၊ နေ့ကလေးထိန်း/ မူကြို ၇၉ ခုတို့ဖြင့် ပညာရေး ဝန်ဆောင်မှုများ ပေးနိုင်ပါသည်။ အခြားပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော ဟိုတယ် ၂၂ လုံး၊ တည်းခိုခန်း ၁၂၅ ခုတို့ဖြင့် ခရီးသွားများအား ဝန်ဆောင်မှု ပေးနိုင်ခဲ့ ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** မော်လမြိုင်မြို့နယ်တွင် ကုန်စည်ဒိုင်တစ်ခု၊ ရတနာထွန်း ပွဲရုံနယ်မြေတွင် ပွဲရုံ ၇၆ ခုတို့ဖြင့် မြို့နယ်အသီးသီးမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သစ်သီးဝလံ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ခရမ့်ရာဘာနှင့် ရေထွက်ပစ္စည်းများကို ကုန်ချောထုတ်လုပ်ပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းများဖြင့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက် ရှိပါသည်။

**ရခိုင်ပြည်နယ်**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များအရ ကျပ် ၂,၀၈၄,၂၆၉.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**ရခိုင်ပြည်နယ်၏**

**၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း**


**ပုံ(၅-၂၁) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၂) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးရုံး(ရခိုင်ပြည်နယ်)။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ၊ ဒုတိယ(၆)လပတ်တွင် ယာယီ စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့်ကျပ် ၂,၂၅၅,၇၀၀.၂ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၈.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ယခင်နှစ် အလားတူကာလထက် ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စက်မှုလယ်ယာ ဦးစီးဌာနမှ စက်မှုလယ်ယာမြေ ဧက ၃၀၀ ကို ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ် တို့တွင် ဖော်ထုတ်နိုင်ခဲ့ပါသည်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် စုစုပေါင်းစိုက် ဧက ၄၀၂,၄၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး ၂၃,၀၉၉ ဧက၊ ပဲအမျိုးမျိုး ၁၀၇,၇၅၄ ဧကနှင့်

ဆီထွက်သီးနှံ ၁၃၀,၂၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။နွေစပါး တင်းထောင်ပေါင်း ၃၇၆ တင်း၊ အစေ့ထုတ်ပြောင်း တင်းထောင်ပေါင်း ၄၃ တင်း၊ မတ်ပဲ တင်းထောင်ပေါင်း ၅၃၈ တင်း၊ ပဲစဉ်းငုံ တင်းထောင်ပေါင်း ၁၃ တင်းနှင့် အခြားသီးနှံများထွက်ရှိခဲ့ပါသည်။ ကိုမန် မုန်တိုင်း ကြောင့် ရေနစ်ဝင် လယ်ဧကများ ပြန်လည်စိုက်ပျိုးနိုင်ရန် တောင်သူများသို့ မျိုးစပါးများနှင့် မြေဩဇာများ ဖြန့်ဖြူးပေးခြင်း ၊ စက်များဖြင့် ထွန်ယက်ပေးခြင်း၊ စက်ကိရိယာများကို အရစ်ကျ စနစ်ဖြင့် ရောင်းချပေးခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ငါး၊ ပုစွန် ပိဿာထောင်ပေါင်း ၈၈,၄၇၂ ပိဿာ နှင့် အသား ထုတ်လုပ်မှု ပိဿာ ထောင်ပေါင်း ၄၂,၀၄၄ ပိဿာ ထုတ်လုပ်နိုင်ခဲ့ ပါသည်။ ငါးလုပ်ငန်း ဦးစီးဌာနမှ ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ် လမ်းညွှန်မှုဖြင့် ရေချို ၊ ရေငန်ပုစွန်သားဖောက် လုပ်ငန်းများနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ ရေထွက်ပစ္စည်းများကိုလည်း ပြည်ပသို့ တင်ပို့ နိုင်ခဲ့ပါသည်။ ငါးလုပ်ငန်း ဦးစီးဌာနမှ ပြည်တွင်း ခွင့်ပြု ငါးဖမ်း ရေယာဉ် ၈,၁၁၅ စီး၊ ကမ်းနီးစက်တပ်ရေယာဉ် ၄,၂၀၀ စီး ဖြင့် လုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။ ပုစွန်ကန် ၆,၈၄၅ ကန်တွင် မွေးမြူဧက ၁၁၀,၈၉၅ ဧက ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် သစ်မာ ၁၂,၉၇၆ ကုဗတန်၊ ကျွန်းနှင့်သစ်မာတိုင် ၇၈၉ လုံး၊ ကိုင်းဖျားကိုင်းနား ၁၇၈ ကုဗတန်နှင့် အခြား သစ်တောထွက် ပစ္စည်းများကို ထုတ်လုပ် ထုတ်လုပ်နိုင်ခဲ့ပါသည်။ သစ်တောဦးစီးဌာန အနေဖြင့် ကျောက်တော်မြို့ ၊ သံတွဲမြို့ နှင့် ဂွမြို့ တို့တွင် ပျဉ်းကတိုးစိုက်ခင်း ဧက ၁၅၀ ကိုလည်းကောင်း၊ ရမ်းဗြဲမြို့ နယ်တွင်ဒီရေတော စိုက်ခင်းဧက ၂၁၀ ကိုလည်းကောင်း၊ မောင်တောမြို့၊ စစ်တွေမြို့ ၊ ကျောက်တော်မြို့၊ မင်းပြားမြို့၊ မြောက်ဦးမြို့ ၊ မြေပုံမြို့ ၊ တောင်ကုတ်မြို့နှင့် ဂွမြို့တို့တွင် ကျေးရွာသုံး ထင်းစိုက်ခင်း ၃၅၂ ဧက နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင် ၄၀၀,၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် "ရွှေ" သဘာဝ ဓာတ်ငွေ့ စီမံကိန်းမှ ကမ်းလွန်သဘာဝဓာတ်ငွေ့ ကုဗပေ ၉၆,၅၇၅ သန်းထုတ်လုပ်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ပုဂ္ဂလိကပိုင်အခန်းမှ မာဘယ်စကျင် ကျောက် မက်ထရစ်တန် ၇၆၁.၄၄၀ ထုတ်လုပ်နိုင်ခဲ့ပြီး လမ်းခင်းကျောက် ၊ ကျောက်စရစ် နှင့် သဲ တို့ကို ပိုမို

ထုတ်လုပ်နိုင်ခဲ့ပါသည်။ လမ်းခင်းကျောက် ၊ ကျောက်စရစ် ၊ သဲများထုတ်လုပ်ရာတွင် သဘာဝ ပတ်ဝန်းကျင်ကို မပျက်စီးစေရေး အတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်းစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အလတ်စားလုပ်ငန်း ၄ ခု နှင့် အသေးစား လုပ်ငန်း ၁၂၅ ခုတို့ကို လုပ်ငန်း လိုင်စင်ထုတ်ပေးနိုင်ခဲ့ပါသည်။ ဆန်ကြိတ်လုပ်ငန်း၊ အမှုန့်ကြိတ် လုပ်ငန်း၊ တွင်ခုံသံဂဟေလုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ ကျောက်ခွဲလုပ်ငန်း၊ သံတံခါးလုပ်ငန်းများ ဆောင်ရွက် နိုင်ခဲ့ပါသည်။ ပုဏ္ဏားကျွန်း စက်မှုဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ဖွင့်လှစ်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် မြို့နယ် ၁၇ မြို့နယ်၊ မြို့နယ်ခွဲ ၄ မြို့၊ စုစုပေါင်း ၂၁ မြို့တို့ကို ဒီဇယ်ဓာတ်အားလိုင်းဖြင့် မီးပေးနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ မဟာဓာတ်အားလိုင်းဖြင့်မြို့နယ် ၉ မြို့နယ်အား ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဌာနမှ သတ်မှတ်သည့် ဓာတ်အားခနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချ ပေးသည့် အတွက်လျှပ်စစ်မီးသုံးစွဲသူ ဦးရေ တိုးတက်များပြားလာခဲ့ပါသည်။ ကိုယ့်အားကိုယ်ကိုး ပုဂ္ဂလိက ဒီဇယ်မီးစက်များဖြင့် ကျေးလက်ဒေသများတွင် ဓာတ်အားဖြန့်ဖြူးပေးခြင်း ၊ အချို့ကျေးလက် ဒေသများတွင်စပါးခွံမီးစက်ဖြင့်ဓာတ်အားဖြန့်ဖြူးပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဆိုလာများ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒုတိယ (၆) လပတ် အတွင်း ကျေးရွာ ၂၅၀ ရွာ ကို မီးလင်းအောင်ဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြည်နယ်အတွင်းရှိ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သော ရန်ကုန်-ကျောက်ဖြူလမ်း ပေါ်ရှိ တန်းလွဲတံတားအဆင့်မြှင့်တင်ခြင်း ၊ ရန်ကုန်-ကျောက်ဖြူလမ်း (မအီ - အလယ်ချောင်း) မျက်နှာပြင်လွှာခင်းခြင်းနှင့် ဒီရေ လှိုင်းကာကျောက်စီ မြေကာ နံရံ ၂ ခု တည်ဆောက်ခြင်း၊ သံကူအားဖြည့် ကွန်ကရစ်တံတား ၂၉၅ စင်း ဆောက်လုပ်ခြင်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပိုင်း တောဖျားချောင်းတံတားအား သံကူကွန်ကရစ် တံတား အဖြစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့မီးရထားမှ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ စစ်တွေ-အမ်းလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အခြားတည်ဆောက်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကအခန်းကဏ္ဍအနေဖြင့် စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ မြောက်ဦးခရိုင် နှင့် သံတွဲခရိုင်တို့တွင် ဟိုတယ်များတည်ဆောက်ခြင်း ၊ သာသနာ့အဆောက်အအုံများ တည်ဆောက်ခြင်း၊ ရေတွင်းရေကန်များ တည်ဆောက်ခြင်း နှင့် ပုဂ္ဂလိကလူနေအိမ်များ တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** လေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့မှစတင်၍ မြန်မာ့အမျိုးသား လေကြောင်းလိုင်းမှ ရန်ကုန်-စစ်တွေ-မာန်အောင်မြို့များသို့တိုးချဲ့ပြေးဆွဲလျှက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက လေကြောင်း လိုင်းအနေဖြင့် အဲပုဂံ၊ အဲမန္တလေး၊ အဲကမ္ဘောဇနှင့် မန်းရတနာပုံလေကြောင်းလိုင်းများပြေးဆွဲခဲ့သော်လည်း ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် တွင် FMI ၊ GOLDEN MYANMAR ၊ MAY FLOWER လေကြောင်းလိုင်းတို့ကို တိုးချဲ့ပြေးဆွဲလျှက်ရှိပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ကျောက်တော်-အပေါက်ဝ ဘူတာနှင့် ကျောက်တော် ဘူတာကြားတွင် ကွန်ကရစ်ဇလီဖားတုံး ဖြည့်သွင်းခြင်း လုပ်ငန်းအား ဆောင်ရွက်နိုင်ခဲ့ပါသည်။ သမဝါယမဦးစီးဌာနအနေဖြင့် သဇင် ပို့ဆောင်ရေးလုပ်ငန်းကို လိုက်ထရပ်ကားများဖြင့် ၂၀၁၅ ဒီဇင်ဘာလမှ စတင် ပြေးဆွဲခဲ့ပါသည်။ ပုဂ္ဂလိက ရေယာဉ်လိုင်းများ အနေဖြင့် အမြန်ရေ ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲလာခြင်း ၊ ကုန်းလမ်းပို့ဆောင်ရေး အနေဖြင့် ရခိုင်ပြည်နယ် နှင့် ပြည်မသို့ ဆက်သွယ်ထားသည့် ကားလမ်းများမှာ ယခင်နှစ်ထက်ပိုမိုကောင်းမွန်လာပြီး ပုဂ္ဂလိကပိုင် ကားလိုင်းများလည်း တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း အော်တိုတယ်လီဖုန်း ၆၅ လုံး၊ WCDMA မိုဘိုင်းဖုန်း ၂၅၀,၆၈၂ လုံး တို့ကို တိုးချဲ့အသုံးပြုနိုင်ခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နှင့် အော်ရီဒူး၊ တယ်လီနော ကုမ္ပဏီတို့ဖြင့် ပူးပေါင်း၍ အင်တာနက် ဝန်ဆောင်မှု လုပ်ငန်းများ ၊ မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်တို့ကို အသုံးပြု နိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း အရေအတွက် တိုးတက်လာခြင်း မရှိခဲ့ပါ။ ဒုတိယ ( ၆ ) လပတ်အတွင်း နိုင်ငံပိုင် အခန်းမှ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၁၇ ခု၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၁၇ ခု၊ မြန်မာ့အာမခံလုပ်ငန်း ၂ ခု၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ အသေးစား ချေးငွေလုပ်ငန်း ၁ ခုတို့ဖြင့် လည်းကောင်း၊ သမဝါယမပိုင်အခန်းမှ သမဝါယမဘဏ် ၃ ခု၊ ငွေစုငွေချေးလုပ်ငန်း ၁၇ ခု တို့ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ပုဂ္ဂလိကဘဏ် ၂၅ ခု တို့ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိ ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ဒုတိယ ( ၆ )လပတ်တွင် စာသင်ကျောင်း အသစ်ဆောက်လုပ်ခြင်း ၂ ကျောင်း၊ ကျောင်းဆောင်သစ် တိုးချဲ့ ဆောက်လုပ်ခြင်း ၉ ကျောင်း၊ ကျောင်းဆောင်ဟောင်း ပြုပြင်ခြင်း ၁၀ ကျောင်း၊ ခုံစည်းရိုးအသစ် ကာရံပေးခြင်း ၃ ကျောင်း တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကျန်းမာရေးဝန်ဆောင်မှု အနေဖြင့် ဆရာဝန်များနှင့် သမားတော်ကြီးများ အပါအဝင် ဆရာဝန်၂၀၉ ဦး၊ သူနာပြုဆရာမကြီး ၁၄ ဦး၊ သားဖွားဆရာမ ၆၈၅ ဦး၊ ခုတင် ၅၀၀ ဆံ့ဆေးရုံ ၁ ရုံ၊ ခုတင် ၁၀၀ ဆံ့ဆေးရုံ ၅ ရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံ ၆ ရုံ၊ ၂၅ ခုတင် ဆံ့ ဆေးရုံ ၆ ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၄၁ ရုံ၊ ဆေးပေးခန်း ၇ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု တို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သောက်သုံးရေရရှိရေးအနေဖြင့် ဒုတိယ(၆)လပတ်အတွင်း မြို့ပြရေပေးဝေရေး လုပ်ငန်းတွင် မြေသားကန် ၂ ကန်၊ လက်တူးတွင်း ၂ တွင်း နှင့် အခြား ၃၈ ခု တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြေသား ကန် ၁၁၉ ခု၊ အခြား ၆ ခု၊ လက်တူးတွင်း ၁၇၈ ခု နှင့် စိမ့်စမ်း၂၀ ခုတို့ကို ဆောက်ရွက်နိုင်ခဲ့ပါသည်။ ယင်လုံအိမ်သာ၂၃၀ခုတို့ကိုလည်းအကောင်အထည်ဖော်ဆောက်ရွက်နိုင်ခဲ့ပါ သည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် စားသောက်ဆိုင် လုပ်ငန်းများ၊ အလှပြင်ဆိုင်လုပ်ငန်းများ၊ ကွန်ပျူတာ မိတ္တူဆိုင်များ၊ ရွှေဆိုင်များ၊ စတိုးဆိုင်များ၊ ကန်ထရိုက်လုပ်ငန်းနှင့် ကျူရှင် လုပ်ငန်းတို့မှ ဝင်ငွေများ တိုးလာခြင်း၊ ပွင့်လင်းရာသီချိန် ဖြစ်၍ ခရီးသွားလာမှု များပြားလာခြင်း၊ ဟိုတယ်လုပ်ငန်းမှ ဝင်ငွေများ တိုးတက်လာခြင်းတို့ကြောင့် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍမှ ဝင်ငွေ

တိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်ဟိုတယ်နှင့် ပုဂ္ဂလိကပိုင် ဟိုတယ် စုစုပေါင်း ၄၄ ခု၊ တည်းခိုရိပ်သာ ၁၂၉ ခုတို့ဖြင့် ခရီးသွား လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ဒုတိယ(၆)လပတ်တွင် လယ်ယာထွက် ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် သစ်တောထွက် ကုန်ပစ္စည်းများနှင့် အခြား ကုန်ပစ္စည်းများကို တင်ပို့နိုင်ခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၉,၈၆၆,၇၅၀.၈ သန်း အကောင်အထည်ဖော်နိုင်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**ရန်ကုန်တိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း**


**ပုံ(၅-၂၃) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၄) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၀,၅၂၄,၃၈၉.၅ သန်းရရှိခဲ့၍ ဒုတိယ(၆)လပတ်လျာထားချက်၏ ၁၀၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူ ကာလထက် ၈.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ဧကလျှင်တင်း ၁၀၀ ကျော်ထွက်ရှိစေမည့် ပုလဲသွယ်စပ်မျိုးစပါးကို တောင်သူများအားတစ်ဧကလျှင် ၇ ကီလိုဂရမ်နှုန်းဖြင့်၉,၈၂၁ ဧကဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ မိုးစပါး၊ နွေစပါး၊ ပဲတီစိမ်း နှင့် မြေပဲတို့ကို သိပ္ပံနည်းကျ (GAP )စနစ်ဖြင့် မိုးစပါးသီးနှံကို

စိုက်စနစ်အလိုက်စိုက်ခင်း ၃၃ ရာခိုင်နှုန်းနှင့် ကြဲခင်း ၆၇ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ မြေယာပြုပြင်ခြင်းလုပ်ငန်းကို ၂၉,၉၃၉ ဧကလျာနှင့်ရိတ်သိမ်း ခြွေလှေ့စက်လုပ်ငန်းအား ၁,၃၀၁ ဧက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တောင်သူများလက်ဝယ်တွင် ထွန်စက်ကြီးများနှင့် လယ်ယာသုံး စက်ကိရိယာများအသုံးပြု လာကြသဖြင့်စက်ကိရိယာသုံးစွဲမှုပိုမိုတိုးတက်လာပါသည်။

**သားငါးကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်း (လေးထောင့် ကန်)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးဌာနလက်အောက်ရှိ ရွာသာကြီး ဘဲမွေးမြူ ရေးခြံတို့မှ အသားနှင့်ဥများကိုထုတ်လုပ်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှမွေးမြူရေးငါးထုတ်လုပ်မှုတွင် ဈေးကွက်ဝင် တန်ဖိုးမြင့်ငါးများ နှင့် ငါးမျိုးစိတ်များ အစားထိုးမွေးမြူခြင်းများ ဆောင်ရွက်ခြင်း၊ ဘုံငါးဖမ်းလုပ်ငန်းတွင် သဘာဝအတိုင်း ဖမ်းဆီးထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းမပြုဘဲ မြစ်ချောင်း၊ တာတမံ၊ ဆည် ရေပြင်နှင့် စပါးခင်းများအတွင်းသို့ ငါးမျိုးစိတ်များ ထည့်သွင်းမွေးမြူခြင်း၊ သဘာဝရေပြင် ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများစဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကြောင့် တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးခြင်းကြောင့် ဥထုတ်လုပ်မှု၊ အသားထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရေငန်ငါး/ ပုစွန်ထုတ်လုပ်မှုတွင် ကမ်းဝေးငါးဖမ်းလုပ်ငန်းကို ရန်ကုန်အခြေစိုက် ငါးဖမ်းရေယာဉ် ၈၁၆ စီးဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ရေငန်ပုစွန် ထုတ်လုပ်ရာ တွင် ရာသီဥတုပြောင်းလဲ၍ အထိအမိနည်းခြင်းကြောင့် ရေငန်ပုစွန်ဖမ်းဆီး ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးရမိသောကျွန်း ၂၇၉ ကုဗတန် နှင့် ပုဂ္ဂလိကပိုင်အခန်းမှ သစ်မာ ၁၂,၇၁၁ တန်၊ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ် နှင့် ဓနိ-သက်ကယ် တို့ကိုထုတ်လုပ်နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** စွမ်းအင်ကဏ္ဍအနေဖြင့် တိုက်ကြီးမြို့နယ် အဖျောက်ရေနံ သဘာဝ ဓာတ်ငွေ့တွင်းသစ်မှ ဖူးသွင်းဓာတ်ငွေ့များ ယခင်နှစ်ထက် ကုဗပေသန်းပေါင်း ၁၁ ကုဗပေ လျော့နည်းထုတ်လုပ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင်ပုဂ္ဂလိက အခန်းမှသဲထုတ်လုပ်မှု ၄၂၂,၄၂၃ ကျင်း၊ ကျောက်စရစ် ၆၄,၃၅၀ ကျင်း ထုတ်လုပ်နိုင်ခဲ့ပါ သည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံတော်အနေဖြင့် နိုင်ငံပိုင်အခန်း ထုတ်လုပ်မှုမှ ပုဂ္ဂလိကပိုင် အခန်းထုတ်လုပ်မှုသို့ ပြောင်းလဲလာသဖြင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသည် အရေးပါသည့်အခန်းမှ ပါဝင်လျက်ရှိပြီး နိုင်ငံတော်မှ ပုဂ္ဂလိကပိုင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ SME လုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာန၏ မှတ်ပုံတင်ပုဂ္ဂလိက စက်မှုလုပ်ငန်းစာရင်းမှာ လုပ်ငန်းအကြီး ၂,၅၁၈ ခု ၊ လုပ်ငန်းအလတ် ၁,၉၅၂ ခု နှင့် လုပ်ငန်းအငယ် ၁,၈၅၈ ခု ၊ စုစုပေါင်း လုပ်ငန်းဦးရေ ၆,၃၂၈ ခု မှတ်ပုံတင် နိုင်ခဲ့ပါသည်။

**သီလဝါ အထူးစီးပွားရေးဇုန်။** သီလဝါ အထူးစီးပွားရေးဇုန်အတွက် လျှပ်စစ် ဓာတ်အား လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး နှင့် ဓာတ်အားလိုအပ်ချက်မြင့်မားသည့် ရန်ကုန်တိုင်းဒေသကြီးကို အဓိကဓာတ်အား ဖြည့်ဆည်းနိုင်ရန် သီလဝါ ၅၀ မဂ္ဂါဝပ်သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံကို Sumitomo Coporation ၏ နည်းပညာဆိုင်ရာ ကူညီမှုဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ ODA ချေးငွေဂျပန်ယန်း ၃၇,၈၉၀ သန်းကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်မတ်လ ၂၀ ရက် နေ့တွင်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွက် ဒုတိယမြောက် သဘာဝ ဓာတ်ငွေ့ သုံးဓာတ်အားပေးစက်ရုံလည်းဖြစ်ပါသည်။ သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို သီလဝါအထူးစီးပွားရေးဇုန် (အဆင့်က) ၏ အရှေ့ဘက်မြေဧရိယာ ၃.၂ ဟတ်တာ ၇.၉၁ ဧက တွင် တည်ဆောက်ထားပြီး လောင်စာ နှင့်ဓာတ်ငွေ့ ၂ မျိုးသုံး ၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက် ၂ လုံး တပ်ဆင်၍စက်ရုံအတွက် ၂၄.၈၅ မိုင်အရှည် သဘာဝဓာတ်ငွေ့ ၂၀ လက်မ ပိုက်လိုင်းကို တပ်ဆင်အသုံးပြုသွားမည်ဖြစ် ပါသည်။ ပြည်တွင်းမှ ထွက်ရှိသည့် ဇောတိကကမ်းလွန် သဘာဝဓာတ်ငွေ့ကို တစ်နေ့လျှင်ကုဗပေ ၁၅ သန်း အသုံးပြုပြီး ဓာတ်အားထုတ်လုပ်သွား မည်ဖြစ်ပါသည်။

ယခုအခါ ဂျပန်၊ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ အမေရိကန်၊ တရုတ်၊ ဆွီဒင်၊ ဟောင်ကောင်၊ ဩစတြေးလျနှင့် မလေးရှား၊ တရုတ်(ထိုင်ဝမ်) နိုင်ငံတို့မှလာရောက် ရင်းနှီး မြှုပ်နှံလျက်

ရှိပါသည်။ မော်တော်ယာဉ် အပိုပစ္စည်းထုတ်လုပ်ရေး၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်ရေး၊ ဖိနပ်စက်ရုံ၊ ထုတ်ပိုးပစ္စည်းစက်ရုံ၊ အထည်ချုပ်စက်ရုံ၊ စားသောက်ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ဘိလပ်မြေစက်ရုံနှင့်အခြားသော စက်ရုံလုပ်ငန်းများလုပ်ကိုင်မည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၃၀ ကေဗွီ သာကေတ- အရှေ့ဒဂုံဓာတ်အားလိုင်း ၁၀ မိုင် မြောင်းတကာခွဲရုံ တွင် Shunt Reactor များတိုးချဲ့ခြင်း၊ ၂၃၀/၆၆/၁၁ကေဗွီ, ၁၀၀ MVA အရှေ့ဒဂုံပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ သာကေတ- အရှေ့ဒဂုံ ၂၃၀ ကေဗွီဓာတ်အား လိုင်းစီမံကိန်းလုပ်ငန်း၊သန်လျင်ဓာတ်အားခွဲရုံ (၃၀×၄၀ပေ) Control Building တိုးချဲ့ တည်ဆောက်နိုင်ခဲ့ပါသည်။ ရန်ကုန်မြို့နေ ပြည်သူလူထု၏ ဓာတ်အား လိုအပ်ချက်အရ နိုင်ငံတကာ အဆင့်မီ ၂၃၀/၆၆/၁၁ KV (၂ × ၁၂၅) MVA ဒဂုံ(အရှေ့) ပင်မဓာတ်အားခွဲရုံ GAS-Insulated Switchgear (GIS) ကို မြန်မာပြည်တွင် ပထမ အကြိမ်တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ကျေးလက်မြို့ပြ ကွန်ယက်ဆက်သွယ်မှု တိုးမြှင့်နိုင်ရေး အတွက်မြို့ပြရှိလမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်ပင်သာယာပြင်ပမြို့နယ် များတွင်စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ ဈေးများအသစ်တည်ဆောက်ခြင်း၊ လမ်းသစ်များတိုးချဲ့ဖောက်လုပ် ခြင်း၊ မြို့တွင်း ၆ မြို့နယ်တွင် ရေမြောင်းများပြုပြင်ခြင်း၊ လမ်းများကတ္တရာခင်းခြင်း၊ ကွန်ကရီခင်းခြင်း နှင့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မရမ်းကုန်းမြို့နယ် ၈ မိုင်လမ်းဆုံ ခုံးကျော်တံတားတည်ဆောက်ခြင်း၊ ကုက္ကိုင်းလမ်းဆုံခုံးကျော်တံတား တည်ဆောက်ခြင်း၊ တာမွေလမ်းဆုံ (Y ပုံသဏ္ဍာန်) ခုံးကျော်တံတား တည်ဆောက်ခြင်း၊ ရွှေပေါက်ကံ တံတား တည်ဆောက်ခြင်း၊ ဖွဲ့တွန်တံတား တည်ဆောက်ခြင်းနှင့် ကုက္ကိုဝမြစ်ကူး တံတား ဆက်လက်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ တန်ဖိုးနည်းနှင့် တန်ဖိုးမျှတ အိမ်ရာစီမံကိန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ဗန္ဓုလအငှားအိမ်ရာကို တည်ဆောက်လျက်ရှိပါသည်။

**ပို့ဆောင်ရေး ကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မြန်မာ့ မီးရထား မှ Air Con ရထားနှင့် အထူးတန်းတွဲများ၊ လျှပ်စစ်ရထားများမှ ခရီးသည် ဝင်ငွေများ၊

လှုစီးရထားများတွင်ချိတ်ဆွဲနေသော ပါဆယ်တွဲများနှင့် ပါဆယ်တင်ပို့မှုပိုမို လာခြင်းတို့ကြောင့် ဝင်ငွေတိုးတက်လာပါသည်။

ရေကြောင်းပို့ဆောင်ရေး (ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲ)တွင် ပုဂ္ဂလိကများ အပြိုင်အဆိုင်ဈေးနှုန်းချပြေးဆွဲနေ၍ ရေရှည်လုပ်ကိုင်ရန်မဖြစ်နိုင်ခြင်းကြောင့် ဌာနသို့ ရေယာဉ်/တွဲယာဉ်များပြန်လည်အပ်နှံလာ၍ ဝင်ငွေလျော့နည်းရရှိခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းလေကြောင်းလိုင်းများမှ ခရီးသည်ဝင်ရောက်မှုဦးရေ တိုးတက်များပြားလာခြင်း၊ BRT ယာဉ်လိုင်းများ တိုးချဲ့ဝင်ရောက်ပြေးဆွဲလာခြင်း၊ အငှားယာဉ်၊ အဝေးပြေးကားလုပ်ငန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင်ကားများမှ ဝင်ငွေတိုးတက်လာသောကြောင့် ပုဂ္ဂလိကကဏ္ဍ၏ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခဲ့ပါသည်။

**ဆက်သွယ်ရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တယ်လီဖုန်းခေါ်ဆိုခ၊ တယ်လီဖုန်းတပ်ဆင်ခ(ငှားရမ်းခ) များ၊ ကြေးနန်းလုပ်ငန်း၊ စာပို့တံဆိပ်ခေါင်း ရောင်းချခြင်း၊ အမြန်ချောပို့လုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်း (ရိုးရိုး/အမြန်) တို့မှ အဓိကဝင်ငွေရရှိပါသည်။

**ငွေရေးကြေးရေး။** ရန်ကုန်မြို့ရှိ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမှအတိုးရငွေများ၊အသေးစားချေးငွေလုပ်ငန်းများ ၊ အာမခံလုပ်ငန်းများတိုးတက်ခဲ့ပါသည်။ လိုင်စင်ရရှိပြီး အသေးစားငွေရေးကြေးရေး ဆောင်ရွက်နေသောအဖွဲ့အစည်း ၇၅ ဖွဲ့ မှ ထုတ်ချေးငွေပေါင်း ကျပ် ၁၄,၀၆၅.၅၂သန်း ထုတ်ချေးနိုင်ခဲ့ပြီး ဝင်ငွေကျပ် ၁၆,၅၈၉.၄ သန်းရရှိခဲ့ပြီး လစဉ်ငွေချေးသူဦးရေ နှင့် ချေးငွေပမာဏတိုးတက် ရရှိခဲ့ပါသည်။

ဘဏ်လုပ်ငန်းများအနေဖြင့် ATM (Automatic Teller Machine) ကဒ်ဖြင့် ငွေထုတ်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ငွေပို့ / ငွေလွှဲလုပ်ငန်းများမိနစ်ပိုင်းအတွင်း ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံခြားငွေရောင်းဝယ်ခြင်း (Money Changer) များဖွင့်လှစ် ပေးနိုင်ခြင်းစသည်တို့ကြောင့် ပုဂ္ဂလိကပိုင်အခန်းတွင်တိုးတက်ခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု။** ရန်ကုန်တိုင်းဒေသကြီးတွင် ဟိုတယ်လုပ်ငန်းများ၊ ပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်းမှဝင်ငွေများ၊ စည်ပင်သာယာရေးကော်မတီမှဆောင်ရွက်မှုမှရငွေများ၊ တည်းခိုခန်းလိုင်စင်ခွန်၊ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်၊ မော်တော်

ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်နှင့် ခရီးသွားကိုယ်စားလှယ် လုပ်ငန်းတို့မှ အမိကဝင်ငွေရရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်း ဝင်ငွေများတိုးလာခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ တစ်ယူနစ်ငှားရမ်းခနှုန်းများတိုးလာခြင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရန်ကုန်ရုံးခွဲ)၏ ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ အခြားရငွေများ၊ ဒဏ်ငွေများ နှင့် ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းများကြောင့် ရငွေများတိုးတက်ရရှိခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ရန်ကုန်တိုင်းဒေသကြီးသည် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းလမ်းဆုံတွင်တည်ရှိခြင်း၊ ဘုရင့်နောင်ပွဲရုံ၊ ဒညင်းကုန်းကုန်စည်ဒိုင်၊ ဝါးတန်း ကုန်စည်ဒိုင်၊ သီရိမင်္ဂလာကုန်စိမ်းဒိုင်၊ ဗဟိုစံပြငါးဈေးနှင့် သီရိရတနာလက်လီလက္ကား ရောင်းဝယ်ရေးနှင့် အဝေးပြေးရပ်နားစခန်းများ ဖွင့်လှစ်ထားရှိခြင်းကြောင့် အနယ်နယ် အရပ်ရပ်သို့လည်းကောင်း၊ ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ လည်းကောင်း၊ ကူးသန်း ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

**ပညာရေး။** အမှတ်(၃)အခြေခံပညာဦးစီးဌာနအနေဖြင့်ဒုတိယ (၆) လပတ်တွင် အန္တရာယ်ရှိကျောင်း နှင့် ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သည့် ကျောင်းများဆောက် လုပ်ပြင်ဆင်လျက်ရှိရာစုစုပေါင်း ၂၄ ကျောင်းပြင်ဆင်ဆောက်လုပ်နိုင်ခဲ့ပါသည်။

**ကျန်းမာရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃ ခု ဆောက်လုပ်နိုင်ခဲ့ပါသည်။

**ရေပေးဝေရေးနှင့်သောက်သုံးရေဖူလုံရေး။** ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာ ရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြရေပေးရေးအနေဖြင့် ဒုတိယ (၆) လပတ်တွင် မှော်ဘီမြို့နယ်တွင်တွင်းနက် ၂ တွင်း ၊ ကွမ်းခြံကုန်းမြို့နယ်တွင် အခြား ၁ ခု၊ သုံးခွမြို့ နယ်တွင် အခြား ၁ ခု၊ တံတားမြို့တွင် တွင်းနက် ၁ တွင်း၊ အခြား ၁ ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့နယ်များ ရေဖူလုံရေးအတွက် ရေပိုက်များတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း ၂ ခု၊ ရေပေးဝေရေးလုပ်ငန်းများဖြစ်သော ငမိုးရိပ်- လှော်ကားရေပေးရေးလုပ်ငန်း ၃၉ ခု၊ လဂွန်းပြင်ရေပေးဝေရေး (မစို)လုပ်ငန်း ၃၃ ခု၊မြို့သစ်

ရေပေးရေးလုပ်ငန်း ၁ ခု၊ ရေလှောင်ကန်ကြီးများနှင့် အဝီစိတွင်းရေ ၃၀ ခု၊ လှော်ကား- ရန်ကုန်(အောင်တံခွန်)ရေပေးဝေရေးလုပ်ငန်း ၂ ခု၊ မိလ္လာစွန့်ပစ်မှုမြှင့်တင်ခြင်းလုပ်ငန်း၁၀ ခု၊ မြို့တွင်းရေဖူလုံရေးလုပ်ငန်း ၂ ခု၊မြို့တော်အဆင့်မြှင့်ရေသန့်လုပ်ငန်း၈ ခု ဆောင်ရွက်ပြီးစီးခဲ့ ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကျေးလက်ဒေသရေပေးရေး လုပ်ငန်းများကိုတောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် တွင်းတိမ် ၆ တွင်း၊ တွင်းနက် ၅၆ တွင်း၊ အခြားရေရရှိရေးလုပ်ငန်း ၇၀ ခု၊ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် တွင်းတိမ် ၁၀ တွင်း၊ တွင်းနက် ၄၀ တွင်း၊ အခြားရေရရှိရေးလုပ်ငန်း ၃ ခု၊ အနောက်ပိုင်း ခရိုင်ရှိ ကြည်မြင့်တိုင်မြို့နယ်တွင် ရေရရှိရေးလုပ်ငန်း ၁၂ ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရေ/သန့်ဌာနနှင့် ဂျပန်နိုင်ငံJFE Engineering Corporation တို့ပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်စည်ပင် သာယာရေးကော်မတီဌာန ရေဖြန့်ဝေရေးရုံး၌ တည်ဆောက်ခဲ့သောရေသန့်ထုတ်စက်သစ်ကြီး တပ်ဆင်ပြီးစီးပြီး ၁၇-၃-၂၀၁၆ ရက်နေ့တွင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထိုရေသန့်စက်ကြီးသည် တစ်ရက်လျှင်သောက်သုံးနိုင်သောအဆင့်ရှိ ရေသန့် ဂါလံ ၅,၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၏ ပထမဦးဆုံး ဆောင်ရွက်သော မြို့နယ်ဖြစ်၍ ဒလမြို့နယ်၏ သောက်သုံးရေ ခက်ခဲမှုပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ဒုတိယ(၆)လပတ်တွင် ကျေးလက် မီးလင်းရေး အနေဖြင့် ကျေးရွာပေါင်း ၅၃ ရွာ မီးလင်းပြီးဖြစ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်များရှိ ကျေးလက်ဒေသများတွင်ကွန်ကရစ်လမ်း၊ မြေသားလမ်းကွန်ကရစ်တံတား၊ ကွန်ကရစ်ကြိုး တံတား၊ သစ်သားတံတား ၊ Box Culvert များအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါ သည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု။** ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် သဘာဝ ဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ သဘာဝဘေး အန္တရာယ်မကျ ရောက်မီကြိုတင်ပြင်ဆင်ခြင်း၊ကျရောက်ပြီးချိန်တွင် လုပ်ငန်းဆောင်ရွက်ခြင်းများ၊ ပြန်လည် ထူထောင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြင်ဆင်ထားရှိပါသည်။ ပြင်ဆင်မှု

လုပ်ငန်းများ ထပ်မံဖြည့်ဆည်းနိုင်ရန်အတွက် ကျောက်တန်း၊ သုံးခွနှင့် ကော့မှူး မြို့နယ်များတွင် cyclone shelter များဆောက်လုပ်ထားရှိပါသည်။

သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ရန်ပုံငွေများ ခွဲဝေသုံးစွဲနိုင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများကို အချိန်နှင့် တစ်ပြေးညီရရှိနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းကာလအတွင်း တွင်ဘေးအန္တရာယ်အကဲဖြတ်ခြင်း၊ စောစီးစွာသတိပေးခြင်း နှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် ထိခိုက်မှုနည်းပါးသက်သာစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်က ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်နိုင်ခဲ့ပါသည်။

## ရှမ်းပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂,၈၇၃,၄၆၁.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၄.၇ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**ရှမ်းပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၅-၂၅) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၆) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၂,၈၆၄,၂၁၆.၃ သန်းရရှိခဲ့၍ ဒုတိယ(၆)လပတ် လျာထားချက်၏ ၉၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၃.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** စုစုပေါင်းစိုက်ဧက ၇၃၉,၂၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၂၁,၆၀၆ ဧက တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါသည်။ သီးနှံများအနေဖြင့် ပဲတီစိမ်း၊ ပဲယဉ်း၊ စားတော်ပဲ၊ ဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ ဂေါ်ရခါကြက်နှင့် အာလူး သီးနှံအထွက်များ ပိုမိုထွက်ရှိခဲ့ပါသည်။

**သားငါးကဏ္ဍ။** စီးပွားဖြစ်မွေးမြူရေးဇုန်များဖြစ်သော ရှမ်းရိုးမမွေးမြူရေးဇုန်၊ ကျောက်မဲမွေးမြူရေးဇုန်များ တိုးချဲ့နိုင်ခြင်း၊ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းစုတို့မှ မွေးမြူရေးချေးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာနည်းဥပဒေအရ တန်ဖိုးဝင် ကျွန်းနှင့် သစ်မာထုတ်လုပ်မှုကို အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခဲ့ပါသည်။ သစ်တောပြုစု ပျိုးထောင်ရေးအတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတော တန်ဖိုးမြှင့်တင်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းနှင့် စီးပွားရေးစိုက်ခင်းများကို ထူထောင်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ကျောက်မျက်ရတနာ ထုတ်လုပ်မှုကို အကျိုးတူကုမ္ပဏီ ၂ ခု နှင့် ပုဂ္ဂလိကကုမ္ပဏီ ၆၀ ခု ဖြင့်လည်းကောင်း၊ ခဲနှင့်ရောရာသတ္တုတွင် ကုမ္ပဏီ ၂၂ ခု၊ သွပ်နှင့်ရောရာသတ္တုရိုင်း ကုမ္ပဏီ ၁၀ ခု၊ သွပ်နှင့်ရောရာသတ္တု ကုမ္ပဏီ ၄ ခု၊ သွပ်သတ္တုသန့်စင် ကုမ္ပဏီ ၁ ခု၊ ဂေါဒန်ကျောက်ထုတ်လုပ်မှုတွင် မြန်မာ့စီးပွားရေးကော်ပို ရေးရှင်းနှင့် ကုမ္ပဏီ ၃ ခု၊ ခနောက်စိမ်းနှင့်ရောရာသတ္တုရိုင်း ကုမ္ပဏီ ၃ ခု၊ ထုံးကျောက် (ဒေသ) ကုမ္ပဏီ ၁ ခု၊ ခဲသတ္တုသန့်စင် ကုမ္ပဏီ ၂ ခု၊ ကြေးနီနှင့်ရောရာသတ္တုရိုင်းတွင် ကုမ္ပဏီ ၃ ခု၊ ဒိုလိုမိုက် ထုတ်လုပ်မှု ကုမ္ပဏီ ၂ ခု တို့ဖြင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ခဲ့ ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုဇုန်ပြင်ပရှိ ပုဂ္ဂလိကထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်လာ ခြင်း၊ ပင်လောင်းမြို့နယ် (တီကျစ်) နဂါးဘိလပ်မြေစက်ရုံမှ တစ်ရက်လျှင် ဘိလပ်မြေ တန် ၆၀၀ ထုတ်လုပ်နိုင်ခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ဘိလပ်မြေစက်ရုံ နှင့် သကြားစက်ရုံများ လုပ်ငန်းလည်ပတ်နိုင်ခြင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာနမှ SMEs လုပ်ငန်းများအတွက် သစ်သီးအလှုဆင်ခြင်းလုပ်ငန်းကို ကျပ်သန်း ၁၀၊ ပရိဘောဂ လုပ်ငန်းကို ကျပ်သန်း ၂၀၊ လက်ဖက်အချိုခြောက်လုပ်ငန်းကို ကျပ်သန်း ၂၀ ၊ စုစုပေါင်း ကျပ်သန်း ၅၀ တို့ကို ထုတ်ချေးပေးခြင်းကြောင့် လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခဲ့ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများအတွက် အုတ်နှင့် အုတ်ဘလောက် ထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ဖြင့် ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် လျှပ်စစ် ဓာတ်အား သုံးစွဲမှု ပိုမိုတိုးတက်လာခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း ကျေးရွာပေါင်း ၁၃,၄၆၉ ရွာ ရှိသည့်အနက် ၃၆၃ ရွာမီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၇)မှ မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ဆောက်ခြင်း၊ လမ်းအထူးအဖွဲ့(၄)မှ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း၊ လမ်းအထူးအဖွဲ့(၅)မှ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ လမ်းအထူးအဖွဲ့(၉)မှ ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်း တည်ဆောက် ခြင်း၊ ကျေးလက်ဦးစီးဌာနမှ လမ်းတံတားများ ပြုပြင်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက် နိုင်ခဲ့သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-စီဦးလမ်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် မိုင်းဖြတ်-မိုင်းယောင်းလမ်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအနေဖြင့် တောင်ကြီး မြို့နယ် Taunggyi Shopping Centre တည်ဆောက်ခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်တွင် ချယ်ရီမြိုင်အိမ်ရာ၊ ထင်းရှူးမြိုင်အိမ်ရာ၊ မူဆယ်ခရိုင်တွင် နယူးစတား လိုက်ကုမ္ပဏီမှ မူဆယ်ဗဟိုစီးပွားရေးဇုန်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်တွင် ပါဆတ်ကားလေးကွင်း၊ ဝမ်ကောင်းမြို့မဈေး၊ ရွှေရေကန် အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိက လေကြောင်းလိုင်းများအနေဖြင့် အဲကမ္ဘောဇ၊ အဲမန္တလေး၊ ရန်ကုန်အဲဝေး၊ အေးရှားဝင်း၊ မန်းရတနာပုံ လေကြောင်းအသီးသီးမှ ဝန်ဆောင်မှု ပေးနိုင်ခြင်းနှင့် ပုဂ္ဂလိကမော်တော်ယာဉ် လိုင်းပေါင်း ၂၅ လိုင်းအား တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများဖြစ်သည့် Telenor ကုမ္ပဏီမှ ဆင်းကတ် ၂,၅၃၇,၈၆၆ ကတ်နှင့် Ooredoo ကုမ္ပဏီမှ ဆင်းကတ် ၆၃၄,၄၆၇ ကတ်များ ဖြန့်ချီနိုင်ခဲ့သဖြင့် မိုဘိုင်းဖုန်း ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်လာခြင်း၊ အင်တာနက်သုံးစွဲမှုများ ပိုမိုတွင်ကျယ်စွာ သုံးစွဲလာနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** မြန်မာ့စီးပွားရေးဘဏ်မှ ငွေထုတ်သူများ မြန်ဆန်စွာ ထုတ်ယူ နိုင်ရန် အဆင့်မြင့်တင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ကမ္ဘောဇဘဏ်မှ

မီနီဘဏ်များ တိုးချဲ့ဖွင့်လှစ်လာခြင်း၊ အလိုအလျောက် ငွေထုတ်စက် (ATM)များကို တိုးချဲ့နိုင်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** တောင်ကြီး၊ ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံမြို့များရှိ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် ပညာရေးကောလိပ်များကို ဖွင့်လှစ်၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးဆိုင်ရာအသုံးစရိတ်များ ပိုမိုသုံးစွဲလာခြင်း၊ ပုဂ္ဂလိကပညာရေးကျောင်းများနှင့် INGO အဖွဲ့အစည်းများ၏ ဝန်ဆောင်မှု အသုံးစရိတ်များ ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။

ပညာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကကျောင်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အထက်တန်းဆင့် ကိုယ်ပိုင်ကျောင်း ၃၀ ကျောင်း၊ အလယ်တန်းဆင့် ကိုယ်ပိုင်ကျောင်း ၆ ကျောင်း၊ မူလတန်းဆင့် ကိုယ်ပိုင် ကျောင်း ၄ ကျောင်း၊ စုစုပေါင်း ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၄၀ ကျောင်း ဖွင့်လှစ်ထားရှိကာ ယခင်နှစ်ထက် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း ၁၅ ကျောင်းနှင့် အစိုးရကျောင်း ၁၅၄ ကျောင်း တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ဖြင့် အန္တရာယ်ရှိကျောင်းဆောင်ဟောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း ၁၈ ကျောင်း၊ ကျောင်းသားဦးရေအရ အသစ်တိုးချဲ့ဆောက်လုပ်ခြင်း ၁၇ ကျောင်း၊ ဥပမိရုပ်မကောင်းသော ကျောင်းဆောင်များဆောက်လုပ်ခြင်း ၂၁ကျောင်း၊ သိပ္ပံခန်းဆောင်ဆောက်လုပ်ခြင်း ၁၂ ကျောင်း၊ မူကြိုကျောင်းဆောက်လုပ်ခြင်း ၄၂၀ ကျောင်း၊ လွှတ်တော်မှ တင်ပြသော ကျောင်းများ ဆောက်လုပ်ခြင်း ၇၄ ကျောင်း၊ စုစုပေါင်း ၅၆၂ ကျောင်း ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ကျန်းမာရေးဝန်ဆောင်မှုတွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောက်လုပ်ခဲ့သည့် လုပ်ငန်းများမှာ ၁၆ ကုတင်ဆံ့ဆေးရုံ ၂ ရုံ၊ ၂၅ ကုတင်ဆံ့ ဆေးရုံ ၁ ရုံ နှင့် ကျေးလက် ကျန်းမာရေးဌာန ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၂ ခု၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းနှင့် အကြီးစားပြင်ဆင် မွမ်းမံခြင်း၊ တောင်ကြီးဆေးတက္ကသိုလ် ဆောက်လုပ်ခြင်းတို့ ဖြစ်ပါသည်။ တည်ဆောက်ရေး လုပ်ငန်းပေါင်း ၁၂၀ ခုတွင် ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းပေါင်း ၁၀၈ ခု မှာ ရာနှုန်းပြည့် ပြီးစီးပြီး ရာသီဥတုအခြေအနေ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဆောင်ရွက်နေရသဖြင့် လုပ်ငန်း ၁၂ ခု မှာ ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

**ဟိုတယ်အခန်း**

**ဂှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းမှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ တစ်ယူနစ်အိမ်ငှားခဝင်ငွေများ၊ သမဝါယမဦးစီးဌာနအောက်ရှိ ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိသော ဝင်ငွေများ၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေး ဝန်ဆောင် မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အိမ်၊ အဆောက်အဦ ငှားရမ်းခများ၊ ဟိုတယ်၊ တည်းခိုခန်းများ၏ ဝင်ငွေများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်း။** ခရီးသွားအေဂျင်စီလုပ်ငန်းအတွက် လိုင်စင်ရဟိုတယ် စုစုပေါင်း ၂၀၁ လုံး၊ အခန်းအရေအတွက် ၆,၂၈၇ ဖြင့် ဝန်ဆောင်မှုပေးလျက် ရှိပါသည်။ ပုဂ္ဂလိက ယာဉ်လိုင်းများ ညအိပ်ရပ်နားရာစခန်းများတွင် စားသောက်မှုနှင့် တည်းခိုမှုဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ခရီးသွားလာမှု ပိုမိုလာခြင်းနှင့် ဒေသအတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းများမှလည်း နိုင်ငံခြားသားများ တည်းခိုနိုင်ရန်အတွက် ဝန်ဆောင်မှုများ ပေးနိုင်ခဲ့ ပါသည်။ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ မြင်းမထိဂူ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ (ရွှေတြိဂံဒေသ) တာချီလိတ် စသည့်ဒေသများသည် နိုင်ငံခြားသားများ လာရောက်လည်ပတ်ရန် အဓိကစိတ်ဝင်စားဖွယ် နေရာဒေသများဖြစ်ခဲ့ပြီး နိုင်ငံခြားနှင့် ပြည်တွင်းခရီးသွားများမှ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတို့ဖြင့် တွင်းတိမ် ၆၂ ခု၊ တွင်းနက် ၃၇ ခု၊ ရေကန် ၂ ခု၊ မြေသားရေကန် ၂၄ ခု၊ စိမ့်စမ်းရေသွယ်ခြင်း ၃၂၅ ခု၊ လက်တူးတွင်း ၁၃ ခု၊ အခြား ၁၃၉ ခု၊ စုစုပေါင်း ၆၀၂ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ပြည်သူများ ရေရှားပါးပြတ်လပ်မှုကို လတ်တလောပြေလည်စေရန် သောက်သုံးရေများ ဖြန့်ဝေခြင်း၊ စက်သုံးဆီများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ ပါသည်။ ရေရှည်၌ ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးကို ဆောင်ရွက် လျက်ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** မူဆယ် ၁၀၅ မိုင် နယ်စပ်စခန်း၊ တာချီလိတ်နယ်စပ်စခန်းနှင့် ချင်းရွှေဟော်နယ်စပ်စခန်းများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေ

သည့် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းများကို ပိုမိုကုန်သွယ် နိုင်ခဲ့ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွက်နှုန်းကောင်းသည့် လယ်စပါးအပါအဝင် အခြားစိုက်ပျိုးသီးနှံ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးခြင်း၊ စပါး၊ ဖူးစားပြောင်း၊ အာလူး အစရှိသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** နို့စားနွား မျိုးကောင်းမျိုးသန့် ၇၄၁ ကောင် ဖြန့်ဖြူးပေးနိုင်သည့်အတွက် နွားနို့ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုနှင့် ကျွန်းကြီးကျေးရွာအုပ်စုတို့တွင် ဒေသနှင့်ကိုက်ညီသော ဆိတ်မျိုးများကို တိုးတက် မွေးမြူနိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများအနေဖြင့် အထည်ချုပ်လုပ်ငန်း၊ ဒေသအုတ်ရိုက်လုပ်ငန်း၊ လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်း၊ ယက္ကန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကလုပ်ငန်း အလတ်စား ၄ခု၊ အသေးစား ၂၆၁ ခုဖြင့် စက်မှုလက်မှုကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပါသည်။ ဒေသအလိုက်ထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ရေရှည်ထားရှိနိုင်ရန် သီးနှံအခြောက်ခံစက်ရုံ တည်ဆောက်နိုင်ရေးကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အား ဖူလုံရေးအတွက် ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာကို လျှပ်စစ်ဓာတ်အား သွယ်တန်းပေးခြင်း၊ အိမ်ထောင်စုပေါင်း ၁၀၂၀ အတွက် ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ရွာငံမြို့နယ်တွင် ဈေးတန်းနှင့် ရွာမရပ်ကွက်အတွင်း မီးတိုင် ၁၄၄ တိုင်ကို ကွန်ကရစ်အစားထိုး လဲလှယ်ပေးခြင်း၊ လယ်ကိုင်း၊ နွားဘန်းကြီး၊ အလယ်ချောင်၊ သိမ်ကုန်းနှင့် ကျောက်မြောင်းကြီးကျေးရွာများအတွက် ထရန်စဖော်မာများ တပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဒေသ၏ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးအတွက် ဒေသအတွင်း ကုန်တင်ယာဉ်အရေအတွက် တိုးတက်လာခြင်းနှင့် ခရီးသည်ပို့ဆောင်ရေး

လုပ်ငန်းတွင် မူလရှိပြီးသား ယာဉ်လိုင်းများအပြင် ပင်းတယ-ရှာင်-မန္တလေးသို့ ဖွဲ့ချယ်ရီ မှန်လုံအမြန်ယာဉ်လိုင်းသစ်ကိုလည်း တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါသည်။

**ပညာရေး။** လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးအဆင့်အတန်း မြှင့်တင်ရာတွင် ပင်းတယမြို့နယ်တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊ ဆရာ၊ ဆရာမများ ထပ်မံခန့်ထားခြင်း၊ ရှာင်မြို့နယ်တွင် ကျောင်းသားနှင့် စာသင်ခန်း မျှတစေရေးအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်း ၁၀ ကျောင်းနှင့် အန္တရာယ်ရှိကျောင်း ၁ ကျောင်းတို့ကို ဆောက်လုပ်ပြီးစီးပြီ ဖြစ်ပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးဦးစီးဌာနအစီအစဉ်ဖြင့် နယ်လှည့်ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှာင်မြို့နယ် မြင်းကျဒိုးကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း၊ အလယ်ချောင်၊ ယကြီးနှင့် သိမ်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး အဆင့်တိုးမြှင့်ခြင်း၊ ဘုရားကြီးကုန်း၊ မြင်းတွင်း၊ ညောင်ခြေထောက်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်း။** ပြည်တွင်းဘုရားဖူး ဧည့်သည်များ၊ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များသည် ပင်းတယမြို့နယ်တွင် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား တည်ရှိနေခြင်းကြောင့် လာရောက်လည်ပတ်ကြခြင်းဖြင့် အလှူငွေနှင့် နိုင်ငံခြားငွေများ ရရှိခဲ့ပါသည်။ ရှာင်မြို့နယ်ရှိ ပြဒါးလင်းဂူ၊ တောကျက်ရေတံခွန်၊ မြသပိတ်ရေပြာအိုင်နှင့် မိန်းမရဲတောင် သည် နိုင်ငံခြားသားများနှင့် ပြည်တွင်းခရီးသွား ဧည့်သည်များအတွက် စိတ်ဝင်စားသည့်နေရာများဖြစ်ပြီး လာရောက်လည်ပတ်လျက် ရှိပါသည်။

**သောက်သုံးရေဖူလုံရေး။** ပင်းတယနှင့် ရှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာ ပေါင်း ၄၉ ရွာတွင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ၁၇ ခု၊ တွင်းတိမ်များ တူးဖော်ခြင်း လုပ်ငန်း ၁၉ ခု၊ မြေသားနှင့် အုတ်မိုးရေလှောင်ကန် ၁၈ ခု၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၆၉ ခု၊ ရှာင်မြို့နယ်တွင် ကျေးရွာပေါင်း ၁၁ ရွာအတွက် ပေ ၃၀၀ စက်ရေတွင်း ၆ တွင်း၊ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း ၁၀ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပင်းတယမြို့နယ်သို့ ဖြန့်ဝေလျက်ရှိသော စိမ့်စမ်းရေသွယ်လုပ်ငန်း (ပန်းစစ်ရေထွက်မှ သွယ်ယူခြင်း) ကို ၄ လက်မ ပိုက်များအစား ၆ လက်မ ပိုက်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု။** သစ်တောစိုက်ခင်းများ ထူထောင်ခြင်းအနေဖြင့် ရွာငံမြို့နယ်ရှိ ထိုးကြီးတောင်ကြိုးဝိုင်းတွင် ခါတော်မှီ၊ ယူကလစ်၊ ဒညင်း၊ ပိန္နဲ၊ ထောပတ်နှင့် သရက်ပျိုးပင်များကို ဧက ၄၀ ခန့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ အိမ်ထောင်စုအလိုက် သစ်ပင်စိုက်ပျိုးနိုင်မှုအနေဖြင့် ပင်းတယမြို့နယ်တွင် ကျေးရွာ ၉ ရွာ၊ အိမ်ထောင်စု ၃,၂၆၆ စု မှ ကျွန်း၊ ခါတော်မှီ၊ ယူကလစ်၊ ပင်စိမ်း၊ ရေသင်းဝင်၊ ထင်းရှူး စုစုပေါင်း ၉,၇၉၉ ပင် စိုက်ပျိုးခြင်း၊ ရွာငံမြို့နယ်တွင် ကျေးရွာ ၂၂ ရွာ၌ အိမ်ထောင်စု ၂၉,၄၉၀ မှ ယူကလစ် ၃၁.၃၂ ဧက၊ ကျေးရွာ ၈၃ ရွာ၌ အိမ်ထောင်စု ၁၉,၆၄၆ မှ ကျွန်း ၉၈.၂၃ ဧက ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** စပါး ၁၀,၇၀၅၈ ဧက၊ အစေ့ထုတ်ပြောင်း ဧက ၂၄,၆၃၀ ၊ မြေပဲ ၁၃,၈၇၅ ဧက၊ နှမ်း ၁၇၅ ဧက၊ လက်ဖက် ၁၇,၁၂၈ ဧက နှင့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကြံ၊ ဖရဲ၊ သခွားမွေး၊ နာနတ်၊ စတော်ဘယ်ရီ စသည့် သီးနှံများအပြင် စိန်တလုံးသရက်နှင့် နဂါးမောက်သီးများ စိုက်ပျိုးနိုင်ခဲ့ပါသည်။ သီးနှံထွက်ရှိမှုတွင် မြေပဲ ၉၇,၁၃၀ တင်း၊ နေကြာ ၉၇,၀၉၀ တင်း၊ ငရုတ်ခြောက် ၉၇,၉၀၄ ပိဿာ၊ ကြက်သွန်ဖြူ ၁၇,၉၅၅,၂၈၂ ပိဿာ၊ အာလူး ၁၈,၁၂၃,၁၁၂ ပိဿာနှင့် လက်ဖက် ၄၈၄,၄၉၄ ပိဿာတို့ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ အုပ်စုတွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်း၊ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ခိုင်းကျွဲ/နွားအကောင်ရေ တိုးတက်ထုတ်လုပ်နိုင်ရန်၊ အသားထုတ်လုပ်မှုများ တိုးတက်စေရန်၊ မွေးမြူရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်စေရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် Chellen Plurage ကုမ္ပဏီမှ ဆောင်ရွက်ပေးသော ကြက်မျိုး၊ အစာ၊ ဆေးများဖြင့် အသားစားကြက်နှင့် ဥစားကြက်များကို စီးပွားဖြစ် မွေးမြူနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေဝေရေလဲစိုက်ခင်းများနှင့် ကျေးရွာများတွင် စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရေးအပြင် သစ်တောပြုစုပျိုးထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုထုတ်လုပ်ရေး ကုမ္ပဏီများမှ ခနောက်စိမ်းသတ္တုရိုင်း၊ သွပ်နှင့်ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် လမ်းခင်းကျောက်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဟိုပုံးမြို့နယ်တွင် ပန်းခြောက်ပွင့်နှင့် ပတ္တမြားနဂါးကုမ္ပဏီများမှ ခနောက်စိမ်းသတ္တုရိုင်း၊ ပင်လောင်းမြို့နယ်တွင် ဒေင်ကုမ္ပဏီမှ ကျောက်မီးသွေး၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များမှ လမ်းခင်းကျောက်နှင့်သဲတို့ကို ထုတ်လုပ်လျက် ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ပင်လောင်းမြို့နယ်တွင် ယခင်က နဂါးဘိလပ်မြေစက်ရုံနှင့် ခြသေ့်ဘိလပ်မြေစက်ရုံများမှ ဘိလပ်မြေများ ထုတ်လုပ်လျက်ရှိရာမှ ယခုအခါတွင် ခြသေ့်ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေအစား စလင်းပေါင်ဒါကို ပြောင်းလဲထုတ်လုပ်လျက် ရှိပါသည်။ ဟိုပုံးမြို့နယ်တွင် ခနောက်စိမ်းသတ္တုစက်ရုံ၊ ဓါတ်ခဲစက်ရုံများ လည်ပတ်လျက် ရှိပါသည်။ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် အကြီးစား ၃ ခု၊ အသေးစား ၁,၀၉၅ ခုဖြင့် စက်မှုလက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်လျက် ရှိပါသည်။ ဟိုပုံးမြို့နယ်တွင် သကြားစက်ရုံ၊ ပင်လောင်းမြို့နယ်တွင် ဝါးတူစက်ရုံ တည်ဆောက်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စုတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး စတင်ဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။ ဆိုလာစနစ်ဖြင့် ဟိုပုံးမြို့နယ် တွင် ၁၂ ရွာ၊ ဆီဆိုင်မြို့နယ်တွင် ၈ ရွာ၊ ပင်လောင်းမြို့နယ်တွင် ၁၂ ရွာတို့ကို လျှပ်စစ်မီး ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျှပ်စစ်ဓာတ်အားပေး လုပ်ငန်း ၅ ခုကို ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး ပင်လောင်း မြို့နယ်အတွင်းရှိ နောင်လင်းရွာနှင့် ဘတ်ပြင်ရွာတွင် မဟာဓာတ်အားလိုင်းမှ မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်နယ်ဘတ်ဂျက်ဖြင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ၁၁ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဟိုပုံးမြို့နယ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ကျောက်တန်းတိုက်နယ်ဆေးရုံ၊ ပြည်နယ်ဘတ်ဂျက်၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်တို့တွင် ပညာရေးဌာနမှ ကျောင်းများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ယင်လုံအိမ်သာများတည်ဆောက်ခြင်း၊ ကျေးလက် ရေပေးရေး လုပ်ငန်းများ၊ မဟာဓာတ်အားလိုင်းများ၊ ကျေးလက်အိမ်ရာများ ဆောက်လုပ်နိုင်ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ပြည်ထောင်စုလမ်းမကြီးများ၊ ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဟိုပုံး-ဆီဆိုင်-လွိုင်ကော်လမ်းအား အဆင့်မြှင့် ဆောင်ရွက်ပေးခဲ့သဖြင့် ဆီဆိုင်-ဟိုပုံး-တောင်ကြီး ခရီးစဉ်များ တိုးချဲ့ပြေးဆွဲလျက် ရှိပါသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ မြေလမ်းပြုပြင်ခြင်းလုပ်ငန်း ၆ ခု၊ ကျောက်ခင်းလမ်း ၁၄ လမ်း၊ ကတ္တရာလမ်း ၅ လမ်းနှင့် တံတား ၁၁ စင်းတို့ကို ဆောက်လုပ်ပေးခြင်းကြောင့် ကျေးလက် လမ်းများ၊ တံတားများကောင်းမွန်လာသဖြင့် ကျေးလက်မြို့ပြ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာပါသည်။ ကျေးလက်ဒေသများအနေဖြင့် ဈေးနေ့များတွင် ဒေသထွက်ကုန်များအား ဈေးကွက်သို့လွယ်လူစွာဖြင့် အချိန်တိုကာလအတွင်း ပို့ဆောင်ပေး နိုင်ခဲ့ပါသည်။ ပအိုဝ်းဒေသတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် ဒေသအတွင်း ကုန်တင်ယာဉ် အရေအတွက် တိုးတက်လာခြင်း၊ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဟိုပုံးမြို့နယ်တွင် ရွှေမန္တလာအဆင့်မြှင့်ခရီးသည်ယာဉ်လိုင်း (ဟိုပုံး-တောင်ကြီး-ရန်ကုန်)၊ ဟိုပုံးမြို့နယ်တွင် ဂျေဂျေအဆင့်မြှင့်ခရီးသည်ယာဉ်လိုင်း(ဟိုပုံး-တောင်ကြီး-ပုဂံ)၊ ပင်လောင်းမြို့နယ်မှ ရွှေပအိုဝ်းအဆင့်မြှင့်ခရီးသည်ယာဉ်လိုင်း (ပင်လောင်း-မန္တလေး) ယာဉ်လိုင်းများ တိုးချဲ့ ပြေးဆွဲလျက် ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဟိုပုံးမြို့နယ်တွင် ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများဖြစ်သည့် Telenor ကုမ္ပဏီမှ ဆင်းကတ် ၄,၂၅၉ ကတ်နှင့် Ooredoo ကုမ္ပဏီမှ ဆင်းကတ် ၃၉၇ ကတ်များ ဖြန့်ချီနိုင်ခဲ့သဖြင့် မိုဘိုင်းဖုန်းများ ပိုမို အသုံးပြုလျက်ရှိပြီး ကျေးလက်ဒေသများတွင် ဆက်သွယ်ရေးကောင်းမွန်လျက် ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဟိုပုံးမြို့နယ်တွင် ၁၇ ရွာ၊ ဆီဆိုင်မြို့နယ်တွင် ၁ ရွာ၊ ပင်လာင်းမြို့နယ်တွင် ၂၁ ရွာ စုစုပေါင်း ၃၉ ရွာအား တစ်ယူနစ်လျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ချေးပေးထားပါသည်။ ဟိုပုံးမြို့နယ်နှင့် ပင်လောင်းမြို့နယ်တွင် ကမ္ဘောဇဘဏ် ဖွင့်လှစ်ပြီး ငွေကြေး လုပ်ငန်းများ

ဆောင်ရွက်လျက် ရှိပါသည်။ ပင်လောင်းမြို့နယ်တွင် ပက်မြန်မာမှ အသေးစား ချေးငွေလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**ပညာရေး။** အထက်တန်း ၂၈ ကျောင်း၊ အလယ်တန်း ၆၄ ကျောင်း၊ မူလတန်း ၄၈၁ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂ ကျောင်းဖြင့် ပညာသင်ကြားလျက် ရှိပါသည်။ ဒုတိယ(၆)လပတ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဟိုပုံးမြို့နယ်တွင် ၂၄ ကျောင်း၊ ဆီဆိုင်မြို့နယ်တွင် ၁၈ ကျောင်း၊ ပင်လောင်းမြို့နယ်တွင် ၂၂ ကျောင်းဖြင့် ကျောင်းအသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်နိုင်ခဲ့ပါသည်။

**ကျန်းမာရေး။** ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဟိုပုံးမြို့နယ် ကျောက်တန်းတိုက်နယ်ဆေးရုံတိုးချဲ့ခြင်း၊ ဆီဆိုင်မြို့နယ်ဆေးရုံ ၂ ထပ် လူနာဆောင်နှင့် အိမ်ရာ၊ ဆီဆိုင်မြို့နယ် ဆိုက်ခေါင် တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ၊ ပင်လောင်းမြို့နယ် ၂၅ ကုတင်ဆံ့ဆေးရုံ တိုးချဲ့ လူနာဆောင်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**ရေရရှိရေး။** သဘာဝရေထွက်များမှ စိမ့်စမ်းရေသွယ်စနစ်ဖြင့်လည်းကောင်း၊ သဘာဝစမ်းချောင်းများမှလည်းကောင်း၊ မြေအောက်ရေတွင်းတိမ်၊ တွင်းနက်များဖြင့်လည်းကောင်း သောက်သုံးရေကို အသုံးပြုကြပါသည်။ ဒုတိယ(၆)လပတ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဟိုပုံးမြို့နယ်တွင် ကျေးရွာ ၁၅ ရွာ၊ ဆီဆိုင်မြို့နယ်တွင် ကျေးရွာ ၃၄ ရွာ၊ ပင်လောင်းမြို့နယ်တွင် ကျေးရွာ ၂၅ ရွာတို့ကို ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ဆည်မြောင်းဦးစီးဌာနမှ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆီဆိုင်မြို့နယ်တွင် နမ့်မူလေးရေလွှဲဆည် တူးမြောင်းစနစ် ပြုပြင်ခြင်း လုပ်ငန်း၊ စော်ဘွားဆည်ရေထိန်းတံခါး၏ တူးမြောင်းစနစ်ပြုပြင်ခြင်းလုပ်ငန်း၊ ပန်းဆိုင်လဲ ရေထိန်းတံခါး၏ တူမြောင်းစနစ်ပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

**ခရီးသွားလုပ်ငန်း။** သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်လျက် ဟိုပုံးမြို့နယ်တွင် ထမ့်စမ်းသဘာဝလှိုင်ဂူ အလှအပများသည် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်လျက်ရှိပြီး နေ့စဉ်ခရီးသွားများ လာရောက်လျက် ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** အဓိကသီးနှံများ၊ ဈေးကွက်ဝင်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးသော ဒေသဖြစ်သဖြင့် ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များတွင် ပွဲရုံလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက် ရှိပါသည်။ ပင်လောင်းမြို့နယ်တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ပင်လောင်း

ကုန်စည်ဒိုင် တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** သီးနှံစုံစိုက်ဧရိယာ ဧက ၈၆,၅၂၀ စိုက်ပျိုးရန် ရည်မှန်းခဲ့ရာ ဧက ၇၀,၈၀၀ စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါး ၉,၇၂၄ ဧက၊ အစေ့ထုတ်ပြောင်း ၂,၁၀၃ ဧက၊ ဖူးစားပြောင်း ၁,၁၉၃ ဧက၊ ပဲမျိုးစုံ ၇၆၈ ဧက၊ ဆီထွက်သီးနှံ ၇၄ ဧက၊ စက်မှုလက်မှုသီးနှံ ၁၂၅ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၂၁၈ ဧက၊ အခြားစားသုံးသီးပင် ၆၁,၈၉၁ ဧက၊ ဟင်းသီးဟင်းရွက် ၂,၁၇၁ ဧက အသီးသီးစိုက်ပျိုးနိုင်ခဲ့ပါသည်။ လက်ဖက်သီးနှံကို အဓိက စိုက်ပျိုးသောဒေသဖြစ်ပြီး လက်ဖက်စိုက်ဧက ၅၈,၇၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ခိုင်းကျွဲ/နွား၊ ကျွဲ/နွားနို့၊ ကျွဲ/နွားသားရေ၊ အမဲသား၊ ဝက်သား၊ ကြက်သားနှင့် ဥထုတ်လုပ်မှုတွင် ယခင်နှစ်ထက် တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံပိုင်အနေဖြင့် အချိုခြောက် ၉၈၂.၁၄ တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းတွင် အထွေထွေစက်မှုလက်မှုလုပ်ငန်းများ၊ လက်ဖက်ကြိတ်ခွဲမှု လုပ်ငန်းတွင် လက်ဖက်စို၊ လက်ဖက်ခြောက်ကြိတ်ခွဲမှုလုပ်ငန်းများမှ တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အချိုခြောက် မက်ထရစ်တန် ၃,၉၅၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**ပညာရေး။** အခြေခံပညာအထက်တန်း ၄ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃ ကျောင်း၊ အလယ်တန်းကျောင်းနှင့် ကျောင်းခွဲပေါင်း ၂၀ ကျောင်း၊ မူလတန်းကျောင်း ၁၄၅ ကျောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ လေ့ကျင့်ပညာဦးစီးဌာနမှ လူငယ်သင်တန်းကျောင်း ၁ ကျောင်း၊ လူငယ်သင်တန်းကျောင်းသား ၈၀ ဦးဆံ့ နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းများ၊ ရေချိုးခန်း ၈ ခန်းတွဲ အိမ်သာ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ကျောင်းသား ၁၀၀ ဦးဆံ့ စားရိပ်သာဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကျန်းမာရေး။** ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုတင် ၅၀ ဆေးရုံ ၁ ရုံနှင့် ၂၅ ကုတင်ဆေးရုံ ၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၁ ခုတို့ကို ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒုတိယ(၆)လအတွင်း ကျန်းမာရေးဝန်ဆောင်မှုတွင်

ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဇယန်းကျေးလက်ကျန်းမာရေးဌာန သံကူကွန်ကရစ်တံခါးတိုင် နှင့် သံပန်းသံတံခါးတပ်ဆင်ခြင်းလုပ်ငန်း၊ ဟူးခင်ကျေးလက် ကျန်းမာရေးဌာန ခြံစည်းရိုး ကာရံခြင်း၊ အမိုးပြုပြင်ခြင်း၊ အုတ်ရေမြောင်း တည်ဆောက်ခြင်းနှင့် ဝရံတာလက်ရမ်း ပြုပြင်ခြင်းလုပ်ငန်းများ၊ ဟူးမန်းကျေးလက်ကျန်းမာရေးဌာန မြေထိန်းနံရံ၊ မှန်ပြတင်းများ နှင့် မျက်နှာကျက် ပြုလုပ်ခြင်းလုပ်ငန်း၊ နမ့်လင်းကျေးလက် ကျန်းမာရေးဌာန အဆောက် အဦ ပြုပြင်ခြင်းလုပ်ငန်း၊ ကွမ်ဟယ်ကျေးလက်ကျန်းမာရေးဌာန ကွန်ကရစ်ခြံစည်းရိုး၊ ဆေးခန်း ဝရံတာတိုးချဲ့ခြင်း၊ ဝန်ထမ်းအိမ်ရာ ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်း၊ အာရမ်း ကျေးလက်ကျန်းမာ ရေးဌာနခြံစည်းရိုးကာရံခြင်း၊ မြေထိန်းနံရံ ဆောက်လုပ်ခြင်း၊ ဘုရားကြီး ကျေးလက်ကျန်းမာရေး ဌာနခွဲ ကျောက်ရိုးစည်း မြေထိန်းနံရံဆောက်လုပ်ခြင်း၊ ကွန်ကရစ် ခြံစည်းရိုးတိုင်နှင့် သွပ်ဆူး ကြိုးကာရံခြင်းလုပ်ငန်း၊ ပန်နင်းကျေးလက်ကျန်းမာရေးဌာန ကျောက်စီလှေကားနှင့် ဆေးခန်း အောက်ထပ် တံခါးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ နမ့်ဆန်မြို့နယ်တွင် မြို့ပေါ် ၆ ရပ်ကွက်၊ ကျေးရွာ ၁၁ ရွာ၊ အိမ်ထောင်စု ၂,၂၃၅ စု နှင့် မန်တုံမြို့နယ်တွင် မြို့ပေါ် ၃ ရပ်ကွက်၊ အိမ်ထောင်စု ၃၉၉ စု၊ စုစုပေါင်း ၂,၆၃၄ စု လျှပ်စစ်မီး ရရှိပြီး ဖြစ်ပါသည်။ နမ့်ဆန်မြို့နယ်တွင် ၂၀၁၆ ဖေဖော်ဝါရီလ ၄ ရက်နေ့ မီးလောင်မှုဖြစ်စဉ် ကြောင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လအတွင်း Comet Energy Company မှ နမ့်ဆန်မြို့နယ်အတွင်းရှိ ကျောက်ဖြူရွာ အပါအဝင် ရွာပေါင်း ၆ ရွာတွင် ဆိုလာမီးလင်းရေးလုပ်ငန်းများ၊ လုံတောက် ကျေးရွာအုပ်စုနှင့် လီလုကျေးရွာအုပ်စုများတွင် ရေအားလျှပ်စစ်လုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ မန်တုံမြို့နယ်အတွင်းရှိ မန်ပွန်း(က)ကျေးရွာအုပ်စုနှင့် မန်ပွန်း (ပ)ကျေးရွာအုပ်စုများတွင် ကျေးလက်မီးလင်းရေး(ရေအားလျှပ်စစ်)လုပ်ငန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**သောက်သုံးရေရရှိရေး။** နမ့်ဆန်မြို့နယ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဘတ်ဂျက်ဖြင့် မန်မိုင်ကျေးရွာ၊ ဟူးမန်း ကျေးရွာ၊ ခေးခင်ကျေးရွာ၊ မန်တုံမြို့နယ်တွင် ထပ်ချက်ကျေးရွာနှင့် မန်ကန်ကျေးရွာတို့တွင် သောက်သုံးရေရရှိရေးလုပ်ငန်းကို ရာနှုန်းပြည့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဒုတိယ(၆)လ

အတွင်း ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဟူးမန်း၊ ဇယ်တုံဟုန်း၊ ပိန်းလုံ၊ တောင်မ၊ မန်ငိုင်းအောက်၊ ဟိုလတ်၊ မန်ပန်၊ ဟိုချောင်း၊ တုတောင်း၊ ခေးခင်၊ ကပေါင်း၊ ကိုက်တိုင်၊ လွယ်ပြတ်၊ လမ်းလုံကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကျေးလက်လမ်းတံတား။** နမ့်ဆန်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြေသားလမ်း ၅ လမ်း၊ ကျောက်ချောလမ်း ၄ လမ်း၊ ကတ္တရာထပ်ပိုးလွှာ ၁ လမ်း၊ သစ်သားတံတား ၇ စင်း ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ရာနှုန်းပြည့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဘတ်ဂျက်ဖြင့် မန်တုံမြို့နယ် မောလုံ-ရေပုံး မြေသားလမ်း၊ နမ့်ဆန်မြို့နယ် တောင်မ လမ်းခွဲမှ မန်မိုင်ထိ ကျောက်ချောလမ်း၊ လုံတောက်- မန်ပိန်း-လီလု ကျောက်ချောလမ်း၊ နမ့်ဆန်- မန်တုံလမ်းမှ ဇယန်းမြောက်-လွယ်ပတ်မွန်လမ်းထိ ကွန်ကရစ်တံတား တည်ဆောက် ပြီး ဖြစ်ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကတ္တရာလမ်း ၂ လမ်း၊ မြေသားလမ်း ၁ လမ်း၊ ကျောက်ချောလမ်း ၁ လမ်းတို့ကို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လမ်းပန်းဆက်သွယ်ရေး။** နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကုန်းကြမ်းမြို့နယ်၌ မြေသားလမ်း ၃ လမ်း၊ ကျောက်ချောလမ်း ၁ လမ်း၊ ကွန်ကရစ်တံတား အစင်း ၂၀ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လောက်ကိုင် မြို့နယ်၌ ကတ္တရာလမ်း ၂ လမ်း၊ ကျောက်ချောလမ်း ၃ လမ်း၊ မြေသားလမ်း ၃ လမ်း တို့ကို အသီးသီးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကုန်ကြမ်းမြို့နယ်အတွင်း လမ်းတံတား ၁၁ ခု၊ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် လောက်ကိုင်မြို့နယ်အတွင်း လမ်းတံတားလုပ်ငန်း ၁ ခု၊ ကုန်းကြမ်းမြို့နယ် အတွင်း လမ်းတံတားလုပ်ငန်း ၄ ခု တို့ကို အသီးသီးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ကျေးလက်နေပြည်သူများလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာစွမ်းအင်စနစ် ၄၃၃ ယူနစ်ကို ကျေးရွာပေါင်း ၈ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ပြည်သူလူထုအတွက် တန်ဖိုးနည်း အိမ်ရာများ ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လောက်ကိုင်မြို့နယ်အတွင်းရှိ မန်ကျူးကျေးရွာသစ်တွင် တန်ဖိုးနည်း အိမ်ရာ ယူနစ် ၆၀ လုံး၊ ရပ်ကွက်(၁)တွင် တန်ဖိုးနည်း အိမ်ရာယူနစ် ၁၄၀ လုံး၊ တန်ဖိုးနည်း အိမ်ရာယူနစ်များအတွင်း ရေနှင့်မိလ္လာစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူလူထုအတွက် တန်ဖိုးနည်း အိမ်ရာ ယူနစ် ၂၀ လုံးကို လောက်ကိုင်မြို့နယ်တွင် တည်ဆောက်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်ဘတ်ဂျက်တို့ဖြင့် တရား လွှတ်တော်၊ စီမံကိန်းဦးစီးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားတို့၏ ရုံးသစ်များ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်း ၈ ခုတို့ကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ပြည်သူလူထုအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကုန်းကြမ်းမြို့နယ်၌ ရေရရှိရေးလုပ်ငန်း ၄ ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လောက်ကိုင်မြို့နယ်တွင် ရေရရှိရေးလုပ်ငန်း ၃၄ ခု၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ဖြင့် လောက်ကိုင်မြို့နယ်တွင် ရေရရှိရေးလုပ်ငန်း ၁၅ ခု၊ ကုန်းကြမ်းမြို့နယ်တွင် ရေရရှိရေး လုပ်ငန်း ၅ ခု၊ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လောက်ကိုင်မြို့နယ်တွင် ရေရရှိရေးလုပ်ငန်း ၉ ခု၊ ကုန်းကြမ်းမြို့နယ်တွင် ရေရရှိရေးလုပ်ငန်း ၁ ခု တို့ကို အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပညာရေး။** အခြေခံပညာဦးစီးဌာနမှ လောက်ကိုင်မြို့နယ်တွင် အခြေခံပညာမူလတန်း ၁၄ ကျောင်း၊ ကုန်းကြမ်းမြို့နယ်တွင် အခြေခံပညာမူလတန်း ၂ ကျောင်းတို့ကို ကျောင်း ဆောင်သစ် ဆောက်လုပ်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေတို့ဖြင့် ပညာရေးလုပ်ငန်း ၅ ခုကို အကောင် အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ကျန်းမာရေး။** ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကုန်းကြမ်းမြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာန ၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခု တို့ကို အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း**

**လယ်ယာကဏ္ဍ။** တောင်ကုန်းမြင့်များဖြစ်သည့်အတွက် စိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း တောင်သူများသည် စပါးနှင့် အခြားသီးပင်များထက် ဈေးကွက်တွင် တွက်ခြေကိုက်သည့် ရာဘာနှင့် ပြောင်းများကို ဦးစားပေး စိုက်ပျိုးနိုင် ခဲ့ပါသည်။ သီးနှံထွက်ရှိမှုတွင် ရာဘာ ၇,၃၈၁,၁၃၄ ပေါင်၊ အစေ့ထုတ်ပြောင်း ၇၄၂,၄၃၁ တင်း နှင့် ဖူးစားပြောင်း ၂၂,၄၁၁,၉၄၀ ဖူး တို့ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သဲ၊ မြေဖြူ၊ ကျောက်မာများကို ထုတ်လုပ်သည့် လုပ်ငန်းရှင် ၉ ဦးဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ အများပြည်သူတို့၏ လိုအပ်ချက်အပေါ် မူတည်၍ တိုးမြှင့် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းပခုံးပြုပြင်ခြင်း၊ လမ်းချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပညာရေး။** အခြေခံပညာကျောင်းများ ဥပမိရုပ်ကောင်းမွန်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရန်ကျန်ရှိနေသည့် ကျောင်း ၇ ကျောင်းကို ဒုတိယ(၆)လ အတွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးအဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မက်မန်းမြို့နယ်နှင့် ဟိုပန်မြို့နယ် အတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** မြို့ပြနှင့် ကျေးလက်ဒေသတို့၏ စိမ့်စမ်းရေများကို အသုံးပြုနေရသည့်အတွက် သောက်သုံးရေဖူလုံမှုမရှိပါ။ ဟိုပန်မြို့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ရေပေးဝေလျက် ရှိပါသည်။ ကျေးလက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဟိုပန်မြို့နယ် ရန်ဟုန်ကျိုင်းကျေးရွာ၊ အားဟူဝါကျေးရွာ၊ စီပါကျေးရွာ၊ ကုံလုံကျေးရွာ၊ ဆုတ်ကွန်ကျေးရွာ၊ ဖာသဲကျေးရွာ၊ တာကိုကျေးရွာ၊ မြင်စီးရှန်ကျေးရွာ၊ ဆွတ်ပိုးကျေးရွာ၊ နမ့်ဟာငူကျေးရွာတို့အတွက် သောက်သုံးရေ ဖူလုံရေး ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကျေးလက်အိမ်ရာ။** မက်မန်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကျေးလက်အိမ်ရာ လုံးရေ ၂ဝ ကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၆,၀၆၁,၀၅၅.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၆.၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**ဧရာဝတီတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၅-၂၇) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၈) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၅,၅၃၄,၅၅၈.၅ သန်း ရရှိခဲ့၍ ဒုတိယ(၆)လပတ် လျာထားချက်၏ ၉၁.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၅.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် မိုးစပါး စိုက်ပျိုးမှု ၂၃,၇၅၈ ဧက တိုးတက်ခဲ့သော်လည်း မိုးစပါးထွက်ရှိမှု ၈,၃၇၇ တင်းထောင်ပေါင်း လျော့နည်းခဲ့ပါသည်။ နွေစပါး စိုက်ဧက ၅,၁၈၀ ပိုမိုစိုက်ပျိုးနိုင်ပြီး၊ အထွက် ၁,၂၃၅ တင်းထောင်ပေါင်း ပိုမိုထွက်ရှိခဲ့ပါသည်။ အလားတူ ပဲအမျိုးမျိုးစိုက်ဧကမှာ ၁၄,၀၄၁ ဧက

ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက် ပိုမိုထွက်ရှိခဲ့ပါသည်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ၏ စိုက်ဧကများလျော့နည်းခဲ့ပါသည်။ ဒုတိယ (၆) လပတ်တွင် သီးနှံစုံ စုစုပေါင်းစိုက်ဧက ၃၅.၇၇ သိန်း စိုက်ပျိုးနိုင်၍ ယခင်နှစ် (၆) လပတ် စိုက်ဧက ၃၅.၄၂ သိန်းထက် ၀.၃၅ သိန်းပိုမို စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နွေစပါး ရာသီတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်း (GAP) စနစ်ဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေး အတွက် ကျေးရွာအုပ်စု ၂,၀၅၇ အုပ်စုတွင် တောင်သူ ၇,၀၆၈ ဦးဖြင့် ဧကပေါင်း ၂၀,၅၂၁ ဧက လျာထား ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** အစီရင်ခံသည့် ဒုတိယ(၆) လပတ်တွင် ယခင်နှစ်အလားတူ ကာလထက် ဥထုတ်လုပ်မှုစုစုပေါင်း ၁၇,၃၃၃ လုံးရေ ထောင်ပေါင်းနှင့် ရေချို၊ ရေငန်ငါး၊ ပုစွန် ထုတ်လုပ်မှု စုစုပေါင်း ၂၆,၃၃၃ ပိဿာထောင်ပေါင်း ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။ တိုင်းဒေသ ကြီးအတွင်း ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုများကြောင့် တိရစ္ဆာန်များ သေကြေပျက်စီးခြင်း နှင့် အနာရောဂါ ဖြစ်ပွားမှု အနည်းငယ်ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် အသားထုတ်လုပ်မှု ၁၃,၄၇၈ ပိဿာထောင်ပေါင်း နှင့် မွေးမြူရေးပုစွန် ထုတ်လုပ်မှု ၃၉ ပိဿာ ထောင်ပေါင်း လျော့နည်းခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် မတည်ရင်းနှီးငွေ ကျပ် သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၁၁ ရွာအတွက် ကျပ် သိန်း ၃,၃၀၀ ထောက်ပံ့ ပေးခဲ့ပါသည်။ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသပေးမှုတွင် ကျွဲနွား ၁၄၉,၃၇၁ ကောင်၊ ဝက် ၁၆၇,၁၅၃ ကောင်၊ ကြက်နှင့် အခြား ၁၇၉,၂၂၂ ကောင်တို့ကို ကုသပေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် ကျွန်း ၆၆ ကုဗတန်၊ ကျွန်းနှင့် သစ်မာတိုင် ၃၀၆ လုံး၊ မီးသွေး ၈,၃၇၃ ကုဗတန် ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး သစ်မာ ၁,၇၀၅ ကုဗတန်၊ ထင်း ၁၆၇,၁၄၂ ကုဗတန်၊ သစ်ခေါက် ပိဿာ ၁၀၄,၃၉၀ ယခင်နှစ် အလားတူ ကာလထက် လျော့နည်းထုတ်လုပ်ခဲ့ပါသည်။ အခြားသစ်တောထွက်ပစ္စည်းများကိုလည်း စီမံကိန်းရည်မှန်း ချက်ဘောင်အတွင်းမှ ထုတ်လုပ်လျက် ရှိပါသည်။

**စွမ်းအင်ကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် ရေနံစိမ်းထုတ်လုပ်မှု အမေရိကန်စည် ထောင်ပေါင်း ၁၀.၁၇၆၊ သဘာဝဓာတ်ငွေ့(ကုန်းတွင်း) ထုတ်လုပ်မှုတွင် ၃၀၅ ကုဗပေသန်း နှင့်

ဘူးသွင်းသဘာဝဓာတ်ငွေ့ ၄၂၄ ကုဗပေသန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ၁၈,၂၁၉ ကုဗပေသန်း လျော့နည်းထုတ်လုပ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်း ထုတ်လုပ်မှုတွင် ထုံးကျောက် တန် ၇၇,၃၄၀ နှင့် သံကျောက် တန် ၅,၀၀၀ လျော့နည်းခဲ့ပြီး ပုဂ္ဂလိကပိုင် အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများ ကျပ် ၁,၀၉၁.၀ သန်း အလားတူ ကာလထက် ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒုတိယ (၆) လပတ်အတွင်း ပုသိမ်ခရိုင်၊ စက်မှုဇုန် လုပ်ငန်းများအနေဖြင့် North Shore အထည်ချုပ်စက်ရုံမှ မိုးကာများ၊ သားမွေး အနွေးထည်များ ထုတ်လုပ်ခြင်း၊ ပုဂ္ဂလိကပိုင်အခန်း ဆန်စက်ကြီး ၁၄ စက်၊ ငါးပုံဆန်စက် ၇၂ စက်၊ ဆီစက် ၂ စက်၊ ရေသန့်စက် ၂ စက်၊ ပီလောပီနံကြိတ်စက် ၃၂ ခု၊ မော်တော်ယာဉ်၊ ရေယာဉ် ပြင်ဆင်လုပ်ငန်း ၄ ခု၊ အထွေအထွေစက်မှုလုပ်ငန်း ၄၀ ခု တိုးတက်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စက်မှု လုပ်ငန်းများမှာ အကြီးစားစက်မှုလုပ်ငန်း ၅၅၄ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၆၀၅ ခု၊ အငယ်စားစက်မှုလုပ်ငန်း ၄,၈၁၁ ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း ၅,၉၇၀ ခု ရှိပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အလားအလာကောင်းပြီး ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော စီးပွားရေးလုပ်ငန်းများကို ဖော်ထုတ်၍ Cluster များစုဖွဲ့ခြင်း၊ SME Cluster များ၏ လိုအပ်ချက်ဖြစ်သော နည်းပညာ၊ ငွေကြေးရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိ ရာ SME ချေးငွေကျပ် ၂ ဘီလီယံ ခွင့်ပြုချက်ရရှိထားပြီး လုပ်ငန်းရှင် ၆၅ ဦးသို့ ကျပ် ၁,၂၀၇.၅ သန်း ထုတ်ချေးထားပြီး ဖြစ်ပါသည်။ နည်းပညာရရှိရေးဆောင်ရွက်ပေးနိုင်မှုအနေဖြင့် ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်ရှိ ဆားစက်လုပ်ငန်းရှင်များအား Netherland နိုင်ငံမှ ကျွမ်းကျင်ပညာရှင် Mr JAN ROES မှ ဆားကွင်းများ၊ ဆားစက်များသို့ ကွင်းဆင်း၍ လိုအပ်သော နည်းပညာများပေးလျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** အစီရင်ခံသည့်ကာလတွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် ၆၈၆,၃၇၃ ကီလိုဝပ်နာရီထောင်ပေါင်း ရှိခဲ့ပြီး ၅၂,၁၄၄ ကီလိုဝပ်နာရီထောင်ပေါင်း ပိုမိုသုံးစွဲခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်းနှင့် အခြားဓာတ်အားလိုင်းများမှ

ဓာတ်အားဖြန့်ဖြူးပေးရာတွင် လှိုင်သာယာ-အသုတ် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း၊ ရွှေတောင်-ပြည်-မြန်အောင် ၆၆ ကေဗွီဓာတ်အားလိုင်း၊ လှိုင်သာယာ-ညောင်တုန်း-မအူပင် ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ လှိုင်သာယာ-ကွမ်းခြံကုန်း-ဒေးဒရဲ ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ တိုက်ကြီး-အဖျောက်-ဆကာကြီး ၁၁ ကေဗွီဓာတ်အားလိုင်းတို့မှ ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ (၂၃၀/ ၆၆/ ၁၁) ကေဗွီ(၂ x ၅၀) အမ်ဗွီအေ ပုသိမ်ခွဲရုံ Switch Bay တိုးချဲ့ တပ်ဆင်ခြင်း၊ ၂၃၀ ကေဗွီ အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်း ၃၀.၂၆ မိုင် တည်ဆောက် ခြင်းတို့တွင် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီး ဓာတ်အားဖြန့်ဖြူးပေးလျှက်ရှိပါသည်။ ဟိုင်းကြီးကျွန်းမြို့နယ် နှင့် ငရုတ်ကောင်းမြို့နယ်တို့တွင် ပြည်သူလူထု လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၆၆ ကေဗွီ၊ ပုသိမ်-ငရုတ်ကောင်း တောင်-ငါးပြေမ ဓာတ်အားလိုင်း ၇၆.၅ မိုင်တိုးချဲ့ခြင်း၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ငါးပြေမဓာတ်အားခွဲရုံ တိုးချဲ့တပ်ဆင်ခြင်း၊ ၆၆/၃၃/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ငရုတ်ကောင်းတောင်ခွဲရုံတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ခန့် ပြီးစီးပြီး ဖြစ်ပါသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ကျေးရွာများတွင် ကျေးလက်မီးလင်းရေးလုပ်ငန်း များ ဆောင်ရွက်လျှက်ရှိရာ ကျေးရွာ ၁၁,၉၀၈ ရွာအနက် ဒုတိယ(၆)လပတ်အတွင်း လျှပ်စစ် ဓာတ်အားဖြင့် ၁၇၆ ရွာ၊ နေရောင်ခြည်ဖြင့် ၅၇၀ ရွာ မီးရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ**။ နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည် ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ပညာရေး ဝန်ကြီးဌာန၊အမှတ်(၁) အခြေခံပညာ ဦးစီးဌာနမှ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း တံတားလုပ်ငန်း၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်ယင်လုံအိမ်သာ တည်ဆောက်ခြင်း လုပ်ငန်း နှင့် မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မအူပင်ပံတပွတ်ရွာ ဓာတ်အားရရှိရေးလုပ်ငန်း၊ လပွတ္တာအမှတ် (၉) ရပ်ကွက်ရှိ လမ်း(၆) လမ်းတွင် ကွန်ကရစ် တိုင်များတိုးချဲ့ခြင်း၊ ညောင်တုန်း မြို့နယ်၊ မဲဇလီဒေသ လျှပ်စစ်ဓာတ်အား ရရှိရေးလုပ်ငန်း၊ မြောင်းမြမြို့၊ ဇလပ်ကွင်း၊ ရှခင်းသာ

ကျေးရွာများတွင် လျှပ်စစ်ရရှိရေး ဓာတ်အားလိုင်း တိုးချဲ့ခြင်းလုပ်ငန်းများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လမ်းနှင့်တံတားများ တည်ဆောက်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် နိုင်ငံပိုင်အခန်း မြန်မာ့မီးရထားနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ပို့ဆောင်ရေးလုပ်ငန်းများ ပို့ဆောင်ပေးမှု လျော့နည်းသော်လည်း ပုဂ္ဂလိကပိုင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းတို့သည် အချိန်တို အတွင်း ပို့ဆောင်ပေးနိုင်သဖြင့် ခရီးသွားလာမှုအနေဖြင့် ပိုမိုတွင်ကျယ်လျက်ရှိပါသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ (၆) လပတ်အထိ လူစီးဆလွန်းကားစီးရေ ၁၄၀၊ ဆိုင်ကယ်စီးရေ ၁၃,၃၀၀၊ ထော်လာဂျီ ၂၁၈ စီး စုစုပေါင်း ၁၃,၆၅၈ စီး မှတ်ပုံတင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** တိုင်းဒေသကြီးအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လက်လှည့်တယ်လီဖုန်းအိတ်ချိန်း၅၂ ခု၊ GSM / WCDMA မိုဘိုင်းရေဒီယို စခန်း ၁၀၆ ရုံး၊ CDMA Mobile ရေဒီယိုစခန်း ၃၉ ရုံး၊ မိုက်ကရိုဝေ့ဖ် စခန်း ၃၈ ရုံး၊ ဖိုင်ဘာ စခန်း ၁၅ ရုံး၊ ရေအောက်ကေဘယ်စခန်း ၃ ရုံး၊ MPT Satellite Terminal ၁၄၀ ခု၊ မြန်နှုန်းမြင့် အင်တာနက် (ADSL စနစ်) ဝန်ဆောင်မှုပေးနိုင်သည့် အိတ်ချိန်း ၁၁ ခုတို့ဖြင့် တယ်လီဖုန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အညီ e-government လုပ်ငန်းများကိုလည်း အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် WCDMA Moblie တယ်လီဖုန်း ၄၄၁,၃၁၄ လုံး နှင့် အော်တိုတယ်လီဖုန်း (ကြိုးဖုန်း) ၇၁ လုံး တပ်ဆင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာခြင်းကြောင့် ဆက်သွယ်ရေးစာတိုက်လုပ်ငန်း အသုံးပြုမှု လျော့နည်း လာပြီး ဝင်ငွေရရှိမှု လျော့နည်းခဲ့ပါသည်။ တယ်လီဖုန်းဝင်ငွေ ရရှိမှုအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းများ၏ ခေါ်ဆိုခများ အပြိုင်အဆိုင်လျော့ဈေးများ ပြုလုပ်လာကြသော်လည်း ဝင်ငွေရရှိမှု လျော့နည်းခဲ့ပြီး ကြေးနန်းလုပ်ငန်းမှဝင်ငွေရရှိမှုမှာလည်း လျော့နည်းခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ဒုတိယ(၆)လပတ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဝင်ငွေရရှိမှု လျော့နည်းခဲ့သော်လည်း မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းမှ

ဝင်ငွေများတိုးတက်လာပြီး သမဝါယမ ငွေစုငွေချေးအသင်းများမှ ချေးငွေပိုမို ထုတ်ချေးနိုင်ခဲ့ပါသည်။ ဒုတိယ (၆) လပတ်တွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(ပုသိမ်)၊ ဧရာဝတီတောင်သူလယ် သမားများဖွံ့ဖြိုးရေးဘဏ်(ပုသိမ်)၊ အာရှရန်ကုန်ဘဏ်(ဟင်္သာတ)၊ ရိုးမဘဏ် (ဟင်္သာတ)၊ ကမ္ဘောဇဘဏ်(ကြံခင်း) နှင့် ဧရာဝတီဘဏ်(ပန်းတနော်၊ ဖျာပုံ၊ လပွတ္တာ) စသည့် ပုဂ္ဂလိကဘဏ် ၉ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပုဂ္ဂလိက ငွေချေးလုပ်ငန်း များတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကဘဏ် စုစုပေါင်း ၇၃ ခုအထိ ဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်လျက် ရှိပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ပြီး တိုင်းဒေသကြီးတွင် ကိုယ်ပိုင်အလယ်တန်းကျောင်း ၂ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းသား/ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေး မြင့်မားမှုအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်မှုအနေဖြင့် အထက ၂၁ ကျောင်း၊ အလက ၁၄ ကျောင်း၊ အမက ၃၁ ကျောင်း၊ အထက(ခွဲ) ၄၇ ကျောင်း၊ အလက(ခွဲ) ၁၆၇ ကျောင်းမူလတန်းလွန် ၁၀၀ ကျောင်း၊ အမကခွဲ ၁၀၁ ကျောင်းတို့ကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးအတွင်း ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်အနေဖြင့် အခြေခံပညာကျောင်းပေါင်း ၆,၈၆၇ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ကျောင်းသားကျောင်းသူပေါင်း ၁,၁၇၅,၃၉၆ ဦးကို ဆရာ၊ ဆရာမ ၄၈,၃၄၂ ဦးဖြင့် လေ့ကျင့်သင်ကြားပေးနေပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းများဖျက်သိမ်း၍ အသစ်ဆောက်လုပ် ခြင်း ၃၅၉ ကျောင်း၊ မူလတန်းကြို ကျောင်းဆောင်များ ဆောက်လုပ်ခြင်း ၂၃ ကျောင်း၊ လွှတ်တော်မှ ပြည်သူ့ကိုယ်စား တင်ပြသောကျောင်း ၁၁၄ ကျောင်း၊ စုစုပေါင်း ထက်၊ လယ်၊ မူ ကျောင်း ၄၉၆ ကျောင်းအား ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဆရာအတတ်ပညာဦးစီးဌာန၊ ပုသိမ်ပညာရေးကောလိပ်မှ မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်းနှင့် ဂါလံ ၈၀၀ ဆံ့ ပေ ၂၀ အမြင့်ရေစင်ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးရုံသစ်များ၊ သူနာပြုသင်တန်းကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဆောက်လုပ်ခဲ့ရာ ပုသိမ်မြို့ တိုင်းဒေသကြီးဆေးရုံသစ်နှင့် သူနာပြုသင်တန်းကျောင်း အဆောင်ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၅၀၀၊ ဇလွန်မြို့နယ် ကောက်ပတိုက်နယ် ဆေးရုံဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၄၅၀၊ တိုင်းအတွင်း ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ဝါးခယ်မ၊ ညောင်တုန်း၊ ပန်းတနော်၊ မျောင်းမြ၊ ဘိုကလေး၊ လပွတ္တာ မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာနများ ဆောက်လုပ်ခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်းရှိ ခုတင် (၁၀၀/၅၀/၂၅/၁၆) ခုတင်နှင့် ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲများအတွက် ဆေးဝါးများ ဝယ်ယူခြင်းကို ကုမ္ပဏီ ဆေးဆိုင်များနှင့် စာချုပ်ချုပ်ဆိုပြီး ဆေးဝါးစတင် ဖြန့်ဖြူးလျက်ရှိပါသည်။ ကျန်းမာရေး ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခုတင် ၅၀ ဆံ့ ပုသိမ်တိုင်းရင်းဆေးရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ ၄ ခန်း တွဲ ၄ ထပ် ဝန်ထမ်းအိမ်ရာနှင့် ဇလွန်မြို့နယ် တိုင်းရင်းဆေးကုဌာနတွင် တိုးချဲ့ဆောင်အား ဝန်ထမ်းအိမ်ရာအဖြစ် ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်မြောင်းရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၄ လက်မပိုက် သောက်သုံးရေ စက်ရေတွင်းများကို ပုသိမ်ခရိုင်အတွင်း ၄ မြို့နယ်၌ ၁၆ တွင်း၊ ဟင်္သာတခရိုင်အတွင်း ၂ မြို့နယ်၌ ၁၀ တွင်း၊ မအူပင်ခရိုင် အတွင်း ၁ မြို့နယ်၌ ၅ တွင်း နှင့် မျောင်းမြခရိုင်အတွင်း ၂ မြို့နယ်၌ ၆ တွင်း စုစုပေါင်း သောက်သုံးရေစက်ရေတွင်း ၃၇ တွင်း တူးဖော်ဆောင်ရွက်ခဲ့ပါသည်။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်းသည် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်နေပြီး ခရီးသွားလုပ်ငန်းသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် တိုင်းဒေသကြီးအတွင်း ပုသိမ်ဟိုတယ်၊ ချောင်းသာ လိုင်လိုင်းဟိုတယ်နှင့် နပူးချောင်းသာဟိုတယ်တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ပြတ်ငှားရမ်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ပုသိမ်မြို့တွင် ဟိုတယ် ၂ လုံးနှင့် တည်းခိုရိပ်သာ ၉ လုံး၊ ချောင်းသာကမ်းခြေ ဟိုတယ်ဇုန်ဒေသတွင် ဟိုတယ် ၁၆ လုံး၊ တည်းခိုရိပ်သာ ၇ လုံးနှင့် ငွေဆောင်ကမ်းခြေ ဟိုတယ်ဇုန်ဒေသတွင် ဟိုတယ် ၂၄ လုံး တို့မှ ခရီးသည် တည်းခိုရေး ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ပြည်ပဧည့်သည်တည်းခိုမှု ၄၂,၅၄၈ ဦးရှိပြီး ပြည်တွင်းဧည့်သည် ၁၉၄,၇၄၇ ဦး တည်းခိုခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေ ကျပ် ၄,၄၈၄.၂ သန်း ရရှိခဲ့ပါသည်။ ဒေသတွင်း ဟိုတယ်များတွင် တည်းခိုမှုကာလ တိုးတက်လာပြီး ၎င်းတို့၏ ဒေသတွင်း နေထိုင်လည်ပတ်မှုအပေါ် မူတည်၍ လုံခြုံရေး၊ ကမ်းခြေဒေသ သဘာဝအလှတရား မပျက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် စိုက်ပျိုးသူ၊ ရောင်းဝယ်သူများ အကျိုးအမြတ် မျှမျှတတ ရရှိစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စွာ စီးဆင်းစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်စေရေး၊ အရည်အသွေး နှင့် အချိန်အတွယ်များ မှန်ကန်စေရေးတို့ကိုရှေ့ရှု၍ ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ် ၉ မြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်သော ဒေသထွက်ကုန်များ တစ်စုတစ်စည်းတည်း စုပေါင်းရောင်းချနိုင်သော ကုန်စည်ဒိုင်များကို ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် မတ်လအတွင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆန်စပါး ကုန်စည်ဒိုင် နှင့် အိမ်မဲမြို့နယ်တွင် ပဲမျိုးစုံ ကုန်စည်ဒိုင်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆန်စပါး နှင့် ပဲမျိုးစုံ ထွက်ရှိမှုများပြီး လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော မြောင်းမြခရိုင်ရှိ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် လပွတ္တာခရိုင်ရှိ လပွတ္တာမြို့နယ်များတွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်နိုင်ရေး ဒေသခံလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် အကောင်အထည်ဖော်မှုရာခိုင်နှုန်း ပြည့်မီစေရန်အတွက် အလားအလာကောင်းမွန်သော ကဏ္ဍများမှာ သားငါးကဏ္ဍ နှင့် ခရီးသွားကဏ္ဍတို့ ဖြစ်ပါသည်။ သားငါးကဏ္ဍတွင် ငါးထုတ်လုပ်မှု တိုးတက်စေရန် သဘာဝ မြစ်၊ ချောင်း၊ အင်း၊ ဆည်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း၊ မအူပင်ခရိုင် အတွင်း တစ်နိုင်တစ်ပိုင် ငါးသားပေါက် ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်း၊ ငါးထုတ်လုပ်သည့် အစုအဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားလုပ်ငန်းတွင် ပင်လယ်ကမ်းခြေဒေသများဖြစ်သော ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေအပါအဝင် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့်နေရာများသို့ ဧည့်သည်များ ပိုမိုဝင်ရောက်စေရေး၊ သဘာဝကမ်းခြေ ခရီးစဉ်ဒေသများ တိုးပွားရေး၊ ခရီးသွားလုပ်ငန်း အခြေပြုဒေသများ၏ အဆင့်မီဟိုတယ်၊ တည်းခိုရိပ်သာများ တိုးချဲ့တည်ဆောက်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေများတိုးတက် ရရှိလာမည်ဖြစ်ပါသည်။

**နေပြည်တော်ကောင်စီနယ်မြေ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၈၀၉,၇၅၈.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၅.၃ ရာခိုင်နှုန်း လျော့နည်းမည်ဖြစ်ပါသည်။


**နေပြည်တော်ကောင်စီနယ်မြေ၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**


**ပုံ(၅-၂၉) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၃၀) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(နေပြည်တော်ကောင်စီနယ်မြေ)။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ယာယီစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၀၄၁,၂၀၄.၂ သန်း ရရှိခဲ့၍ ဒုတိယ (၆) လပတ်လျာထားချက်၏ ၁၂၈.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** သီးနှံစိုက်ဧက စုစုပေါင်း ၂၀၇,၇၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းသီးနှံ များဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဧရာတ်စို၊ ကြက်သွန်နီ စသည့် သီးနှံများ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့၍ မတ်ပဲ တင်း၈၃,၀၀၀၊ ပဲတီစိမ်း တင်း ၁၂,၀၀၀၊ နှမ်း တင်း၇,၀၀၀၊ ဧရာတ်စို ပိဿာ ၁၁၁,၀၀၀ ၊ ကြက်သွန်နီ ပိဿာ ၆၅၇,၀၀၀ ပိုမိုထွက်ရှိခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် နွေစပါး ၄,၃၁၈ ဧကေ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့၍ တင်း ၁၀၈,၀၀၀ ပိုမိုထွက်ရှိခဲ့ပါသည်။ ပြည်တွင်းအထွက်ကောင်းမျိုးများဖြစ်သည့် မနောသုခ၊ မျိုးသန့်စပါးများကို စိုက်ပျိုးရေး သုတေသန ဦးစီးဌာနနှင့် မျိုးသန့်ခြံများမှ မှာယူကာ မြို့နယ်(၈)မြို့နယ်တွင် မြို့နယ် အလိုက် မျိုးသန့်စံပြရွာများ တည်ထောင်၍ စိုက်ပျိုးဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် မြစိမ်းရောင် အသားကဏ္ဍဖြန့်ဖြူးခြင်းကို ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနား မြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ အစီရင်ခံသည့် ဒုတိယ(၆) လပတ်တွင် အသားထုတ်လုပ်မှု ၁,၀၃၁ ပိဿာထောင်ပေါင်းနှင့် ဥထုတ်လုပ်မှု ၄,၇၇၈ လုံးရေထောင်ပေါင်း ယခင်နှစ်ထက် ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ငါးထုတ်လုပ်မှုတွင် မွေးမြူရေးငါးထုတ်လုပ်မှု ယခင်နှစ်ထက် လျော့နည်း ခဲ့သော် လည်း အင်းငါးထုတ်လုပ်မှုတွင် ပိဿာ ၅,၀၀၀ နှင့် ဘုံငါးဖမ်းထုတ်လုပ်မှုတွင် ပိဿာ ၁၇,၀၀၀ အလားတူကာလထက် တိုးတက်ထုတ်လုပ်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် ယခင်နှစ် အလားတူကာလထက် ကျွန်း ၅၄ ကုဗတန်၊ ကျွန်းနှင့် သစ်မာတိုင် ၁,၂၂၈ လုံး၊ ထင်း ကုဗတန် ၂၈,၉၃၀၊ လျှော် ၁၀၄ ပိဿာ ပိုမို ထုတ်လုပ်နိုင်ခဲ့ပြီး မီးသွေး ၁၀၁ ကုဗတန် နှင့် သစ်ခေါက် ပိဿာ ၂,၁၉၀ လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ အခြားသစ်တောထွက် ပစ္စည်းများကိုလည်း စီမံကိန်းရည်မှန်းချက်ဘောင် အတွင်းမှ ထုတ်လုပ်လျက် ရှိပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း ယခင်နှစ်အလားတူ ကာလထက် နိုင်ငံပိုင်အခန်း ထုတ်လုပ်မှုတွင် ကျောက်မာ ၁,၇၇၂ ကျင်း လျော့နည်းခဲ့ပြီး ပုဂ္ဂလိကပိုင် အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှု ကျပ် ၁,၆၆၂.၄ သန်း တိုးတက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းကဏ္ဍမှ သကြားစက်၊ သစ်စက်၊ ဘိလပ်မြေစက်ရုံ၊ အုတ်စက်လုပ်ငန်းတို့မှ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သစ် လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်လုပ်ငန်းမှ သစ်မာခွဲသား ထုတ်လုပ်မှုနှင့် မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်းပိုင် သကြားစက်ရုံများမှ သကြား၊ တင်လဲရည်နှင့် အီသနော ၉၉.၅ ရာခိုင်နှုန်း၊ အီသနော ၉၆ ရာခိုင်နှုန်း၊ Cyclohexane Gasohol စသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရေသန့်စက်ရုံမှ ရေသန့်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး မြန်မာ့

မီးရထားမှ အကြီးစားပြင်ဆင်ခြင်းနှင့် အသေးစားပြင်ဆင်ခြင်းလုပ်ငန်းများ အလားတူကာလ ထက် တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းတွင် မှတ်ပုံတင်ဆောင်ရွက်နေသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း ပေါင်း ၆၁၆ ခု လည်ပတ်ဆောင်ရွက်လျက်ရှိရာ စားသောက်ရေးဆိုင်ရာ စ က်မှုလုပ်ငန်း ၇၅ ရာခိုင်နှုန်း၊ နေထိုင်ရေးဆိုင်ရာ စက်မှုလုပ်ငန်း ၆ ရာခိုင်နှုန်း၊ အထွေထွေစက်မှုအလုပ်ရုံများ ၁၂ ရာခိုင်နှုန်း၊ ဓာတ်သတ္တုပစ္စည်းများ ပြုပြင်ထုတ်လုပ်ငန်း ၂ ရာခိုင်နှုန်းနှင့် အခြားစက်မှု လုပ်ငန်းများမှာ ၅ ရာခိုင်နှုန်း ပါဝင်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** အစီရင်ခံသည့်ကာလတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၃၀၅,၁၇၅ ကီလိုဝပ်နာရီထောင်ပေါင်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၉,၃၇၅ ကီလိုဝပ် နာရီထောင်ပေါင်း ပိုမိုသုံးစွဲခဲ့ပါသည်။ နိုင်ငံတော်ဓာတ်အားမှ ကျေးရွာပေါင်း ၂၂ ရွာသို့ ဖြန့်ဖြူး ထားပြီး မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ အခြားစွမ်းအင် အသုံးပြုသော ကျေးရွာများမှာ နေရောင်ခြည်စွမ်းအင်ဖြင့် ၅ ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနတွင် နေပြည်တော်ရဲတပ်ဖွဲ့ ဆောက်လုပ်ရေးအတွက် တပ်ကုန်းမြို့မရဲစခန်း၊ လယ်ဝေးမြို့မရဲစခန်း၊ ပျဉ်းမနားမြို့မရဲစခန်းတို့ ဆောက်လုပ်ခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တည်ဆောက်ရေး (၅) မှ ချောင်းမငယ် ရေလှောင်တမံစီမံကိန်း၊ နေပြည်တော် စိမ်းလန်းစိုပြေရေးအတွက် ဆည်ငယ် ကန်ငယ်များ တည်ဆောက်ခြင်း၊ ရေဆင်းဆည်၊ ငလိုက်ဆည်၊ ဆင်သေဆည်များ၏ ဆည်ရေ သောက်စနစ် ပိုမိုကောင်းမွန်ရန် တူးမြောင်းများ ခေတ်မီအောင် ပြန်လည်ပြုပြင်ခြင်း၊ ရေဆင်းဆည်သို့ ကျောက် သံပတ်ချောင်းမှ ရေကူဖြည့်သွင်းခြင်းများ ဆောက်လုပ်နိုင်ခဲ့ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် လမ်းနှင့် တံတား တည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးလမ်း များအတွက် အဆောက်အဦ တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးရေးနှင့် ဓာတ်အားလိုင်း များ တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးကဏ္ဍ လေကြောင်းပို့ဆောင်ရေးတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းလေကြောင်းပို့ဆောင်ရေးမှ နေပြည်တော်-ရန်ကုန်၊

နေပြည်တော်- မန္တလေး ခရီးစဉ်များ ပြေးဆွဲလျှက်ရှိပါသည်။ အစီရင်ခံသည့် ကာလတွင် ခရီးသည် နှင့် ကုန်စည်ပို့ဆောင်ပေးမှု အလားတူကာလထက် တိုးတက်လာပါသည်။

မီးရထားဖြင့်ပို့ဆောင်ရေးတွင် နေပြည်တော်ဘူတာကြီးအပါအဝင် မီးရထားဘူတာ ၄ ခုမှ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-တောင်တွင်းကြီး ခရီးစဉ်များ ပြေးဆွဲလျှက်ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် မြန်မာ့မီးရထားလုပ်ငန်းမှ ကုန်စည်ပို့ဆောင်မှု ယခင်နှစ်ထက် တိုးတက်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ခြင်းတွင် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း) နှင့် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်း သိမ်းရေးကော်မတီ (အဝေးပြေး) တို့မှ ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးလျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် WCDMA မိုဘိုင်းဖုန်း ၂၃၀,၀၈၅ လုံးနှင့် အော်တိုတယ်လီဖုန်း ၈၉၂ လုံး ကို တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း တိုးတက်မှုအနေဖြင့် ကြေးနန်းရုံး ၇ ရုံး၊ ကြေးနန်း ဆက်သွယ်ခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ၈ မြို့နယ်တွင် လည်းကောင်း၊ ဖက်စ်ဖြင့် ကြေးနန်းဆက်သွယ်ခြင်းလုပ်ငန်းကို နေပြည်တော်မှ မြို့ပေါင်း ၃၂၅ မြို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် တယ်လီဖုန်း အိတ်ချိန်းပေါင်း ၂၁ ခု တိုက်ရိုက်အိတ်ချိန်းလိုင်း ၂၃,၂၂၅ လိုင်း ရှိလာခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေးစနစ်များပိုမိုကောင်းမွန်လာ၍ ဆက်သွယ် ရေးစာတိုက်လုပ်ငန်း အသုံးပြုမှု လျော့နည်းလာခြင်းကြောင့် ဝင်ငွေရရှိမှု လျော့နည်းခဲ့ပါ သည်။ တယ်လီဖုန်းဝင်ငွေ ရရှိမှုတွင် ဆက်သွယ်ရေးလုပ်ငန်းများ၏ ခေါ်ဆိုခများ အပြိုင်အဆိုင် ဈေးလျော့လာ၍ ခေါ်ဆိုခများ ကျဆင်းခဲ့သော်လည်း ကြေးနန်းလုပ်ငန်းမှ ဝင်ငွေရရှိမှု တိုးတက် ခဲ့ပါ သည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဝင်ငွေလျော့နည်းခဲ့သော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေး ဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ ဝင်ငွေများ တိုးတက်လာပါသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ပုဂ္ဂလိကဘဏ်ခွဲ ၂၈ ခုဖြင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အခြေခံပညာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီရှိ ကျောင်းပေါင်း ၁၅၃ ကျောင်းတွင် ကျောင်းဆောင်သစ်များ ဆောင်ရွက်ပေးခဲ့ရာ မြို့နယ် ၈ မြို့နယ်ရှိ မူလတန်းကျောင်း ၈၅ ကျောင်း၊ မူလတန်းကျောင်းခွဲ ၂ ကျောင်း ၊ မူလတန်းလွန်ကျောင်း ၃၃ ကျောင်း၊ အလယ်တန်း ကျောင်း ၇ ကျောင်း၊ အ.လ.ကခွဲ ၁၄ ကျောင်း၊ အထက်တန်းကျောင်း ၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၄ ကျောင်းတွင် ကျောင်းဆောင်သစ်များ တည်ဆောက်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခဲ့ပါသည်။

ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေတွင်းရေကန်များ တူးဖော်ခြင်း၊ စိမ့်စမ်းများပျိုးထောင်ခြင်း၊ ချောင်းရေတင် လုပ်ငန်းများနှင့် ပိုက်လိုင်းသွယ်တန်းခြင်း၊ မိုးရေလှောင်ရန် မြေသားရေကန်များ တူးဖော်ပေးခြင်းများအတွက် လုပ်ငန်း ၃၀ ခု ကို ဆောင်ရွက်ပေးခဲ့ပါသည်။ အစီရင်ခံသည့်ကာလတွင် တွင်းတိမ်တူးဖော်ခြင်း ၁၃ တွင်း၊ တွင်းနက် ၁၆ တွင်းနှင့် စိမ့်စမ်းသွယ်တန်းခြင်း ၁ ခု ဆောင်ရွက်ပြီး ဒေသနေလူဦးများအား သောက်သုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်ပေးခဲ့ပါသည်။

**ဟိုတယ်နှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဗုဒ္ဓဂါယာ (ဖွား၊ပွင့်၊ဟော၊စံ) ဥပ္ပါတသန္တိ စေတီတော်၊ ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသား အထိမ်းအမှတ် ဥယျာဉ်သို့ ကမ္ဘာလှည့်ခရီးသည်နှင့် ပြည်တွင်းခရီးသွားများ ပိုမိုဝင်ရောက်လာသဖြင့် ပုဂ္ဂလိကပိုင်အခန်းတွင်ရှိသော ဟိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားလုပ်ငန်းများ၏ ဝင်ငွေများ၊ တိုးဂိတ်လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း။** အစီရင်ခံသည့်ကာလအထိ နေပြည်တော်သံတမန်ဇုန်တွင် နိုင်ငံတော်ညှေ့ဂေဟာ ဟိုတယ် ၁၀ လုံး၊ ဟိုတယ်ဇုန် (၁) တွင် အဆင့်မြင့်ဟိုတယ် ၃၄ လုံး၊ ဟိုတယ်ဇုန် (၂) တွင် အဆင့်မြင့်ဟိုတယ် ၁၆ လုံး၊ ဟိုတယ်ဇုန် (၃) တွင် အဆင့်မြင့် ဟိုတယ် ၃ လုံး အခန်းပေါင်း ၅,၁၃၇ ခန်းဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

နေပြည်တော်စည်ပင် သာယာရေးကော်မတီပိုင် ဧည့်ရိပ်သာတွင် အခန်းပေါင်း ၁,၃၁၂ ခန်းနှင့် ပုဂ္ဂလိကပိုင် တည်းခိုခန်း ၃၄ ခု အခန်းပေါင်း ၅၅၄ ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်ထားသော ဈေးများ၊ ပွဲရုံများမှတဆင့် လူသုံးကုန်ပစ္စည်းနှင့် စပါး၊ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံသီးနှံများအား ဖြန့်ဖြူး ရောင်းချလျက် ရှိပါသည်။ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် ကုန်စိမ်းလက်ကားဒိုင် ၇ ခုဖြင့် ရှမ်းပြည်နယ် အောင်ပန်းနှင့် တပ်ကုန်းမြို့တို့မှ ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများ တင်သွင်းရောင်းချလျက် ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ဆန် တင်သွင်းမှုရှိပြီး ပြောင်းနှင့် မတ်ပဲကို အခြားဒေသများသို့ တင်ပို့ပါသည်။ ပုဗ္ဗသီရိမြို့နယ် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးခြံမှ အရည်အသွေးမီ သီးနှံများ ရောင်းချလျက်ရှိပါသည်။

## အခန်း(၆)

## ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံ စီးပွားရေးအသိုက်အဝန်း ပြည်သူ့စွမ်းအားတို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးတို့အား အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံစီးပွားရေးလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။နိုင်ငံစီးပွားရေးတွင် အရေးပါသည့် ပုဂ္ဂလိကကဏ္ဍကို နိုင်ငံတော်ကအားပေးမြှင့်တင်ခဲ့ပါသည်။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာတွင် ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းရှင်များသာမက ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ အခန်းကဏ္ဍတွင် ပါဝင်သော အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးကိုပါ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍတွင် တစ်ခုအပါအဝင် ဖြစ်သော ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် (၁၉၁၄)ကုမ္ပဏီများအက်ဥပဒေတို့အရပြည်တွင်း၊ ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များ မှစီးပွားရေးတိုးချဲ့ ရင်းနှီးမြှုပ်နှံနိုင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးကော်ပိုရေးရှင်း (IFC) အကူအညီဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၂)နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ်အား ဥပဒေတစ်ရပ်တည်းဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေ ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ(၁၉၁၄) အား အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီဖြင့် အသစ်ပြန်လည်ရေးဆွဲ၍ ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

### ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား များစွာဖြေလျှော့ပေးမှုကြောင့် အမေရိကန်စီးပွားရေး ပိတ်ဆို့မှုဖြေလျှော့ပေးခဲ့သည့်နောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သိသာစွာ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သင်တန်းများ၊ဆွေးနွေးပွဲများအား ကွင်းဆင်း၍ ဆွေးနွေး

လျက်ရှိပါသည်။ကုမ္ပဏီပိုင်းဆိုင်ရာများကိုလည်း ဖြေလျော့ပေးလျက်ရှိရာ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင် ယခင်လုပ်ငန်းအဆင့်(၁၁)ဆင့်မှ ယခုလုပ်ငန်းအဆင့်(၄)ဆင့်သို့ လျော့ချခဲ့ပြီးဖြစ်၍ ကြာမြင့်ချိန်အနေဖြင့် ယခင်(၇)ရက်မှ ယခု(၃)ရက်သို့ လျော့ချပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကုမ္ပဏီများမှတ်ပုံတင်ရာတွင် ရင်းနှီးမြှုပ်နှံသူဘက်မှ တင်ပြလာသော အချက်အလက်များ ပြည့်စုံပါက ချက်ချင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စ၊ အလုပ်သမားမှတ်ပုံတင်ဆိုင်ရာကိစ္စများ ဆောင်ရွက်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုသတင်းအချက်များပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လို၍ လာရောက်စုံစမ်းသည့်ပုဂ္ဂိုလ်များအဖွဲ့များကို ဖြေကြားပေးခြင်းများပြုနိုင်ရန်အတွက် ဌာနပေါင်း (၁၃) ခုမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူအရာရှိများ ပါဝင်လျက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ (OSS) ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁၀) ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ပေးခဲ့ပါသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်အား ရန်ကုန်မြို့သို့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး၊ နေပြည်တော်ရုံးခွဲအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးရုံးခွဲအား ၂၀၁၄ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်ရုံးခွဲကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် လည်းကောင်း၊ မော်လမြိုင်ရုံးခွဲကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်(ရုံးခွဲ) ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ(ရုံးခွဲ) ကို ၂၀၁၆ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်(ရုံးခွဲ)ကို ၂၀၁၆ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။

**ဥပဒေဆိုင်ရာ ကိစ္စရပ်များ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ဥပဒေနှင့် ဆက်စပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၆၇) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်

ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၆၈)တို့ကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

(ခ) နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ်လာသည့် အခြေအနေအရ ပြည်ပစီးပွားရေးအဖွဲ့အစည်းများမှ ဖက်စပ်လုပ်ငန်းအဖြစ်သာ ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းအမျိုးအစားတို့တွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ကို တင်ပြလျက်ရှိပြီး၊ အဆိုပါလုပ်ငန်းများအား ဖြေလျော့ပေးခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်း စေနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းအမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာ အမှတ်(၂၆/၂၀၁၆) အား ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ယခင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၆) ကို လွှမ်းမိုး ပယ်ဖျက်ခဲ့သည်။

**ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းဖြေလျော့မှုများ**

နိုင်ငံတော်၏ စီးပွားရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီပိုင်းဆိုင်ရာ ဖြေလျော့မှုများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | ယခင်ဆောင်ရွက်ပေးမှု | ယခုဆောင်ရွက်ပေးမှု |
|---|---|---|
| (က) | မြန်မာကုမ္ပဏီများ မှတ်ပုံတင်ရာတွင် အဆိုပြုဒါရိုက်တာများ၏ နေရပ်လိပ်စာမှန်ကန်ကြောင်း ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် အထောက်အထားအဖြစ် ရပ်ကွက်နှင့်မြို့နယ်ရဲစခန်း ထောက်ခံချက် တင်ပြရပါသည်။ | မြန်မာကုမ္ပဏီများ မှတ်ပုံတင်ရာတွင် အဆိုပြုဒါရိုက်တာများ၏ နေရပ်လိပ်စာမှန်ကန်ကြောင်း ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် အထောက်အထားအဖြစ် ရပ်ကွက် နှင့် မြို့နယ်ရဲစခန်း ထောက်ခံချက်များ တင်ပြခြင်းကို (၇-၁၂-၂၀၁၅) ရက်နေ့မှ စတင်ဖြေလျော့ပေးခဲ့ပါသည်။ |

| စဉ် | ယခင်ဆောင်ရွက်ပေးမှု | ယခုဆောင်ရွက်ပေးမှု |
|---|---|---|
| (ခ) | မြန်မာကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ကုမ္ပဏီ အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်း များ တင်ပြရပါသည်။ | မြန်မာကုမ္ပဏီများမှတ်ပုံတင်ရာတွင် ကုမ္ပဏီ အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်း များတင်ပြခြင်းကို (၇-၁၂-၂၀၁၅) ရက်နေ့ မှစ၍ ဖြေလျှော့ပေးခဲ့ ပါသည်။ |

**ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ဖြေလျှော့ပေးမှုများ**

ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ လူဝင်မှု ကြီးကြပ်ရေး ဆိုင်ရာကိစ္စ၊ အလုပ်သမား မှတ်ပုံတင်ဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဖြေလျှော့ပေးခဲ့ပါသည်-

| စဉ် | ယခင်ဆောင်ရွက်ပေးမှု | ယခုဆောင်ရွက်ပေးမှု |
|---|---|---|
| (က) | ပထမအကြိမ် ခွင့်ပြုထားသော နိုင်ငံခြားသားများနေထိုင်ခွင့်၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့် အလုပ်သမားကတ်လျှောက်ထား ခြင်းအတွက် ထောက်ခံချက်အား ဒုတိယ ညွှန်ကြားရေးမှူးချုပ်မှ လက်မှတ်ရေးထိုး ပါသည်။ | ပထမအကြိမ်ခွင့်ပြုထားသောနိုင်ငံခြားသား များနေထိုင်ခွင့်၊ပြည်ပြန်ဝင်ခွင့်ဗီဇာနှင့်အလုပ် သမားကတ် လျှောက်ထားခြင်းအတွက် ထောက်ခံချက်အား ညွှန်ကြားရေးမှူးမှ လက်မှတ်ရေးထိုးခဲ့ပါသည်။ |
| (ခ) | အမေရိကန်ဒေါ်လာ တစ်သိန်းအောက် စက် ပစ္စည်း၊ ကုန်ကြမ်းနှင့် လုပ်ငန်းသုံးပစ္စည်း များအား အခွန်ဆောင် တင်သွင်းခွင့်အား ဒုတိယညွှန်ကြားရေးမှူးချုပ်မှ လက်မှတ် ရေးထိုးခဲ့ပါသည်။ | အမေရိကန်ဒေါ်လာ တစ်သိန်းအောက် စက် ပစ္စည်း၊ကုန်ကြမ်းနှင့် လုပ်ငန်းသုံးပစ္စည်းများ အားအခွန်ဆောင်တင်သွင်းခွင့်အား ညွှန်ကြား ရေးမှူးမှ လက်မှတ် ရေးထိုးခဲ့ပါသည်။ |
| (ဂ) | အမေရိကန်ဒေါ်လာတစ်သိန်းအောက် သွင်း ကုန်ပစ္စည်း တင်သွင်းခွင့်အပေါ် ကြီးမားစွာ ပြောင်းလဲမှုမရှိသည့်ကိစ္စများအပေါ်ပြင်ဆင် ခွင့်အား ဒုတိယညွှန်ကြားရေးမှူးချုပ်မှ လက်မှတ်ရေး ထိုးခဲ့ပါသည်။ | အမေရိကန်ဒေါ်လာ တစ်သိန်းအောက် သွင်း ကုန်ပစ္စည်း တင်သွင်းခွင့်အပေါ် ကြီးမားစွာ ပြောင်းလဲမှုမရှိသည့်ကိစ္စများအပေါ် ပြင်ဆင် ခွင့်အား ညွှန်ကြားရေးမှူးမှ လက်မှတ် ရေးထိုးခဲ့ပါသည်။ |

| စဉ် | ယခင်ဆောင်ရွက်ပေးမှု | ယခုဆောင်ရွက်ပေးမှု |
|---|---|---|
| (ဃ) | နိုင်ငံခြားသား နေထိုင်ခွင့်၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့် အလုပ်သမားကတ်မှတ်ပုံတင် လျှောက်ထားမှုအား ဒုတိယညွှန်ကြားရေးမှူးချုပ်မှ လက်မှတ်ရေးထိုးခဲ့ပါသည်။ | နိုင်ငံခြားသားနေထိုင်ခွင့်၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့် အလုပ်သမားကတ်မှတ်ပုံတင် လျှောက်ထားမှုအား ညွှန်ကြားရေးမှူးမှ လက်မှတ်ရေးထိုးခဲ့ပါသည်။ |

**e-Government ဆိုင်ရာကိစ္စရပ်များ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန်နှင့် Ease of Doing Business ပြည့်မီရန် အောက်ပါအတိုင်း e-Government ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ပမာဏတို့ကို DICA Website ၌ (၂၄) နာရီအတွင်း ပွင့်လင်းမြင်သာစွာ လွှင့်တင်ခဲ့ပါသည်။

(ခ) ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို Semi - Online Registration System ဖြင့် ဆောင်ရွက်ခဲ့ပြီး မြန်မာကုမ္ပဏီဥပဒေအသစ်အား ပြဋ္ဌာန်းပြီးနောက် Online Registration System ကို အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) စာရွက်စာတမ်းများအား လျှော့ချနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအား Paperless စနစ်ဖြစ်စေရေးအတွက် MIC e-Meeting System အသုံးပြု ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ် ရုံးခွဲများနှင့်လည်း E1 Line စနစ်အသုံးပြု၍ ကုမ္ပဏီမှတ်ပုံတင်ခြင်းကိစ္စရပ်များကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးခဲ့ပါသည်။

(င) ဌာန၏ Website အား Static Website မှ Dynamic Website သို့ ၂၀၁၆ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ အသုံးပြု ဆောင်ရွက်လျက်ရှိပါသည်။

(စ) ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်မြန်ဆန်နိုင်ရန် Databaseများတည်ဆောက်သွားမည်ဖြစ်ပါသည်။

(ဆ) ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို Online မှ တင်ပြနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဇ) ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များတင်ပြရာတွင် တည်ရှိမှုလမ်းကြောင်းအား Online မှ သိရှိနိုင်ရန်အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာများ တင်ပြလာမှုအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ဇယား(၆-၁)**

**ကဏ္ဍအလိုက် ခွင့်ပြုထားသော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အခြေအနေ**

**(ကျပ်သန်း)**

| စဉ် | လုပ်ငန်းကဏ္ဍ | ၁၉၉၄- ၁၉၉၅ မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ | အစီရင်ခံသည့်ကာလ (၁-၁၀-၂၀၁၅ ) မှ (၃၁-၃-၂၀၁၆) ထိ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု |
|---|---|---|---|---|
| (က) | ဆောက်လုပ်ရေးကဏ္ဍ | ၉၀၆,၉၅၁.၃၆၀ | ၄၆,၆၂၈.၉၀၀ | ၆၇,၅၀၈.၄၀၀ |
| (ခ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄၄၉,၄၉၅.၈၆၀ | | |
| (ဂ) | စက်မှုကဏ္ဍ | ၂,၀၂၇,၆၂၅.၀၆၄ | ၈၅၇,၂၃၉.၇၇၅ | ၁,၀၀၈,၉၇၀.၇၀၄ |
| (ဃ) | အိမ်ယာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၂,၁၃၅,၃၄၆.၉၈၀ | ၁,၃၆၇,၆၈၇.၆၅၀ | ၁,၅၁၈,၄၆၂.၈၅၀ |
| (င) | သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁,၈၈၇,၀၉၂.၃၂၀ | ၁,၁၇၈,၇၁၆.၂၂၀ | ၁,၃၂၈,၃၄၈.၄၄၀ |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၅၇,၀၈၇.၁၄၄ | | ၂၈,၆၈၄.၆၄၄ |
| (ဆ) | သတ္တုကဏ္ဍ | ၁၃၆,၃၃၂.၂၇၁ | ၁၂၀,၇၇၉.၇၉၁ | ၁၂၃,၁၇၉.၇၉၁ |
| (ဇ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁,၂၈၁,၇၅၁.၅၁၀ | ၂၃၅,၅၆၇.၆၀၀ | ၄၃၄,၆၇၀.၈၁၀ |
| (ဈ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၅၇၅,၃၀၅.၈၀၀ | ၂၅၅,၀၀၉.၇၆၀ | ၂၆၀,၃၄၄.၇၆၀ |
| (ည) | လယ်ယာကဏ္ဍ | ၄၉,၂၂၇.၉၆၀ | | |
| (ဋ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁,၇၄၉,၀၁၈.၃၇၄ | ၁,၁၄၅,၁၄၀.၁၆၄ | ၁,၁၆၃,၀၇၅.၁၆၄ |
| | စုစုပေါင်း | ၁၁,၂၅၅,၂၃၄.၆၄၃ | ၅,၂၀၆,၇၆၉.၈၆၀ | ၅,၉၃၃,၂၄၅.၅၆၃ |

ဇယား(၆-၂)

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လက်ရှိဆောင်ရွက်နေသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

(ကျပ်သန်း)

| စဉ် | လုပ်ငန်းကဏ္ဍ | ၁၉၉၄- ၁၉၉၅ မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ | အစီရင်ခံသည့် ကာလ (၁-၁၀-၂၀၁၅ ) မှ (၃၁-၃-၂၀၁၆) ထိ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု |
|---|---|---|---|---|
| (က) | ရန်ကုန်တိုင်းဒေသကြီး | ၆,၆၃၀,၀၀၂.၂၃၃ | ၃,၇၄၇,၉၉၄.၀၁၀ | ၄,၁၈၃,၁၅၄.၀၀၃ |
| (ခ) | မန္တလေးတိုင်းဒေသကြီး | ၁,၁၆၉,၆၁၄.၄၇၀ | ၂၅၈,၂၆၂.၅၁၀ | ၄၃၆,၄၃၁.၆၁၀ |
| (ဂ) | နေပြည်တော် | ၄၇၈,၄၁၇.၁၈၀ | ၇၈,၆၄၆.၂၃၀ | ၉၅,၇၄၀.၆၅၀ |
| (ဃ) | တနင်္သာရီတိုင်းဒေသကြီး | ၃၈၆,၁၇၄.၂၈၀ | ၂၀,၂၁၁.၁၇၀ | ၅၇,၂၅၆.၁၇၀ |
| (င) | ရှမ်းပြည်နယ် | ၄၀၆,၉၂၉.၀၂၉ | ၉၈,၈၁၀.၂၄၉ | ၁၁၂,၀၆၆.၆၅၉ |
| (စ) | ပဲခူးတိုင်းဒေသကြီး | ၆၂၉,၂၆၄.၈၉၅ | ၃၃၂,၉၁၈.၆၇၅ | ၃၃၃,၉၈၀.၁၉၅ |
| (ဆ) | မွန်ပြည်နယ် | ၇၄၇,၁၃၈.၇၉၆ | ၅၃၄,၅၈၃.၅၁၆ | ၅၄၁,၁၂၀.၀၁၆ |
| (ဇ) | ကယားပြည်နယ် | ၁၇၇,၀၁၆.၃၃၀ | - | - |
| (ဈ) | ဧရာဝတီတိုင်းဒေသကြီး | ၂၃၃,၅၀၅.၆၄၀ | ၁၀၁,၉၈၈.၆၁၀ | ၁၀၁,၉၈၈.၆၁၀ |
| (ည) | ကချင်ပြည်နယ် | ၁၂၅,၅၅၂.၄၅၀ | - | ၂၃,၂၇၉.၅၀၀ |
| (ဋ) | စစ်ကိုင်းတိုင်းဒေသကြီး | ၅၃,၈၃၆.၇၅၀ | ၅၅၀.၀၀၀ | ၅၅၀.၀၀၀ |
| (ဌ) | ရခိုင်ပြည်နယ် | ၉၂,၀၂၃.၅၁၀ | ၃၂,၈၀၄.၈၉၀ | ၄၂,၃၄၃.၁၅၀ |
| (ဍ) | မကွေးတိုင်းဒေသကြီး | ၁၁၀,၃၉၁.၁၇၀ | - | - |
| (ဎ) | ကရင်ပြည်နယ် | ၁၅,၃၆၇.၉၁၀ | - | ၅,၃၃၅.၀၀၀ |
| | စုစုပေါင်း | ၁၁,၂၅၅,၂၃၄.၆၄၃ | ၅,၂၀၆,၇၆၉.၈၆၀ | ၅,၉၃၃,၂၄၅.၅၆၃ |

## ဇယား(၆-၃)

## မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု

(ဦးရေ)

| စဉ် | ကဏ္ဍ | ၁-၁၀-၂၀၁၅ မှ ၃၁-၃-၂၀၁၆ အထိ | |
|---|---|---|---|
| | | ပြည်တွင်း | ပြည်ပ |
| ၁ | စက်မှုကဏ္ဍ | ၁၁,၇၇၈ | ၁၃၅ |
| ၂ | ဆောက်လုပ်ရေးကဏ္ဍ | ၂၆၅ | - |
| ၃ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - |
| ၄ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂,၃၀၆ | ၃၆ |
| ၅ | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း | ၄,၃၃၄ | ၂၅ |
| ၆ | သယ်ယူပို့ဆောင်ရေးကဏ္ဍ | ၂,၈၅၉ | ၂၉ |
| ၇ | သတ္တုတွင်းကဏ္ဍ | ၂,၃၈၃ | ၁၄ |
| ၈ | လျှပ်စစ်ကဏ္ဍ | - | - |
| ၉ | စိုက်ပျိုးရေးကဏ္ဍ | - | - |
| ၁၀ | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၃၁၀ | ၄ |
| ၁၁ | အခြားဝန်ဆောင်မှုကဏ္ဍ | ၂,၆၅၇ | ၁၈ |
| | စုစုပေါင်း | ၂၆,၉၉၂ | ၂၆၁ |

**နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု**

မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျော့မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကုမ္ပဏီထူထောင် ဆောင်ရွက်နိုင်မှု တိုးတက်လာသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ဇယား(၆-၄)**

**နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု**

**(အရေအတွက်)**

| စဉ် | ကုမ္ပဏီအမျိုးအစား | ၁၉၈၈- ၁၉၈၉ မှ ၂၀၁၅-၂၀၁၆ထိ | အစီရင်ခံသည့် ကာလ (၁-၁၀-၂၀၁၅ ) မှ (၃၁-၃-၂၀၁၆) ထိ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| (က) | ပုဂ္ဂလိကကုမ္ပဏီ | ၄၉၉၅၄ | ၃၄၄၇ | ၆၇၂၈ |
| (ခ) | အများနှင့်သက်ဆိုင်သောကုမ္ပဏီ | ၂၂၉ | ၂၀ | ၃၇ |

**အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း**

ပုဂ္ဂလိကကဏ္ဍ စနစ်တကျ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ အသင်းအဖွဲ့ပေါင်း (၁၂၁) သင်းနှင့် ဖက်စပ်ကုမ္ပဏီ (၈၅)ခု တို့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ အသင်းပေါင်း (၁၅) သင်းနှင့် ဖက်စပ် ကုမ္ပဏီ (၆)ခုတို့ ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အသင်းပေါင်း (၂၄) သင်း နှင့် ဖက်စပ်ကုမ္ပဏီ (၉)ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍမှ ဖြေလျော့မှုများ၊ ပွင့်လင်း မြင်သာမှုများစွာ ပြုလုပ်ပေးသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် မိမိတို့၏ ပြည်တွင်းစီးပွားရေးဆိုင်ရာကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာကျင့်ဝတ် (Corporate Social Responsibility-CSR) တို့အား ဖွံ့ဖြိုးမှုအတွက် ရှေးရှုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**အခန်း (၇)**

**အထူးစီးပွားရေးဇုန်များ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များ**

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ အစည်းအဝေး ကျင်းပခြင်း။** မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ (၁/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ အစည်းအဝေး ကျင်းပခြင်း။**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ရုံးအမှတ်(၁၈)၊ နိုင်ငံတော် သမ္မတရုံး၊ အစည်းအဝေး ခန်းမ၌ လည်းကောင်း၊ (၅/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့ တွင် ဒုတိယသမ္မတ(၂)ဦးစီးရုံး၊ အစည်းအဝေး ခန်းမ၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

**အထူးစီးပွားရေးဇုန်များ၏ စီမံခန့်ခွဲမှုကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း။** ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဥပဒေအရ အထူးစီးပွားရေးဇုန်များ၏ စီမံခန့်ခွဲမှု ကော်မတီများအား ပြင်ဆင်ဖွဲ့စည်းရာတွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် (၃/၂၀၁၅) ဖြင့်လည်းကောင်း၊ ကျောက်ဖြူအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအား မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ အမိန့် ကြော်ငြာစာအမှတ် (၄/၂၀၁၅) ဖြင့်လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအား မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၅) ဖြင့် လည်းကောင်း ထုတ်ပြန်ဖွဲ့စည်းခဲ့ပါသည်။

**မြန်မာအထူးစီးပွားရေးဇုန်များဆိုင်ရာ လုပ်ငန်းခွင်သုံးစံ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOP) အား မှတ်တမ်းတင်ထားရှိရေး ဆောင်ရွက်ခြင်း။**

မြန်မာအထူး စီးပွားရေးဇုန်များဆိုင်ရာ လုပ်ငန်းခွင်သုံး စံလုပ်ထုံး လုပ်နည်း များ (Standard Operating Procedures-SOP) မှတ်တမ်းတင်ထားရှိနိုင်ရေးကိစ္စ အား၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့ တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရ အဖွဲ့၏ (၅/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

**ထားဝယ်အထူးစီးပွားရေးဇုန် လုပ်ငန်းဆောင်ရွက်မှု**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) **မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ထိုင်းနိုင်ငံ ဗဟိုဘဏ်တို့အကြား Bilateral Swap Agreement ရေးထိုးရေးဆွေးနွေးခြင်း။** ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ငွေကြေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် အစည်းအဝေးတစ်ရပ်ကို နေပြည်တော်တွင် ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့၌ ကျင်းပခဲ့ရာ မြန်မာနှင့်ထိုင်းနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါ သည်။အစည်းအဝေးတွင် ထိုင်းနိုင်ငံဘဏ်မှ တင်ပြသည့် မူဘောင်သဘောတူညီချက်တစ်ရပ်အပေါ် ဆွေးနွေးခဲ့ကြပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့အကြား Bilateral Swap Agreement ရေးထိုးရေးအတွက် မြန်မာနိုင်ငံဗဟိုဘဏ်အနေဖြင့် ဆက်လက်ညှိနှိုင်းဆောင်ရွက် သွားရန် ဆွေးနွေးခဲ့ ကြပါသည်။

(ခ) **ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ်သို့ ဆက်သွယ်ဖောက်လုပ်မည့် အဝေးပြေးလမ်းဖြစ်နိုင်ချေလေ့လာမှုအပြီးသတ်အစီရင်ခံစာ (မူကြမ်း) အပေါ် ဆွေးနွေးခြင်း။** ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ်သို့ ဆက်သွယ်ဖောက်လုပ်မည့် အဝေးပြေးလမ်း ဖြစ်နိုင်ချေ လေ့လာမှုအား ဂျပန်နိုင်ငံ JICA မှ ဆောင်ရွက်လျက်ရှိရာ၊ လေ့လာမှုအပြီးသတ်အစီရင်ခံစာ (မူကြမ်း)နှင့် ပတ်သက်၍ 3rd Jonit Coordination Meeting for Pre-Feasibility Study on Southern Economic Corridor အစည်းအဝေးကို ရန်ကုန်မြို့၊ ချက်ထရီယံ ဟိုတယ်၌ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့ရာ ဦးအေးမြင့်၊ ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ H.E.Arkhom၊ ပို့ဆောင်ရေးဝန်ကြီး၊ ထိုင်းနိုင်ငံ၊ Mr.Maruyama၊ သံမှူးကြီး ဂျပန်နိုင်ငံနှင့် Mr.Takehiro Yasui ညွှန်ကြားရေးမှူး၊ JICA ဌာနချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

(ဂ) **မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ။** ထားဝယ်အထူးစီးပွားရေးဇုန်ဆောက်လုပ်ရေးလုပ်ငန်း၌ ပယင်းဖြူဆည်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၌ ဆိပ်ကမ်းငယ်နှင့် အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်

ဖူနာရှုန်အထိ မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများမှာ ၁၀၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။

**သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ**

သီလဝါ အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) **သီလဝါ ရုံးပြောင်းရွှေ့ရန်ကိစ္စဆွေးနွေးခြင်း။** သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ OSSCမှ အရာထမ်းများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုမိန့်လက်မှတ်ရေးထိုးရန်ကိစ္စ၊ သီလဝါရုံး ပြောင်းရွှေ့ရန်ကိစ္စနှင့် OSSC သို့ အသစ်ပြောင်းရွှေ့လာသော ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းအစည်းအဝေးများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နှင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ တွင် သီလဝါအထူးစီးပွားရေးဇုန် အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ပါသည်။

(ခ) **သီလဝါသို့ ရုံးပြောင်းရွှေ့ရန်ကိစ္စ ဆွေးနွေးခြင်း။** သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ Mr.Yoichi Matsui၊ Mr. Morinaga Akihiho၊ Technical Assistant Team မှ အဖွဲ့ဝင်များသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် သီလဝါသို့ရုံးပြောင်းရွှေ့ရန်ကိစ္စနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ တွင် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပ ခဲ့ပါသည်။

(ဂ) **Zone B အတွက် MOU လက်မှတ်ရေးထိုးရန် ဆွေးနွေးခြင်း။** သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များသည် Zone B အတွက် MOU လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် Myanmar Thilawa SEZ Holdings Ltd ၌ ကျင်းပခဲ့ပါသည်။

(ဃ) **Zone A ဟက်တာ (၄၀၀) တွင် အခြေခံ အဆောက်အဦ တည်ဆောက်ပြီးစီးမှု အခြေအနေ။** သီလဝါ အထူးစီးပွားရေးဇုန်၌ MJTD Co., Ltd. (Developer) မှ Zone A ဟက်တာ (၄၀၀) တွင် အခြေခံအဆောက်အဦ တည်ဆောက်ပြီးစီးမှုအနေဖြင့် ပထမအဆင့်ဟက်တာ ၂၀၀ မှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီး ဒုတိယအဆင့်ဟက်တာ ၂၀၀ မှာ ၂၀၁၆ ခုနှစ်တွင် ပြီးစီးမည် ဖြစ်ပါသည်။

(င) **သီလဝါ အထူးစီးပွားရေးဇုန်သို့ ရုံးပြောင်းရွှေ့ခြင်း။** သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ရုံးအဖွဲ့အား ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ သီလဝါအထူးစီးပွားရေးဇုန်သို့ ပြောင်းရွှေ့ပြီး ရုံးလုပ်ငန်းကိစ္စများအား ဆောင်ရွက် ပေးလျက် ရှိပါသည်။

(စ) **သီလဝါ အထူးစီးပွားရေးဇုန် အဆင့် (၁) အကောင်အထည်ဖော်ဆောင်ရွက်မှု။** သီလဝါအထူးစီးပွားရေးဇုန် အဆင့် (၁) အကောင်အထည်ဖော်မှု အခြေအနေ (၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ အစီရင်ခံစာ) အား အတည်ပြု မှတ်တမ်းတင်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၂၈ ရက်(ကြာသပတေးနေ့)တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၆) မှ အတည်ပြုခဲ့ပါသည်။

(ဆ) **အခြေခံအဆောက်အဦ တည်ဆောက်နေမှု လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ။** သီလဝါ အထူးစီးပွားရေးဇုန်၌ MJTD Co., Ltd. (Developer) မှ ဇုန်အေ ဟက်တာ(၄၀၀)တွင် အခြေခံ အဆောက်အဦ တည်ဆောက် ပြီးစီးမှုတွင် ပထမအဆင့် ဟက်တာ ၂၀၀ မှာ ၁၀၀ရာခိုင်နှုန်း ပြီးစီးပြီး ဒုတိယအဆင့် ဟက်တာ ၂၀၀ အား ၂၀၁၆ ခုနှစ်တွင် ပြီးစီးမည် ဖြစ်ပါသည်။

(ဇ) **ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအခြေအနေ။** သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ မြန်မာကုမ္ပဏီ (၄) ခု နှင့် DICA ရုံးချုပ်နှင့် နေပြည်တော်ရုံးခွဲမှ လွှဲပြောင်းရယူထားသည့် နိုင်ငံခြားကုမ္ပဏီ (၃) ခု အပါအဝင် နိုင်ငံခြား ကုမ္ပဏီ (၅၅)ခု၊ စုစုပေါင်းကုမ္ပဏီ (၅၉) ခုကို ကုမ္ပဏီ မှတ်ပုံတင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

(ဈ) **ရင်းနှီးမြှုပ်နှံမှုအခြေအနေ။** သီလဝါ အထူးစီးပွားရေးဇုန်တွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ကုမ္ပဏီ (၆၁) ခုမှ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၁၁ သန်းကျော် ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဇယား(၇-၁)

## သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှု အခြေအနေ (နိုင်ငံအလိုက်)

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | နိုင်ငံ | အစီရင်ခံသည့်ကာလ ၁-၁၀-၂၀၁၅ မှ ၃၁-၃-၂၀၁၆ အထိ | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | |
|---|---|---|---|---|---|
| | | အရေအတွက် | ရင်းနှီးမြှုပ်နှံမှု ပမာဏ | အရေအတွက် | ရင်းနှီးမြှုပ်နှံမှု ပမာဏ |
| ၁ | ဂျပန် | ၆ | ၄၆.၂၅၈ | ၁၄ | ၁၂၁.၀၂၈ |
| ၂ | စင်ကာပူ | ၈ | ၁၄၅.၀၀၀ | ၁၀ | ၂၀၂.၀၀၀ |
| ၃ | ထိုင်း | ၃ | ၁၈.၅၀၀ | ၅ | ၃၃.၂၀၉ |
| ၄ | မြန်မာ | | | ၂ | ၂၇.၀၀၀ |
| ၅ | ယူအေအီး | ၁ | ၁၅.၁၆၀ | ၁ | ၁၅.၁၆၀ |
| ၆ | ဩစတြေးလျ | | | ၁ | ၇.၀၀၀ |
| ၇ | ဗီယက်နမ် | | | ၁ | ၅.၁၀၀ |
| ၈ | ဘာရူနိုင်းဒါရုဆလမ် | | | ၁ | ၅.၀၀၀ |
| ၉ | မလေးရှား | | | | |
| ၁၀ | ဟောင်ကောင် | | | - | - |
| ၁၁ | ထိုင်ဝမ် | | | - | - |
| ၁၂ | ပနားမား | | | - | - |
| ၁၃ | တရုတ် | | | - | - |
| ၁၄ | ကိုရီးယား | ၁ | ၈.၃၀၀ | ၁ | ၈.၃၀၀ |
| | စုစုပေါင်း | ၁၉ | ၂၃၃.၂၁၈ | ၃၆ | ၄၂၃.၇၉၇ |

**ယေား(၇-၂)**

**သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအခြေအနေ (ကဏ္ဍအလိုက်)**

**(အမေရိကန်ဒေါ်လာသန်းပေါင်း)**

| **စဉ်** | **ကဏ္ဍ** | **အစီရင်ခံသည့်ကာလ ၁-၁၀-၂၀၁၅ မှ ၃၁-၃-၂၀၁၆ အထိ** | | **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်** | |
|---|---|---|---|---|---|
| | | **အရေအတွက်** | **ရင်းနှီးမြှုပ်နှံမှု ပမာဏ** | **အရေအတွက်** | **ရင်းနှီးမြှုပ်နှံမှု ပမာဏ** |
| ၁ | စက်မှုကဏ္ဍ | ၁၂ | ၁၆၈.၇၁၈ | ၂၅ | ၃၁၆.၁၂၇ |
| ၂ | ဝန်ဆောင်မှုကဏ္ဍ | ၁ | ၆.၀၀၀ | ၁ | ၆.၀၀၀ |
| ၃ | သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကဏ္ဍ | ၅ | ၄၈.၅၀၀ | ၇ | ၅၇.၇၇၀ |
| ၄ | အိမ်ယာနှင့်အဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | | | ၁ | ၂၂.၀၀၀ |
| ၅ | ကုန်စည်ရောင်းဝယ်ရေးကဏ္ဍ | ၁ | ၁၀.၀၀၀ | ၂ | ၂၀.၉၀၀ |
| | **စုစုပေါင်း** | ၁၉ | **၂၃၃.၂၁၈** | **၃၆** | **၄၂၃.၇၉၇** |

(ည) **ပစ္စည်းတင်သွင်းမှုအခြေအနေ။** သီလဝါအထူးစီးပွားရေးဇုန်တွင်(၂၈-၃-၂၀၁၅)ရက်နေ့မှ (၃၁-၃-၂၀၁၆)ရက်နေ့အထိ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်း စုစုပေါင်း အမေရိကန်ဒေါ်လာ **၇၄,၁၇၃,၈၀၁.၃၄၈** ဖိုးအား အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုခဲ့ပါသည်။

(ဋ) **နိုင်ငံခြားသား ဝန်ထမ်းများရောက်ရှိမှုအခြေအနေ။** သီလဝါ အထူးစီးပွားရေးဇုန်တွင်(၂၄-၃-၂၀၁၅) ရက်နေ့မှ (၃၀-၁၂-၂၀၁၅)ရက်နေ့အထိ နိုင်ငံခြားသားပညာရှင် ကျား (၂၆၇)ဦး၊မ(၄၇)ဦး၊ စုစုပေါင်း(၃၁၄)ဦးအားခန့်ထားခွင့်၊ နေထိုင်ခွင့်နှင့် အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ဗီဇာခွင့်ပြုပြီး ဖြစ်ပါသည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ**

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) **BEAC နဲ့ Preferred Bidder တို့၏ တွေ့ဆုံဆွေးနွေးမှုများ။** BEAC နှင့် Preferred Bidder တို့ နှစ်ဖက်တွေ့ဆုံဆွေးနွေးမှု (၅) ကြိမ်တွေ့ဆုံခဲ့ပြီး စက်မှုဥယျာဉ် ပထမအဆင့် ဟတ်တာ (၁၀၀) အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင် အကောင်အထည်ဖော်ရန် သဘောတူညီမှုရရှိပြီးဖြစ်ပါသည်။ (၅)ကြိမ်မြောက်တွေ့ဆုံမှုရလာဒ်အရ ရင်းနှီးမြှုပ်နှံရာတွင် ချုပ်ဆိုမည့် Agreement များဖြစ်သော Investment Agreement, Shareholder Agreement, Land lease Agreement, Port Concession Agreement များနှင့် အသေးစိတ် ဆွေးနွေးရမည့်အချက်အလက်များကို နှစ်ဖက် Working Group Level အနေနှင့် ဆွေးနွေးသွားရန် သဘောတူညီ ခဲ့သဖြင့် Working Group အနေနှင့်တွေ့ဆုံမှု (၂) ကြိမ်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ ဒုတိယအကြိမ် တွေ့ဆုံခဲ့ပါသည်။

(ခ) **Framework Agreement များ ရေးဆွဲခြင်း။** ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စက်မှုဥယျာဉ် ပထမအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် Detailed Agreement များ၏ Key Points များကိုထုတ်နှုတ်၍ Framework Agreement ပြုစုထားပါသည်။ အဆိုပါ Framework Agreement များကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနများထံမှ သဘောထားမှတ်ချက်ရယူပြီး မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့နှင့် မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့တို့ထံ တင်ပြအတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့မှ (၂၉) ရက် နေ့အထိ BEAC နှင့် Preferred Bidder တို့ ဆဋ္ဌမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ Framework Agreement များကို နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် သဘောထားပြန်ကြားထားပြီး ဖြစ်ပါသည်။

(ဂ) **ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ဒေသလွှမ်းခြုံပင်မစီမံချက်။** ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ဒေသလွှမ်းခြုံပင်မစီမံချက် (Regional Master Plan) ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်ပါသည်။ အတည်ပြုထားသော ဒေသလွှမ်းခြုံပင်မစီမံချက် (Regional Master Plan) အားရင်းနှီးမြှုပ်နှံသူ၊ ရင်းနှီးတည်ဆောက်သူများအပေါ်တွင် လမ်းညွှန်စီမံချက်အနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) **နိုင်ငံတကာဆုများ ပေးအပ်ချီးမြှင့်ခံရခြင်း။** နိုင်ငံတကာစံနှုန်းများ နှင့်အညီ အကောင်အထည်ဖော်ခဲ့သော အကျိုးရလာဒ်အနေဖြင့် Europe Business Assembly အဖွဲ့မှ ကျောက်ဖြူအထူးစီးပွားရေးဇုန်အား ချီးမြှင့်သည့် International Flag နှင့် Certificate of Investment Attractiveness ဆုကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ကန်းစ်မြို့တွင် တက်ရောက် လက်ခံရယူခဲ့ပါသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်အတူ အခြားအထူး စီးပွားရေးဇုန်များဖြစ်သည့် အစ္စရေးနိုင်ငံရှိ ဟိုင်ဖာမြူနီစီပယ် (Haifa Municipality) အထူးစီးပွားရေးဇုန်၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနီးယားနိုင်ငံရှိ ဘရက်ကိုခရိုင် (European Integration of Bracko District) အထူးစီးပွားရေးဇုန်နှင့် ဂျမေကာနိုင်ငံရှိ မိုရန့်ပင်လယ်ကွေ့ (Morant Bay) အထူးစီးပွားရေးဇုန်တို့အား International Flag and Certificate of Investment Attractiveness: Level "E" EMERGING – Significant Opportunities ဆုကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတကာမှ အသိအမှတ်ပြုသည့် အထူးစီးပွားရေးဇုန်ဖြစ်လာသည့်အတွက် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ အများအပြား ဝင်ရောက်လာမည်ဖြစ်ပါသည်။ လက်ရှိဆောင်ရွက်နေမှု အခြေအနေ နှင့်ပတ်သက်၍ ပြည်သူလူထု အသိပညာပေး Video Clip တစ်ခု ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါသည်။

(င) **ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း။** ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်

ကြေညာသည့် အမိန့်ကြော်ငြာစာ(မူကြမ်း)ကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခဲ့ရာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့စွဲပါ စာအမှတ် ၂၂၆၈ /၂၅၇-ကတ ၂-၆/အဖရ (၂၃/၂၀၁၅)ဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂၃/၂၀၁၅)မှ ကြိုတင်ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် ကျင်းပသော ပထမအကြိမ်၊ ပြည်ထောင်စု လွှတ်တော်၏ ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကျောက်ဖြူအထူး စီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင် ရေး အတည်ပြုခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၉)ရက်နေ့တွင် မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့မှ အမိန့်ကြော်ငြာစာ (၆/၂၀၁၅) ဖြင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် နယ်နိမိတ်အား သတ်မှတ်ကြေညာခဲ့ပါသည်။

(စ) **ရင်းနှီးတည်ဆောက်သူရွေးချယ်ခြင်း။** ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) မှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ စီမံကိန်းနှစ်ခု ဖြစ်သော စက်မှုဇုန် စီမံကိန်း(Industrial Pack) နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း (Deep Sea Port) တို့ အတွက် CITIC Group ဦးဆောင်သည့် ကုမ္ပဏီအုပ်စုမှ တင်ဒါအောင်မြင်ကြောင်း ကြေညာခဲ့ပါသည်။

(ဆ) **ဆွေးနွေးပွဲများကျင်းပခြင်း။** ကျောက်ဖြူအထူးစီးပွားရေးဇုန် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များ၊ အသိပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကျွမ်းကျင်မှု မြှင့်တင်ရေး သင်တန်းများဖွင့်လှစ်ရန် ဆွေးနွေးညှိနှိုင်းခြင်းကိစ္စနှင့်စပ်လျဉ်း သည့် အစည်းအဝေး ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့မှ (၁၀)ရက်နေ့ အထိကျင်းပခဲ့ရာ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုများ တက်ရောက်ခဲ့ကြပါသည်။ Framework Agreement ချုပ်ဆိုမှုဆိုင်ရာ ဆွေးနွေးခြင်း၊ ကျွမ်းကျင်မှု လေကျင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စ၊ CSRလုပ်ငန်းများ ဆောင်ရွက်ခြင်းကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ရာ ကျောက်ဖြူအထူးစီးပွား

ရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ Working Group၊ CITIC Consortium, CPG နှင့်ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ကျောက်ဖြူအထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ ပီပြင်စွာဖွဲ့စည်းရေးကိစ္စ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် လည်းကောင်းကျင်းပခဲ့ရာ ကျောက်ဖြူအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် ရခိုင်ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများတက်ရောက်ခဲ့ကြပါသည်။ Framework Agreement ချုပ်ဆိုနိုင်ရေးနှင့် Transaction Agreements များ ဆက်လက်ဆွေးနွေးသွားရန် ကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့မှ (၂၂) ရက်နေ့အထိ ကျင်းပခဲ့ရာ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ Working Group နှင့် CITIC Consortium မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပါသည်။

(ဈ) **ဘက်စုံဖွံ့ဖြိုးမှု စီမံချက် (Comprehensive Development Plan) ရေးဆွဲခြင်း။** ဘက်စုံဖွံ့ဖြိုးမှု စီမံချက် (Comprehensive Development Plan) ရေးဆွဲခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ရာ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီနှင့် ဝန်ကြီးဌာနများ တက်ရောက်ခဲ့ကြပါသည်။

## အခန်း(၈)

## ပြည်ပအကူအညီအထောက်အပံ့ရရှိမှု

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားရေးတည်ဆောက်ရန် လိုအပ်သောငွေကြေး အရင်းအနှီးကို နိုင်ငံတွင်းရှိထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုများအပြင် နိုင်ငံခြား အကူအညီ အထောက်အပံ့များမှလည်း ရရှိနိုင်ပါသည်။တနည်းအားဖြင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရန် နိုင်ငံတော်ဘတ်ဂျက်သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာ အကူအညီ အထောက်အပံ့များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားအကူအညီအထောက်အပံ့များကို အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လက်ခံရရှိခဲ့ရာတွင် ကုလသမဂ္ဂဆိုင်ရာအဖွဲ့များ၏ အကူအညီသည် အဓိကနိုင်ငံခြားအကူအညီဆိုင်ရာ အရင်းအမြစ်အဖြစ် အချိန်ကာလတစ်ခုအထိရပ်တည်ခဲ့ပါသည်။

နိုင်ငံ၏ ပွင့်လင်းမြင်သာမှုရှိစွာ ပြုပြင်ပြောင်းလဲလာသည့် အနေအထားများအရ ၂၀၁၁ ခုနှစ် ဧပြီလမှ စတင် အကောင်အထည်ဖော်လာသည့် နိုင်ငံရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်မှုနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲမှုဆိုင်ရာတိုးတက်မှုများ၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် ပြည်သူ့ဗဟိုပြုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအမျိုးမျိုးကြောင့် အလှူရှင်နိုင်ငံ အဖွဲ့အစည်းအရေအတွက်သည်လည်းတစ်စတစ်စတိုးတက်လာပြီဖြစ်ပါသည်။သို့ပါ၍ ထိုသို့သော အကူအညီအထောက်အပံ့ အရပ်ရပ်ကို အပြည်ပြည်ဆိုင်ရာအလှူရှင်များနှင့် အသုံးပြုမည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများပါဝင်သည့် နှစ်ဖက်ညှိနှိုင်းမှုများဖြင့် စနစ်ကျနစွာ လက်ခံခြင်း၊ အကောင်အထည်ဖော်ခြင်းများကိုပြုလုပ်နေပါသည်။ လုပ်ငန်းများကို ထိရောက်မှန်ကန်မြန်ဆန်စေရန် အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့အစည်း(၂)ရပ် ဖြစ်သည့် နိုင်ငံတော်သမ္မတဦးဆောင်သည့် နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီ (Foreign Aid Management Central Committee–FAMCC)နှင့်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ (Foreign Aid Management Working Committee – FAMWC) တို့ကိုဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းမှုများပြုလုပ်နိုင်ရန်နှင့် နိုင်ငံအချင်းချင်း (bilateral) အလိုက်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ

အဖွဲ့အစည်းများ (multilateral) အလိုက်သော်လည်းကောင်း ညှိနှိုင်းမှုများပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေးအစီအစဉ်များ၊ မဟာဗျူဟာများနှင့် အကူအညီအရင်းအမြစ်များ သဟဇာတဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါသည်။ သို့ဖြစ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (Foreign Economic Relations Department - FERD) သည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အဓိကဝင်ပေါက်တစ်ရပ်အဖြစ် ဆောင်ရွက်ပါသည်။

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာစီမံချက်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း စီမံချက် အရေအတွက် (၄၈) ခုဖြင့် အမေရိကန်ဒေါ်လာ **၁၃၅.၄၈** သန်းရရှိရေးအတွက် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ အကူအညီပေးမည့် အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပြည်ပအကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှုကို အောက်ပါအတိုင်းအမျိုးအစား (၃) မျိုးခွဲ၍ တင်ပြအပ်ပါသည်။

**(က) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် ပြည်ပအကူအညီအထောက်အပံ့ရရှိမှု**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း စီမံချက်အရေအတွက် (၄၈) ခု အတွက် **အမေရိကန်ဒေါ်လာ ၁၃၅.၄၈ သန်း**ရရှိရန် ပြည်ထောင်စုဝန်ကြီးဌာန (၁၃) ခု၊ အဖွဲ့အစည်း(၁)ခုနှင့် ရန်ကုန်စည်ပင်သာယာရေးကော်မတီတို့မှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုး၍ လုပ်ငန်းစီမံချက်များဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပအကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီရရှိအောင် ဆောင်ရွက်နိုင်မှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။ လုပ်ငန်းစီမံချက်စာရင်းများအား **ပူးတွဲ**ဖြင့် တင်ပြအပ်ပါသည်။

# ဇယား (၈-၁)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအလိုက်ပြည်ပအကူအညီအထောက်အပံ့ ရရှိအောင် ဆောင်ရွက်မှုအခြေအနေ


| | ယခင်ဝန်ကြီးဌာန/ အဖွဲ့အစည်း | စီမံချက် | | ငွေကြေး ယူနစ် | စီမံချက် တန်ဖိုး | USD သန်း |
|---|---|---|---|---|---|---|
| | | အကူအညီ | နည်းပညာ | | | |
| ၁ | ဆောက်လုပ်ရေး | ၁ | - | Baht | ၁၀၀၀.၀၀ | ၂၇.၂၉ |
| ၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၆ | - | USD | ၂၅.၅၆ | ၂၅.၅၆ |
| ၃ | မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး | ၈ | - | USD<br>GBP | ၂၀.၁၆<br>၀.၃၇ | ၂၀.၁၆<br>၀.၅၈ |
| ၄ | ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ | ၁ | | Yen | ၂၁၀၆.၀၀ | ၁၇.၀၃ |
| ၅ | ပို့ဆောင်ရေး | ၂ | - | Yen | ၁၉၂၀.၀၀ | ၁၆.၂၇ |
| ၆ | နယ်စပ်ရေးရာ | ၂ | - | USD<br>Yen | ၀.၃<br>၁၂၄၂.၀၀ | ၀.၃၀<br>၁၀.၀၆ |
| ၇ | ကျန်းမာရေး | ၁၁ | - | USD<br>Kyat | ၀.၂၈<br>၅၅၅၀.၀၀ | ၀.၂၈<br>၅.၅၅ |
| ၈ | ပညာရေး | ၁ | - | Yen | ၄၈၇.၀၀ | ၃.၉၅ |
| ၉ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၅ | ၁ | USD | ၃.၇၃ | ၃.၇၃ |
| ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၃ | ၁ | USD | ၂.၆၈ | ၂.၆၈ |
| ၁၁ | ရထားပို့ဆောင်ရေး | ၁ | - | USD | ၁.၀၀ | ၁.၀၀ |
| ၁၂ | ယဉ်ကျေးမှု | ၁ | - | USD | ၀.၇၅ | ၀.၇၅ |
| ၁၃ | ဘဏ္ဍာရေး | ၁ | - | USD | ၀.၂၉ | ၀.၂၉ |
| ၁၄ | သိပ္ပံနှင့်နည်းပညာ | - | ၂ | - | - | နည်းပညာ |
| ၁၅ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | - | ၁ | - | - | နည်းပညာ |
| | စာရင်းပေါင်းချုပ် | ၄၃ | ၅ | USD<br>Baht<br>Kyat<br>GBP<br>Yen | ၅၄.၇၅<br>၁၀၀၀.၀၀<br>၅၅၅၀.၀၀<br>၀.၃၇<br>၅၇၅၅.၀၀ | ၁၃၅.၄၈ |

ဇစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ

## ပုံ(၈-၁)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

## ဒုတိယ(၆)လပတ်အတွင်းပြည်ထောင်စုဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီအထောက်အပံ့ ရရှိအောင် ဆောင်ရွက်မှုအခြေအနေ




ဇစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ

### (ခ) နိုင်ငံ/အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်းစီမံချက်အရေအတွက်၄၈ ခုအတွက် နိုင်ငံ(၅)နိုင်ငံ၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း (၆)ဖွဲ့၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း(၁၆)ဖွဲ့ တို့မှ **အမေရိကန်ဒေါ်လာသန်း (၁၃၅.၄၈) သန်း**ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံနှင့်အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီအထောက်အပံ့နှင့် နည်းပညာ အကူအညီရရှိမှုများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

ဇယား (၈-၂)


**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်းနိုင်ငံနှင့်အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီအထောက်အပံ့ ရရှိအောင် ဆောင်ရွက်မှုအခြေအနေ**

| စဉ် | နိုင်ငံ/အဖွဲ့အစည်း | စီမံချက် | | ငွေကြေး ယူနစ် | စီမံချက် တန်ဖိုး | USD သန်း |
|---|---|---|---|---|---|---|
| | | အကူအညီ | နည်းပညာ | | | |
| ၁ | ဂျပန် | ၇ | ၂ | USD<br>Yen | ၀.၇၇<br>၅၇၅၅.၀၀ | ၀.၇၇<br>၄၇.၃၀ |
| ၂ | ကိုရီးယား | ၁ | ၁ | USD | ၀.၉၃ | ၀.၉၃ |
| ၃ | နော်ဝေ | ၂ | - | USD | ၃.၃၃ | ၃.၃၃ |
| ၄ | စင်္ကာပူ | - | ၁ | - | - | နည်းပညာ |
| ၅ | ထိုင်း | ၁ | - | Baht | ၁၀၀၀ | ၂၇.၂၉ |
| ၆ | အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း | ၂ | - | USD | ၁.၂၉ | ၁.၂၉ |
| ၇ | ကုလသမဂ္ဂအဖွဲ့အစည်း | ၁၃ | ၁ | USD<br>Kyat | ၄.၉၁<br>၅၅၅၀.၀၀ | ၄.၉၁<br>၅.၅၅ |
| ၈ | နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း | ၁၆ | - | USD<br>GBP | ၄၃.၂၉<br>၀.၃၇ | ၄၃.၂၉<br>၀.၅၉ |
| ၉ | အခြား | ၁ | - | USD | ၀.၂၃ | ၀.၂၃ |
| | **စာရင်းပေါင်းချုပ်** | **၄၃** | **၅** | **USD**<br>**Baht**<br>**Kyat**<br>**GBP**<br>**Yen** | **၅၄.၇၅**<br>**၁၀၀၀.၀၀**<br>**၅၅၅၀.၀၀**<br>**၀.၃၇**<br>**၅၇၅၅.၀၀** | **၁၃၅.၄၈** |

ရင်းမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ

## ပုံ(၈-၂)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း နိုင်ငံနှင့်အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီအထောက်အပံ့ ရရှိအောင် ဆောင်ရွက်မှုအခြေအနေ





ခာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ

### (ဂ) ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှု

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုမှာ လူမှုအကာအကွယ်ပေးရေးကဏ္ဍ၂၂ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍ ၂၁ ရာခိုင်နှုန်း၊ ရေရှိရေးနှင့် သန့်ရှင်းရေးကဏ္ဍ ၂၀ ရာခိုင်နှုန်း၊ စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ ၁၂ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၁၁ ရာခိုင်နှုန်း၊ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲကဏ္ဍ ၇ ရာခိုင်နှုန်း၊ ကျန်းမာရေးကဏ္ဍ ၄ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍ ၃ ရာခိုင်နှုန်းနှင့် ပညာရေးကဏ္ဍ ၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ပုံ( ၈-၃ )

## ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု




ဓာတ်မြစ်။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

## အခန်း(၉)

## နိုင်ငံများအပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှု

နိုင်ငံတော်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန် ပြည်ပငွေကြေးအကူအညီ၊ အထောက်အပံ့နှင့် ကျွမ်းကျင်မှုတွင် ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်နှင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့်လုပ်ငန်းစီမံချက်များကိုစိစစ်ဆောင်ရွက်ရန်နှင့် အာဆီယံစီးပွားရေးပေါင်းစည်းမှုအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ပါ၍ ပြည်ပမှ ငွေကြေးအကူအညီနှင့် ကျွမ်းကျင်မှုအကူအညီများရယူရေးနှင့် ပြည်ပသို့ ပညာသင်များစေလွှတ်ရေး စသည်တို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နှစ်နိုင်ငံသဘောတူညီချက်အရ နိုင်ငံအချင်းချင်းမှ ရယူရာတွင် Focal ဌာနအဖြစ် ဆောင်ရွက်လျက်ရှိရာပြည်ပမှ ငွေကြေးအကူအညီ အထောက်အပံ့၊ ချေးငွေရယူမှုကိစ္စရပ်များတွင် နိုင်ငံတော်အကျိုးစီးပွားထိခိုက်နစ်နာမှု မရှိစေရန်နှင့် တည်ဆဲဥပဒေများ၊ နိုင်ငံတော်မှချမှတ်ထားသောမူဝါဒစည်းမျဉ်းများနှင့် ကိုက်ညီစေရန် စီစစ်ခြင်း၊ထိရောက်သည့် နိုင်ငံခြားအကူအညီအထောက်အပံ့များ ဖြစ်ပေါ်စေရေးအတွက် **နိုင်ငံခြားအကူအညီအထောက်အပံ့ သတင်းအချက်အလက်စနစ် (Aid Information Management System-AIMS)** အားထူထောင်နိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအကောင်အထည်ဖော်ဆောင်သည့် ဝန်ကြီးဌာနများ အကြားညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်များကိုအကောင်အထည်ဖော်ရာတွင် Focal ဌာနအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ INGO ၊ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများအပေါ် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံ စီးပွားရေးကဏ္ဍတွင် အာဆီယံအချင်းချင်း ပေါင်းစည်းရေးသာမက အာဆီယံ၏ ပြင်ပဒေသများနှင့် စီးပွားရေးပေါင်းစည်းရေး၊ “အာဆီယံစီးပွားရေးအသိုက်

အဝန်း-၂၀၁၅ ဖြစ်ပေါ်ရေး၊ အရှေ့အာရှဒေသစီးပွားရေးပေါင်းစည်းရေးနှင့် ဒေသအချင်းချင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား ညှိနှိုင်းခြင်း" စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ချက်သမ္မတနိုင်ငံအစိုးရတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို အမျိုးသားစီမံကိန်း နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာချက်သံ အမတ်ကြီးတို့သည် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။

ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံအတွင်းရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများ အားပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးတို့သည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် Export-Import Bank of Korea တို့အကြားနားလည်မှုစာချွန်လွှာကိုအမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ကိုရီးယား ပို့ကုန်-သွင်းကုန်ဘဏ် Chairman and President တို့သည် Kempinski Hotel ၌ လက်မှတ်ရေးထိုး ကျင်းပ ခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ထိပ်သီးအစည်း အဝေးနှင့်အတူ (၁၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်း အဝေး၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ အကြိုညှိနှိုင်း အစည်းအဝေးများ ကျင်းပခဲ့ပါသည်။(၂၇)ကြိမ်မြောက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး များကာလအတွင်း (၂၂-၁၁-၂၀၁၅) ရက်နေ့တွင် အာဆီယံ-တရုတ် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်နှင့် ယင်း၏အောက်တွင် လက်မှတ် ရေးထိုးခဲ့သည့် သဘောတူစာချုပ်များကိုပြင်ဆင်သည့် အခြေပြုစာချုပ်ကို အာဆီယံနှင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဝန်ကြီးများက နိုင်ငံခေါင်းဆောင်များ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

Economic Transformation and Current Economic Developments of the Czech Republic ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနၵ္ဍ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ချက်အမျိုးသားဘဏ် ဒုတိယဥက္ကဋ္ဌ Mr.VladimirTomsik မှ Recent Macroeconomic Developments: The Czech Republic and the Europe ကိုတင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာန(၁၀)ခုမှ အရာထမ်း (၂၀) ဦး တက်ရောက် ခဲ့ပါသည်။

မဲခေါင်သိပ္ပံ အုပ်ချုပ်မှု ဘုတ်အဖွဲ့ အစည်းအဝေး( Mekong Institue – MI Governing Board Meeting) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ(၂)ရက်မှ (၃)ရက်နေ့အထိ မြန်မာနိုင်ငံ၊ နေပြည်တော်ရှိ Hotel Amara တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မဲခေါင်သိပ္ပံ အုပ်ချုပ်မှု ဘုတ်အဖွဲ့အစည်းအဝေးတွင် မဲခေါင်သိပ္ပံ၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ် သည့် သင်တန်းများ၊ သုတေသနအစီအစဉ်များ၊ မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ မဲခေါင်သိပ္ပံ၏ လုပ်ငန်းစီမံချက်နှင့် ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးအခြေအနေ၊ မဲခေါင်သိပ္ပံ၏ ၂၀၁၆-၂၀၂၀ မဟာဗျူဟာစီမံချက် (အပြီးသတ်မူကြမ်း)၊ မဲခေါင်သိပ္ပံ၏(၂၀) ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားအတွက် စီစဉ်ထားရှိမှု၊ မဲခေါင်သိပ္ပံ၏ Organization Chart အသစ်နှင့် မဲခေါင်သိပ္ပံအဆောက်အဦအား ပြုပြင်ဆောက်လုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသဘောတူခဲ့ကြပါသည်။

နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ (Development Partners - DP) ပါဝင်သော လုပ်ငန်းကော်မတီ အစည်းအဝေး(FERD-Development Partner Working Committee) ကို ရန်ကုန်မြို့၊ UNICEF ရုံး၌ ဒုတိယဝန်ကြီးဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေး တွင် Implementation Constraints နှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှုမိတ်ဖက် များနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ Focal Personal များ ပါဝင်သော အစည်းအဝေးများ ကျင်းပနိုင်ရေး၊ The International Aid Transparency Initiative (IATI) သို့ Development Partners (DP) များမှ တိုက်ရိုက်ပေးပို့ ထားသော Report များနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ Aid Information Management System (AIMS) သို့

တိုက်ရိုက်ရောက်ရှိရေးအတွက် ဆောင်ရွက်ရေး၊ AIMS တွင် DP များဘက်မှ Data ဖြည့်သွင်း ထားမှု ပိုမိုပြည့်စုံ စေရန်အတွက် အမှတ်ပေးမှုအား DP များဘက်သို့ အသေးစိတ် ပေးပို့ရေး၊ လုပ်ငန်းကဏ္ဍ အဖွဲ့များတွင် CSO, INGO နှင့် NGO များ၊ Private Sector မှ ကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် ပါဝင်လာရေးအတွက် ဆောင်ရွက်ပေးရန်နှင့် CSO, INGO နှင့် NGO များ၊ Private Sector ကိုယ်စားလှယ် အမည် စာရင်းများ ရရှိရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ဆောင်ရွက်ပေးရေး၊ နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ အဖွဲ့များ၏ အစည်းအဝေး များတွင် လူမှုအဖွဲ့ အစည်းမှ ကိုယ်စားလှယ်များအား ဖိတ်ကြား နိုင်ရေးအတွက် ချိတ်ဆက် ဆောင်ရွက် ပေးနိုင် ရေးတို့ကို ဆွေးနွေး ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်မှ ဦးဆောင်၍ ရန်ကုန်မြို့ရှိ JICA မြန်မာရုံးမှ Senior Representative ဖြစ်သူ Mr. Kyosuke INADA နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သော Quarterly follow-up for Monitoring Meeting for FY 2015-2016 ကိုအမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ဂျပန်နိုင်ငံအစိုးရမှ ပေးအပ်သောအကူအညီ၊ ချေးငွေများဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအဆင်ပြေချောမွေ့စေရေး၊ လုပ်ငန်းများ အချိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ် များကို ဆွေးနွေးခဲ့ကြပါ သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဦးဆောင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ စီမံကိန်းမှူးများသက်ဆိုင်ရာဝန်ကြီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်သောဂျပန် ODA ချေးငွေဂျပန်ယန်း (၁၇) ဘီလီယံဖြင့် ဆောင်ရွက်သည့် ဆင်းရဲမှု လျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်းအဆင့် (၁)၏ ဒုတိယအကြိမ် Project Steering Committee (PSC) အစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စီမံကိန်းများဆောင်ရွက်နေမှု အခြေ အနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းများအရှိန်အဟုန်မြှင့်တင်

ဆောင်ရွက်နိုင်ရေး နှင့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းများ တိုးတက်နေမှုအခြေအနေများနှင့် စီမံကိန်းများလျင်မြန်ချောမွေ့စွာ ပြီးစီးနိုင်ရေးတို့အတွက် ဆောင်ရွက်နေမှုများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏနှင့်အမျိုးသားဇာတ်ရုံ၊ ရန်ကုန်ပြုပြင် ဆောက်လုပ်ခြင်းအတွက် အကူအညီပေးရေးဆိုင်ရာစာလွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Hong Liang တို့သည် အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းမြို့ ဒုတိယမြို့တော်ဝန် H.E.Mr.ZhaoZijie ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအား ကွမ်းလုံတံတားသစ်တည်ဆောက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လာရောက် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့၌ ပြုလုပ် ခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အမေရိကန်ပြည်ထောင်စုခရီးစဉ်သို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ် (၂)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ၂၀၁၆ ခုနှစ်အတွင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ၂၀၂၅ ခုနှစ် မျှော်မှန်းချက်၊ အာဆီယံ-အမေရိကန် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်သစ်များ၊ အာဆီယံ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင် သဘောတူစာချုပ် အကောင်အထည်ဖော်ရန် လုပ်ငန်းအစီအစဉ်တိုးတက်မှု၊ စီးပွားရေးပူးပေါင်းမှုချဲ့ထွင်မည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြ ပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့်ဂျပန်နိုင်ငံ Japan Bank for International Cooperation (JBIC) တို့အကြား Project Promoting Vehicle (PPV) အတွက်လက်မှတ်ရေးထိုးခဲ့သည့် Joint Venture Agreement နှင့်စပ်လျဉ်း၍ JBIC ဘက်မှ ပြင်ဆင်သည့် အပိုဒ်များအား အတည်ပြုသည့် Confirmation Letterကိုအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်

New Energy and Power Finance Department .II Infrastructure and Environment Finance Group (JBIC) မှ Director General Mr. Kazunori Ogawa တို့သည် အပြန်အလှန်လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများ တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရန်အတွက်ဂျပန်ယန်း (၁,၂၀၀,၀၀၀,၀၀၀)သန်း အကူအညီပေးရေးဆိုင်ရာစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါ်လှဲ့လှဲ့သိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi တို့သည် နေပြည်တော်၌ လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်မှ Mr. Seo Jung-hwa, Director, Country Strategy Department ဦးဆောင်သည့် Preliminary Country Program Mission အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားကိုရီးယားနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေး ၍ ရေးသားခဲ့သည့် ဆွေးနွေးချက်မှတ်တမ်း Aide -Memoire နှင့် စပ်လျဉ်း၍ Wrap Up Meeting အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

**နိဂုံး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ချမှတ်ထားသည့် မူဝါဒများ၊ ဦးစားပေးအစီအစဉ်များအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် လယ်ယာကဏ္ဍကြီး၏ ထုတ်လုပ်မှုတိုးတက်ရေး၊ စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးတက်ရေးနှင့် ခေတ်မီလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ခဲ့ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်စေရန် အဓိကကျသည့် စက်မှုကဏ္ဍကြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ လွယ်ကူချောမွေ့စေရေး အတွက် အစီအစဉ်များချမှတ်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေဖူလုံရေး၊ အလုပ်အကိုင်တိုးတက်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများကို ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်ခဲ့ပါသည်။

အစီရင်ခံသည့် ဒုတိယ(၆)လပတ် ကာလအတွင်း စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) အနေဖြင့် ပုံမှန်ဈေးနှုန်းများအရ လျာထားချက် တန်ဖိုးပမာဏ၏ ၉၆.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလထက် ၇.၄ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက် ၁၀၃ ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု အတွက် ခွင့်ပြုငွေပမာဏမှာ ကျပ် ၅,၂၀၆.၇ ဘီလီယံ ဖြစ်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ ၁၁၆ ခု ဖြစ်ပြီး၊ ခွင့်ပြုငွေပမာဏမှာ ဒေါ်လာ ၆.၂၁၈ ဘီလီယံ ဖြစ်ပါသည်။

ဒုတိယ (၆) လပတ်အတွင်း ကုန်သွယ်မှုပမာဏ ကျပ် ၇.၀၄၈ ဘီလီယံ တင်ပို့နိုင်ခဲ့ပြီး ကျပ် ၁၀.၉၇၂ ဘီလီယံ တင်သွင်းခဲ့သဖြင့် ကုန်သွယ်မှု လိုငွေကျပ် ၃.၉၂၄ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့် နည်းပါးအောင် ဆောင်ရွက်ပြီး၊ တစ်ဖက်မှလည်း ဘဏ္ဍာရေးဈေးကွက်ကို ဖော်ဆောင်ခဲ့ပါသည်။ အခွန်စည်းကြပ်မှုဖြင့်

အခွန်အကောက်များ ပိုမိုရရှိစေရန် အထူးကုန်စည်ခွန်ဥပဒေကို ပြဌာန်းခဲ့ပြီး၊ မြန်မာနိုင်ငံသား အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရန် နှင့် အများပိုင်ကုမ္ပဏီများဖြစ်ထွန်း လာစေရန်တို့အတွက် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သည့် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် လိုအပ်သည့်ဥပဒေများကိုလည်း ပြဌာန်းပေးခဲ့ပါသည်။

အစီရင်ခံသည့် ဒုတိယ (၆) လပတ်ကုန်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်သည့်ကျေးရွာပေါင်း ၃၀,၅၃၄ ရွာ အထိရှိခဲ့ပါသည်။ လူတစ်ထောင်လျှင် တယ်လီဖုန်း ၉၅၁ လုံးအထိ အသုံးပြုနိုင်ခဲ့ပါသည်။ သို့ရာတွင် လူတိုင်းလျှပ်စစ် သုံးစွဲနိုင်ရေးနှင့် တယ်လီဖုန်းဝန်ဆောင်မှုများ တိုးတက်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ပညာရေးတိုးတက်ပြောင်းလဲမှုအနေဖြင့် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်၊ လှိုင်ကော်ပညာရေးကောလိပ်နှင့် တောင်ကြီးဆေးတက္ကသိုလ်တို့ကို တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး၊ အထူးကုဆေးရုံ ၁ ရုံ၊ သင်ကြားရေးဆေးရုံ ၂ ရုံ၊ တိုက်နယ်ဆေးရုံ ၈၉ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၇၀ တို့ကို ဒုတိယ (၆)လပတ်အတွင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါ သည်။

ဖော်ပြပါ ဆောင်ရွက်ချက်များမှာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် တွဲဖက်မှသာ ထိရောက်အောင်မြင်မည် ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ် များတွင် One Stop Shop ရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အခြားဒီမိုကရေစီနိုင်ငံများနည်းတူ အစိုးရအဆက်ဆက် ပြောင်းလဲသော်လည်း ဌာနတာဝန်များကို တည်ငြိမ်စွာ လက်ဆင့်ကမ်းဆောင်ရွက်နိုင်ရေးအတွက် အမြဲတန်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်များဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါသည်။

နိဂုံးချုပ်အားဖြင့် မက်ခရိုစီးပွားရေးအခြေအနေ တည်ငြိမ်ရေးအတွက် ဘဏ္ဍာရေးပေါ်လစီ (Fiscal Policy)၊ ငွေကြေးပေါ်လစီ (Monetary Policy)၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ်လစီ (Exchange Rate Policy) တို့ဖြင့် ထိန်းညှိဆောင်ရွက်ရန်နှင့် ကုန်သွယ်ရေး လိုငွေပြမှု လျော့ချနိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။